
The **Commerce** Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 16, NO . 3 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | January 18 , 2016



# ပေါင်းဆန်တစ်ခေတ်
# ပြန်လည်ဆန်းသစ်လာပြီ

MIRT (YGN) ၁၇



**အဆင်းခက်ခက်**
**အတက်ကြမ်းကြမ်း**
**ကြက်သွန်နီရဲ့လမ်း** ၁၂

မန္တလေးတိုင်းဒေသကြီးတွင် **MITS** မှ ဓာတ်ခွဲခန်းဖွင့်လှစ်ကာ
စားသုံးဆီများအား စတင်စစ်ဆေးဆောင်ရွက်လျက်ရှိ ၃

မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင်
နှစ်ဦးနှစ်ဖက်ခွင့်ပြုသည့်
ငွေကြေးဖြင့် ပုံမှန်ကုန်သွယ်မှုပြုလုပ်တော့မည် ၁၆

ရှမ်းနနွင်းဈေးကွက်မပျောက်ဖို့
ပြည်ပဈေးကွက်သစ်များ ရှာဖွေသင့် ၂၉


GP
GRAND PHOENIX AUTO CO.,LTD.
MITSUBISHI RVR
TOYOTA RACTIS
TOYOTA VITZ
HONDA FIT GK3
TOYOTA AXIO
HONDA INSIGHT
TOYOTA BELTA
MAZDA DEMIO
ဂျပန်နိုင်ငံမှ တိုက်ရိုက် တင်သွင်းထားသော Toyota , Honda , Nissan နှင့် အခြား Brand မျိုးစုံကို
အရောင်အသွေးအမျိုးအစား ကောင်းမွန်စုံလင်စွာဖြင့် တင်သွင်းရောင်းချပေးနေပါသည်။
အရောင်းစင်တာ ( ၁ ) - အမှတ် ( ၃၆ ) ပါရမီလမ်းမကြီး ရန်ကင်းမြို့နယ် ရန်ကုန်မြို့။ (ပါရမီ မီးရထားကုန်းကျော်အနီး)
အရောင်းစင်တာ ( ၂ ) - အမှတ်( ၁၀၅/ခ) နှင်းဆီကုန်းလမ်း အလုံမြို့နယ် ရန်ကုန်မြို့။(ဗဟိုအမျိုးသမီးဆေးရုံအနီး)
ဖုန်း - ၀၁ ၆၆၃၆၆၈ , ၆၅၈၁၁၃ , ၂၂၅၆၉၀ , ၂၃၀၂၂၉၂ , ၂၃၀၂၂၉၃ , ၀၉ ၉၇၁၆၁၇၇၂၂, ၀၉ ၉၇၁၆၁၇၇၃၃ , ၀၉ ၉၇၁၆၁၇၇၄၄
E-MAIL - grandphoenixauto@gmail.com
WEBSITE - www.grandphoenixauto.com


DM
Dennis Martin
DM 7107
www.facebook.com/dennismartinwatchesgroup
Available at : CHERRY OO
DENNIS MARTIN WATCH GROUP,NFC Co., LTD
PHONE : (09)73022249, (01)256494, 373022, (02)72992, (02)67354, (02)67364.

# 3rd India-CLMV Business Conclave သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

3rd India-CLMV Business Conclave "India-CLMV Economic Integration: Developing Regional Value Chains" ကို အိန္ဒိယနိုင်ငံ တမီနာဒူးလ် ပြည်နယ် ချန်နိုင်းမြို့တွင် ဇန်နဝါရီ ၁၂ ရက်မှ ၁၃ ရက် အထိကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဦးဆောင်သော ဌာနဆိုင်ရာအရာရှိကြီးများ၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာအောင်ထွန်းသက်၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်ဦးဆောင်သော လုပ်ငန်းရှင်များ စုစုပေါင်း ၁၅ ဦးတက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် အိန္ဒိယအစိုးရ စီးပွားရေးနှင့် စက်မှုဝန်ကြီး မစ္စနီရာမာလာစီသာရာမန် တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့ရာ အိန္ဒိယနိုင်ငံနှင့် CLMV နိုင်ငံများအကြား Regional Value Chains တည်ထောင်နိုင်ရေးအတွက် အဆိုပါ ဒေသအတွင်း အပြန်အလှန် ပေါင်းစည်းမှုနှင့် အချင်းချင်းဆက်သွယ် ချိတ်ဆက်မှု တိုးမြှင့်ကြရေးကို

စာမျက်နှာ ၁၉ သို့ ➲




# မန္တလေးတိုင်းဒေသကြီးတွင် MITS မှ ဓာတ်ခွဲခန်းဖွင့်လှစ်ကာ စားသုံးဆီများအား စတင်စစ်ဆေးဆောင်ရွက်လျက်ရှိ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနနှင့် မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) တို့ ပူးပေါင်းကာ မန္တလေးဓာတ်ခွဲခန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက်က ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှာ ကျင်းပခဲ့ပါတယ်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံနဲ့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး၊ ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း၊ ဆန်ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသူများအသင်း၊ သစ်သီးဝလံ တင်ပို့ရောင်းချသူများအသင်းတို့မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါဖွင့်ပွဲအခမ်းအနားမှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက ဓာတ်ခွဲခန်းဖွင့်လှစ်ရခြင်းနဲ့ပတ်သက်ပြီး မိမိတို့ဒေသထုတ်ကုန်ပစ္စည်းများအား ခေတ်မီဓာတ်ခွဲခန်းများမှ စမ်းသပ်စစ်ဆေးပြီး

စာမျက်နှာ ၁၉ သို့ ➲




# အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် CBI ထပ်မံကူညီမည်



နယ်သာလန်နိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်မြှင့်တင်ရေးဗဟိုဌာန (CBI) သည် မြန်မာနိုင်ငံအမျိုးသားပို့ ကုန် မဟာဗျူဟာမှ ပဲမျိုးစုံနှင့် ဆီထွက် သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့ရန် Dutch Consultancy Firm တစ်ခုဖြစ်သည့် Profound မှ ညွှန်ကြားရေးမှူး Mr. Bertus Johannes Ottens သည် မြန်မာနိုင်ငံမှ အစိုးရ-ပုဂ္ဂလိကအသင်း အဖွဲ့များမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ ရန်ကုန်ဟိုတယ်၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ပါသည်။

၎င်းညှိနှိုင်းဆွေးနွေးပွဲသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးအောင်စိုးနှင့် ဦးမြင့်လွင်၊ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် ဒေါက်တာထိန်လင်း၊

စာမျက်နှာ ၁၉ သို့ ➲

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်ချော၊ ဆန်သစ်များ ဒိုင်သို့ပုံမှန်အဝင်ရှိပြီး ဆန်ကြမ်းဆန်သစ်အဝင်နည်း

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ ဇန်နဝါရီ ၁၅ ရက် ပေါ်ဆန်းဆန်ဟောင်းများဖြစ်တဲ့ ဖျာပုံ၊ မြောင်းမြ၊ ပုသိမ်နဲ့ နယ်စုံတို့ရဲ့ ပေါ်ဆန်းဆန်ချောဈေးနှုန်းများ ပြောင်းလဲမှုမရှိဘဲ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ဖျာပုံပေါ်ဆန်း ဆန်သစ်ဈေးကတော့ ထိပ်စတစ်အိတ် ၃၀၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၉၀၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းဆန် အသစ်ဈေး ထိပ်စတစ်အိတ် ၃၁၅၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၀၀၀၀ ကျပ်နဲ့ နယ်စုံပေါ်ဆန်းဆန်သစ်ဈေး ထိပ်စတစ်အိတ် ၂၉၅၀၀ကျပ်၊ လတ်စတစ်အိတ် ၂၇၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ရင် ထိပ်စတစ်အိတ် ၅၀၀ ကျပ်ခန့် လတ်စတစ်အိတ် ၅၀၀ ကျပ်-၁၀၀၀ ကျပ်ခန့် ဈေးတက်လာကြောင်း၊ ကုန်စည်ဒိုင်ဈေးနှုန်းစာရင်းအရ စိစစ်တွေ့ရှိရပါတယ်။ ဆန်ချောဖြစ်တဲ့ ပေါ်ဆန်းဆန်ဟောင်းက ဒိုင်သို့အဝင်နည်းပြီး ပေါ်ဆန်းဆန်အသစ်များကို အဝယ်များကာ ဒိုင်သို့ ဆန်သစ်အဝင်ပုံမှန်ရှိပြီး ဝယ်လိုအားနည်းလျက်ရှိကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်အသစ်ဈေးကတော့ ထိပ်စ တစ်အိတ် ၂၁၀၀၀ကျပ်၊ လတ်စ တစ်အိတ် ၂၀၅၀၀ကျပ်၊ မနောသုခသစ်ရှယ် ဈေးနှုန်းက ၂၁၅၀၀ ကျပ်မှ ၂၂၅၀၀ ကျပ်ဈေးရှိပြီး ဆန်ကြမ်းအဝင်နည်းပြီး အဝယ်ပါးကာ ဆန်ဈေးတည်ငြိမ်လျက် ရောင်းသူဝယ်သူမျှနေကြောင်း ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ယခုတစ်ပတ် မူဆယ်ဆန်ဈေးကွက်ရဲ့ ဇန်နဝါရီ ၁၅ ရက် ဈေးနှုန်းများအရ မှော်ဘီ၊ စူပါ၊ မနောသုခ၊ ရတနာတိုးဆန်ဈေးနှုန်းများအသီးသီးမှာ တစ်ယွမ်၊ နှစ်ယွမ်ခန့် ဈေးတက်ခဲ့ပြီး အရောင်းအဝယ် ပုံမှန်ရှိကြောင်း၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက် ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၉၆ ဒသမ ၀၈ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၅ ဒသမ ၆၁ ကျပ်ခန့် ဈေးတက်လာကြောင်း၊ ဒီတစ်ပတ် ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ်ဆန်တန်ချိန်ပျမ်းမျှ ၁၀၀၀ ကျော် ၂၀၀၀ခန့်ဝင်ရောက်နေပြီး ယခုတစ်ပတ်အတွင်း မူဆယ်သို့ စုစုပေါင်းတန်ချိန် ၉၀၃၅ ခန့် ဝင်ရောက်ခဲ့လို့ ယခင်တစ်ပတ်ထက် တန်ချိန် ၇၉၉၈ လျော့နည်းဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ကွတ်ခိုင်၊ နမ့်ဖတ်ကာကြားရှိ ရှူခင်းသာမှာကားပျက်ပြီး ယာဉ်ကြောပိတ်ဆို့နေမှုကြောင့် ဆန်တန်ချိန် အဝင်နည်းလျက်ရှိခြင်းဖြစ်တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ သိရပါတယ်။

မြန်မာ့ဆန်ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇန်နဝါရီ ၈ ရက်ထိ တန်ချိန် ၈၇၄၀၃၀ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၂၁ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၆၀၄၂၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၅ သန်းကျော်ဖိုး လျော့နည်းလျက်ရှိပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၂၉၈၃၅၁ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၂ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၅၈၈၉၉ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၇ သန်းကျော်ဖိုးရှိကြောင်း သိရပါတယ်။

**MIRT-YGN**

# ဆင်း-၃ ဆန် ဗန်းမော်ကုန်သည်များသို့ ပုံမှန်တင်ပို့



အင်းတော်မြို့နယ်မှ အဓိကထွက်ကုန် ဆင်း-၃ စပါးနှစ်ဦးပေါ်စ ၆၅၀၀၀၀ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ဗန်းမော်မှ တစ်ဆင့် တရုတ်ဝယ်လက်များကလည်း ဆန်တစ်အိတ် ၂၈၀၀၀ ကျပ်ပေးလို့ တောင်သူစက်ပိုင် ကုန်သည်များအဆင်ပြေခဲ့ကြပါတယ်။ ဒီဇင်ဘာလကစပြီး စပါးဈေး ၆၀၀၀၀၀ ကျပ်အထိ ပြုတ်ကျခဲ့သလိုဆန်ဈေးလည်း တစ်အိတ် ၂၆၀၀၀ ကျပ်ပေါက်ပေမယ့် ပုံမှန်တင်ပို့မှုတော့ ရှိနေတယ်လို့ သိရပါတယ်။

ဒီဇင်ဘာလဆန်းပိုင်းက တရုတ်သို့တင်ပို့မှုလုံးဝနီးပါး ရပ်ဆိုင်းသွားတော့ ဗန်းမော်ကုန်သည်များကလည်း တစ်ပတ်လုံးနီးပါး အဝယ်ရပ်သွားပါတယ်။ ပြန်ဆွဲလာတော့ လျှော့ဈေးပေးတယ်၊ ဈေးမြင့်လှောင်ပိတ်မိထားတဲ့ စက်ပိုင်ကုန်သည်များ အခက်တွေ့ခဲ့ရပေမယ့် ဈေးကွက်ပျောက်သွားမှာ စိုးတာကြောင့် လျှော့ဈေးနဲ့ ဆက်လက်တင်ပို့နေကြပါတယ်။ ဖွဲ၊ ဆန်ကွဲ၊ အမြွတ်နဲ့ လုပ်ငန်းရပ်တန့်မသွားအောင် လုပ်နေရတယ်လို့ စက်ပိုင်ကုန်သည်တစ်ဦးထံက သိရပါတယ်။

၂၀၁၅ ခုနှစ်၊ မိုးစပါးစိုက်ပျိုးချိန် မိုးများပြီး ရာသီဥတုဆိုးရွားခဲ့လို့ တောင်သူတွေ အခက်အခဲအမျိုးမျိုး ကြုံတွေ့ခဲ့ပြီး၊ စပါးအထွက်နည်းမယ်၊ ဈေးမြင့်နိုင်တယ်ဆိုတဲ့ ခန့်မှန်းချက်များကြောင့် ပုံမှန်နှစ်များထက် ဈေးမြင့်ခဲ့ခြင်းဖြစ်ပါတယ်။ ကာလတူနှစ်များနဲ့ နှိုင်းယှဉ်ပါက ဒီဈေးက ပုံမှန်ဖြစ်ပါတယ်။ စပါးလက်ကျန်နည်းလာတဲ့ ဖေဖော်ဝါရီ၊ မတ်လများမှာ တက်ရိပ်မြင်တယ်၊ ဈေးမြင့်လည်းမီချင်၊ လုပ်ငန်းလည်းမရပ်ချင်လို့ ခပ်ပါးပါးတင်ပို့နေတယ်။ တစ်မြို့နယ်လုံး လွန်ခဲ့တဲ့ သုံးလအတွင်း တရုတ်ကို ဗန်းမော်၊ ကသာ ဆိပ်ကမ်းချတင်ပို့မှု တန်ချိန် ၅၀၀၀ ကျော်ရှိနိုင်တယ်လို့ ခန့်မှန်းပါတယ်။ ဒါကလည်း ပုံမှန်နှစ်တွေနဲ့ သိပ်မကွာခြားပါဘူးလို့ ကုန်သည်တစ်ဦးက ဆိုပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**

# ရွှေဘိုစပါး/ဆန်ဈေးကွက်ငြိမ်နေသော်လည်း အရောင်းအဝယ်ပုံမှန်ဖြစ်နေ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်အတွင်းရှိစပါး/ဆန်ဈေးနှုန်းမှာ ယခင်ဈေးနှုန်းထက် ဈေးအနည်းငယ်မြင့်ပြီး အရောင်းအဝယ် ပုံမှန်ရှိနေကြောင်း၊ ယခုနှစ် ရွှေဘိုခရိုင် မိုးစပါးစိုက်ပျိုးတဲ့ တောင်သူများ ပိုးကျနည်းလို့အထွက်ပိုပြီး တွက်ခြေကိုက်လျက်ရှိကြောင်း၊ တောင်သူတစ်ဦးက ပြောပြလို့ သိရပါတယ်။ ယခုနှစ်ဇန်နဝါရီ ဒုတိယပတ်မှာ မိုးစပါး ရွှေဘိုပေါ်ဆန်းမွှေးတင်း ၁၀၀ ဈေးနှုန်း ၉၅၀၀၀၀ ကျပ်မှ ၉၇၀၀၀၀ ကျပ်၊ ရောမင်းစပါး တင်း ၁၀၀ ဈေးနှုန်း ၇၀၀၀၀၀ ကျပ်မှ ၇၂၀၀၀၀ ကျပ်၊ အသွယ် စပါးတင်း ၁၀၀ ဈေးနှုန်း ၅၈၀၀၀၀ ကျပ်မှ ၆၀၀၀၀၀ ကျပ်၊ မိုးစပါးရွှေဘိုပေါ်ဆန်းမွှေးဆန် တစ်အိတ်ဈေး ၃၀၀၀၀ ကျပ်မှ ၃၁၅၀၀ ကျပ်၊ ရောမင်းဆန်တစ်အိတ်ဈေးနှုန်း ၂၇၀၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်၊ အသွယ်စ ဆန်တစ်အိတ်ဈေးနှုန်း ၂၃၅၀၀ ကျပ်မှ ၂၄၀၀၀ ကျပ်နှင့် ယခင်နှစ် ကာလတူပေါက်ဈေးမှာ မိုးစပါးရွှေဘိုပေါ်ဆန်းမွှေးတင်း ၁၀၀ ဈေးနှုန်း ၈၅၀၀၀၀ ကျပ်မှ ၈၅၅၀၀၀ ကျပ်၊ ရောမင်းစပါးတင်း ၁၀၀ ဈေးနှုန်း ၆၂၀၀၀၀ ကျပ်မှ ၆၃၀၀၀၀ ကျပ်၊ အသွယ်စ စပါးတင်း ၁၀၀ ဈေးနှုန်း ၅၀၀၀၀၀ ကျပ်မှ ၅၁၀၀၀၀ ကျပ်၊ မိုးရွှေဘိုပေါ်ဆန်းမွှေးတစ်အိတ် ဈေးနှုန်း ၂၉၅၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်၊ ရောမင်းဆန်တစ်အိတ်ဈေးနှုန်း ၂၁၀၀၀ ကျပ်မှ ၂၁၅၀၀ ကျပ်၊ အသွယ်စဆန်တစ်အိတ် ဈေးနှုန်း ၁၇၀၀၀ ကျပ်မှ ၁၇၅၀၀ ကျပ် အကြား ဆန်ဈေးအေးနေပြီး၊ အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်းနှင့် စပါးသစ်များလှောင်လက်များကြောင့် စပါးဈေး တရိပ်ရိပ် မြင့်တက်နေကြောင်း ဆန်/စပါးကုန်သည်ပွဲစားများ သတင်းရပ်ကွက်မှ သိရပါတယ်။

**ညိုညို-ရွှေဘို**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၄-၁-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၂ | ၃၇၁ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၆ | ၃၆၆ | □ | ၃၅၀ | ၃၅၅ | △ | ၃၅၅ | ၃၅၅ | □ | ၃၃၀ | ၃၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၅၈ | ၃၅၇ | ▽ | ၃၄၀ | ၃၃၅ | ▽ | ၃၂၅ | ၃၂၅ | □ | ၃၀၅ | ၃၀၅ | □ |
| ပေါင်းဆန် | ၃၅၅ | ၃၅၅ | □ | - | - | - | ၃၄၅ | ၃၅၅ | △ | ၄၀၅ | ၄၀၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၅-၁-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၅၁၀ | ၄၆၅ | ▽ | ၄၉၅ | ၄၈၀ | ▽ | ၄၉၀ | ၄၇၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၈၅ | ၄၈၅ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၅-၁-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၂၅၀ | □ | ၂၁၀၀၀ | □ | ၇၂၆၈ | △ | ၂၉၀၀၀ | △ |
| ပုသိမ် | ၅၇၀၄ | △ | ၂၁၅၀၀ | □ | ၆၇၄၆ | △ | ၂၈၀၀၀ | □ |
| ပဲခူး | ၅၁၀၀ | □ | ၁၉၅၀၀ | □ | ၆၀၀၀ | □ | ၂၇၀၀၀ | □ |
| ရွှေဘို | ၅၈၀၀ | △ | ၂၃၅၀၀ | △ | ၉၃၀၀ | △ | ၃၁၅၀၀ | △ |
| စစ်တွေ | ၄၅၀၀ | □ | ၁၉၀၀၀ | □ | ၇၀၀၀ | □ | ၂၇၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၈၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၀၀ | △ | ၂၀၅၀၀ | □ | - | - | ၂၇၅၀၀ | △ |
| မန္တလေး | ၆၄၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၃၀၀၀ | △ | - | - | ၃၂၅၀၀ | △ |
| မော်လမြိုင် | ၅၂၀၀ | □ | ၁၉၀၀၀ | □ | ၆၃၀၀ | □ | ၂၃၀၀၀ | □ |
| လှိုင်ကော် | ၆၃၈၀ | □ | ၂၄၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| ဘားအံ | ၅၅၀၀ | □ | ၂၁၀၀၀ | □ | - | - | ၂၅၀၀၀ | □ |
| တောင်ကြီး | - | - | ၂၅၀၀၀ | □ | - | - | ၃၄၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။



## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၅-၁-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၈/၁ | ၁၅/၁ | ပြောင်းလဲမှု | ၈/၁ | ၁၅/၁ | ပြောင်းလဲမှု | ၈/၁ | ၁၅/၁ | ပြောင်းလဲမှု | ၈/၁ | ၁၅/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | - | - | - | ၂၉၁၇ | - | - | ၂၉၀၀ | ၃၀၂၅ | ▲ | ၃၃၅၀ | ၃၃၅၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၄၇၄ | ၂၅၇၀ | ▲ | - | ၂၅၀၀ | - | ၂၄၁၅ | ၂၅၁၀ | ▲ | ၂၄၁၀ | ၂၅၅၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၉၁၅ | ၁၉၃၀ | ▲ | ၁၈၆၇ | ၁၉၅၆ | ▲ | ၁၈၆၀ | ၁၈၂၆ | ▼ | ၁၇၉၀ | ၁၇၉၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၅၀ | ၂၆၇၅ | ▲ | - | - | - | ၂၁၀၅ | - | - | ၂၁၀၅ | ၂၀၆၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၄၃၀ | ၁၄၅၀ | ▲ | - | - | - | ၁၄၆၀ | ၁၄၆၅ | ▲ | ၁၀၃၀ | ၁၀၃၀ | ■ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၇၀၀ | ▲ | - | ၁၂၄၄ | - | ၆၆၀ | - | - | ၆၁၀ | ၇၀၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၅-၁-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၇/၁ | ၁၄/၁ | ပြောင်းလဲမှု | ၇/၁ | ၁၄/၁ | ပြောင်းလဲမှု | ၇/၁ | ၁၄/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၂၀ | ၁၄၇၀ | ▲ | ၁၅၇၄ | ၁၅၆၅ | ▼ | ၁၄၂၄ | ၁၄၄၆ | ▲ |
| ၂ | ပဲစင်းငုံ | ၁၂၃၀ | ၁၂၂၀ | ▼ | ၁၃၇၉ | ၁၃၄၁ | ▼ | ၁၃၉၄ | ၁၃၇၁ | ▼ |
| ၃ | ပဲတီရွှေဝါ | ၉၃၀ | ၉၃၀ | ■ | ၁၀၄၉ | ၁၀၅၁ | ▲ | ၁၁၂၄ | ၁၀၇၃ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၆၈၆ | ၆၇၈ | ▼ | ၇၂၇ | ၇၁၅ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁.၁.၁၆)ထိ | ယခုတစ်ပတ် (၉.၁.၁၆)ထိ | (၁.၁.၁၆) မှ (၉.၁.၁၆) ထိ |
| မတ်ပဲ | ၁၀၂၃ | ၁၀၇၀ | ၂၀၉၃ |
| ပဲတီစိမ်း | ၄၉၄၀ | ၃၈၀၅ | ၈၇၄၅ |
| ပဲစင်းငုံ | ၅၅၆၃ | ၂၉၇၄ | ၈၅၃၇ |
| ကုလားပဲ | - | ၂၅ | ၂၅ |
| ပဲလွန်းဖြူ | ၇၆ | ၈၀ | ၁၅၆ |
| မြေထောက်ပဲ | ၉ | ၂၆ | ၃၅ |

## ပြည်ပဲလွန်းဖြူသစ်များ အဝင်ရှိသော်လည်း လက်လီသာအရောင်းအဝယ်ဖြစ်

ဇန်နဝါရီလလယ် ပြည်ပဲဈေးကွက်သို့ အခြားပဲသစ်များနည်းတူ ပဲလွန်းဖြူ သီးနှံလည်း ဆက်လက်ဝင်ရောက်ခဲ့ပါတယ်။ ရွှေတောင်၊ ပန်းတောင်းနဲ့ ကံမမြို့နယ် များ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး အရောင်းအဝယ်ဖြစ်မှုကတော့ ဒေသတွင်းလက်လီ သမားများသာ အဓိကထားဝယ်ယူကြတာကို တွေ့ရပါတယ်။ ပဲဈေးနှုန်းမှာ တစ် တင်း ၂၇၅၀၀ ကျပ်သာ ရရှိလို့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေသော်လည်း ပဲသစ်ပေါ်စ အဖွင့်ဈေး ထက် ဈေးလျော့နည်းသွားခဲ့ပါတယ်။ ပဲသစ်ပေါ်စအချိန် ပဲဈေးမှာ တစ်တင်း ကျပ်သုံးသောင်းကျော်ရရှိခဲ့ပြီး ရန်ကုန်ဝယ်လက်ကလည်း ဝယ် ယူမှုရှိလို့ ပဲဈေးကောင်းခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ပဲအရည်အသွေးလည်း ကျဆင်းလာသလို ပဲအဝင်လည်းနည်းသွားကာအိတ်အနည်းငယ်ခန့်သာ ဝင်ရောက် တော့တဲ့အတွက် လက်လီသာအဝယ်ရှိကာ ဈေးလည်းကျဆင်းသွားခြင်းဖြစ်ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ၂၀၁၆ ခုနှစ် ဇန်နဝါရီလလယ်တွင် မန်းကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းများရဲ့ ဈေးနှုန်းနဲ့ ဈေးကွက်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ နေ့စဉ်(ဥပုသ်နေ့မှအပ) လယ် ယာထွက်ကုန်သီးနှံများဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲ အစရှိ တဲ့သီးနှံအမယ်ပေါင်း ၇၀ ကျော်ကို အနယ်နယ်အရပ်ရပ်မှ ကုန်သည်၊ ပွဲစား၊ စက်ပိုင်များမှ လာရောက်ပြီး အရောင်း အဝယ်ပြုလုပ်ကြောင်း သိရပါတယ်။ ဇန်နဝါရီလလယ်ပိုင်းမှာ အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများရဲ့ ဈေးနှုန်းများနဲ့ ယခင်လ၊ ယခင်နှစ် ကာလတူဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်ပါက-

**တစ်ပိဿာဈေး-ကျပ်**

| သီးနှံအမည် | ၁/၂၀၁၅ | | ၁၂/၂၀၁၅ | | ၁၄. ၁. ၂၀၁၆ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း | ၁၆၈၉ | ၁၉၅၆ | ၂၀၄၄ | ၂၁၁၆ * | ၁၈၆၇ | ၂၀၀၉ |
| ပဲလွန်းဖြူ | ၉၆၇ | ၁၀၃၃ * | - | - | - | - |
| ပဲကြီး | - | ၁၂၆၇ * | ၁၆၂၉ | ၁၈၁၁ | ၁၆၂၉ | ၁၇၁၉ |
| ပဲနီပြား | ၈၁၄ | ၉၀၅ * | - | - | - | - |
| ပဲပုပ် (ရှမ်း) | ၈၄၅ | ၉၃၉ | ၉၃၃ | ၁၀၈၉ * | ၉၃၉ | ၁၀၃၃ |
| ပဲပုပ် (ဗမာ) | ၉၉၅ | ၁၀၀၅ * | ၉၀၁ | ၉၃၉ | - | ၉၃၉ |
| ပဲယင်း | ၉၆၇ | ၁၀၀၀ * | ၈၀၀ | ၈၁၇ | - | ၇၅၀ |
| ထောပတ်ပဲ | ၁၆၀၀ | ၁၆၅၃ * | ၆၂၂ | ၆၄၀ | - | ၆၉၃ |
| မြေထောက်ပဲ | ၁၀၇၄ | ၁၁၁၁ * | - | - | - | - |
| မတ်ပဲ | ၁၃၃၃ | ၁၃၅၀ | ၃၃၃၃ | ၃၄၁၇ * | - | ၃၀၅၀ |
| ပဲစင်းငုံနီ | ၁၂၄၂ | ၁၂၅၀ * | - | - | - | - |
| ပဲစင်းငုံ(ရွှေ) | - | ၁၂၂၅ * | - | - | - | - |
| ကုလားပဲဖြူကြီး | - | ၈၃၈ * | - | - | - | - |
| ကုလားပဲထိုင်ဝမ် | - | ၇၃၃ * | - | - | - | - |
| ပြောင်းဖူးစေ့(ရှမ်း) | ၃၆၁ | ၃၆၃ | - | ၄၁၇ * | - | ၄၀၇ |
| ပြောင်းဖူးစေ့ (ဗမာ) | - | ၃၅၂ | - | ၄၁၁ * | - | ၃၉၈ |
| ပြောင်းဖူးစေ့ (စီပီ) | ၃၆၁ | ၃၆၃ | - | ၄၂၀ | - | ၄၂၆ * |
| ထွက်တိုးပြောင်း | ၃၄၀ | ၃၈၇ | - | ၄၉၁ | ၅၀၉ | ၅၁၉ * |
| ဆန်ပြောင်း | - | ၃၅၄ | - | ၅၄၀ * | ၄၈၁ | ၄၈၉ |
| နှမ်းဖြူ | ၂၁၁၁ | ၂၅၁၁ * | ၁၉၁၁ | ၂၀၀၀ | ၁၈၈၉ | ၂၀၄၄ |
| နှမ်းညို | ၂၀၀၀ | ၂၁၃၃ * | ၁၆၆၇ | ၁၇၁၁ | ၁၆၆၇ | ၁၇၇၈ |
| နှမ်းနက် | ၂၁၇၈ | ၃၀၀၀ | ၃၀၀၀ | ၄၁၁၁ * | ၂၅၅၆ | ၃၄၄၄ |
| နှမ်းနက် (စမုံ) | ၄၅၇၈ | ၄၆၀၀ * | ၄၂၄၄ | ၄၇၁၁ * | ၃၆၆၇ | ၃၉၅၆ |
| ပန်းနှမ်း | ၁၀၄၄ | ၁၀၆၇ | ၁၆၆၇ | ၁၇၁၁ * | ၁၆၂၂ | ၁၆၄၄ |
| မြေပဲဆန် (S1 လုံးဆန်) | ၂၄၂၅ | ၂၅၅၀ | ၂၄၀၀ | ၂၅၅၀ | ၂၆၀၀ | ၂၆၅၀ * |

နှစ်ဦးလ ဇန်နဝါရီလ လလယ်မှာ တရုတ်ဝယ်လက် ပုံမှန်ဝယ်ယူနေတဲ့ ပဲတီစိမ်းကြီး တစ်ပိဿာ ၂၀၀၉ ကျပ် (တစ်တန် ၁၂၃၀၂၉၂ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင် တစ်ပတ်ဈေးအောက် တစ်ပိဿာ ၁၀၇ ကျပ် (တစ်တန် ၆၅၅၂၆ ကျပ်) ဈေးအေးသွားပေမယ့် ယခင်နှစ် ကာလတူ ဈေးနှုန်းရဲ့ အထက်မှာရှိနေပြီး နေ့စဉ် သုံးတင်းအိတ် ၁၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ် မှာ ပဲကြီးတစ်ပိဿာ ၁၇၁၉ ကျပ် (တစ်တန် ၁၀၅၂၆၉၈ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ်ကာလတူရော ယခင်တစ် ပတ်ကာလတူဈေးနှုန်းအောက်မှာ အရောင်းအဝယ်ဖြစ်ပြီး နေ့စဉ် သုံးတင်းအိတ် ၃၅၀ ခန့်၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၁၀၃၃ ကျပ် (တစ်တန် ၆၃၂၅၉၉ ကျပ်)၊ ပဲပုပ် (ဗမာ) တစ် ပိဿာ ၉၃၉ ကျပ် (တစ်တန် ၅၇၅၀၃၄ ကျပ်)နဲ့ နှစ်မျိုးပေါင်း သုံးတင်းအိတ် ၃၀၀ ခန့်၊ ပဲယင်း(သေး) တစ်ပိဿာ ၇၅၀ ကျပ် (တစ်တန် ၄၅၉၂၉၃ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ခန့်၊ ထောပတ်ပဲ (သေး) တစ်ပိဿာ ၆၉၃ ကျပ်(တစ်တန် ၄၂၄၃၈၆ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၅၀ ခန့် အရောင်းအဝယ် ဖြစ်ကြောင်း သိရပါတယ်။

ယခင်နှစ်များမှာ ပြည်ပ (အိန္ဒိယ) ဝယ်လက်ဝယ်ယူ မှုအားနည်းခဲ့တဲ့ မတ်ပဲများ အိန္ဒိယမှ ပြန်လည်အဝယ်လိုက် တာကြောင့် ၂၀၁၅ ခုနှစ်မှာ ဈေးအမြင့်ဆုံးကို ရောက်နေသလို ယခု နှစ်ဆန်းမှာ လည်း ဈေးမာနဲ့အရောင်းအဝယ် ဖြစ်လျက် ရှိပါတယ်။ ယခုတစ်ပတ်မှာ မတ်ပဲတစ်ပိဿာ ၃၀၅၀ ကျပ် (တစ်တန် ၁၈၆၇၇၉၀ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၇၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး ပဲစင်းငုံနဲ့ ကုလားပဲဖြူ များမှာ ဝင်ရောက်မှုအားနည်းနေသေးတာကြောင့် အရောင်းအဝယ် ဖြစ်မှုလည်း အေးလျက်ရှိပါတယ်။

ပြည်ပ (တရုတ်) ဝယ်လက်နဲ့ ဒေသတွင်း အစာစပ်လုပ် ငန်းရှင်များက ပုံမှန်ဝယ်ယူမှုရှိနေတဲ့ ပြောင်းဖူးစေ့များက ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၀၇ ကျပ် (တစ်တန် ၂၄၉၂၄၃ ကျပ်)၊ ပြောင်းဖူးစေ့(ဗမာ) တစ်ပိဿာ ၃၉၈ ကျပ် (တစ်တန် ၂၄၃၇၃၁ ကျပ်)၊ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၄၂၆ ကျပ် (တစ်တန် ၂၆၀၈၇၈ ကျပ်)၊ အထွက်တိုး ပြောင်း တစ်ပိဿာ ၅၁၉ ကျပ် (တစ်တန် ၃၁၇၈၃၀ ကျပ်)၊ ဆန်ပြောင်း တစ်ပိဿာ ၄၈၉ ကျပ် (တစ်တန် ၂၉၉၄၅၉ ကျပ်) နဲ့ အဆိုပါပြောင်း ၅ မျိုးနေ့စဉ် သုံးတင်းအိတ် ၁၅၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ပြည်တွင်းလှောင်လက်ရော၊ ပြည်ပ (တရုတ်) ဝယ် လက်သာမက ပြည်တွင်းဆီစက်လုပ်ငန်းရှင်များပါ ပုံမှန်ဝယ် ယူမှုရှိနေတဲ့ နှမ်းရောင်စုံများ ယခုတစ်ပတ်ဈေးနှုန်းများမှာ နှမ်းဖြူ တစ်ပိဿာ ၂၀၄၄ ကျပ် (တစ်တန် ၁၂၅၁၇၂၅ ကျပ်)၊ နှမ်းညို တစ်ပိဿာ ၁၇၇၈ ကျပ် (တစ်တန် ၁၀၈၈၈၂၉ ကျပ်)၊ နှမ်းနက် တစ်ပိဿာ ၃၄၄၄ ကျပ် (တစ်တန် ၂၁၀၉၀၇၁ ကျပ်)၊ နှမ်းနက်(စမုံ) တစ်ပိဿာ ၃၉၅၆ ကျပ်(တစ်တန် ၂၄၂၂၆၁၅ ကျပ်)၊ ပန်းနှမ်းတစ်ပိဿာ ၁၆၄၄ ကျပ် (တစ်တန် ၁၀၀၆၇၆၉ ကျပ်)နဲ့ နှမ်းရောင်စုံ ၅ မျိုး တစ်ရက်သုံးတင်းအိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခုအပတ် မြေပဲဆန် (S1 လုံးဆန်) တစ်ပိဿာ ၂၆၅၀ ကျပ် (တစ်တန် ၁၆၂၂၈၃၄ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၇၀၀ ခန့် အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

မန္တလေးမြို့မှ တရုတ် (ပြည်ပ) ကို ပုံမှန်စီးထွက်နေတဲ့ ပဲများအနက် ပဲတီစိမ်းက အားအကောင်းဆုံးဖြစ်ကြောင်း ဝယ်လိုအားရှိတဲ့ ဈေးနှုန်းအနိမ့်အမြင့် အတက်အကျ ကွာဟ မှုကျဉ်းမြောင်းကြောင်း၊ ပဲလွန်းဖြူ တင်ပို့မှုရှိသော်လည်း အလွန်နည်းပါးကြောင်း၊ ထို့အတူ ပဲကြီး၊ ပဲနီပြား၊ ပဲယင်းနဲ့ ထောပတ်ပဲများကို တင်ပို့မှုရှိသော်လည်း ယခုလအတွင်း တင်ပို့မှု ပမာဏလျော့နည်းကြောင်း၊ ပြောင်းဖူးစေ့များအနက် စီပီပြောင်းသာ တင်ပို့မှုရှိကြောင်း၊ ယခင်နှစ်များကတည်းက ပုံမှန်ဝယ်ယူမှုရှိနေတဲ့ နှမ်းရောင်စုံများ ဈေးအနည်းငယ် အေးပေမယ့် တင်ပို့မှုပမာဏ သိသာစွာ လျော့နည်းမှုမရှိ ကြောင်း၊ ယခုနှစ်မှာ ရာသီဥတုဒဏ်ကြောင့် သီးနှံများအထွက် လျော့နည်းသောကြောင့် တင်ပို့မှုပမာဏလည်း လျော့နည်း နိုင်ကြောင်း ပွဲစားကုန်သည်ကြီးတစ်ဦးက ပြောကြားပါ တယ်။

**စိုးအောင်-မန္တလေး**

# မုံရွာကုန်စည်ဒိုင် ဇန်နဝါရီလ ဒုတိယပတ် ပဲဈေးကွက် တက်ဈေးနဲ့ အရောင်းအဝယ်သွက်လာ

မုံရွာကုန်စည်ဒိုင် ဇန်နဝါရီလ ဒုတိယပတ်ပဲဈေးကွက်မှာ မုံရွာမြို့နယ် ပတ်ဝန်းကျင်မှ ဆောင်းပဲသစ်မျိုးစုံ အဝင်လှိုင်လာသလို တက်ဈေးနဲ့ အရောင်းအဝယ်သွက်လာတယ်လို့ ကုန်သည်ရပ်ကွက်က သိရပါတယ်။

ယခုတစ်ပတ်မှာ ပဲတီစိမ်းဈေး တစ်တင်း ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်အထိမြင့်ခဲ့ကာ စိမ်းကြီး တစ်တင်း ၃၆၅၀၀ ကျပ်၊ စိမ်းသေး တစ်တင်း ၃၇၅၀၀ ကျပ် အသီးသီးဖြစ်ပေါ်ခဲ့ပြီး တစ်ရက်အရောင်း အဝယ်ဖြစ်မှုအနေနဲ့ စိမ်းကြီးအိတ် ၇၀၀ မှ ၁၀၀၀ ကြား၊ စိမ်းသေး အိတ် ၁၀၀၀ ဝန်းကျင်ရှိတယ်လို့ သိရပါတယ်။

ငုံနီဈေးကွက်အနေနဲ့ Export အတွက် ရန်ကုန်ဝယ်လက်က ဆက်လက်ဝယ်လိုအားကောင်းနေလို့ နယ်ကဝင်သမျှရောင်းရကာ ယခုတစ်ပတ်မှာ အမြင့်ဆုံးတစ်တင်း ၅၀၉၀၀ ကျပ်ထိပေါက်ဈေးဖြစ် ပေါ်ခဲ့ပြီး တစ်ရက်အိတ် ၁၀၀၀၀ ဝန်းကျင်အရောင်းအဝယ်ဖြစ်နိုင်တယ် လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။

ရန်ကုန် Export လက်ဝယ်လိုအားတက်လာတဲ့ မတ်ပဲဈေး ကွက်မှာလည်း ယခုတစ်ပတ်မှာ တစ်တင်း ၆၁၀၀၀ ကျပ်အထိ အမြင့် ဆုံးပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး နယ်ကပဲအဝင်ပေါ် မူတည်ကာ တစ်ရက် အိတ် ၅၀၀ မှ ၇၀၀ ကြား အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဆိုပါ တယ်။

မုံရွာဒိုင်ဈေးကွက်မှာ တစ်တင်း ၁၅၀၀၀ ကျပ်ကနေ ၁၇၀၀၀ ကျပ်ကြားမှာ ဈေးအမြဲအေးခဲ့တဲ့ စွန်တာနီဟာ ယခုတစ်ပတ်မှာ တစ် တင်း ၁၉၅၀၀ ကျပ်ကနေ ၂၀၅၀၀ ကျပ်အထိ ပေါက်ဈေးသိသာစွာ မြင့်သွားခဲ့တာ တွေ့ရပြီး လှောင်လက်နဲ့ လုပ်ငန်းသုံးအဝယ်များ ကြောင့်ဖြစ်နိုင်တယ်လို့ ဈေးကွက်က ဆိုပါတယ်။

ပဲလွန်းအုပ်စုဈေးကွက်မှာတော့ နယ်ကပဲအဝင်နဲ့ ဝယ်လက် အဆွဲ ပုံမှန်မျှတနေလို့ ပဲလွန်းဖြူဟာ တစ်တင်း ၂၉၀၀၀ ကျပ်နဲ့ ပဲလွန်းပြာ တစ်တင်း ၃၁၀၀၀ ကျပ်တွေမှာ ပေါက်ဈေးငြိမ်နေတာ တွေ့ရပါတယ်။ Export လက်အနည်းငယ်နဲ့ပဲလက်လီအဝယ်သွက်လာ မှုကြောင့် ထောပတ်ပဲအသစ်မှာ တစ်တင်း ၂၀၅၀၀ ကျပ်အထိ ဈေး မြောက်လာပြီး ဒိုင်မှာဝင်သမျှ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ မုံရွာ ကုန်စည်ဒိုင်ဈေးကွက်က သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

Vol: 16, No.3 Monday January 18 2016

# တောင်ကြီးဈေးကွက်မှာ Export ဈေးကွက်ဝင်တဲ့ ပန်းနှမ်းတွေ အဝင်လှိုင်

ယခုချိန်မှာတော့ တောင်ကြီးဈေးကွက်မှာ ဆောင်းသီးနှံဖြစ်တဲ့ ပန်းနှမ်းများအဝင်လှိုင်နေပါတယ်။ ပန်းနှမ်းကို ရှမ်းပြည်နယ်တောင်ပိုင်းမှာ မြို့နယ်တိုင်းလို စိုက်ပျိုးကြတဲ့အတွက် ပန်းနှမ်းစိုက်ဧက ပုံမှန်တစ်သိန်းကျော်အထက်မှာရှိပါတယ်။ အထွက်နှုန်းကလည်း တစ်ဧကကို ပျမ်းမျှအထွက်နှုန်း ၉ ဒသမ ၅ တင်းနဲ့ ၁၀ တင်းကြား ထွက်ရှိပါတယ်။ ပန်းနှမ်းမှာစိုက်ပျိုးရလွယ်ကူပြီး စိုက်စရိတ်လည်း သက်သာတဲ့ သီးနှံဖြစ်လို့ မြို့နယ်တိုင်းမှာလိုလို စိုက်ပျိုးကြပါတယ်။ ဆီထွက်သီးနှံများထဲမှာ ပန်းနှမ်းကလည်း Export တန်းဝင်တဲ့သီးနှံဖြစ်လို့ နှစ်တိုင်းမှာလိုလို ဈေးကောင်းခဲ့ပါတယ်။ ဒီနှစ်မှာလည်း ပန်းနှမ်းဈေးက တစ်ပိဿာ ၁၄၅၀ ကျပ်-၁၅၀၀ ကျပ်ခန့်ဈေးရှိနေပါတယ်။ ပန်းနှမ်းမှာ အဝင်ရှိသလို Export သမားတွေကလည်း ပစ္စည်း ကြိုစုချင်တာကြောင့် ပန်းနှမ်းကိုဝယ်နေကြတယ်လို့ သိရှိရပါတယ်။ တစ်ပတ်ကို ပိဿာချိန် လေးသောင်း၊ ငါးသောင်းခန့်အဝင်ရှိနေပြီး အဝင်ရှိသလောက်လည်း အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသတွင်းဆီစက်နဲ့ မန္တလေးဆီစက်တွေကလည်း အဆွဲများနေတယ်လို့ သိရှိရပါတယ်။ ဒီနှစ်မှာတော့ ဆီထွက်သီးနှံများဈေးကောင်းနေလို့ အရောင်းအဝယ်တွေလည်း ကောင်းနေကြတယ်လို့ သိရှိရပါတယ်။

**စောယုထွေး-တောင်ကြီး**

# ပြည်ပဝယ်လိုအားရှိတဲ့ မတ်ပဲနဲ့ ပဲစင်းငုံသီးနှံရဲ့ နှစ်အလိုက်နှစ်ဆန်းပိုင်းမှာဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းအခြေအနေနဲ့ အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ပြည်ပဝယ်လိုအားကောင်းနေပြီး ဈေးကောင်းလည်း ရလာတဲ့ မတ်ပဲသီးနှံနဲ့ ပဲစင်းငုံသီးနှံဟာ ယခုနှစ် အတွင်းမှာလည်း ဆက်လက်ဈေးကောင်းရနိုင်ကြောင်း ပဲဈေးကွက်မှ ကြားသိရပါတယ်။ အိန္ဒိယဝယ်လိုအားများတဲ့ ပဲစင်းငုံနဲ့ မတ်ပဲသီးနှံဟာ ၂၀၁၅ နှစ်ဆန်းပိုင်းမှစပြီး ဈေးပြိုင်ရလျက်ရှိကာ သင်္ကြန်ပြီးချိန်ကာလမှစလို့ ပဲဈေးများ မြင့်တက်လာရာတွင်လည်း ၎င်းပဲသီးနှံ နှစ်မျိုးစလုံး ဈေးပြိုင်မြင့်တက်လာနေရာမှ ဩဂုတ်လကုန်ပတ်မှာ ပဲစင်းငုံသီးနှံက မတ်ပဲထက်ဈေးပိုသွားကာ ကျပ်ငါးသောင်းကျော်ထိ ရရှိလာခဲ့ပါတယ်။

ပဲစင်းငုံသီးနှံမှာ မတ်ပဲထက် ဈေးပိုရလာသော်လည်း စက်တင်ဘာလလယ်မှစလို့ ပစ္စည်းလက်ကျန် ပြတ်သွား ကာ ပြည်ပဲဈေးကွက်မှာလည်း အရောင်းအဝယ်မဖြစ်ခဲ့တဲ့ မတ်ပဲသီးနှံသာ လက်ကျန်ရှိလို့ ဆက်လက် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ မတ်ပဲဈေးမှာ ပဲစင်းငုံလက်ကျန်ပြတ်ချိန်မှစလို့ ပဲဈေးက ကျပ်ငါးသောင်းကျော်ထိ မြင့်တက်ခဲ့သလို စက်တင်ဘာလကုန်မှာ တစ်တင်းကျပ်ခြောက်သောင်းကျော်အထိ ရရှိလာခဲ့ပါတယ်။ အောက်တိုဘာလလယ်မှစလို့ မျိုးပဲများဝယ်ယူလာတဲ့အတွက် ထပ်မံဈေးမြင့်တက်ခဲ့ကာ တစ်တင်း ၇၄၀၀၀ ကျပ်ရရှိပြီး၊ နိုဝင်ဘာလအထိ ပဲဈေးဆက်ကောင်းခဲ့ကာ မျိုးပဲရော၊ ရန်ကုန်ဝယ်လက်ကပါ နေ့စဉ်အဝယ်ရှိလို့ လက်ကျန်ပဲများပါ မကျန် ထုတ်ရောင်း ချခဲ့ရတဲ့အတွက် ဒီဇင်ဘာလကုန်မှာတော့ မတ်ပဲပစ္စည်းလက်ကျန်ပြတ်သွားပြီး ပဲဈေးကွက်မှာလည်း အရောင်းအဝယ်အေးနေခဲ့သလို ပဲစင်းငုံသီးနှံကလည်း အောက်တိုဘာ၊ နိုဝင်ဘာနဲ့ ဒီဇင်ဘာလလယ်အထိ လက်ကျန် မရှိတော့လို့ အရောင်းအဝယ်မဖြစ်ခဲ့ဘဲ ဒီဇင်ဘာလလယ်မှစလို့ ပဲသစ်များဝင်ရောက်လာခဲ့ပြီး စတင်ရောင်းချခဲ့တာကို တွေ့ရပါတယ်။

ပြည်ပဲဈေးကွက်မှာတော့ မတ်ပဲလက်ကျန်ပြတ်ချိန် ပဲစင်းငုံသစ်ဝင်လာလို့ အိန္ဒိယဝယ်လက်ကြောင့် ပဲသီးနှံဟာ တစ်မျိုးမဟုတ်တစ်မျိုး အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ နှစ်ဆန်းပိုင်းမှာတော့ ပဲစင်းငုံသစ်တွေဟာ အများအပြားဝင်ရောက်လာတဲ့အတွက် ရန်ကုန်ဝယ်လက်ကလည်း ဝင်သလောက်ဝယ်ယူကြကာ ဈေးကွက်အတွင်း အရောင်းအဝယ်အသွက်ဆုံးဖြစ်ခဲ့ပေမယ့် မတ်ပဲသီးနှံကတော့ ပြည်ဈေးကွက်မှာ ဇန်နဝါရီဒုတိယပတ်အထိ လက်ကျန်လည်းမရှိလို့ အရောင်းအဝယ်အေးခဲ့ရာမှ လလယ်မှာတော့ ပဲသစ်အချို့ ဝင်ရောက်လာကာ တစ်တင်း ၅၉၀၀၀ ကျပ်နဲ့ ဈေးဖွင့်ဝယ်ယူခဲ့လို့ ဇန်နဝါရီလလယ်မှာ ပဲစင်းငုံနဲ့မတ်ပဲသီးနှံ နှစ်မျိုးစလုံး အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ပဲစင်းငုံသစ်ပေါ်ချိန် အဖွင့်ဈေးမှာ တစ်တင်း ၄၉၅၀၀ ကျပ်မှ ဈေးစဖွင့်ပြီး အထွက်လှိုင်လာချိန်မှာ ဈေးပိုရလာလို့ တစ်တင်း ကျပ်ငါးသောင်းကျော်ရရှိနေသလို မတ်ပဲသီးနှံမှာ ပဲသစ်ပေါ်ချိန် အဖွင့်ဈေးတစ်တင်းကျပ် ခြောက်သောင်းနီးပါး ရလျက်ရှိကာ ပဲစင်းငုံသီးနှံကဲ့သို့ အထွက်လှိုင်လာချိန်မှာလည်း ဈေးဆက်ပိုလာနိုင်ကြောင်း ခန့်မှန်းနေကြပါတယ်။ ပဲစင်းငုံသီးနှံနဲ့မတ်ပဲသီးနှံဟာ နှစ်စဉ်ဈေးနှုန်းများ လေ့လာရာမှာလည်း ပဲစင်းငုံဈေးကျရင် မတ်ပဲဈေးမှာလည်းမကောင်းသလို၊ မတ်ပဲဈေးကျရင်လည်း ပဲစင်းငုံဈေးမှာ ဈေးပိုကောင်းလာတာမျိုးမတွေ့ရဘဲ နှစ်စဉ်နှစ်တိုင်း ဈေးနှုန်းများသိပ်မကွာဘဲ အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။

၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းတွင်သာ ပဲစင်းငုံဈေးထက် မတ်ပဲဈေးပိုရလာခဲ့ပြီး ကျန်နှစ်များမှာ မတ်ပဲရော၊ ပဲစင်းငုံသီးနှံပါ တစ်တင်း ကျပ်နှစ်သောင်းအောက် လျော့နည်းရရှိခဲ့လို့ ပဲမျိုးစုံဈေးကွက်မှာ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်သော ပဲများနဲ့ယှဉ်ရင်လည်း ဈေးအေးခဲ့တဲ့ပဲများဖြစ်ကြောင်း သိရှိရပါတယ်။

၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နှစ်ဆန်းပိုင်းမှာဖြစ်ပေါ်ခဲ့တဲ့ ပြည်ပဝယ်လက်ပဲစင်းငုံနဲ့ မတ်ပဲသီးနှံရဲ့ ဈေးနှုန်းအခြေအနေများကို အောက်ဖော်ပြပါဇယားအတိုင်း တွေ့ရပါတယ် -

**နှစ်အလိုက်နှစ်ဆန်းပိုင်းဖြစ်ပေါ်ခဲ့သော ဈေးနှုန်းနှိုင်းယှဉ်မှု**
**(တင်းဈေး-ကျပ်)**

| ခုနှစ် | မတ်ပဲ | | ပဲစင်းငုံ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ၂၀၁၂ ဇန်နဝါရီ | ၁၃၅၀၀ | ၁၄၀၀၀ | ၁၃၂၀၀ | ၁၄၅၀၀ |
| ၂၀၁၃ ဇန်နဝါရီ | ၁၄၀၀၀ | ၁၄၅၀၀ | ၁၇၀၀၀ | ၁၇၂၀၀ |
| ၂၀၁၄ ဇန်နဝါရီ | ၁၈၀၀၀ | ၁၈၉၀၀ | ၁၆၃၀၀ | ၁၈၁၀၀ |
| ၂၀၁၅ ဇန်နဝါရီ | ၂၈၀၀၀ | ၂၉၀၀၀ | ၂၄၃၀၀ | ၂၅၅၀၀ |
| ၂၀၁၆ ဇန်နဝါရီ | ၅၇၅၀၀ | ၅၉၀၀၀ | ၅၀၁၀၀ | ၅၀၅၀၀ |

၎င်းသီးနှံ နှစ်မျိုးအနက် ပဲစင်းငုံသီးနှံမှာ ပြည်ပဲဈေးကွက်မှာ တစ်နှစ်ပတ်လုံး ရောင်းဝယ်ခြင်းမျိုးမဟုတ်ဘဲ ပဲပေါ်ချိန်၊ အထွက်လှိုင်ချိန်များတွင်သာ ရန်ကုန်ဝယ်လက်က အဓိကထား ဝယ်ယူမှုရှိလို့ ရောင်းချနိုင်သလို ကျန်အချိန်များမှာတော့ လက်ကျန်လည်းသိပ်မရှိလို့ လက်လီသမားများနဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲဖြစ်ပါတယ်။ မတ်ပဲသီးနှံကတော့ နှစ်စဉ် တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်တဲ့သီးနှံဖြစ်ခဲ့ပြီး၊ ၂၀၁၅ ခုနှစ်အတွင်းမှာသာ ပဲဈေးများ စံချိန်တင်မြင့်တက်ခဲ့လို့ လက်ကျန်ပဲများလည်း ထုတ်ရောင်းချခဲ့တဲ့အတွက် ဒီဇင်ဘာလအတွင်း ပဲလက်ကျန်ပြတ်သွားလို့ ၎င်းနှစ်တစ်နှစ်သာ ပစ္စည်းပြတ်သွားခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။

ယခုဆိုရင်တော့ ပြည်ပဲဈေးကွက်မှာ ပဲစင်းငုံလည်း အရောင်းအဝယ်သွက်နေသလို မတ်ပဲသီးနှံလည်း ပဲသစ်အနည်းငယ်ဝင်ရောက်လာပြီဖြစ်တဲ့အတွက် ပြည်ပဝယ်လက်ပဲအားလုံး အရောင်းအဝယ်ဖြစ်နေပြီလို့ လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်ပဲတီစိမ်းသစ် မန္တလေးဝယ်လက် အဝင်ရှိသလောက် ဝယ်ယူ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်းဝင်ရောက်မှုအနေနဲ့ တစ်ရက်အိတ် ၂၀၀ နဲ့ ၃၀၀ ကြားသာရှိခဲ့လို့ ယခင်တစ်ပတ်ကထက် ပဲအဝင်ပိုလျော့သွားခဲ့ပါတယ်။ ပြည်အနီးတစ်ဝိုက်နယ်စုံမှ ဝင်ရောက်လာသော်လည်း ပဲထွက်ရှိမှုအပေါ် မူတည်ပြီး အဝင်ကလည်း အတိုးအလျော့ဖြစ်နေခဲ့ပါတယ်။ မန္တလေးဝယ်လက်ကတော့ အဝင်ရှိသလောက် ဝယ်ယူနေပြီး ယခုတစ်ပတ်မှာ ပဲတစ်တင်း ၃၈၀၀၀ ကျပ်နဲ့ ဈေးအနည်းငယ်ပြန်တက်လာခဲ့ပါတယ်။ ပဲတီစိမ်းဈေးနှုန်းမှာ မတ်ပဲ၊ ပဲစင်းငုံသီးနှံတို့ကဲ့သို့ မဟုတ်ဘဲ နှစ်စဉ်ဈေးကောင်းရခဲ့တဲ့အတွက် ယခင်နှစ်က ဇန်နဝါရီလဈေးနှုန်းနဲ့ ယခုနှစ်ဇန်နဝါရီလ ဈေးနှုန်းမှာ သိပ်မကွာဘဲ တစ်တင်းကျပ်နှစ်ထောင်ခန့်သာ ပိုရလာခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# မတ်ပဲသစ်အနည်းငယ် ပြည်ပဲဈေးကွက်သို့ စတင်ဝင်ရောက်

ပြည်ပဲဈေးကွက်ရဲ့ ဇန်နဝါရီလလယ်မှာ မတ်ပဲသစ်အနည်းငယ်ဝင်ရောက်မှုရှိလာတယ်လို့သိရပါတယ်။ မိုးစပါးအပြီး စိုက်ပျိုးသောပဲများမဟုတ်ဘဲ ရေလိုက်ပဲအဖြစ်စိုက်ပျိုးမှုစောတဲ့ပဲများ ဝင်ရောက်ခြင်း ဖြစ်လို့ အနည်းငယ်သာဝင်ရောက်ခဲ့ပြီး၊ ပဲသစ်ဈေးအနေဖြင့် တစ်တင်း ၅၉၀၀၀ ကျပ်နဲ့အဝယ်ရှိခဲ့ပါတယ်။ ပြည်ပဲဈေးကွက်မှာ ဒီဇင်ဘာလကုန်နဲ့ ဇန်နဝါရီလဆန်းပိုင်းမှာ ပဲလက်ကျန်မရှိလို့ ပစ္စည်းပြတ်သွားတဲ့အတွက် အရောင်းအဝယ်လည်း မဖြစ်ခဲ့ဘဲ အခြားပဲများသာ အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး ယခုတစ်ပတ်မှသာ ပဲသစ်ဝင်ရောက်လာလို့ ဈေးကွက်အတွင်း အိတ်အနည်းငယ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်ပဲဈေးကွက်အတွင်း ပဲစင်းငုံသီးနှံ အရောင်းအဝယ် သွက်လျက်ရှိ

ဇန်နဝါရီလလယ် ပြည်ပဲဈေးကွက်အတွင်းမှာ အရောင်းအဝယ်အသွက်ဆုံးဖြစ်နေတဲ့ ပဲသီးနှံကတော့ ပဲစင်းငုံသီးနှံဖြစ်နေပြီး တစ်ရက်အိတ် ၉၀၀ ကျော်ထိ ဝင်ရောက်နေခဲ့ပါတယ်။ ပြည်ခရိုင်အတွင်း ပဲစင်းငုံသီးနှံကို ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပြည်မြို့နယ်၊ ပန်းတောင်းမြို့နယ်တို့တွင် စိုက်ပျိုးမှုများလို့ ၎င်းမြို့နယ်များမှ ထွက်ရှိလာသမျှ ပဲစင်းငုံသီးနှံကလည်း ပြည်ဈေးကွက်သို့ နေ့စဉ်ဝင်ရောက်ခဲ့ခြင်းဖြစ်သလို ရန်ကုန်ဝယ်လက်ကလည်း ဝယ်ယူလျက်ရှိတာကြောင့် ပဲဈေးမှာ တစ်တင်း ၅၀၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေသော်လည်း ပဲတီစိမ်းသီးနှံထက် ဈေးပိုရလျက်ရှိခဲ့ပါတယ်။ အိန္ဒိယဝယ်လိုအားရှိတဲ့ မတ်ပဲရော ပဲစင်းငုံသီးနှံပါ ယခုနှစ်တွင် ဈေးကောင်းရခဲ့တာကြောင့် ပဲစိုက်ပျိုးထုတ်လုပ်သူများအတွက် ဈေးကိုက်တဲ့နှစ်ဖြစ်နိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ရွှေဘိုကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ/ဖြူ ဈေးကွက် အရောင်းအဝယ်သွက် ဈေးအနည်းငယ်မာနေ

ယခုနှစ်ရွှေဘိုခရိုင်တွင် မိုးရွာသွန်းမှုကောင်းလို့ ယာသီးနှံပဲစင်းငုံများ ဖြစ်ထွန်းအောင်မြင်လို့ ယခင်နှစ်ထက် ပိုမိုထွက်တယ်လို့သိရပါတယ်။ ဇန်နဝါရီ ဒုတိယပတ်မှာ ရွှေဘို၊ ကန့်ဘလူ၊ ကျွန်းလှ၊ ခင်ဦးစတဲ့မြို့နယ်များမှ ပဲစင်းငုံအသစ်များ ရွှေဘိုကုန်စည်ဒိုင်ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး၊ တစ်ရက် ပျမ်းမျှအိတ် ၂၅၀၀ မှ ၃၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း ပဲကုန်သည်တစ်ဦးထံက သိရပါတယ်။

ယခုနှစ်အတွင်း ပဲစင်းငုံသီးနှံဟာ ဈေးကောင်းလျက်ရှိပြီး၊ လက်ရှိပဲစင်းငုံအသစ် တစ်တင်းပေါက်ဈေးနှုန်းမှာ အနိမ့် ၄၈၅၀၀ ကျပ်၊ အမြင့် ၅၀၇၀၀ ကျပ် ယခင်နှစ်ကာလတူပေါက်ဈေးမှာ အနိမ့် ၂၄၅၀၀၀ ကျပ်၊ အမြင့် ၂၅၀၀၀ ကျပ်ဈေးဖြစ်သဖြင့် ယခင်နှစ် ဈေးကွက်ထက် နှစ်ဆခန့်ပိုရရှိပါတယ်။ ဝင်လာသမျှ ပဲစင်းငုံသီးနှံအားလုံးကို ရန်ကုန်သို့စီးဆင်းလျက်ရှိကြောင်း ကုန်စည်ဒိုင် သတင်းရပ်ကွက်က ဆိုပါတယ်။

**ညီညီ-ရွှေဘို**

## နနွင်း

### ဟိုပုံးနနွင်းသာ မူဆယ်ဈေးကွက်ကို သွားနေ

ဟိုပုံးဈေးကွက်မှာတော့ နနွင်းက အရောင်းအဝယ်ဖြစ်နေပါတယ်။ ရန်ကုန်နဲ့ မူဆယ်မှတစ်ဆင့် သွားနေတာကြောင့် အရောင်းအဝယ်ကလည်း ပုံမှန်တော့ ဖြစ်နေတယ်လို့ သိရပါတယ်။ ဒီနှစ် ရှမ်းပြည်နယ်တောင်ပိုင်းမှာ ဟိုပုံးနနွင်းကလွဲရင် ကျန်နနွင်းတွေကတော့ အရောင်းအဝယ် သိပ်မဖြစ်ပါဘူး၊ ဟိုပုံးဈေးကွက်မှာ အရောင်းအဝယ်ဖြစ်တာကြောင့် အောင်ပန်းစ၊ အင်းလေးစ၊ ပင်လောင်းစတွေပါ ဟိုပုံးဈေးကွက်ကို ပြန်ဝင်နေတယ်လို့လည်း သိရပါတယ်။

ဒီတစ်ပတ်တော့ ရန်ကုန်ဝယ်လက်တွေက ဟိုပုံးနနွင်းကို တစ်ပိဿာ ၁၆၅၀ ကျပ်နဲ့ဝယ်ယူပါတယ်။ တချို့ကုန်သည်တွေကတော့ ဒီဈေးနဲ့ မရောင်းနိုင်လို့ အရောင်းအဝယ်ကလည်း သိပ်ပြီးများများစားစားမဖြစ်ခဲ့ပါဘူး နနွင်းအသစ်တွေလည်း ဖော်ချိန်ရောက်လာပြီဖြစ်လို့ စပြီးတော့ ဖော်နေကြပါပြီ၊ ဖော်ပြီးနေလှန်း၊ ခြောက်ရင်ပြုတ်ရမှာဖြစ်လို့ ဒီလကုန်မှသာ ဈေးကွက်ကိုနနွင်းသစ်တွေ စပြီးဝင်လာနိုင်တယ်လို့လည်း ဒေသခံကုန်သည်တွေထံမှ သိရပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ နနွင်းအရောင်းအဝယ်က ခပ်အေးအေးသာ ဖြစ်နေပြီး တစ်ပိဿာကို ၁၂၀၀ ကျပ်မှ ၁၉၀၀ ကျပ်ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

### နနွင်းတန်ချိန် ၁၆၀ ကျော်တင်ပို့

ဇန်နဝါရီ ၃ ရက်မှ ၆ ရက်သီတင်းပတ်အတွင်း နနွင်း ၂၂၆ ဒသမ ၂၈ တန်ကို ပြည်ပနိုင်ငံများကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၉၀၊ အိန္ဒိယနိုင်ငံသို့ ၄၂ တန်နဲ့ စင်ကာပူနိုင်ငံသို့ ၉၄ ဒသမ ၂၈ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှ ကန်ဒေါ်လာ ၆၈၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းတင်ပို့မှုမှာ တန်ချိန် ၁၆၀ ကျော်တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် ၅၆ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## သီဟိုဠ်

### ဒီဇင်ဘာလအတွင်း မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တန် ၁၅၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၉၁၈ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ တန် ၁၅၀ ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်လနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၅၆ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၃၅၀ သန်းပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ ဒီဇင်ဘာလအတွင်း သီဟိုဠ်စေ့တင်ပို့မှုမရှိသလို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်မှ ၈ ရက်အတွင်းမှာလည်း မူဆယ်၊မြဝတီနဲ့ ကော့သောင်းစခန်းများမှ သီဟိုဠ်စေ့တင်ပို့နိုင်ခြင်းမရှိဘူးလို့ သိရှိရပါတယ်။ **ခင်မြနွယ်**

| ၁၁-၁-၂၀၁၆ မှ ၁၅-၁-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 250 | 10,852,529.080 |
| 2 | Form D | 20 | 1,061,603.850 |
| 3 | Form E | 78 | 2,004,815.450 |
| 4 | Korea GSP | 7 | 79,752.090 |
| 5 | Form AK | 69 | 3,818,218.080 |
| 6 | Form AJ | 1 | 27,724.640 |
| 7 | Form AI | 49 | 2,115,507.740 |
| 8 | Form AANZ | 1 | 53,119.050 |
| 9 | Form DFTP | - | - |
| **Grand Total** | | **475** | **20,013,269.980** |

## ချင်း

### ယခုတစ်ပတ်မှာလည်း အောင်ပန်းချင်းဈေးကွက်မှာ ဈေးပတ်သမားများသာ အဝယ်ဖြစ်နေ

အောင်ပန်းဈေးကွက်မှာ ချင်းအဝင်က ပုံမှန်သာရှိနေပါတယ်။ ဝယ်လက်တွေကလည်း တစ်နှစ်ကုန်သွားသည်အထိ ပြည်တွင်းသုံး ဈေးပတ်သမားတွေသာ အဝယ်ရှိနေလို့ ဖြုန်းအားသိပ်မရှိပါဘူး၊ ဒီတစ်ပတ်ဈေးကွက်ကိုဝင်လာတဲ့ ချင်းတွေမှာလည်း အရည်အသွေးပေါ် မူတည်ပြီး ဈေးကလည်း ကွာခြားလာပါတယ်။ ထိပ်စဖြစ်တဲ့ ချင်းကိုတော့ ဈေးပတ်သမားတွေက အနည်းအကျဉ်းသာ ဝယ်ယူကြတယ်လို့လည်း သိရပါတယ်။

ပယ်ချင်းတွေဖြစ်တဲ့ ညှံ့စတွေကိုတော့ ဒါးလှီးခြောက်ပြုလုပ်ဖို့အတွက် ဝယ်ယူကြလို့ပယ်ချင်းတွေနဲ့ညှံ့စတွေကတော့ အရောင်းအဝယ်ဖြစ်နေတယ်လို့လည်း သိရပါတယ်။ ဒါးလှီးခြောက်ပြုလုပ်ဖို့အတွက် အဝယ်ရှိနေလို့ အရင်တစ်ပတ်က တစ်ပိဿာ ၄၀၀ ကျပ်ရှိတဲ့ ပယ်ချင်းအညှံ့စက ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ၄၂၀ ကျပ်-၄၃၀ ကျပ် ပတ်ချာလည်အထိတက်လာပါတယ်။အခုတစ်လမှာ ချင်းအခက်ကြီးလှတွေထက် အသေး၊ ညှံ့စတွေကို ပိုပြီး ဝယ်ယူနေကြတယ်လို့ သိရပါတယ်။ တစ်ပတ်အတွင်းမှာ ပိဿာချိန်ပေါင်း ငါးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ချင်းခြောက်ကိုတော့ ရန်ကုန်၊ ပြည်၊ စစ်တွေ ဝယ်လက်တွေက ဝယ်ယူမှုရှိနေလို့ အရောင်းအဝယ် အနည်းငယ်ဖြစ်ခဲ့ပြီး တစ်ပိဿာ ၂၀၀၀ ကျပ်မှ ၂၈၀၀ ကျပ်ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

### ပြည်ချင်းဈေး အနည်းငယ်တက်

ယခုတစ်ပတ် ပြည်ချင်းဈေးကွက်မှာ ချင်းဈေးများ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ ခန့်ဈေးမြင့်ပါတယ်။ ပိဿာ ၃၀ ဝင်အိတ် ၇၀ ခန့် ပုံမှန်အဝင်ရှိပြီး၊ အချို့ရက်တွေမှာ တစ်ရက်လုံးအဝင်မရှိတဲ့ နေ့တွေလည်းရှိပါတယ်။ ပုံမှန်အားဖြင့် နယ်ဝယ်လက်များသာဝယ်ယူနေတယ်လို့ ချင်းပွဲရုံများမှသိရပါတယ်။ ပြည်ချင်းပွဲရုံများမှာ ယခုတစ်ပတ် ချင်းတစ်ပိဿာကို (ရှယ်) ၇၅၀ ကျပ်၊ (ဂွန်) ၇၀၀ ကျပ်ရှိပြီး၊ ပြည်ချင်းဈေးကွက်မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်သို့ ယခုတစ်ပတ်အတွင်း စားသုံးမှုအဖြစ် တစ်နေ့ပိဿာချိန် ၃၅၀ ခန့် တင်ပို့မှုရှိတယ်လို့ သိရပါတယ်။ **ဝင်းဝင်းခိုင်-ပြည်**

### စင်ကာပူနိုင်ငံသို့ ချင်း ၇ တန်တင်ပို့

ဇန်နဝါရီ ၃ ရက်မှ ၆ ရက်အတွင်း ချင်း ၇ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ ဒီဇင်ဘာ ဒုတိယပတ်မှစပြီး တင်ပို့မှုပျောက်ခဲ့တဲ့ ချင်းကဒီတစ်ပတ်မှသာပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၀၁၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မန်ကျည်း

### မန်ကျည်းတန်ချိန်၁၀၀ တင်ပို့

ဇန်နဝါရီ ၃ ရက်မှ ၆ ရက်သီတင်းပတ်အတွင်း မန်ကျည်း တန် ၁၀၀ ကို ပင်လယ်ရေကြောင်းလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှု ပျောက်ခဲ့တဲ့ မန်ကျည်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၁၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



## ကြက်သွန်



### ပြည်ကြက်သွန်နီ ပုံမှန်အဝင်ရှိပြီး အရောင်းအဝယ်ဖြစ်

ပြည်ကြက်သွန်နီဈေးကွက် (ပွဲရုံ) များတွင် ကြက်သွန်နီအိတ်တွေ ပုံမှန်အဝင်ရှိနေပြီး အရောင်းအဝယ်လည်း ဖြစ်နေတယ်လို့ သိရပါတယ်။ အိတ်ရေ ၈၀၀ နေ့စဉ် အဝင်ရှိခြင်းဖြစ်ပါတယ်။ ဇန်နဝါရီတတိယပတ် ကြက်သွန်နီဈေးကတော့ ပွဲရုံဈေး တစ်ပိဿာ ကြီး ၉၀၀ ကျပ်၊ လတ် ၈၀၀ ကျပ်၊ သေး ၇၀၀ ကျပ်တို့ဖြစ်ပြီး ဒေသတွင်း လက်လီ တစ်ပိဿာဈေးကြီး ၁၂၀၀ ကျပ်၊ လတ် ၁၀၀၀ ကျပ်၊ သေး ၉၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ ပြည်ဈေးကွက်တွင်းဝင်ရောက်လာတဲ့ကြက်သွန်နီတွေဟာ ရေနံချောင်း၊ ပခုက္ကူနဲ့ ရေနံချောင်း အနောက်ဘက်ကမ်းက ဝင်ရောက်နေပြီး ဒေသတွင်းမြို့နယ်များရှိ ဈေးများမှအိတ်များအဆွဲများတာကြောင့် အရောင်းအဝယ် ဖြစ်နေပါတယ်။ အခြားမြို့နယ်များသို့ တင်ပို့မှုမရှိဘဲ နေ့စဉ်အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

### ကြက်သွန်နီရော အဖြူပါ တင်ပို့

၂၀၁၆ နှစ်ဇန်နဝါရီ ပထမပတ်မှာ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၇၅၆၀၀ တန်ဖိုးရှိ ကြက်သွန်နီ ၁၅၂ တန်နဲ့ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းကတော့ ကန်ဒေါ်လာ ၁၄၈၇ တန်ဖိုးရှိတဲ့ ကြက်သွန်ဖြူ တစ်တန် တင်ပို့လာခဲ့ပါတယ်။

ဒီဇင်ဘာလလယ်ခန့်က စပြီး ကြက်သွန်နီဈေးတွေ ကျဆင်းလာခဲ့ပြီး ကြက်သွန်နီ အလုံးအရွယ်အစားပေါ် မူတည်၍ ကုန်စည်ဒိုင်ပေါက်ဈေးထက် တစ်ပိဿာလျှင် ကျပ် ၅၀ မှ ၂၀၀ ခန့်ထိ ဈေးလျှော့ ရောင်းချမှုရှိလာကြောင်း၊ ပြည်တွင်း ကြက်သွန်နီဈေးများ မြင့်တက်လာလို့ ဈေးကွက်အတွင်းသို့ ပြည်ပမှ ကြက်သွန်နီများ ဝင်ရောက်လာရာ တရုတ်ကြက်သွန်နီ တစ်ပိဿာလျှင်ကျပ် ၁၉၀၀-၂၀၀၀ ရှိခဲ့ရာမှ ယခုကျပ် ၈၀၀-၁၀၀၀-၁၂၀၀ နှုန်းထိ ဈေးကျသွားကြောင်း ဘုရင့်နောင် ကုန်စည်ဒိုင်ရှိ ပွဲရုံအချို့ထံမှ သိရှိရပါတယ်။

**မော်မော်အောင်**

# စားသောက်ကုန်ထုတ် လုပ်ငန်းများအတွက် HACCP

အိအိချော (CTQM)




စားသောက်ကုန်ဆိုတာဟာ လူတိုင်းအတွက်မရှိမဖြစ်တဲ့ အရာတွေထဲကတစ်ခုဖြစ်ပါတယ်။ လူတိုင်းဟာ အသက် ရှင်ဖို့ အစားအစာအမျိုးမျိုးကို မှီခိုနေကြရပါတယ်။ အစားအစာကို အစိမ်းလိုက်စားသောက်တတ်တဲ့ ကျောက်ခေတ်မှသည် မီးကိုအသုံးပြုပြီး ချက်ပြုတ် တတ်လာသောအခါ အစားအစာရဲ့ အနံ့၊ အရသာနှင့် တကွ ကြာရှည်သိုလှောင်နိုင်မှုတွေကိုပါ ခံစားတတ်လာကြပါတယ်။ လူ့သမိုင်းစဉ်တစ်လျှောက်မှာ ယဉ်ကျေးမှုထွန်းကားလာဖြင်းနှင့်အတူ စားသောက်မှုပုံစံတွေပါပြောင်းလာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ယနေ့ခေတ်မှာတော့ရွာကြီး တစ်ရွာကဲ့သို့ဖြစ်လာတဲ့ကမ္ဘာကြီးမှာ ဒေသတစ်ခုမှ အစားအစာကိုအခြားနေရာတစ်ခုမှာဝယ်ယူစားသောက်လို့ ရနေပြီဖြစ်ပါတယ်။ဒါ့အပြင် အချိန်မရွေး၊ နေရာမရွေး၊ လူမျိုးဘာသာမရွေး၊ ဝယ်ယူစားသောက်နိုင်တဲ့ အသင့်စားအစားအစာများလည်းတွင်ကျယ်လာပါတယ်။ ဒီလိုတွင်ကျယ်လာတာနဲ့အမျှ စားသောက်ကုန်ထုတ်လုပ်ငန်းတွေလည်းများပြားလာပါတယ်။

စားသောက်ကုန်ထုတ်လုပ်ငန်းကနေ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလိုက်တဲ့ အစားအစာတွေဟာ အရည်အသွေးပြည့်မီတဲ့ ထုတ်ကုန်များ ဖြစ်ရန်များစွာ အရေးကြီးလှပါတယ်။ အရည်အသွေးမြင့်မားပြီး စားသုံးသူ ယုံကြည်စိတ်ချမှုဖြစ်စေမယ့် စားသောက်ကုန်များ ထုတ်လုပ် နိုင်ဖို့ဆိုရင် Good Manufacturing Practice (GMP) ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်ကောင်းများကို လိုက်နာရမှာဖြစ်ပါတယ်။ ဒါကြောင့် (GMP) စနစ်မှာ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ HACCP အကြောင်းကို ဗဟုသုတအဖြစ် တင်ပြပေးချင်ပါတယ်။

Hazard Analysis Critical Control Point (HACCP) ဆိုတာ အစားအစာ ထုတ်လုပ်ခြင်း ဖြစ်စဉ်တစ်လျှောက်မှာ အန္တရာယ်ဖြစ်စေတဲ့ အဓိကနေရာတွေကို ကြိုတင်စဉ်းစားရှာဖွေပြီးသိပ္ပံနည်းကျ ကြိုတင်ဟန့်တားတဲ့စံနစ်ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရရင် ထုတ်လုပ်မှုဖြစ်စဉ် အရည်အသွေး (process quality) ကို ထိန်းချုပ်တဲ့နည်းစနစ်တစ်ခုလည်း ဖြစ်ပါတယ်။ ယင်းစံနစ်ကို ၁၉၇၁ ခုနှစ်ကတည်းက အမေရိကန်ပြည်ထောင်စုအာကာသခရီး အစီအစဉ်မှာပါတဲ့ အာကာသယာဉ်မှူးတွေအတွက် အထူးအစားအစာများထုတ်လုပ်ခဲ့ခြင်းမှ စတင်ခဲ့ပြီး နောင်အခါမှာ ကမ္ဘာအရပ်ရပ် ကိုပျံ့နှံ့သွားခဲ့ရပါတယ်။

HACCP မှာအခြေခံစည်းမျဉ်း (၇) ခုရှိပါတယ်။ အဲဒါတွေကတော့

(က) ထုတ်လုပ်မှုနည်းစဉ်တွင် ကျရောက်နိုင်သော ဘေး အန္တရာယ် အမျိုးအစားကို ကြိုတင်ဆန်းစစ်ခြင်း (Conduct a hazard analysis )

(ခ ) လုပ်ငန်းစဉ်အတွင်း အဓိကထိန်းချုပ်ရမည့်နေရာများကို သတ်မှတ်ထားရခြင်း (Identify the critical control points )

(ဂ ) ခွင့်ပြုနိုင်သည့် ပါဝင်ဘက်ပစ္စည်းများ၏ ပမာဏကိုအနည်းဆုံး၊ အများဆုံး သတ်မှတ်ပေးရခြင်း (Establish critical limits )

(ဃ) အထက်ပါ တန်ဖိုးသတ်မှတ်ချက်ဘောင်အတွင်းရှိ/မရှိ ကို စောင့်ကြည့်စစ်ဆေးမှတ်တမ်းတင်ထားရခြင်း (Establish Monitoring procedures)

(င) အကယ်၍ တန်ဖိုးသတ်မှတ်ချက်ဘောင်မှ သွေဖည်ခဲ့လျှင် ပြုလုပ်ရမည့် မှန်ကန်သော အရေးယူဆောင်ရွက်မှုကို တည်ဆောက်ထားရခြင်း (Establish corrective actions)

(စ) HACCP စနစ်ကို ကျင့်သုံးနေကြောင်း သေချာစေရန် လုပ်ထုံးလုပ်နည်းများ တည်ဆောက်ထားရပြီး ၎င်းအတိုင်းလုပ်ဆောင်ကြောင်းကို ထင်ရှားစေခြင်း (Establish verification procedures )

(ဆ) HACCP စီမံချက်ရေးသားထားမှုများ၊လွဲမှားစွာဆောင်ရွက်မှု များ၊စစ်ဆေးချက်မှတ်တမ်းများနှင့် စာချုပ်စာတမ်းအားလုံးကို မှတ်တမ်းများထားရှိခြင်း(Establish record - keeping and documentation procedures ) တို့ဖြစ်ပါတယ်။

ဖော်ပြပါစည်းမျဉ်း (၇)ချက်ကို ဆောင်ရွက်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်ထားစရာလေးတွေ ရှိပါတယ်-

(က) မိမိစက်ရုံမှာရှိတဲ့လုပ်သားများနဲ့ HACCP အဖွဲ့ ဖွဲ့စည်း ရပါမယ်။ ဝန်ထမ်းတိုင်းဟာ HACCP Team ရဲ့အဖွဲ့ဝင်တွေဖြစ်ရပါမယ်။ ပြင်ပမှ HACCP ကျွမ်းကျင်ပုဂ္ဂိုလ်များ ပါဝင်ရင် ပိုကောင်းပါတယ်။

(ခ) ဖွဲ့စည်းပြီးသား HACCP အဖွဲ့သားတွေရဲ့ စိတ်ထဲမှာ မှတ်ယူထားရမှာက ထုတ်လုပ်မှုလုပ်ငန်းရဲ့အဆင့်တိုင်းမှာ သူတို့ပါဝင်နေတယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒီလိုစိတ်ထဲမှာ ယုံကြည်ထား ပြီး HACCP နဲ့ သက်ဆိုင်တဲ့လုပ်ငန်းတွေဖြစ်တဲ့-

- ထုတ်ကုန်အမည်၊ထုတ်လုပ်မှုနည်းစနစ်၊ ဖြန့်ဖြူးမှု နည်းလမ်းတို့ကို သတ်မှတ်ဖော်ပြသောလုပ်ငန်း
- ထုတ်ကုန်ကို အသုံးပြုနိုင်မယ့် နည်းလမ်းနှင့် ရည်ရွယ်ထားသော စားသုံးသူအမျိုးအစားသတ်မှတ်ဖော်ပြသောလုပ်ငန်း
- ထုတ်လုပ်မည့် ထုတ်ကုန်အတွက် ထုတ်လုပ်မှုအဆင့်ဆင့်ကို ပုံပြဇယား (Flow Diagram) သုံး၍ တိကျရှင်းလင်းစွာဖော်ပြသော လုပ်ငန်းစတာတွေကို အဖွဲ့သားတွေက ကဏ္ဍအလိုက် ဆောင်ရွက်ကြရပါမယ်။

(ဂ) အဖွဲ့ဝင်တွေထဲကအချို့ကို ရွေးချယ်ပြီးသင်တန်းပေးရပါမယ်။ ရွေးချယ်ခံရသူတွေဟာ မိမိတို့စက်ရုံတွင်း HACCP စစ်ဆေးရေး တာဝန်ကိုယူရပါမယ်။ အဓိကစစ်ဆေးအတည်ပြုရမယ့်အချက်ကတော့ Flow Diagram တွင်ပါရှိသော လုပ်ဆောင်ချက်နှင့် အမှန်လုပ် ဆောင်ချက် ကိုက်ညီမှုရှိ/မရှိကို သေချာစွာစစ်ဆေးနိုင်ဖို့ လိုပါတယ်။ ဒီလိုစစ်ဆေးနိုင်အောင်လည်း ကြိုတင်သင်တန်းပေးထား ခြင်းဖြစ်ပါတယ်။

ဒီအချက်တွေကိုကြိုတင်ဆောင်ရွက်ပြီးရင်တော့ အခြေခံစည်းမျဉ်း(၇)ချက်ကို ဆက်လက်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။

HACCP စံနစ်မှာ အဓိကထိန်းချုပ်ရမယ့်နေရာတွေကိုထိန်းချုပ်မိရန်အရေးကြီးဆုံးဖြစ်ပါတယ်။ ထုတ်ကုန်ရဲ့အားနည်းတဲ့အချက်၊ စံချိန်စံညွှန်းမကိုက်ညီတဲ့ အချက်တွေရှိနေပြီး အဓိကထိန်းချုပ်ရမယ့်နေရာကိုမသတ်မှတ်နိုင်ရင်မိမိ ရေးဆွဲထားတဲ့ HACCP စနစ်ကို ပြန်လည်ဆန်းစစ်ရပါမယ်။

အမှန်တကယ်အားဖြင့် HACCP စနစ်ဆိုတာ မိမိထုတ်ကုန်ရဲ့ အရည်အသွေးကို သိပ္ပံနည်းကျစောင့်ကြည့် ထိန်းကွပ်ပေးနေတဲ့ စနစ်ကောင်းတစ်ခုပဲဖြစ်ပါတယ်။ ဒါကြောင့် စားသောက် ကုန်ထုတ်လုပ်ငန်းတိုင်းဟာ HACCP စနစ်တွေကို လိုက်နာကျင့်သုံးသင့်ပါတယ်။

အထက်ဖော်ပြပါ အချက်အလက်များအားလုံးဟာ အစားအသောက်အမျိုးမျိုးထုတ်လုပ်နေတဲ့လုပ်ငန်းတွေအတွက် ယေဘုယျတင်ပြထားခြင်း ဖြစ်ပါတယ်။ ထုတ်လုပ်တဲ့အစားအစာပုံစံနှင့် အမျိုးအစားမတူရင်ကျရောက်နိုင်တဲ့ ဘေးအန္တရာယ် အမျိုးအစား (Hazard) တူမှာမဟုတ်တဲ့အတွက် အဓိကထိန်းချုပ်ရမယ့်နေရာနဲ့ တကွ ကျန်တဲ့စည်းမျဉ်းတွေမှာပါ ကွဲပြားသွားမှာဖြစ်ပါတယ်။

ဥပမာအားဖြင့် အစားအစာထုတ်လုပ်တဲ့ စက်ရုံနေရာမှာ အစားအစာချက်ပြုတ်ရောင်းချတဲ့ စားသောက်ဆိုင်တစ်ဆိုင်ရဲ့ HACCPကိုတင်ပြချင်ပါတယ်။ စားသောက်ဆိုင်တစ်ဆိုင်အနေဖြင့် ဖောက်သည်များအား သန့်ရှင်း၊ လတ်ဆတ်၊ အရသာရှိပြီး ဘေးအန္တရာယ်ကင်းတဲ့ အစားအစာများကို ရောင်းချပေးနိုင်ခြင်းသည် ပင်လျှင် သူ့ရဲ့ဝန်ဆောင်မှုဖြစ်ပါတယ်။ အဆိုပါဝန်ဆောင်မှုကိုသမားရိုးကျ အမှုမဲ့အမှတ်မဲ့ ပုံမှန်အတိုင်းပြုလုပ်နေခြင်းထက် ဘေးအန္တရာယ် (Hazard) ကျရောက်နိုင်တဲ့ အဓိကနေရာတွေကို အောက်ဖော်ပြပါ ဇယားအတိုင်း ပိုင်းခြားသတ်မှတ်ပြီး ထိန်းချုပ်ဆောင်ရွက်ခြင်းက စားသုံးသူတွေအတွက်ပိုပြီး အကျိုးရှိစေနိုင်ပါတယ်-

| အဓိကထိန်းချုပ်ရမည့်နေရာများ | | အဓိကထိန်းချုပ်ဆောင်ရွက်ရမည့်အချက်များ |
|---|---|---|
| ၁။ | ကုန်ကြမ်းဝယ်ယူခြင်း | - သန့်ရှင်းလတ်ဆတ်ပြီး နွမ်းရိုမှုမရှိသော ဟင်းသီးဟင်းရွက်<br>- ဆိုးဆေးကင်းစင်ပြီးသဘာဝအတိုင်း ကြီးထွားရင့်မှည့်နေသည့်အသီးအနှံ ( သစ်သီးဝလံ)<br>- လတ်ဆတ်သောသားငါး<br>- ပိုးမွှားကင်းစင်ပြီးလေလုံသော ထုပ်ပိုးမှုရှိသည့်ကုန်ခြောက်ပစ္စည်းများ စသည်တို့ကိုသာ ဝယ်ယူရန် |
| ၂။ | သိုလှောင်ခြင်း | - ဟင်းသီးဟင်းရွက်များ၊သစ်သီးဝလံများ၊သားငါးများကို ရောယှက်စေခြင်းမရှိဘဲသီးခြားကန့်ထားပြီး အပူချိန် ၄ ဒီဂရီစင်တီဂရိတ်အောက်တွင် သိုလှောင်ရန်<br>- ကုန်ခြောက်များပိုးမွှားကျရောက်ခြင်း ရှိ/မရှိစစ်ဆေးရန် |
| ၃။ | မချက်ပြုတ်မီ၏ပြင်ဆင်ခြင်း | - ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတို့ကို ရေစင်စင်ဆေးရန်<br>- ဟင်းသီးဟင်းရွက်နှင့် သားငါးများ သီးခြားစီရေဆေးရန်<br>- အသားခုတ်မည့် စင်းတုံးနှင့် ဓားများကို ကြိုတင်သန့်ရှင်းထားရန်<br>- အသားခုတ်ပြီးပါကလည်း အသုံးပြုသောပစ္စည်းများအားလုံး (စင်းတုံး၊ ဓား၊ လက်သုတ်ဝတ်၊ခါးစည်းအဝတ်)ကို ချက်ချင်းဆေးကြောပိုးသတ်ထားရန် |
| ၄။ | ချက်ပြုတ်ခြင်း | - သားငါးများကို ကျက်အောင်ချက်ပြုတ်ကြော်လှော်ရန်<br>- ချက်ပြုတ်ရာတွင်သုံးသော ပစ္စည်းကိရိယာများနှင့် နေရာပါမကျန်သန့်ရှင်းနေရန်<br>- ချက်ပြုတ်ပြီးပါကလည်း ပြန်လည်ဆေးကြောသုတ်သင်ပြီး နေရာတကျ ပြန်ထားရန် |
| ၅။ | တည်ခင်းဧည့်ခံခြင်း | - စားသောက်ဆိုင်ဝန်ထမ်းအားလုံး တကိုယ်ရည်သန့်ရှင်းရေးနှင့် ပြည့်စုံရန်<br>- ဧည့်ခံစားပွဲ၊ စားပွဲခင်း၊ ပန်းကန်ခွက်ယောက်၊ ဇွန်းခက်ရင်း၊ ဓား၊ ပုဝါစသည့်ပစ္စည်းများ သန့်ရှင်းမှုရှိရန်<br>- စားသောက်ပြီးပန်းကန်များ သိမ်းဆည်းခြင်းနှင့် နောက်ထပ်စား သောက်ဖွယ်ရာများတည်ခင်းရာတို့တွင် အချိတ်အဆက်စနစ်တကျရှိစေရန် |
| ၆။ | စွန့်ပစ်ခြင်း | - စားသောက်ဆိုင်၏ ချက်ပြုတ်ခန်းမှထွက်လာသော အမှိုက်သရိုက်အညစ်အကြေးများနှင့် စားသောက်ခန်းမှထွက်လာသော စားကြွင်းစားကျန်၊ တစ်ရှူးစက္ကူ၊ ဆေးလိပ်တို၊ တူချောင်း၊ သွားကြားထိုးတံ၊ ပန်းကန်ကွဲစနှင့် ပုလင်းခွံများကို အမျိုးအစား သီးသန့်စီခွဲထုတ်၍ စနစ်တကျစွန့်ပစ်ရန် |

ဆက်လက်ဖော်ပြပါမည်

## ခတ်ဆီ/ဒီဇယ်

### ခတ်ဆီ၊ ဒီဇယ် တန်ချိန် ၅၉၀ ကျော်ဝင်

ဇန်နဝါရီ ၃ ရက် မှ ၆ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၅၃၆၃၈၈၈ တန်ဖိုးရှိ ဒီဇယ် ၄၀၅ဒသမ ၉၃၄ တန်နဲ့ ကန်ဒေါ်လာ ၁၂၂၀၅၇၅၅ တန်ဖိုးရှိ ခတ်ဆီ ၁၈၆ ဒသမ ၄၆၉ တန် ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ 92၊ 95 ၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် စက်သုံးဆီအဝင် စုစုပေါင်းမှာ ၅၉၂ ဒသမ ၄၀၃ တန် ရှိခဲ့ပါတယ်။ ယခင်သီတင်းပတ် အဝင်စုစုပေါင်းမှာ တန်ချိန် ၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၅၂၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ခတ်ဆီ၊ ဒီဇယ်ဈေး များကတောင်ကြီးနဲ့ မော်လမြိုင်၊ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ခတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ခတ်ဆီ၊ ဒီဇယ်ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အောက်တိန်း(92)၊အောက်တိန်း (95)၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ တစ်လီတာကို ဒီဇယ် ၅၆၀ ကျပ်၊ အောက်တိန်း (92) ၆၁၀ ကျပ်၊ အောက်တိန်း (95) ၇၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၁၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဒီတစ်ပတ်လုံး ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ခတ်ဆီပါ ဈေးအနည်းငယ်ကျလာခဲ့တယ်လို့ သိရပါတယ်။ ဇန်နဝါရီ ၁၁ ရက် ဒီဇယ်ဝယ်ဈေးမှာ ၁၀၈၀၀၀ကျပ်၊ ရောင်းဈေး၁၁၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၁၃ ရက်မှာ ဝယ်ဈေး၃၀၀၀ ကျပ်၊ရောင်းဈေး ၂၀၀၀ ကျပ်ဈေးကျလာခဲ့ပါတယ်။ ခတ်ဆီဈေးမှာ ၁၁ ရက်မှာ ဝယ်ဈေး ၁၄၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၇၀၀၀ ကျပ်ရှိခဲ့တယ်လို့သိရပါတယ်။ ၁၃ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ် ဈေးကျလာ တယ်လို့သိရပါတယ်။ လက်လီဈေးများမှာ ခတ်ဆီ တစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာဈေးကျလာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ တစ်လီတာ ၇၀၀ ကျပ်၊ အောက်တိန်း (92) ၆၂၅ ကျပ်၊ ဒီဇယ် ၆၀၀ ကျပ်၊အဆင့်မြင့်ဒီဇယ် ၆၇၅ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာဇန်နဝါရီ ၁၁ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၁၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ခတ်ဆီဈေးမှာ ဇန်နဝါရီ ၁၁ ရက်မှာ ဝယ်ဈေး ၁၄၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၉၀၀ ကျပ်၊ ဓါတ်ဆီ၃၃၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဒီတစ်ပတ်စက်သုံးဆီဈေးများမှာ ခတ်ဆီရောဒီဇယ်ပါဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ခတ်ဆီ တစ်ဂါလန် ၂၈၀၀ ကျပ်၊ ဒီဇယ် ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီ ၂၉၀၀ ကျပ်၊ဒီဇယ် ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခတ်ဆီ ၊ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ခတ်ဆီတစ်ဂါလန် ၃၄၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၉၀၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၄၀၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

### Energy NYMEX 15-1-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 30.30 | -0.90 | -2.88 |
| Brent Crude Futr (USD/bbl) | 30.34 | -0.54 | -1.75 |
| Gasoline Rbob Fut (Cent/gal) | 106.41 | -0.43 | -0.40 |
| Natural Gas Futr (USD/MMBtu) | 2.13 | -0.01 | -0.28 |
| Heating Oil Futr (Cent/gal) | 97.10 | -0.98 | -1.00 |

## ပြည်တွင်းငွေလဲနှုန်းများ အတက်အကျများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိ

ပြီးခဲ့သည့်နှစ်ပတ်ဆက်တိုက် ကျဆင်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ကျပ် ၁၃၀၅ အထိမြင့်တက်ခဲ့ပြီးမှ ၁၂၉၉ကျပ်သို့ ပြန်လည်ကျဆင်းခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျပ် ၁၂၉၀ အထိကျဆင်းခဲ့သည့် ငွေလဲနှုန်းများသည် ယခုတစ်ပတ်ဈေးစဖွင့်ချိန်တွင် ၁၂၉၄ ကျပ်ဖြင့် ဈေးစဖွင့်ခဲ့ပြီးနောက် ဆက်လက်မြင့်တက်ခဲ့ကာ ၁၃၀၅ ကျပ်အထိ မြင့်တက်ခဲ့သည်။

"ပြည်တွင်းငွေလဲနှုန်းတွေက အတက်အကျ တော်တော်လေးကိုမြန် နေတယ်။ ဈေးကွက်ထဲမှာ ပြီးခဲ့တဲ့တစ်ရက်နှစ်ရက်က အဝယ်လိုက်လာတယ်။ စက်သုံးဆီတင်သွင်းတဲ့သူတွေက စက်သုံးဆီ ဈေးကျတဲ့အချိန်မှာ တင်သွင်းဖို့အတွက် ဝယ်ယူကြတဲ့အတွက် အခုလိုဈေးတက်လာရတာပါ။ ဒီတစ်ရက်နှစ်ရက်မှာတော့ ဈေးကပြန်ကျသွားတယ်။ အရောင်းအဝယ်အေးသွားတဲ့အတွက် ဈေးပြန်ကျလာတာပါ" ဟု ဈေးကွက်အတွင်း ဝယ်ရောင်းလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။


ငွေလဲစင်တာများတွင် ဇန်နဝါရီ ၁၁ရက်က ရောင်းဈေး ၁၂၉၄ကျပ်၊ ဝယ်ဈေး ၁၂၉၂ကျပ်ရှိခဲ့ရာမှ ဇန်နဝါရီ ၁၃ ရက်တွင် ရောင်းဈေး ၁၃၀၂ ကျပ်၊ ဝယ်ဈေး ၁၃၀၀ ကျပ်သို့ ဈေးမြင့်တက်ခဲ့သည်။

ဇန်နဝါရီ ၁၄ ရက်တွင် ရောင်းဈေး ၁၃၀၅ ကျပ်၊ ဝယ်ဈေး ၁၃၀၁ ကျပ်ရှိခဲ့ပြီး ဇန်နဝါရီ ၁၅ ရက် ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၉၉ ကျပ်၊ ဝယ်ဈေး ၁၂၉၇ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းမှာ ဇန်နဝါရီ ၁၁ ရက်က ကျပ် ၁၃၀၀ ရှိခဲ့ပြီး ဇန်နဝါရီ ၁၅ ရက်တွင် ၁၂၉၉ကျပ်သို့ လျော့ကျသတ်မှတ်ခဲ့သည်။

**မယ်သီတာ**

## မြန်မာ့ရွှေဈေး ဈေးငြိမ်အရောင်းအဝယ်ဖြစ်



ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဈေးအနည်းငယ် မြင့်တက်ခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ဈေးငြိမ်ကာ အရောင်းအဝယ်ကောင်းခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင်မူ ယခုတစ်ပတ်တွင် ရွှေဈေးများ သိသိသာသာကျဆင်းခဲ့ပြီးနောက် ဇန်နဝါရီ ၁၄ ရက်မှစတင်ကာ ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေး မြင့်တက်လာခဲ့သော်လည်း ပြည်တွင်းရွှေဈေးမှာ ငြိမ်သက်လျက်ရှိကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"ကမ္ဘာ့ရွှေဈေးက ဒီတစ်ပတ်အစပိုင်းမှာ ကျဆင်းလာပေမယ့် ရက်သတ္တပတ်ကုန်ဆုံးကာနီး ကြာသပတေးနဲ့ သောကြာနေ့တွေမှာ ဈေးပြန်တက်လာတယ်။ ကမ္ဘာ့ရွှေဈေး မြင့်တက်လာတာကတော့ တရုတ်နိုင်ငံက ရွှေဝယ်လိုအားမြင့်တက်လာတာကြောင့်ပါ။ တရုတ်နိုင်ငံမှာ စတော့ရှယ်ယာဈေးတွေ ထိုးကျသွားတာဟာ ကမ္ဘာ့ရွှေဈေးပြန်လည်မြင့်တက်စေတဲ့ အကြောင်းရင်းတစ်ခုပါပဲ။ ရေနံဈေးတွေ ကျဆင်းလာတာကလည်း ရွှေဈေးကို မြင့်တက်စေဖို့ အကြောင်းရင်းတစ်ရပ်လို့ ယူဆနိုင်ပါတယ်။ ကမ္ဘာ့ရွှေဈေး တက်လာပေမယ့် မြန်မာ့ရွှေဈေးကတော့ ငြိမ်သက်နေဆဲပါ။ ပြည်တွင်းမှာကလည်း ရွှေဝယ်လိုအားက အရင်ကလောက် သိပ်မကောင်းတဲ့အခါကျတော့ ဈေးအတက်အကျက မဆိုစလောက်ပဲ ရှိခဲ့တာပါ။ အရောင်းအဝယ်ကတော့ ပုံမှန်အတိုင်းပဲရှိပါတယ်"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

မြန်မာ့ရွှေဈေးသည် ဇန်နဝါရီ ၁၁ ရက်က ၇၅၃၅၀၀ ကျပ်ရှိခဲ့ပြီး ဇန်နဝါရီ ၁၅ ရက်တွင် ၇၅၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီလ ၁၁ ရက်က ၁၁၀၃ ဒေါ်လာရှိခဲ့ရာ မှ ဇန်နဝါရီ ၁၃ ရက်တွင် ၁၀၈၅ ဒေါ်လာသို့ကျဆင်းခဲ့သည်။ ဇန်နဝါရီ ၁၄ ရက်တွင် ၁၀၇၆ ဒေါ်လာသို့ ဆက်လက်ကျဆင်းခဲ့ပြီး ဇန်နဝါရီ ၁၅ ရက်တွင် ၁၀၈၁ ဒေါ်လာသို့ ပြန်လည်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

January 16, 2016
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.45 |
| BDT Bangladesh Taka | 78.89 |
| CAD Canada Dollars | 1.45 |
| CNY China Yuan Renminbi | 6.59 |
| EUR Euro | 0.92 |
| H KD Hong Kong Dollars | 7.79 |
| I NR India Rupees | 67.46 |
| I DR Indonesia Rupiahs | 13904.80 |
| JPY Japan Yen | 17.58 |
| MYR Malaysia | 4.39 |
| PKR Pakistan Rupees | 104.91 |
| PHP Philippines Pesos | 47.80 |
| RUB Russia Rubles | 76.65 |
| SGD Singapore Dollars | 1.44 |
| KRW South Korea Won | 1214.75 |
| LKR Sri Lanka Rupe | 144.39 |
| THB Thailand Baht | 36.32 |
| GBP United Kingdom Pounds | 0.70 |
| VND VietnamDon | 22416.50 |

*Source : xe.com*

### World Gold Price

January, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 11 | 1103 | 1104 | 1104 |
| 12 | 1095 | 1095 | 1095 |
| 13 | 1078 | 1081 | 1078 |
| 14 | 1086 | 1086 | 1088 |
| 15 | 1099 | 1100 | 1100 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 11-1- 2016 | 754.00 | 753.80 |
| 12-1- 2016 | 753.50 | 753.40 |
| 13-1- 2016 | 753.50 | 753.40 |
| 14-1- 2016 | 754.50 | 754.40 |
| 15-1- 2016 | 753.70 | 753.70 |

### နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 11 | 6 .56 | 36.27 | 78.40 | 66.78 |
| 12 | 6. 58 | 36.35 | 78.73 | 66.94 |
| 13 | 6 58 | 36.27 | 78.30 | 66.84 |
| 14 | 6 .59 | 36.29 | 77.91 | 67.10 |
| 15 | 6.57 | 36.32 | 78.89 | 67.48 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 11 - January | 14.08 | 1497.22 | 1492.06 | 4472.16 | 873.00 |
| 12 - January | 13.98 | 1458.24 | 1473.70 | 4438.34 | 834.00 |
| 13 - January | 13.93 | 1476.83 | 1478.62 | 4458.27 | 836.00 |
| 14 - January | 14.05 | 1502.14 | 1491.62 | 4457.15 | 847.00 |
| 15 - January | 13.84 | 1483.78 | 1496.10 | 4436.54 | 833.00 |

Source:kitco.com

## ဘိလပ်မြေ

### ဒီတစ်ပတ် ဘိလပ်မြေတန်ချိန် ၄၁၀၀၀ ကျော်ဝင်

ဇန်နဝါရီလ ၃ ရက်မှ ၆ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၅၄၃၃၀၁တန်ဖိုးရှိ ဘိလပ်မြေ ၄၁၃၂၁ ဒသမ ၂၈ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ တန်ချိန် ၂၀၀၊စင်ကာပူမှ ၁၃၄ ဒသမ ၄၀ တန်၊ ဗီယက်နမ်မှ တန်ချိန် ၂၀ နဲ့ ထိုင်းမှ ၄၀၉၆၆ ဒသမ ၈၈ တန် တင်သွင်းခဲ့ပြီး တံဆိပ်မျိုးစုံ ပါဝင်တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၆၉၀၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် အဝင်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၈၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ပုံမှန် အရောင်းအဝယ်ဖြစ်နေတဲ့ ဘိလပ်မြေဈေးကွက်

ဇန်နဝါရီ ၃ ရက်မှ ၆ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၄၁၃၂၁ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ယခင် သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၆၉၇၉၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် ၂၈၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၂၁၁၈၇ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၇၁၃၈ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၄၀၄၉ တန် ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ကောင်းပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင်(ထိုင်း) ၆၆၀၀ ကျပ်၊ အပါချီ (ထိုင်း) ၅၅၀၀ ကျပ်၊ မက်စ်(မြန်မာ) ၄၇၀၀ကျပ်၊ ဆင်(မြန်မာ) ၅၆၀၀ ကျပ်၊ ကြံ့နှစ်ကောင် ၅၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ် အရောင်းပုံမှန်ရှိပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ၇၄၀၀ ကျပ်၊ အပါချီ ၅၀၀၀ ကျပ်၊ ကမ္ဘောဇ ၄၆၀၀ ကျပ်၊ နဂါး ၅၂၀၀ ကျပ်၊ အေသုံးလုံး ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အနောက်မြို့ပတ်လမ်းမှ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်းအဝယ်လိုက်ပေမယ့် ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ မြင်းခေါင်းက ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၅၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး)၄၉၅၀ ကျပ်၊ စိန်(ထိုင်း) ၅၄၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

### ယခင်တစ်ပတ်ထက် တန်ချိန် ၂၄၀၀ ကျော် အဝင်ပို

ဇန်နဝါရီ ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၅၃၃၄၆၄ တန်ဖိုးရှိ မြေဩဇာ ၉၄၃၅ ဒသမ ၅၀၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်တင်သွင်းလာတဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ ယူရီးယား၊ ပိုတက်၊ မိုနိုပိုတက်ဆီယမ်အပါအဝင် တခြားမြေဩဇာများလည်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့နိုင်ငံများနဲ့ တန်ချိန်များမှာ တရုတ်နိုင်ငံမှ ၃၃၀၃ ဒသမ ၆၆ တန်၊ မလေးရှားမှ ၁၁၉ ဒသမ ၉၆ တန် ၊စင်ကာပူနိုင်ငံမှ ၃၈၉၀ တန်၊ ထိုင်းနိုင်ငံမှ ၁၀၆၄ တန်၊ ဘယ်လ်ဂျီယံမှ ၁၀၄၅ တန်နဲ့ အင်ဒိုနီးရှားမှ ၁၂ ဒသမ ၈၈၃ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ အများဆုံးဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် ၇၀၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၄၀၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။

### အရောင်းအေးနေတဲ့ မြေဩဇာဈေးကွက်

ဇန်နဝါရီ၃ ရက်မှ ၆ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှမြေဩဇာ ၉၄၃၅ တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၇၀၃၂ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၄၀၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခု တစ်ပတ်မြေဩဇာအဝင်မှာ ၁၈၅၄၈ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၆၉၅၈ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၁၅၈၉ ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းပါ မြေဩဇာအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက ဆက်လက်အရောင်းအဝယ် အေးနေဆဲဖြစ်တယ်လို့ သိရပါတယ်။ အရောင်းအဝယ်အေးနေသလို ဈေးလည်းငြိမ်မြဲငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၂၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၈၂၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၃၁၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ -ထိုင်း) ၂၉၅၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၂၅၀၀ ကျပ်၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက ယူရီးယားပုလဲက အရောင်းတက်ပြီး ကျန်မြေဩဇာများက အရောင်းအဝယ်အေးနေဆဲဖြစ်တယ်လို့သိရပါတယ်။ အရောင်းလိုက်တဲ့ ယူရီးယားလည်း ဈေးငြိမ်နေသလို ကျန်မြေဩဇာ များလည်းဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်)၂၀၆၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၀၆၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၁၀၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၈၅၀၀ ကျပ်၊ တီစူပါ၁၀း၁၀း၅ (တရုတ်)၁၅၅၀၀ကျပ်၊ ဓာတ်ဆား (တရုတ်)၁၆၀၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၆၇၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၆၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃(အပြာ)(အစိမ်း) ၁၅၄၀၀ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၄၀၀ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၂၀၀ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၀၅၀၀ ကျပ်၊ယူရီးယား -ပုလဲ (ရွှေတောင်-တရုတ်) ၂၀၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၃၀၀ ကျပ်၊ တီစူပါ ၂၀၅၀၀ ကျပ်၊ တောင်သူမ ၁၅၅၀၀ ကျပ်၊ သီးစုံ (စိမ်းပြာ) ၁၅၅၀၀ ကျပ်၊မြား ၁၅း၇း၈ ၁၈၅၀၀ကျပ်၊ ဇာမဏီ ၁၇၀၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာက အရောင်းပုံမှန်ပြန်ဖြစ်လာပေမယ့် ဈေးတော့ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၀၃၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၀၃၀၀ ကျပ်၊တီစူပါ (သံကွင်း-တရုတ်)၂၀၆၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ)၂၃၅၀၀ ကျပ်၊ကွန်ပေါင်း ၁၅ ပတ်လည် (နေရွက်လှေ-တရုတ်) ၃၄၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၁၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ တန်ချိန် ၂၆၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၂၅၀ ကျော်ဝင်

ဇန်နဝါရီ ၃ ရက်မှ ၆ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၅၃၀၅၀ တန်ဖိုးရှိ နို့ဆီ ၂၆၇ ဒသမ ၀၆၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မလေးရှား၊ ထိုင်းနဲ့ စင်ကာပူတို့မှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၁၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၁၄၂ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က နယူးဇီလန်မှ ၂၁၉ ဒသမ ၂၀ တန်နဲ့ စင်ကာပူမှ ၃၁ ဒသမ ၄၂၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၄၅၀ ကျော်ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၁ မှ ၈/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၁၂ မှ ၁/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၅၂.၅၀ | ၁၄၄၇.၅၀ | (+) ၅.၀၀ |
| ၂။ | လွယ်ဂျယ် | ၆၈၁.၀၀ | ၈၃၆.၀၀ | (-) ၁၅၅.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၂၄၂၆.၀၀ | - | (+) ၂၄၂၆.၀၀ |
| ၅။ | တာချီလိတ် | ၇၇၅၀.၀၀ | - | (+) ၇၇၅၀.၀၀ |
| ၆။ | မြဝတီ | ၆၈၆.၄၀ | ၈၇၉.၈၀ | (-) ၁၉၃.၄၀ |
| ၇။ | ကော့သောင်း | ၈၁၉၂.၀၀ | ၁၀၅၇၅.၀၀ | (-) ၂၃၈၃.၀၀ |
| ၈။ | မြိတ် | - | ၃၄၀၀.၀၀ | (-) ၃၄၀၀.၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၂၁၁၈၇.၉၀ | ၁၇၁၃၈.၃၀ | (+) ၄၀၄၉.၆၀ |

မြင့်မြင့်မာ MIRT

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၁ မှ ၈/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၁၂ မှ ၁/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇၃၇၆.၈၅၀ | ၁၆၁၆၉.၈၀၀ | (+) ၁၂၀၇.၀၅၀ |
| ၂။ | လွယ်ဂျယ် | - | ၃၄.၀၀၀ | (-) ၃၄.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၈၇.၅၀၀ | ၁၃၃.၀၀၀ | (-) ၄၆.၀၀၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၅၂၈.၈၀၀ | ၄၅၁.၁၀၈ | (+) ၇၇.၆၉၂ |
| ၆။ | ကော့သောင်း | ၅၅.၀၀၀ | ၁၇၀.၂၈၃ | (-) ၁၁၅.၂၈၃ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိုဒ် | ၅၀၀.၀၀၀ | - | (+) ၅၀၀.၀၀၀ |
| | စုစုပေါင်း | ၁၈၅၄၈.၁၅၀ | ၁၆၉၅၈.၁၉၁ | (+) ၁၅၈၉.၉၅၉ |

တင်တင်ထွန်း MIRT

## နှမ်း/မြေပဲ

### မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ နှမ်းတင်ပို့မှုလျော့နည်း

ဇန်နဝါရီလ ပထမပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၉၃ သန်းတန်ဖိုးရှိတဲ့ နှမ်းဖြူ (အခွံချွတ်) တန် ၆၀ တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်က ယခင်တစ်ပတ်ကလည်း နှမ်းဖြူ(အခွံချွတ်) တန် ၆၀ သာတင်ပို့ခဲ့တာပါ။ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းကတော့ ကန်ဒေါ်လာ ၁ ဒသမ ၉၅၆ သန်းဖိုးရှိ နှမ်းနက် ၁၅၆၄ တန်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၂၉၈ သန်းဖိုးရှိနှမ်းဖြူ ၂၂၉တန်တင်ပို့ခဲ့ရာ ယခင်သီတင်းပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၃၁၄၅ တန်ထိ တင်ပို့နိုင်ခဲ့လို့ ယခုသီတင်းပတ်နှမ်းတင်ပို့မှု သိသိသာသာ လျော့နည်းခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နှမ်းဖြူတစ်တန်ရဲ့ မိမိဖက်ပေါက်စျေး ၁၄၉၄၆၄၃ ကျပ်နဲ့ နှမ်းနက်တစ်တန် ၁၈၇၀၅၈၃ ကျပ်စျေးရှိတယ်လို့ သိရပါတယ်။ မန္တလေး-မူဆယ် ကုန်စည်သယ်ယူခနှုန်းမှာ ယခင်တစ်ပတ်ရော ယခုတစ်ပတ်ပါ နှမ်းတစ်ပိဿာကို (၆၅-၈၈) ကျပ်ရှိတယ်လို့ သတင်းရရှိပါတယ်။ **မော်မော်အောင်**

### ပြည်နှမ်းဈေးကွက် လက်ကျန်တွေများပြီး ဈေးကျလာ

ပြည်ပွဲရုံများရဲ့ နှမ်းဈေးကွက်သို့ နှမ်းတွေအဝင်များပြီး အရောင်းအဝယ်ဖြစ်ပေမယ့် တောင်သူနဲ့ ကုန်သည်တွေထံမှာ လက်ကျန်များတာကြောင့် နှမ်းဈေးကျလာတာ ဖြစ်ပါတယ်။

ပြည်နဲ့ မြန်အောင်ကြားဒေသတစ်လျှောက်လုံးရှိ မြို့နယ်များမှ နှမ်းတွေဝင်လာပြီး ပွဲရုံသို့ တစ်ရက်ကို အိတ် ၅၀၀ ကျော် ဝင်ရောက်ပါတယ်။ နှမ်းအိတ်များကို ဒေသတွင်းဆီစက်သမားများနှင့် မကွေး၊ မန္တလေးဘက်ရှိ ဝယ်လက်သမားများ အဝယ်ရှိတာကြောင့် အရောင်းအဝယ် အကုန်ဖြစ်ကြောင်း သိရပါတယ်။ မကွေး၊ မန္တလေးသို့ တစ်ရက်ကို အိတ် ၃၀၀ -၄၀၀ ပုံမှန်တင်ပို့မှုရှိပြီး၊ ဇန်နဝါရီတတိယပတ်ရဲ့ နှမ်းတစ်တင်းပေါက်ဈေးမှာ နှမ်းနီ ၂၆၀၀၀ ကျပ်၊ နှမ်းနက် ၃၃၃၀၀ ကျပ်နဲ့ စမုံနက် တင်း ၅၃၃၀၀ ကျပ်တို့ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီ ဒုတိယပတ်နဲ့ နှိုင်းယှဉ်ရင် နှမ်းနီဈေးကတော့ ဈေးငြိမ်ပြီး၊ နှမ်းနက် တစ်တင်းကို ၁၀၀၀၀ ကျပ်ထိ ဈေးကျကာ စမုံနက်တစ်တင်းကို ကျပ် ၇၀၀၀ နီးပါးအထိ ဈေးကျလာတာတွေ့ရပါတယ်။ **ဝေဝေမင်း-ပြည်**

### ပြည်မြေပဲဈေးကွက် အဝင်များသလို ဝယ်လက်တွေ အဝယ်ရှိ

ဇန်နဝါရီ တတိယပတ် ပြည်မြေပဲဆန်ဈေးကွက်မှာ ပြည်၊ တောင်တွင်း၊ အောင်လံမြို့နယ်များမှ မြေပဲဆန်အိတ်များ နေ့စဉ် အိတ် ၈၀၀ ကျော်အဝင်ရှိနေပါတယ်။ ဝင်လာသမျှ မြေပဲဆန် အိတ်တွေကိုလည်း ဝယ်လက်တွေ အဝယ်ရှိတယ်လို့ သိရပါတယ်။ ယခုတစ်ပတ် မြေပဲဆီဆန် တစ်ပိဿာဈေးနှုန်း ၁၉၅၀ ကျပ်နဲ့ လုံးဆန်ဈေး ၂၄၅၀ ကျပ်တို့ဖြစ်ပြီး ဈေးကျလာပါတယ်။ မြေပဲလုံးဆန်များကို တစ်ရက်ကို အိတ် ၄၀၀ နီးပါးရန်ကုန်သို့ တင်ပို့နေကြောင်း သိရပါတယ်။ ဆီထွက်သီးနှံတွေ ဈေးအကျဘက်ရှိနေတာကြောင့် နှမ်းဆီ၊ ပဲဆီဈေးတွေ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

### ပြည်ပတင်ပို့မှုနှေးကွေးကျဆင်းလာတာကြောင့် မလေးရှားစားအုန်းဆီဈေးနှုန်းကျဆင်း

မလေးရှားစားအုန်းဆီဈေးက ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းဈေးကွက်မှာ မြင့်တက်ခဲ့ပေမယ့် ပြည်ပတင်ပို့မှုနှေးကွေးကျဆင်းမှုကြောင့် စားအုန်းဆီဝယ်လိုအား ကျဆင်းတဲ့အတွက် မလေးရှားစားအုန်းဆီကြိုရောင်းဈေးက နောက်ပိုင်းမှာ ပြန်လည်ကျဆင်းပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivative Exchange) မှာ မတ်လအတွက် စာချုပ်ချုပ်ဆိုတဲ့ စားအုန်းဆီဈေးက ညနေပိုင်းဈေးပိတ်ချိန်မှာ သုညဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး၊ တစ်တန်ကို ၂၄၁၂ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၄၇ ဒသမ ၁၅) နှုန်းအထိ ကျဆင်းပါတယ်။ ရောင်းချရတဲ့ပမာဏက ၂၅တန်ရှိအတွဲ ၅၄၁၁၁ တွဲရှိခဲ့ပါတယ်။

အယ်လ်နီညိုရာသီဥတုအကျိုးဆက်ကြောင့် လာမယ့်လတွေမှာ စားအုန်းဆီထုတ်လုပ်မှု ကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။ ဒီလိုခန့်မှန်းထားပေမယ့် စားအုန်းဆီဝယ်လိုအား ကျဆင်းနေဆဲဖြစ်တဲ့အတွက် ဈေးနှုန်းအတက်အကျအခြေအနေက မရေမရာရှိနေဆဲဖြစ်ပါတယ်။

"စားဖို့အတွက်ရော၊ ဆီကြိတ်ဖို့အတွက်ပါ မြောက်အမေရိကမှ ပဲပုပ်ကိုဝယ်ယူနေတဲ့အတွက်ကြောင့် လည်းကောင်း၊ ညနေပိုင်းမှာ မိုးရွာသွန်းပြီး ပူနွေးတဲ့ရာသီဥတုက စားအုန်းဆီထုတ်လုပ်မှုကို အားပေးနိုင်တဲ့ အတွက်ကြောင့်လည်းကောင်း၊ ဈေးကွက်အပေါ် ယုံကြည်မှု အမျိုးမျိုးရှိနေနိုင်ပါတယ်"လို့ ကွာလာလမ်ပူမှ ကုန်သည်တစ်ဦးက ပြောပါတယ်။

"ဒါပေမဲ့ ထုတ်လုပ်မှုနှုန်းက နှေးကွေးကျဆင်းနေပါတယ်။ အယ်လ်နီညို အကျိုးသက်ရောက်မှုကြောင့် လည်း ထုတ်လုပ်မှုကျဆင်းနိုင်ပါတယ်။ အခြေအနေက အတော်ကြီးကို မတည်မငြိမ်ဖြစ်နိုင်ပါတယ်"လို့ သူက ပြောပါတယ်။

အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် အရှေ့တောင်ဒေသတွေမှာ ခြောက်သွေ့တဲ့ရာသီဥတုကို ဖြစ်ပေါ်စေနိုင်တဲ့အတွက် မလေးရှားနဲ့ အင်ဒိုနီးရှားစတဲ့ စားအုန်းဆီထုတ်လုပ်တဲ့နိုင်ငံတွေကို ထိခိုက်စေပြီး ထွက်နှုန်းကျဆင်းစေနိုင်ပါတယ်။

စားအုန်းဆီဈေးနှုန်းတွေက ဒီဇင်ဘာ ၃၁ ရက်က တစ်တန်ကို ၂၅၀၈ ရင်းဂစ်နှုန်းထိရောက်ရှိကာ ၁၈ လအတွင်း အမြင့်ဆုံးနှုန်းကိုရောက်ရှိခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဈေးနှုန်းတွေက နှစ်စမှစပြီး အကျဘက်ကို ဦးတည်လာတာကို တွေ့နေရပါတယ်။ ပို့ကုန်ဝယ်လိုအားကျဆင်းမှု၊ ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းမှု၊ ရှယ်ယာဈေးကွက်တွေ ကျဆင်းမှုနဲ့အတူ စားအုန်းဆီဈေးကလည်း ယခုနှစ်အစကနဲ့ နှိုင်းယှဉ်ရင် ၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

စားအုန်းဆီထုတ်လုပ်မှုက ဇန်နဝါရီ ၁၃ ရက်က ပို့ကုန်ထက် ပိုမိုကျဆင်းခဲ့တဲ့အတွက် မလေးရှားစားအုန်းဆီကြမ်းနဲ့ စတော့ရှယ်ယာဈေးတွေက ဖေဖော်ဝါရီလမှာ ၁၅ ရာခိုင်နှုန်းကျဆင်းပြီး၊ ၁၆ လအတွင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ ရှယ်ယာဈေးတွေကျဆင်းမှုက ခန့်မှန်းထားတာထက် ပိုမိုတယ်လို့ ဆိုပါတယ်။

ကမ္ဘာမှာ စားအုန်းဆီအများဆုံးထုတ်လုပ်တဲ့ အင်ဒိုနီးရှားနိုင်ငံမှာ ရောင်းချဖို့ကမ်းလှမ်းခဲ့တဲ့ စားအုန်းဆီ တန်ချိန်ရှစ်ထောင်အနက် တန် ၅၅၀၀ ကိုသာရောင်းချခဲ့ရပြီး၊ ဈေးနှုန်းကလည်း တစ်ကီလိုကို ၇၃၅၆ ရူပြားမှ ၇၁၉၇ ရူပြားနှုန်းထိ ကျဆင်းခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စု ပဲပုပ်ရဲ့ မတ်လအတွက်ကြိုရောင်းဈေးက သုညဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံဈေးကွက်မှာ သုညဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ **ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၅-၁-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၈၀၀ | ၄၃၀၀ | ▽ | ၃၇၀၀ | ၃၇၀၀ | □ | ၁၃၄၀ | ၁၃၄၅ | △ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၄၄၀ | ၁၄၄၀ | □ |
| ပဲခူး | ၃၀၀၀ | ၃၀၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၄၅၀ | ၁၄၂၀ | ▽ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၄၅၀၀ | ၄၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၃၀၀ | △ | ၃၄၀၀ | ၃၅၀၀ | △ | ၁၄၆၀ | ၁၄၆၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

**Source: mirt**



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၅-၁-၂၀၁၆ **US$/Ton**

| အမျိုးအစား | ဇန်နဝါရီပထမပတ် | ဇန်နဝါရီဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၃၃.၅၀ | ၅၂၉.၀၀ | ▽ |
| RBD P.Olein | ၅၅၅.၀၀ | ၅၃၁.၅၀ | ▽ |
| RBD P.Strarin | ၅၀၃.၀၀ | ၄၉၄.၀၀ | ▽ |

**Source: econ.mpob**

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၅- ၁ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၄၈.၀၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၉၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၂၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၇၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၁.၇၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၃.၆၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၈၆.၄၈ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၅-၁-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8˚C Max ၅၈၈ ဒေါ်လာ၊ FOB ၅၆၃ ဒေါ်လာနှင့် USD ဈေး ၁၂၉၉ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၁၅ - ၁ - ၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန် ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၉၉ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။



# အဆင်းခက်ခက် အတက်ကြမ်းကြမ်း ကြက်သွန်နီရဲ့လမ်း

|မျိုးသူ-မြင့်တင်/စားသုံး|

ကြက်သွန်နီဆိုတာ ကုန်စိမ်းပါ။ ကြက်သွန်နီရောင်းတဲ့သူက ဆန်ရောင်းတဲ့သူထက် စွန့်စားရပါတယ်။ ရွှေရောင်းတဲ့သူထက်လည်း စွန့်စားရပါတယ်။ ဒါကြောင့်အမြတ်ရာခိုင်နှုန်းက သူတို့ထက် ပိုရသင့်ပါတယ်။ ဒါပေမယ့် မရခဲ့ တာကြာပြီလေ။ ဒီနှစ်မှ ကြက်သွန်နီဈေးတက်ခဲ့တာပါလို့ နွားထိုးကြီးမြို့နယ်က ကြက်သွန်နီတောင်သူကြီးကိုကျော်မိုးလင်းကပြောပါတယ်။ ဟုတ်ပါတယ်။ ကြက်သွန်နီဆိုတာ ကုန်စိမ်းဆန်တဲ့ အခြေခံစားသောက်ကုန်ပါ။ ပုပ်သိုးပျက်စီးလွယ်ပါတယ်။ ဒါကြောင့် သိုလှောင်မယ်ဆိုရင်တောင် လျော့နည်းမှု ရာခိုင်နှုန်းက အတော်များပါတယ်။ များသောအားဖြင့် ဆောင်းကြက်သွန်နီကိုပဲ လှောင်ကြပါတယ်။အထားခံလို့ပါ။ တစ်နည်းပြောရရင် မိုးကြက်သွန်နီထက် ဆောင်းကြက်သွန်နီက ရေဓာတ်နည်းလို့ပါ။ ပေါ်ချိန်ဧပြီ၊ မေလလောက်ကနေ အောက်တိုဘာလ၊ နိုဝင်ဘာလလောက်ထိ လှောင်တယ်ဆိုရင် ခြောက်လကြာပါတယ်၊ ခြောက်လအတွင်းမှာ အလျော့ ရာခိုင်နှုန်းက ၂၀ ရာခိုင်နှုန်း ကနေ ၃၀ရာခိုင်နှုန်း အကြား ရှိတတ်ပါတယ်။ ဆိုလိုတာကတော့ ကြက်သွန်နီ ပိဿာချိန် တစ်သောင်းကျော် လှောင်မယ်ဆိုရင် ခြောက်လကြာပါက ပိဿာ ၇၀၀၀၊ ၈၀၀၀ လောက်သာကျန်တာကို ဆိုလိုတာပါ။ အဲဒီတော့ ကြက်သွန်နီ ၁၀၀၀၀ ကို ကျပ် ၃၀၀ ဈေးနဲ့လှောင်မယ်ဆိုရင် ကျပ်သိန်း ၃၀ ဖိုးရှိပါတယ်။အဲဒီတော့ အရင်းငွေ ကျပ်သိန်း ၃၀ကို ပိဿာ ၇၀၀၀ ကျန်ရင် တစ်ပိဿာရဲ့အရင်းငွေက ၄၂၈ ကျပ် ၅၇ ပြားဖြစ်သွားပါတယ်။ မကြာခဏ ကြက်သွန်နီကိုလှန်ပေးရတာ၊ အပုပ်တွေ့ရင် ကောက်ရတာ၊ လေဝင်လေထွက်ကောင်းအောင် လုပ်ပေး ပြင်ပေးရတာစတဲ့ လုပ်သားခတွေ သိုလှောင်ရုံ ငှားရမ်းခစရိတ်တွေမပါပါဘူး၊ တကယ်လို့ ပိဿာ ၈၀၀၀ ကျန်ရင်တော့ အရင်းက ၃၇၅ ကျပ်ဖြစ်နေပါပြီ။ ဒီနှစ်မှာဖြစ်ခဲ့တဲ့ကြက်သွန်နီအခြေအနေက တာထွက်မှာကတည်းက အပင်မှာတင် မိုးမိခဲ့လို့ ထွက်ရှိလာတဲ့ ကြက်သွန်နီတစ်ဝက်လောက်က အစိုဓာတ်များတာကြောင့် မဖြစ်မနေ ရောင်းလိုက်ရပါတယ်။ ဒါကြောင့် လှောင်နိုင်တဲ့ပမာဏက တစ်ပြည်လုံး အတိုင်းအတာနဲ့ဆို တစ်ဝက်လောက် လျော့ကျခဲ့ပါတယ်။ ဒါကြောင့်တောင်သူက ပထမ တစ်ရစ်ရောင်းတာနဲ့ အကြွေးမကျေသေးဘူးလို့ ပြောရပါမယ်။ ဒါကြောင့် လှောင်တဲ့ ကြက်သွန်နီက အလျော့တွက် အလွန်များခဲ့ပါတယ်။ အလျော့တွက် ဆိုတာလေလွင့်ဆုံးရှုံးမှုပါပဲ။ တစ်နည်းပြောရရင် ကြက်သွန်နီပိဿာ ၁၀၀၀၀ လှောင်ရင် ပိဿာ ၅၆၀၀ ကနေ ပိဿာ ၆၀၀၀ လောက်ပဲ ကျန်ပါတော့တယ်။ အဲဒါဆိုရင် အရင်းငွေက ၆ လ အတွင်း တစ်ပိဿာကို ၅၃၅ ကျပ် ၇၀ ပြားကနေ ၆၀၀ ကျပ်လောက်ထိ တစ်ပိဿာဈေး အရင်းဖြစ်ခဲ့ရပါတယ်။ ဒါကတောင် သူလှောင်လက်နယ်လှောင် လက်ထဲက ဈေးရင်းကိုတွက်ပြတာပါ။ တောင်သူခမျာ သူရဲ့လုပ်အားခ၊ သိုလှောင်ရုံစရိတ်စတာတွေကို ထည့်မတွက်ထားသေးပါဘူး။ ကျွန်တော် တစ်ခါက တောင်သာမြို့နယ် ဘုရားလှရွာဘက်ကိုရောက်တော့ အိမ်တစ်အိမ်မှာ အိမ်ကိုကြမ်းခင်းပြီး၊ ကြက်သွန်လှောင်ထားတယ်၊ လူတွေက ဘယ်မှာသွားနေလဲဆိုတော့ ခြံထဲကကွပ်ပြစ်မှာ ထွက်နေကြတယ်၊ မိုးရွာရင်ကာဖို့ ပီနန်မိုးကာနဲ့လေ၊ ထမင်းချက်စားတော့လည်း အဲဒီကြက်သွန်နီအပုံ ဘေးမှာပါပဲ၊ တောင်သူဆိုတာ အဲဒီလိုပါခင်ဗျာ။

သူတို့ရဲ့ချွေးနဲ့ရင်းပြီးရထားတဲ့ သားသမီးလိုချစ်ပြီး လွယ်လွယ်နဲ့ မစွန့်ရက်ပါဘူး၊ ဒါပေမယ့် နဂိုကတည်းက ထွက်သမျှရဲ့ တစ်ဝက်လောက်ကို ပေါ်ချိန်ကတည်းက ရတဲ့ဈေးနဲ့ရောင်းထုတ်ရတာပါ၊ စိုက်စရိတ်ပြန်ရအောင် ရောင်းရတာပါ။

တောင်သူက ကြက်သွန်နီကို မြို့ပေါ် ဘယ်လိုတက်ရောင်းရတယ်ဆိုတဲ့ ရောင်းရပုံလေးပြောပြချင် ပါသေး တယ်။ တောင်သူက ရွာကနေထော်လာဂျီငှားပြီး၊ မြို့ပေါ်ကပွဲရုံကို သယ်လာရပါတယ်။ နောက်ပြီး ရောင်းမယ့် တောင်သူရယ်၊ ထော်လာဂျီသမားရယ်၊ စားစရိတ် က ကိုယ့်ဘာသာပါ။ ပွဲရုံကလုပ်သားခလည်း တောင်သူကရှင်းရပါတယ်။ ပွဲရုံမှာချိန်ပြီးရင်လည်း၊ မြို့ပွဲစားလှောင်မယ့် သိုလှောင်ရုံအထိ တောင်သူက ထော်လာဂျီနဲ့ လိုက်ပို့ရပါတယ်။ In-Godown စနစ်နဲ့ ဝယ်တယ်လို့တောင်ပြောလို့ရပါတယ်။ ပွဲစားက သူ့သိုလှောင်ရုံထဲရောက်တဲ့အထိ စရိတ်ငြိမ်းပါပဲ။ အဲ. . ရှိသေးဗျာ။ ကြက်သွန်နီအိတ်ပါးကိုလည်း တောင်သူကပဲ ကိုယ့်ဘာသာကိုယ် ဝယ်ထည့်ခဲ့ရသေးလို့ အိတ်ဖိုးပါစိုက်ရပါတယ်။ နောက်ပြီး စိုက်သမျှက ကုန်စည်ဒိုင်ဈေးစာရင်းထဲက ရှယ်ဈေးရမယ့် ဥကြီးတွေ၊ လတ်သန့်တွေ တစ်ဆိုဒ်ထဲထွက်တာ မဟုတ်ပါဘူး။ လောက်စာလုံး လုံးသလောက်တောင် တစ်ပြေးညီမထွက်ပါဘူး၊ အကြီးက ၄၀ ရာခိုင်နှုန်း၊ အလတ်က ၃၀ ရာခိုင်နှုန်း၊ အငယ်နဲ့ ကြမ်းကျွံလောက်က ၃၀ ရာခိုင်နှုန်းစသဖြင့် ထွက်တာပါ။ ဒါကြောင့်ပွဲစားက ဂွန်ဈေးဆိုပြီး၊ ဈေးအကောင်းဆုံးနဲ့တစ်ဝက်လောက်ရှိတဲ့ ဈေးနဲ့ဖွင့်ဝယ်တာပါ၊ ကဲ. .

ဒီတော့ ကြက်သွန်နီဈေးဟာ ပေါ်ချိန်ဈေးထက် တစ်နည်းပြောရရင် Farm Gate Price ဈေးထက် အနည်းဆုံး နှစ်ဆမှမရရင် လုပ်အားခတောင် တောင်သူခမျာ မစားရတဲ့ဘဝပါ။ ကျွန်တော်တို့ကို ပခုက္ကူက ဦးလေးသိန်းက မကြာခဏပြောဖူးပါတယ်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကလူတွေ ကြက်သွန်နီကို အကုန်စားကြပါတယ်။ ဒါပေမယ့် တစ်နိုင်ငံလုံးကို အဓိကကျွေးနေတာ ချောင်းကြီးလေးချောင်းမှာ စိုက်တဲ့ ကြက်သွန်နီပဲ လို့ပြောပါတယ်။ နောက်ပြီး ဦးလေးသိန်းက ပြောတတ်ပါသေးတယ်၊ ကြက်သွန်နီစိုက်တဲ့ တောင်သူတွေ ဒူးနဲ့မျက်ရည်သုတ်လို့မနိုင်လို့ ပန်းပေါ်က သဘက်တောင်ညှစ်ယူရအောင် မျက်ရည်ကျနေရပြီလို့ ပြောတတ်ပါသေးတယ်။ ဟုတ်ပါတယ်။ ကျွန်တော်တို့ ကြက်သွန်နီစိုက်တောင်သူက တစ်နိုင်ငံလုံးလူဦးရေနဲ့ယှဉ်ကြည့်ရင် နည်းနည်းလေးပါ။ တစ်နိုင်ငံလုံး မိုး၊ ဆောင်း စိုက်တောင်သူပေါင်းက ဒီလောက်ပဲ ရှိပါတယ် -

| ၂၀၁၄-၂၀၁၅ ကြက်သွန်နီ (မိုး+ဆောင်း)စိုက်ထွက်၊ တောင်သူစိုက်ပျိုးမှုအချုပ်စာရင်း | | | | | |
|---|---|---|---|---|---|
| စဉ် | တိုင်း/ပြည်နယ် | တစ်ဧကအောက်စိုက်တောင်သူဦးရေ | တစ်ဧကမှ သုံးဧကအတွင်းစိုက်တောင်သူဦးရေ | သုံးဧကအထက်စိုက်တောင်သူဦးရေ | စုစုပေါင်းတောင်သူဦးရေ |
| ၁ | ကချင်ပြည်နယ် | ၁၅၄ | ၄၉၂ | | ၆၄၆ |
| ၂ | ကယားပြည်နယ် | ၂၉၁၈ | ၄၀၅ | | ၃၃၂၃ |
| ၃ | ကရင်ပြည်နယ် | ၁၉၀ | | | ၁၉၀ |
| ၄ | ချင်းပြည်နယ် | | | | |
| ၅ | စစ်ကိုင်းတိုင်း | ၄၆၁၈ | ၁၀၃၃၈ | ၃၈၁၉ | ၁၈၇၉၅ |
| ၆ | တနင်္သာရီတိုင်း | | | | |
| ၇ | ပဲခူးတိုင်း (အရှေ့+အနောက်) | ၅၈၀၁ | ၂၅ | | ၅၈၂၆ |
| ၈ | မကွေးတိုင်း | ၆၈၇၄၅ | ၄၉၅၂ | ၅၃၉ | ၇၄၂၃၆ |
| ၉ | မန္တလေးတိုင်း | ၁၈၆၈၈ | ၁၉၁၉၀ | ၁၈၁၉ | ၃၉၆၉၇ |
| ၁၀ | မွန်ပြည်နယ် | | | | |
| ၁၁ | ရခိုင်ပြည်နယ် | ၁၉၆၀ | | | ၁၉၆၀ |
| ၁၂ | ရန်ကုန်တိုင်း | | | | |
| ၁၃ | ရှမ်း (တောင်) | ၁၂၁ | ၃၁၆ | ၅၃၀ | ၉၆၇ |
| ၁၄ | ရှမ်း (မြောက်) | | | | |
| ၁၅ | ရှမ်း (ရှေ့) | | | | |
| ၁၆ | ဧရာဝတီတိုင်း | | | | |
| | **စုစုပေါင်း** | **၁၀၃၂၁၅** | **၃၅၇၁၈** | **၆၇၀၇** | **၁၄၅၆၄၀** |

အဲဒီတော့ တောင်သူအချိုးနဲ့ယှဉ်ကြည့်ရင် ကုန်သည်ကပိုနည်းတာပေါ့ဗျာ။ ဒါပေမယ့် ကြက်သွန်နီ လှောင်ရတာက စွန့်စားရတဲ့ အလုပ်တစ်ခုပါ။ တောင်သူဆိုတာကတော့ တခြားအလုပ်ထက် တောင်သူပဲလုပ်ချင်တာ ကိုယ့်မြေ ကိုယ့်လူကို ပိုခင်တွယ်ကြတာမို့ အဆင်းရဲခံပြီး ဒီအလုပ်ပဲလုပ်ကြတာပါ။ နှစ်အလိုက် ဖြစ်ပေါ်ခဲ့တဲ့ ဈေးတွေကိုယှဉ်ကြည့်ရင် ကြက်သွန်နီတောင်သူတွေစိုက်ပြီး အရင်းတောင်မရခဲ့နိုင်တာ သိနိုင်ပါလိမ့်မယ်။ ကြက်သွန်နီနှစ်အလိုက် ပေါက်ဈေးတွေက ဒီအတိုင်းပါ -

| ရန်ကုန်တိုင်းဒေသကြီး (ဆိပ်ဖြူစ လက်သန့်လက်ကား)နှင့် မန္တလေးတိုင်းဒေသကြီး (လက်ကားအလတ်စဈေး)လချုပ် ကြက်သွန်နီဈေးနှုန်းများနှုန်းယှဉ်ချက်စာရင်း | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စဉ် | လအမည် | ၂၀၁၀ | | ၂၀၁၁ | | ၂၀၁၂ | | ၂၀၁၃ | | ၂၀၁၄ | | ၂၀၁၅ | |
| | | ရန်ကုန် | မန္တလေး | ရန်ကုန် | မန္တလေး | ရန်ကုန် | မန္တလေး | ရန်ကုန် | မန္တလေး | ရန်ကုန် | မန္တလေး | ရန်ကုန် | မန္တလေး |
| ၁ | ဇန်နဝါရီ | ၅၆၀ | ၅၉၀ | ၈၅၀ | ၉၀၀ | ၃၄၀ | ၃၉၀ | ၅၂၀ | ၆၀၀ | ၇၅၀ | ၇၀၀ | ၂၅၀ | ၃၅၀ |
| ၂ | ဖေဖော်ဝါရီ | ၃၅၅ | ၃၄၅ | ၆၆၀ | ၆၁၀ | ၃၅၀ | ၄၀၀ | ၄၄၅ | ၄၅၀ | ၇၀၀ | ၆၀၀ | ၂၅၀ | ၄၀၀ |
| ၃ | မတ် | ၂၆၅ | ၂၈၅ | ၅၇၀ | ၅၄၀ | ၃၇၅ | ၄၁၀ | ၃၃၅ | ၃၀၀ | ၆၅၀ | ၅၀၀ | ၃၇၅ | ၄၀၀ |
| ၄ | ဧပြီ | ၂၆၀ | ၂၃၅ | ၄၅၀ | ၄၀၀ | ၃၇၀ | ၄၀၀ | ၃၃၅ | ၃၅၀ | ၆၂၀ | ၅၀၀ | ၃၅၀ | ၄၀၀ |
| ၅ | မေလ | ၂၄၅ | ၂၁၀ | ၃၈၀ | ၃၅၀ | ၄၆၀ | ၄၀၀ | ၄၅၀ | ၄၅၀ | ၄၇၀ | ၅၀၀ | ၃၅၀ | ၄၅၀ |
| ၆ | ဇွန် | ၂၃၀ | ၂၀၀ | ၄၉၀ | ၅၀၀ | ၅၃၀ | ၅၀၀ | ၄၀၀ | ၄၀၀ | ၄၅၀ | ၅၀၀ | ၆၅၀ | ၆၄၀ |
| ၇ | ဇူလိုင် | ၂၀၀ | ၁၉၀ | ၅၅၀ | ၅၀၀ | ၅၅၀ | ၅၅၀ | ၅၀၀ | ၄၇၀ | ၆၀၀ | ၅၅၀ | ၈၈၀ | ၈၅၀ |
| ၈ | ဩဂုတ် | ၂၇၀ | ၂၄၀ | ၅၅၀ | ၅၀၀ | ၆၆၀ | ၅၅၀ | ၆၅၅ | ၆၅၀ | ၆၀၀ | ၅၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၉ | စက်တင်ဘာ | ၂၇၀ | ၂၁၀ | ၆၃၅ | ၆၆၇ | ၇၀၀ | ၆၀၀ | ၇၂၅ | ၇၅၀ | ၆၀၀ | ၄၀၀ | ၁၀၀၀ | ၁၁၀၀ |
| ၁၀ | အောက်တိုဘာ | ၃၅၀ | ၂၈၀ | ၈၈၀ | ၈၃၀ | ၇၁၀ | ၆၅၀ | ၉၀၀ | ၈၅၀ | ၄၅၀ | ၃၅၀ | ၁၈၀၀ | ၁၇၀၀ |
| ၁၁ | နိုဝင်ဘာ | ၅၀၀ | ၄၆၀ | ၆၃၅ | ၇၂၀ | ၉၁၀ | ၈၅၀ | ၈၅၀ | ၉၀၀ | ၃၅၀ | ၄၀၀ | ၂၇၀၀ | ၂၆၀၀ |
| ၁၂ | ဒီဇင်ဘာ | ၆၀၀ | ၅၃၀ | ၄၅၀ | ၄၀၀ | ၁၂၇၀ | ၉၀၀ | ၁၀၀၀ | ၈၀၀ | ၃၄၀ | ၃၀၀ | ၁၄၀၀ | ၁၆၀၀ |
| | | | | | | | | | | | | (၁၄. ၁၂. ၂၀၁၅) | (၁၄. ၁၂. ၂၀၁၅) |

ဒီဈေးနှုန်းတွေကိုကြည့်ရင် ဈေးနှုန်းတွေမတက်ဘဲ တစ်ပတ်လည်နေတာကြာပြီဆိုတာ တွေ့နိုင်ပါတယ်။ ၂၀၁၅ခုနှစ် နှစ်ဆန်းပိုင်းအထိ တောင်သူတွေကိုကြည့်ရင် ကြက်သွန်နီစိုက်ရတာ အရင်း ရှုံးနေလို့ တချို့ဆိုမစိုက်နိုင်တာတောင် ရှိလာပြီလို့ ပြောသံတွေညံနေပါတယ်။ ၂၀၁၅ ခုနှစ် မတ်လ ကုန်အထိ တစ်နည်း ပြောရရင် ကြက်သွန်နီ တောင်သူတွေရဲ့ အနာဂတ်ကမရေမရာပါဘဲ။ တစ်နည်းပြောရရင် စိုက်ချိန်မှာ မိုးရွာသွန်းမှု တချို့ရှိနေသေးလို့၊ ထွက်ပေါ်မယ့်ကြက်သွန်နီရဲ့ အရည်အသွေးက ကောင်းနိုင်စရာ သိပ်မရှိသေးလို့ သူတို့တွေမှာ ဘယ်ဈေးရနိုင်တယ်ဆိုတာ မမှန်းရဲကြသေးပါဘူး။ ၂၀၁၅ ဧပြီလရဲ့ ကြက်သွန်နီအထက်စဈေးက ရန်ကုန်မှာ တစ်ပိဿာ ၃၀၀ ကျပ်၊ မန္တလေးမှာ ၄၀၀ ကျပ် လောက်ပဲရှိ ပါတယ်။ ဒါပေမယ့် တောက်လျှောက် ဈေးတက်လာပြီး စက်တင်ဘာလမှာ ၁၀၀၀ ကျပ်ဈေးအထက်ကို ရောက်လာပါတယ်။ လှောင်လက်နဲ့ တောင်သူတွေ ပျော်ကြရပါတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ တောင်သူလက်ဝယ်မှာ ကျန်တဲ့ ပမာဏက အတော်နည်းပါးသွားပါပြီ။ နိုဝင်ဘာလလယ်မှာတော့ စက်တင်ဘာလဈေးထက် နှစ်ဆ တစ်နည်းပြောရရင် ၂၀၀၀ ဈေးကို ကျော်သွားပါပြီ။ ဒီအချိန်မှာတော့ တောင်သူလက်ဝယ်မှာ ကြက်သွန်နီလုံး၀ မကျန်သလောက်ဖြစ်သွားပါပြီ။ ကြက်သွန်နီရဲ့ ၃၀၀၀ ကျပ် ဈေးအထက်မှာတော့ တောင်သူက လုံး၀မစားရတာ သေချာပါတယ်၊ ကြက်သွန်နီ လှောင်လက်ဈေးရဲ့ လက်ထဲမှာပဲ ရှိနေတဲ့အတွက် ကြက်သွန်နီကိုပြည်ပကနေ ပြန်လည်တင်သွင်းသင့်ပြီလို့ သတ်မှတ်ပြီး ကြက်သွန်နီတင်သွင်းခွင့်တွေကို ခွင့်ပြုခဲ့ပါတယ်။ ဒါတောင် တောင်သူနဲ့စားသုံးသူရဲ့ နှစ်ဖက်လိုအပ်ချက် ဝိရောဓိကို တတ်နိုင်သမျှညှိပြီးဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကြက်သွန်နီဈေးဟာ ဇန်နဝါရီလမှာ ယခင်နှစ် များကလို ၃၀၀ ကျပ် ပတ်ဝန်းကျင်ကိုသာ ပြန်ရောက်သွားရင် ကြက်သွန်နီ တောင်သူများ နွေကြက်သွန်နီစိုက်ပါတော့မလား။ ပြည်သူတွေအနေနဲ့ ကြက်သွန်နီ ဈေးအလှုပ်တစ်ချက်က ကိုယ့်ငွေအိတ်ကို ပါးသွားအောင် ပုတ်ခတ်နိုင်တယ်ဆိုတာလည်း သတိပြုရပါတယ်။ ကြက်သွန်နီက စားသုံးမှုမှာ မပါမဖြစ်ကုန် ဆိုပေမယ့် ကြက်သွန်နီ ဈေးမြင့်ရင် စားသူတိုင်းက လျှော့စားတတ်ပါတယ်၊ လျှော့စားနိုင်ပါတယ်။ ဆန်လိုမဖြစ်မနေစားရတဲ့ လျှော့မရတဲ့ အနေအထားတော့ မဟုတ်ပါဘူး။ ဆိုလိုချင်တာက ကြက်သွန်နီရဲ့ စားသုံးနှုန်းက ဈေးနှုန်းကိုလိုက်ပြီး ပြောင်းလဲတတ်ပါတယ်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# တောင်ကိုရီးယား သံမဏိကုမ္ပဏီကြီး POSCO အနေဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် ရုန်းကန်နေရ

တောင်ကိုရီးယား နိုင်ငံ၏ သံမဏိထုတ်လုပ်သည့် ကုမ္ပဏီကြီးဖြစ်သည့် POSCO ကုမ္ပဏီ နှင့် ၎င်း၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သည့် Daweoo International တို့သည် ဆော်ဒီအာရေးဗီးယား၊ အီရန် နှင့်အခြားအရှေ့အလယ်ပိုင်း နိုင်ငံဒေသများတွင် စီးပွားရေး အခြေအနေ ဆိုးရွားလာမှုကြောင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို အဆိုပါ နိုင်ငံများတွင် ဆက်လက်ရှင်သန် ရပ်တည်ရန် ကြိုးစားရုန်းကန် နေရသည်။ ရေနံဈေးများကျဆင်းသည့်အပြင် ဆော်ဒီအာရေးဗီးယားနှင့် အီရန်တို့ အကြား ဆက်ဆံရေး ပိုမိုတင်းမာလာမှုသည် ကမ္ဘာ့စတုတ္ထအကြီးဆုံး သံမဏိကုမ္ပဏီများအတွက် အခြေအနေပိုမိုဆိုးရွားစေခဲ့ပြီး အဆိုပါ သံမဏိကုမ္ပဏီများကို အခြေအနေ ပိုမိုကောင်းမွန်သောနိုင်ငံများသို့ ရွှေ့ချယ်ပြောင်းရွှေ့ရန်အတွက် ပိုမိုတွန်းအားပေးခဲ့သည်။

POSCO ကုမ္ပဏီသည် လက်ရှိအခြေအနေတွင် ၎င်း၏ FINEX ဟုခေါ်သည့် သံမဏိပြုလုပ်သည့် နည်းပညာကိုသုံးပြီး အီရန်တွင် ရင်းနှီးမြှုပ်နှံရန်ကြိုးစားလျက်ရှိသည်။ Daewoo International ကုမ္ပဏီအနေဖြင့် ဆော်ဒီအာရေးဗီးယားနိုင်ငံ အစိုးရနှင့် ပူးပေါင်း၍ ဖက်စပ်မော်တော်ကားစက်ရုံ ထူထောင်ရန် ကြိုးစားလျက်ရှိသည်။ POSCO အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးလုပ်ငန်းသည်လည်း ဆော်ဒီအာရေးဗီးယားနိုင်ငံနှင့် ပူးပေါင်းကာ ဆောက်လုပ်ရေးလုပ်ငန်းစုကို တည်ထောင်ရန် စီစဉ်လျက်ရှိသည်။ သို့သော်လည်း ယင်းစီမံကိန်းသည် ဆော်ဒီအာရေးဗီးယားနိုင်ငံ၏ ဆိုးရွားသော စီးပွားရေး အခြေအနေကြောင့် စိတ်ပျက်အားလျော့လျက်ရှိသည်။

ဆော်ဒီအာရေးဗီးယား နိုင်ငံ အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ အဖွဲ့သည် ယမန်နှစ်က POSCO အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးလုပ်ငန်းမှ အစု ထည့်ဝင်ငွေ ၃၈ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ တန်ဖိုး ဝယ်ယူခဲ့ပြီးနောက် POSCO သည် ၎င်းအတွက် စီးပွားရေးအခွင့်အလမ်းများကို ပိုမိုရှာဖွေလာခဲ့သည်ဟု ကိုရီးယားအဓိက စီးပွားရေးအသင်းအဖွဲ့တစ်ခုမှ သုံးသပ်သူတစ်ဦးက ပြောကြားခဲ့ သည်။ သို့သော်လည်း ရေနံဈေး ကျဆင်းမှုနှင့် ပထဝီဝင်နိုင်ငံရေးဆိုင်ရာ ဆက်ဆံရေးတင်းမာမှုများ ပိုမိုပြင်းထန်လာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများ ချောမွေ့လိမ့်မည် မဟုတ်ဟုလည်း ဆိုသည်။

ဆော်ဒီအာရေးဗီးယား သည် ရေနံစိမ်းဈေးများ ကျဆင်းမှု၏ ရိုက်ခတ်မှုအဖြစ် ဘဏ္ဍာရေးလိုငွေပြမှုကို အကြီးအကျယ်ခံစားနေရသည်။ အီရန်အနေဖြင့် ၎င်းတို့အပေါ် အမေရိကန်နှင့် အခြားသော အနောက်နိုင်ငံများမှ နှစ်ပေါင်းများစွာချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများ ရှိသော်ငြားလည်း မျှော်လင့်သည်ထက် တဖြည်းဖြည်းမြင့်တက်လာသည်။ဆော်ဒီအာရေးဗီးယားနှင့် အီရန်တို့အကြား ပြင်းထန်သည့် သဘောထား ကွဲလွဲမှုများကြောင့် ဖြစ်ပေါ်သည့် မတည်ငြိမ်မှုများသည် တောင်ကိုရီးယားနိုင်ငံ POSCO စတီးကုမ္ပဏီအတွက် စီးပွားရေးအခွင့်အလမ်းသစ်များ ရှာဖွေရာတွင် များစွာ အခက်တွေ့စေခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသရှိ လုပ်ငန်းဆောင်ရွက်သူများ၏ အခက်အခဲများ သက်ရောက်မှုအဖြစ် ကမ္ဘာ့စီးပွားရေး ပတ်ဝန်းကျင်သည်လည်း ၂၀၁၆ ခုနှစ်တွင် အခြေအနေ ဆိုးရွားလာနိုင်ကြောင်းနှင့် ၎င်းတို့ အနေဖြင့် အခြေအနေကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း POSCO ဥက္ကဋ္ဌက ပြောကြားခဲ့သည်။ ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ၎င်းတို့၏ သံမဏိထုတ်လုပ်သည့် နည်းပညာအား အီရန်တွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည်၊ မလုပ်မည်ကို လက်ရှိ အခြေအနေတွင် မဆုံးဖြတ်ရသေး ကြောင်း ပြော ကြားခဲ့သည်။

နှစ်စဉ်သံမဏိတန်ချိန် တန် သန်း ၂၀၀ ခန့်ထုတ်လုပ် နိုင်မည့် FINEX သံမဏိစက်ရုံ တည်ဆောက်ရေးတွင် ကူညီဆောင်ရွက်ပေးရန် အီရန်အစိုးရ နှင့်ဆွေးနွေး လျက်ရှိသည်။ သို့သော်လည်း ယင်း စီမံကိန်းမှာ ကနဦး အဆင့်တွင်ပင် ရှိနေပြီး အီရန်အပေါ် အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုများလည်း အပြီးအပြတ် မဖယ်ရှားရသေးကြောင်း ၎င်းက ပြောကြားခဲ့သည်။

FINEX နည်းပညာသည် ဈေးသက်သာသည့် သံသတ္တုရိုင်းများနှင့် ကိုကင်းမပါဝင်သည့် ကျောက်မီးသွေးတို့ကို ကုန်ကြမ်းများအဖြစ် တိုက်ရိုက်အသုံးပြု နိုင်မည်ဖြစ်ပြီး ရလဒ်များအဖြစ် လုပ်ငန်းဆောင် ရွက်မှုကုန်ကျစရိတ် သိသိသာသာ လျော့နည်းသက်သာစေမည့်အပြင် လျှပ်စစ်သံရည်ကျိုသည့် လုပ်ငန်းထက် လေထုထဲသို့ဓာတ်ငွေ့ ထုတ်လွှတ်မှုပမာဏ လျော့နည်း သက်သာစေမည်ဖြစ်သည်။ လက်ရှိတွင် POSCO နှင့် ဆော်ဒီအာရေးဗီးယား နိုင်ငံ၏ အစိုးရရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့တို့၏ ဖက်စပ်လုပ်ငန်းဆောင်ရွက်မှုမှာ ရှေ့ဆက်လက်မတိုးသည့် အနေအထားတွင်ရှိသည်။ Daewoo International အနေဖြင့်လည်း မော်တော်ကားဆက်စပ်ပစ္စည်းတင်သွင်းသူ များရှာဖွေရာတွင် အခက် အခဲကြုံမှုနှင့် ဆော်ဒီအာရေးဗီးယားနိုင်ငံနှင့် မော်တော်ကားစက်ရုံ ဖက်စပ်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းတွင်လည်း အခက်ကြုံလျက်ရှိသည်။

Daewoo International က ၎င်းတို့အနေဖြင့် ဆော်ဒီအာရေးဗီး ယားနိုင်ငံနှင့် စာချုပ်သက်တမ်းကို အစမ်းကာလအဖြစ် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်း စတင်နိုင်ရန် မကြာမီ လက်မှတ်ရေးထိုးနိုင်လိမ့်မည်ဟု ပြောကြားသည်။ သို့သော်လည်း သုံးသပ်သူအချို့ကမူ စက်ရုံတည်ဆောက်မှုစီမံကိန်းနှင့် မော်တော်ယာဉ်များထုတ်လုပ်နိုင်ရန်မှာမူ အချိန်များစွာကြာဦးမည် ဖြစ်ကြောင်း သုံးသပ်ပြောကြားကြသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# နောင်နှစ်နှစ် သုံးနှစ်ခန့်အကြာတွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး ပြန်လည်နာလန်ထူနိုင်မည်ဟု သုံးသပ်

တောင်ကိုရီးယားနိုင်ငံ၏စီးပွားရေးသည် နောင်နှစ်နှစ်နှင့် သုံးနှစ်အတွင်းတွင် လက်ရှိကျဆင်းနေသည့် အခြေအနေမှပြန်လည်နာလန်ထူနိုင်လိမ့်မည်ဟု အဓိက စီးပွားရေးလုပ်ငန်းစုများက မျှော်လင့်ကြသည်။ ယခုနှစ်တွင် စီးပွားရေးလုပ်ငန်းများ အနေဖြင့် ၎င်းတို့၏ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်နှုန်းနှေးကွေးမှုသည် အဓိက အချက်အနေဖြင့် အကြီးမားဆုံး အကျိုးသက်ရောက်လျက်ရှိသည်။ တရုတ်ငွေကြေးတန်ဖိုး ကျဆင်းခြင်းနှင့် တရုတ်နိုင်ငံ စတော့ဈေးကွက် ရုတ်တရက် ဈေးကျခြင်းစသည့် တရုတ်နိုင်ငံ၏စီးပွားရေးကို ပိုမိုအေးစက်စေသည့် အချက်များသည် ကိုရီးယားနိုင်ငံစီးပွားရေး လုပ်ငန်းရှင်များအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့သည်။ စီးပွားရေး မသေချာမှု များရှိသော်လည်း ကိုရီးယားနိုင်ငံ၏ ကုမ္ပဏီကြီးများသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုအသစ်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို တိုးမြှင့်နိုင်ရေး ဆောင်ရွက်ကြမည်ဟု ပြောကြားခဲ့သည်။

ဟွန်ဒိုင်းသုတေသနအဖွဲ့သည် လျှပ်စစ်၊ မော်တော်ကား၊ သံမဏိ၊ သင်္ဘောတည်ဆောက်ခြင်း၊ ဓာတုလောင်စာဆီ၊ ဖြန့်ဖြူးခြင်းလုပ်ငန်း၊ သတင်းအချက်အလက် နည်းပညာလုပ်ငန်းစသည့် အဓိကစက်မှုလုပ်ငန်းများတွင် ကြီးမားသည့် ထုတ်လုပ်မှုလုပ်ငန်းပေါင်း ၇၉ ခုကို စစ်တမ်းကောက်ယူခဲ့၍ ပြည်တွင်း စီးပွားရေးကို အကျိုးသက်ရောက်မှုအရှိဆုံးအရာကို မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားသူများ ၏ ၂၃ ဒသမ ၁ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံစီးပွားရေးအခြေ အနေကြောင့်ဟုဖြေကြားခဲ့ပြီး၊ ၂၁ ဒသမ ၇ ရာခိုင်နှုန်း က အိမ်ထောင်စုကြွေးမြီများ တစ်ဟုန်ထိုးကြီးမားလာခြင်းဟုလည်းကောင်း၊ ၁၄ ဒသမ ၇ ရာခိုင်နှုန်းက စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများ လျော့နည်းသွားခြင်းကြောင့်လည်းကောင်း ဖြေကြားခဲ့ကြသည်။ ကမ္ဘာ့စီးပွားရေးမတည်ငြိမ်မှု အကြောင်းရင်းအဖြစ် တရုတ်နိုင်ငံ၏ အချက်အလက်များကို အများဆုံး ထောက်ပြကြပြီး၊ အမေရိကန်နိုင်ငံ အတိုးနှုန်းများ မြင့်မားလာခြင်းကြောင့်ဟုလည်း ဖြေကြားခဲ့ကြသည်။

ကိုရီးယားနိုင်ငံ၏ လုပ်ငန်း ၅၃ ရာခိုင်နှုန်း က ယခုနှစ်တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ယမန်နှစ်ကထက် ပိုမိုနှေးကွေးလိမ့်မည်ဟု ယုံကြည်ကြသည်။ တိုးတက်မှုနှေးကွေးနေသည့် တရုတ်နိုင်ငံ စီးပွားရေးကြောင့် ကိုရီးယားနိုင်ငံ စီးပွားရေး နာလန်ထူမှုသည် ၂၀၁၈ အလွန်ပိုင်းမှ ကိုရီးယားနိုင်ငံ စီးပွားရေး ပြန်လည်နာလန်ထူလာနိုင်လိမ့်မည်ဟု လုပ်ငန်း ၄၃ ဒသမ ၄ ရာခိုင်နှုန်းက ဖြေကြားခဲ့သည်။ ဝမ်-ဒေါ်လာ ငွေလဲနှုန်းသည် တစ်ဒေါ်လာလျှင် ဝမ် ၁၁၀၀ မှ ၁၂၀၀ ကြားနှုန်းရှိလိမ့်မည်ဟုခန့်မှန်း ကြပြီး၊ ယခုနှစ်ကိုရီးယားနိုင်ငံတိုးတက်မှုနှုန်းသည်လည်း ၂ ရာခိုင်နှုန်းသို့မဟုတ် ယင်းထက်နိမ့်နိုင်သည် ဟုခန့်မှန်းကြသည်။ စစ်တမ်းကောက်ယူရာတွင် ပြန်လည်ဖြေကြားသူ၏ တစ်ဝက်နီးပါးသည် တောင်ကိုရီးယားနိုင်ငံဥပဒေပြုအဖွဲ့ဖြစ်သည့် လွှတ်တော်အနေဖြင့် အလုပ်သမားဆိုင်ရာပြုပြင်ပြောင်းလဲမှုကို သဘောမတူညီခြင်းကို အဆင့် D, E အဖြစ် သတ်မှတ် ကြသည်။ အရေးပေါ် ပြုပြင်ပြောင်းလဲရန် လိုအပ်သည့် ကဏ္ဍအနေဖြင့် နိုင်ငံရေး အသိုင်းအဝိုင်းဖြစ်သည်ဟုလည်း ထောက်ပြပြောဆိုကြသည်။ ခက်ခဲသည့် စီးပွားရေးဝန်းကျင်များအကြား ပြည်တွင်း စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုများမှာ တိုးတက်လျက်ရှိပြီး ၎င်းတို့ အနေဖြင့် စက်ရုံတည်ဆောက်ခြင်းနှင့် ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းကို ပိုမိုလုပ်ဆောင်ရန်ဆန္ဒရှိကြ သည်ဟု သုတေသနပညာရှင်များက ပြောကြားကြသည်။ ပိုမိုစနစ်ကျသော အုပ်ချုပ်မှုနှင့်ဘဏ္ဍာရေး ဆိုင်ရာ အထောက်အပံ့များနှင့် သိသာထင်ရှားသည့် စည်းမျဉ်းပြောင်းလဲမှုများ လိုအပ်နေကြောင်းလည်း ပြောကြားခဲ့သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## Huawei မိုဘိုင်းဖုန်း ကမ္ဘာ့ဈေးကွက်၏ နံပါတ် ၃ နေရာသို့ ရောက်ရှိ

တရုတ်နိုင်ငံရဲ့ အကြီးမားဆုံး မိုဘိုင်းကုမ္ပဏီတစ်ခုဖြစ်တဲ့ Huawei Technology Company သည် ၂၀၁၅ ခုနှစ်မှာ စမတ်ဖုန်းအလုံးပေါင်းသန်း ၁၀၀ကျော် တင်ပို့နိုင်ခဲ့ပြီး ကမ္ဘာ့ဈေးကွက်၏ တတိယနေရာကို ရောက်ရှိသွားကြောင်း Chinadaily သတင်းစာမှာ ဖော်ပြခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် တတိယသုံးလပတ်တွင် ပြည်ပတင်ပို့မှုမှာ ၃၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ကမ္ဘာ့ဖုန်းတင်ပို့မှု စုစုပေါင်း၏ ၇ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး Samsung မှ ၂၄ ရာခိုင်နှုန်းနှင့် Apple မှ ၁၃ ဒသမ ၅ ရာခိုင်နှုန်း အသီးသီးရှိကြောင်း Shenzhen Basic Company ရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။

Hwawei Technology Company သည် Android နည်းပညာကို ၂၀၀၉ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့ပြီး တရုတ်နိုင်ငံပြင်ပတွင် Samsung နှင့် Apple ဖုန်းများအား ယှဉ်ပြိုင်ရန် အမေရိကန်ပြည်ထောင်စုမှတစ်ဆင့် ဥရောပနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း၊ သုံးစွဲသူများလက်သို့ စမတ်ဖုန်းအဆင့်မှ Higher-end devices သို့ အဆင့်မြှင့် ထုတ်လုပ် ရောင်းချသွားမှာဖြစ်ပြီး လက်ရှိတွင်လည်း ကမ္ဘာ့နိုင်ငံအများအပြားတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံနေသည့်အတွက် ၂၀၁၆ ခုနှစ်မှာလည်း Huawei သည် ဈေးကွက်ကို ထိန်းသိမ်းထားနိုင်မှာဖြစ်ကြောင်း Bloomberg Intelligence မှ သုံးသပ်ပြောကြားထားပါတယ်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၈–၁– ၂၀၁၆)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီ (သစ်) အဝင်လျှိုင် ဈေးကောင်းရ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ (သစ်)တွေ အဝင်လျှိုင်လာသလို အိန္ဒိယဝယ်လက်ကလည်း ဝယ်လိုအား သွက်တာကြောင့် ဈေးအနည်းငယ် မြင့်လာကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ဒီနှစ်ရာသီဥတုကောင်းမွန်မှု ကြောင့် အရည်အသွေးလည်းကောင်းသလို ဈေးကောင်းလည်း ရနေကြောင်း ယခင်နှစ်ကာလတူက ပဲစင်းငုံနီ တစ်တန်ကို ၇ သိန်းဝန်းကျင်သာ ဈေးရရှိခဲ့ကြောင်း ဒီနှစ်မှာတော့ တစ်တန်ကို အနိမ့်ဆုံး ၁၅ သိန်းမှ အမြင့်ဆုံး ၁၆ သိန်းအထိမကြုံစဖူးဈေးကောင်း ရရှိနေ တာကြောင့် တောင်သူရောကုန်သည်ပါ အကျိုးအမြတ်ထိုက် သင့်စွာရရှိနေကြောင်း သိရပါတယ်။ မတ်ပဲ(သစ်) ကတော့ ပေါ် ကာစရှိနေပြီး တစ်တန်ကို ၁၈ သိန်းဝန်းကျင်ဖြင့် ဈေးဖွင့်အရောင်း ရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ (သစ်) အဝင်လျှိုင်၊ ဈေးမာ


ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ (သစ်) တွေ အဝင်လျှိုင်လာသလို အိန္ဒိယအတွက် ဝယ်ယူနေတဲ့ရန်ကုန် ဝယ်လက်ကလည်း ဈေးပေးအဝယ်ရှိတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၅၀၀ ကျပ် (တစ်တန်ကို ၁၅၃၇၀၉၈ ကျပ်) ဈေးဖြင့် တစ်ပတ်အတွင်း အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပဲလွန်းဖြူနဲ့ ပြောင်း အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ပဲလွန်းဖြူကို ဝယ်လက်တွေက တစ်ပိဿာ ၁၃၅၀ ကျပ် (တစ်တန်ကို ၈၂၆၇၂၆ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၂၅၀ ခန့် ပုံမှန်အဝယ်ရှိခဲ့သလို ပြောင်းကိုလည်း ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၄၇၀ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××



## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီ၊ ပဲတီစိမ်းနဲ့ သိပ္ပံနှမ်း ပုံမှန်အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်)တွေ အဝင်ပုံမှန်ရှိသလို ရန်ကုန်ဝယ်လက်ကလည်း အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၅၀၀ ကျပ်(တစ်တန်ကို ၁၅၃၀၉၇၀ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၈၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ဝယ်လိုအားပုံမှန်ရှိခဲ့သလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၀၀၀ ကျပ်(တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီ (သစ်) ဈေးစွာ၊ နှမ်းမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်) အဝင်များလာသလိုပြည်ပအတွက်အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားများတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာ ၂၅၅၀ ကျပ် (တစ်တန်ကို ၁၅၆၁၅၉၄ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၁၅၀၀ မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကို တော့ ရန်ကုန်-မန္တလေးဝယ်လက်နှင့် ဆီစက်လုပ်ငန်းရှင်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် နှမ်းနီ တစ်ပိဿာ ၂၀၂၀ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၁၃၅ ကျပ်၊ နှမ်းနက် စမုံ တစ်ပိဿာ ၃၆၇၀ ကျပ်၊ နှမ်းနက်ရိုးရိုးတစ်ပိဿာ ၂၆၇၀ ကျပ် ဈေးဖြင့် နှမ်းမျိုးစုံတစ်ရက်ကို အိတ် ၃၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဟသ်ာတဈေးကွက်မှာ ပဲအရောင်းအဝယ်မဖြစ်

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်လက်ကျန်မတ်ပဲ ပစ္စည်းပြတ်သလောက်ဖြစ်သွားသလို မတ်ပဲ(သစ်) ကလည်း မကြာခင်ထွက်ရှိတော့မှာဖြစ်လို့ ကုန်သည်အများစုက ဈေးကွက်အခြေအနေကိုစောင့်ကြည့်နေကြောင်း မတ်ပဲ(သစ်) အဖွင့်ဈေးလည်းကောင်းနိုင်ကြောင်းကုန်သည်များက သုံးသပ်ပြောဆိုကြောင်း သိရပါတယ်။

×××××××××××××××××

## ပြည်ဈေးကွက်မှာ ပဲစင်းငုံနီ ဈေးကောင်းရ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ (သစ်) အဝင်များလာသလိုပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားသွက်လာတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာ ၂၅၅၀ ကျပ် (တစ်တန်ကို ၁၅၆၁၅၉၄ ကျပ်) ဈေးဖြင့် အရောင်းအဝယ် များခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၈၇၅ ကျပ် (တစ်တန်ကို ၁၁၄၈၂၃၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီ (သစ်)နဲ့ မတ်ပဲ (သစ်) ပုံမှန်အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်) အဝင်ပုံမှန်ရှိသလို ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားသွက်တာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၅၄၅ ကျပ် (တစ်တန်ကို ၁၅၅၈၅၃၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ် ပမာဏများခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ(သစ်) တွေအနေဖြင့် ဈေးကွက်သို့ နယ်တချို့မှ စတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၃၀၅၀ ကျပ် (တစ်တန်ကို ၁၈၆၇၇၈၀ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ ဒီနှစ်က မတ်ပဲရော ပဲစင်းငုံနီပါ ဈေးကောင်းရတဲ့နှစ်လို့ဆိုရမှာပါ။ ဈေးရတဲ့အဓိကအကြောင်းရင်းက အိန္ဒိယရဲ့ဝယ်လိုအားကြောင့် ဖြစ်ကြောင်း သိရပါတယ်။

×××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲ(သစ်) တာထွက်မှာ ဈေးကောင်းရ၊ ပဲတီစိမ်း ပုံမှန်အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်) တွေ ဈေးကွက်ထဲစတင်ဝင်ရောက်လာပေမယ့် အဝင်မလျှိုင်သေး ကြောင်း လတ်တလောဝင်လာတဲ့ မတ်ပဲ(သစ်) တွေကို Export ဝယ်လက်တွေက တစ်ပိဿာကို ၃၀၅၀ ကျပ် (တစ်တန်ကို ၁၈၆၇၇၈၉ ကျပ်) ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကိုတော့ တရုတ်ဝယ်လက်က တစ်ပိဿာကို ၂၀၀၉ ကျပ် (တစ်တန်ကို ၁၂၃၀၂၉၀ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၁၅၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းမျိုးစုံကိုတော့ တရုတ်ဝယ်လက်က အရည်အသွေးပေါ် မူတည်ပြီး ဈေးကောင်းပေး အဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် ရှမ်းပြောင်းတစ်ပိဿာ ၄၀၇ ကျပ်၊ ဗမာပြောင်း တစ်ပိဿာ ၃၉၈ ကျပ်၊ စီပီပြောင်းတစ်ပိဿာ ၄၂၆ ကျပ်ဈေးဖြင့် ပြောင်းမျိုးစုံ တစ်ရက်ကို အိတ် ၂၀၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို အစာစပ်သမားများ အဝယ်များ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ရန်ကုန်-မန္တလေးဝယ်လိုအားထက် အစာစပ်လုပ်ငန်းရှင်များက ဝယ်လိုအားများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၈၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် လေးသိန်းဝန်းကျင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းစိုက်တောင်သူများက ဈေးကွက်မှာအလားအလာနည်းတဲ့ ကြက်သွန်ဖြူနှင့် ပဲပုပ်နေရာမှာ ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးလာကြောင်းဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းအဝင်များလို့ ဈေးကျ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို တရုတ်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် အဝင်များလာတာကြောင့် ဈေးအနည်းငယ်ကျလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေနဲ့ တစ်ပိဿာ ၃၉၅ ကျပ် ဈေးဖြင့်တစ်ပတ်အတွင်း ပိဿာချိန် ၁၂ သိန်းခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းက ဒီနှစ်အထွက်နှုန်းကောင်းပြီး တာထွက်မှာ တစ်ပိဿာ ၄၀၀ ကျပ်ဈေးဖြင့်ဈေးကောင်းရခဲ့ပေမယ့် နောက်ပိုင်းမှာပြောင်းအဝင်များတာကြောင့် ဈေးအနည်းငယ်ကျလာကြောင်း သိရပါတယ်။

×××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်ပုံမှန်ရှိသလို တရုတ်ကလည်း ပုံမှန်အဝယ်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းဝင်ရောက်မှုက တစ်ပတ်အတွင်းတန်ချိန် သုံးသောင်းဝန်းကျင်ဝင်ရောက်ခဲ့ သလို တရုတ်ဝယ်လက်ကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ပေမယ့် ဈေးတန့်နေကြောင်းသိရပါတယ်။ ပြောင်းသီးနှံက နှစ်တိုင်းဒီအချိန်ဆို ပြောင်းအဝင်လျှိုင်တာကြောင့် ဈေးကောင်းမရသလို တချို့ ပြောင်းတွေကလည်း အစိုဓာတ်အနည်းငယ်ရှိသေးတာကြောင့် ထိုက်သင့်တဲ့ဈေးမရခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။



# ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ဆရာဝန်အသင်း ခန်းမတွင် PATH အဖွဲ့မှ အာဟာရဖြည့်ဆန် မိတ်ဆက်ခြင်း အခမ်းအနားကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိမဟာဗန္ဓုလလမ်း ဆရာဝန်အသင်း ခန်းမတွင် ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသား အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနနဲ့ PATH အဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိတဲ့ မြန်မာနိုင်ငံအတွက် အာဟာရဖြည့်ဆန် မိတ်ဆက်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်က ပြုလုပ်ရာ တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ တိုင်းဦးစီးမှူး ဒေါက်တာပြည့်ဖြိုး၊ တိုင်းဆန်စပါးအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်း၊ ပုသိမ်မြို့နှင့် မြို့နယ်များမှ ဆန်စက်လုပ်ငန်းရှင်များ PATH အဖွဲ့မှ တာဝန်ရှိသူများ စုစုပေါင်း ၄၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

အခမ်းအနားမှာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးအောင်က မြန်မာနိုင်ငံတွင် ဆန်ကို အဓိကထားစားသုံးသည့်အတွက် ဆန်ကိုအာဟာရဖြည့်ရန်မှာ လွယ်ကူကြောင်း၊ ကိုယ်ခန္ဓာအတွက်လိုအပ်သောဗီတာမင်အာဟာရဓာတ်များ ဖြည့်ဆည်းပေးခြင်းဖြင့် ရောဂါဘယကင်းဝေး၍ လူတိုင်းကျန်းမာစွာ သက်တမ်းစေ့နေနိုင်မှာဖြစ်ကြောင်း၊ယင်းအပြင်ဉာဏ်ရည်ဖွံ့ဖြိုးမှုမြင့်မားလာပြီး အလုပ်လုပ်နိုင်စွမ်းအား ပိုမိုမြင့်တက်လာမှာဖြစ်ကြောင်း၊ လက်ရှိကလေးများနှင့် မျိုးဆက်သစ်များ အတွက်လည်း ကျန်းမာသန်စွမ်းပြီး အရပ်အမောင်းမှာ စံချိန်စံညွှန်းမီလာမှာဖြစ်ကြောင်း၊ ပြည်ပ နိုင်ငံ အစားအစာများတွင် ဂျုံ၊ ဆန်များကို အာဟာရဖြည့်စွက်၍ ရောနှောစားသုံးလျက်ရှိကြောင်း ဆွေးနွေးပြောကြားပါတယ်။

PATH အဖွဲ့မှ Project Director ဒေါက်တာမျိုးမြင့်အောင်က အားဖြည့်ဆန်စီမံကိန်းအကြောင်းအား ရှင်းလင်းပြောကြားရာ မြန်မာနိုင်ငံတွင် ငါးနှစ်အောက်ကလေး သုံးဦးအနက် တစ်ဦးသည် အာဟာရချို့တဲ့မှုများကြောင့် ပိန်လှီလျက်ရှိပြီး ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများအပေါ် ထိခိုက်စေခြင်း ကုန်ထုတ်စွမ်းအား ကျဆင်းခြင်း အစရှိသည့် နောက်ဆက်တွဲဆိုးကျိုးများကို ခံစားရကြောင်း၊ ဆန်တွင် မရှိမဖြစ်လိုအပ်သော ဗီတာမင်နှင့် သက်စောင့်ဓာတ်များ စုံလင်စွာပါဝင်စေရန် ဆန်စပါး၏ မျိုးရိုးဗီဇကိုလည်း ပြုပြင်ရန်မလို လူအများ ပုံမှန်နေ့စဉ်စားသုံးမှုပုံစံကိုလည်း ပြောင်းလဲရန် မလိုဘဲ အာဟာရဖွံ့ဖြိုးရေးအတွက် အားဖြည့် ဆန်ထုတ်လုပ်ရန် ဦးစွာဆန်မှုန့်နှင့် သံဓာတ်၊ ဇင့်ဓာတ်၊ ဗီတာမင်အေ၊ သိုင်ရာမင်း၊ ဖောလစ်အက်စစ်နှင့် အခြားဗီတာမင်ဓာတ်များ အစရှိသည့် အဏုအာဟာရဓာတ်များကို အပူပေး ပုံလောင်းသောနည်းပညာ (Hot Extrusion Technology) ကိုအသုံးပြု၍ ရောစပ်ထားကာ စက်ကိရိယာတွင် ပုံလောင်းဖိနှိပ်၍ သမားရိုးကျ ဆန်စေ့ပုံစံတူ အာဟာရဖြည့်ဆန်ပြုလုပ်၍ ၎င်းအားဖြည့်ဆန်စေ့ တစ်စေ့ကို သမားရိုးကျဆန်စေ့အဆတစ်ရာနှင့် အချိုးတူရောစပ်လိုက်သောအခါ ပုံမှန်စားနေကျ သမားရိုးကျဆန်နှင့် အရောင် အဆင်း အနံ့အရသာ ထပ်တူနီးပါးတူညီသော အာဟာရပြည့်ဆန်ကို ရရှိပြီး၊ ချက်ပြုတ်လျှင်လည်း သမားရိုးကျဆန်ကဲ့သို့ အရသာ၊ အရောင်အဆင်းနဲ့ ဆန်သားပြေပြစ် တူညီမှုရှိကြောင်း ပြောကြားပါတယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံတွင် ပေါ်ဆန်းနှင့် ဧည့်မထဆန် နှစ်မျိုးကို အာဟာရဖြည့်ဆန်အဖြစ် ဈေးကွက်ကို ဖြန့်ချိရန်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် စတင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ အာဟာရဖြည့်ဆန် စားသုံးခြင်းဖြင့် ဆိုးကျိုးများ ဖြစ်ပေါ်နိုင်ခြင်းမရှိဘဲ ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်အတွင်းမှာလည်း အရည်အသွေးထိန်းချုပ်ခြင်း၊ သတ်မှတ်စံနှုန်းများ လိုက်နာခြင်း၊ အစားအသောက် ဘေးကင်းလုံခြုံမှုအတွက် သေချာရန်ဆောင်ရွက်ထားကြောင်း၊ အစိုးရက ထုတ်ပေးသော အရည်အသွေးပြတံဆိပ်ဖြင့် ယင်းအာဟာရဖြည့်ဆန်အား သတ်မှတ်ပြဋ္ဌာန်းထားသော စံနှုန်းများနှင့် ပြည့်အောင် ထုတ်လုပ်မှာဖြစ်ကြောင်း၊ အာဟာရဖြည့်ဆန်သည် သမားရိုးကျဆန်မှုန့်မှ ထုတ်လုပ်ရရှိကြောင်း၊ အပူပေး ပုံလောင်းသောနည်းဖြင့် ထုတ်လုပ်ထားသော အာဟာရဖြည့်ဆန်ကို သမားရိုးကျ ဆန်မချက်ခင်၊ ရေဆေးကြောသောနည်းကဲ့သို့လုပ်ဆောင်နိုင်သည့်အတွက် အဏုအာဟာရဓာတ်ဆုံးရှုံးမှု မရှိနိုင်ကြောင်း လေ့လာတွေ့ရှိချက်များအရ အာဟာရဖြည့်ဆန်စေ့ ခံနိုင်ရည်သက်တမ်းသည် အနည်းဆုံး ၁၂ လခန့်ရှိကြောင်း ပြောကြားပါတယ်။

အာဟာရဖြည့်ဆန်ကို လက်ရှိကာလတွင် မြန်မာနိုင်ငံ ပြည်တွင်းတွင် စိုက်ပျိုးထုတ်လုပ်သော ဆန်နှင့် စင်ကာပူနိုင်ငံအခြေစိုက် DSM ကုမ္ပဏီမှဝယ်ယူတင်သွင်းသော အဏုအာဟာရမှုန့်တို့ကို အသုံးပြုလျက်ရှိပြီး PATH အဖွဲ့က လိုအပ်သော စက်ပစ္စည်းများ ဝယ်ယူတင်သွင်းခြင်းနှင့် နည်းပညာ ပံ့ပိုးပေးလျက်ရှိပြီး မြန်မာပြည်တွင်း ကုမ္ပဏီများကို အာဟာရဖြည့်ဆန်စေ့ ထုတ်လုပ်ရန်နှင့် သမားရိုးကျဆန်နှင့် ရောမွှေရန်အတွက် ကျွမ်းကျင်မှုရှိအောင် သင်တန်းများ ပေးထား၍ လက်ရှိကာလတွင် Gold Power ကုမ္ပဏီက စွမ်းထက်မြက်နှင့် Excel International Trading ကုမ္ပဏီတို့နှင့်အတူ အရည်အသွေးပြည့်မီသော အာဟာရဖြည့်ဆန်စေ့ကို ထုတ်လုပ်မည်ဖြစ်ကြောင်း သိရပါတယ်။

အာဟာရဖြည့်ဆန်ကို စဉ်ဆက်မပြတ် ၆ လအထက် စားသုံးလျှင် ကလေး၊ လူကြီး မိသားစုဝင်အားလုံး ဉာဏ်ရည်ဖွံ့ဖြိုးမှု အားကောင်းခြင်း၊ အလုပ်လုပ်နိုင်စွမ်းအား တိုးတက်ကောင်းမွန်ခြင်းနှင့် ကျန်းမာရေးကို ပိုမိုကောင်းမွန်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်ကြောင်း၊ အရည်အသွေးပြည့်မီ၍ စိတ်ချယုံကြည်မှု ရရှိစေရန် အာဟာရဖြည့်ဆန်ကို ကုန်အမှတ်တံဆိပ်နှင့် အရည်အသွေးအာမခံတံဆိပ်ပါရှိပြီး အသင့်ထုပ်ပိုးပြီးအထုပ်များဖြင့်သာ ဆန်စက်လုပ်ငန်းရှင်များက ထုတ်လုပ်ရောင်းချမည်ဖြစ်ကြောင်း ပြောကြားသွားပါတယ်။

ဆက်လက်ပြီး အားဖြည့်ဆန် ထုတ်လုပ်ရန်အတွက် လိုအပ်သော နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပံ့ပိုးမှုများကို Commercialization Officer ဒေါ်အိအိကေခိုင်က အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားပြီး၊ အားဖြည့်ဆန် ထုတ်လုပ်ဖြန့်ဖြူးခြင်းအပေါ် လုပ်ငန်းရှင်များထံမှ အကြံဉာဏ်များတောင်းခံပြီး သိလိုသည်များကို မေးမြန်းခဲ့ရာတွင် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ပြီး တိုင်းဆန်စပါးအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက နိဂုံးချုပ် အမှာစကားပြောကြား၍ အခမ်းအနားကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သိရပါ တယ်။

**မင်းမင်းဦး-ပုသိမ်**

# ဗီယက်နိုင်ငံထွက် ကန်စွန်းဥများ၏ စားသောက်ကုန်ဘေးအန္တရာယ် ကင်းရှင်းမှုနှင့် ပတ်သက်၍ စင်ကာပူနိုင်ငံ သတင်းထုတ်ပြန်

ဗီယက်နမ်နိုင်ငံမှ တင်သွင်းသည့် ကန်စွန်းဥ၌ Agent Orange ဓါတ်ပစ္စည်း ပါဝင်နေကြောင်း စင်ကာပူနိုင်ငံအတွင်း အင်တာနက်လူမှုကွန်ရက်များတွင် သတင်းများထွက် ပေါ်နေမှုနှင့် ပတ်သက်၍စင်ကာပူ လယ်ယာထွက် အစားအစာနှင့် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ အာဏာပိုင်အဖွဲ့ (AVA) က ရှင်းလင်းကြေညာချက်တစ်ရပ်ကို ဇန်နဝါရီ ၁၁ ရက်က ထုတ်ပြန်ခဲ့ပါသည်။

AVA ၏ သတင်းထုတ်ပြန်ချက်တွင် Agent Orange ခေါ် ဒိုင်အောက်စင်ဓာတ်ပါဝင်မှုကြောင့် ကန်စွန်းဥသည် ပြုတ်ပြီးချိန်၌ အစိမ်းရောင်သို့ပြောင်းလဲသွားသည်ဟု ပြည်တွင်းလူမှုကွန် ရက်စာမျက်နှာများတွင်ဖော်ပြလျက် ရှိသည်ကိုတွေ့ရှိရကြောင်း၊ ၎င်းတို့ အနေဖြင့် ကန်စွန်းဥပြုတ်၏အစိမ်းရောင်သို့ ပြောင်းလဲမှုမှာ အဆိုပါ ဓာတ်ပစ္စည်းကြောင့်ဖြစ်ပေါ်ခြင်းမရှိ သည်ကိုပြည်သူလူထုသို့အသိပေးပြောကြားလိုကြောင်း၊ ကန်စွန်းဥ၌ သဘာဝအရ အနံ့အရသာများ၊ ရေတွင်ပျော်ဝင်နိုင်သည့် အရောင်ချယ်ပစ္စည်းများပါဝင်ကြောင်း၊ ရေ၏ pH အက်စစ်ဓာတ်အတိုင်းအဆနှင့် လေနှင့်ထိတွေ့မှုကြာမြင့်ချိန်အပေါ် မူတည်၍ ကန်စွန်းဥပြုတ်၏ အရောင်ကို ၎င်းပစ္စည်းများက ပြောင်းလဲမှုဖြစ် စေနိုင်ကြောင်း၊ ယခု ကိစ္စရပ်မှာရေတွင် ပျော်ဝင်နိုင်သည့် အရောင်ချယ်ပစ္စည်း၏ လေထုနှင့် ထိတွေ့မှုကြောင့် ကန်စွန်းဥပြုတ်သည် သဘာဝအလျောက် အစိမ်းရောင်သို့ ပြောင်းလဲသွားနိုင်ကြောင်း၊ ချက်ပြုတ်ထားရှိသော ကန်စွန်းဥအားစနစ်တကျ ထိန်းသိမ်းထားရှိပါက အစားအစာဘေး အန္တရာယ် ကျရောက်မှုမရှိနိုင်ကြောင်း၊ အစားအစာ ဘေးကင်းလုံခြုံစိတ်ချရမှုအတွက် ကန်စွန်းဥအပါအဝင် စင်ကာပူနိုင်ငံ သို့တင်သွင်းလာသည့် စားသောက်ကုန်များအားဓာတုပစ္စည်း များ၊ သတ္တုဓာတ် များနှင့်ကူးစက်စေနိုင်သည့် အရာများပါဝင်မှုရှိမရှိကို AVA အဖွဲ့အစည်းမှ စစ်ဆေးကြပ်မတ် လုပ်ဆောင်လျက်ရှိသည့်အပြင် ၎င်းတို့၏ လိုလားချက်နှင့် ကိုက်ညီမှုမရှိ သော ထုတ်ကုန်ပစ္စည်းများကိုနိုင်ငံအတွင်း တင်သွင်းရောင်းချခွင့်မရှိကြောင်း စသည်ဖြင့် ဖော်ပြထားပါသည်။

စင်ကာပူနိုင်ငံရှိ All Singapore Stuff အမည်ရ အင်တာနက် စာမျက်နှာ၌ ဗီယက်နမ်နိုင်ငံမှ တင်သွင်းလာသည့် ကန်စွန်းဥများမှာဒိုင်အောက်စင်ပါဝင်မှုကြောင့် ချက်ပြုတ်ပြီးတစ်ရက်အကြာတွင် အစိမ်းရောင်သို့ ပြောင်းလဲသွားကြောင်းနှင့် စင်ကာပူနိုင်ငံသားများ အနေဖြင့် ဗီယက်နမ်နိုင်ငံထုတ် လယ်ယာထွက်ကုန်များကို စားသုံးခြင်းမပြုရန် တိုက်တွန်းရေးသားချက်အား ဇန်နဝါရီ ၆ ရက်က ဖော်ပြခဲ့ရာ ဆိုင်ကုံနည်းပညာတက္ကသိုလ်၊ အစားအစာ နည်းပညာဌာနမှ တာဝန်ရှိသူအချို့က အခြေအနေမှန်ကို ပြန်လည်ရှင်းလင်းချေပပြီးနောက်ပိုင်း AVA က ယခုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။

**နေအေးလွင် (DTPCA)**

# စပါးဈေးမြောက်ပြီး ဆန်ဈေးအေးနေတဲ့ ပြည်စပါး၊ ဆန်ဈေးကွက်

ဇန်နဝါရီ တတိယပတ် စပါး၊ ဆန်ဈေးကွက်တွင် ဆန်ကုန်သည်များနှင့် နယ်တင်ပို့မှုများ အတော်လေးအေးနေပါတယ်။ ပြည်ခရိုင် စပါးဈေးဟာ မြောက်နေပြီး ဆန်သားအနေဖြင့် ဈေးအေးနေတာကြောင့် တွက်ခြေမကိုက်ဘဲ နယ်တင်ပို့မှုနည်းနေတာလို့ သိရပါတယ်။

ဆန်ချောဖြစ်တဲ့ နတ်တလင်းတောင်ပျံမွှေးစပါးဈေး၊ ဆန်ဈေးကတော့ အနည်းငယ်ပြန်တက်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် ပြည်ဆန်စပါးဈေးနှုန်းတွေကတော့ တောင်ပျံမွှေးစပါး ၄၆ ပေါင်ကိုက် တင်း ၁၀၀ ကို ၇၂၆၈၀၀ ကျပ်ဖြစ်ပြီး ဆန်တစ်အိတ်ကို ၂၉၀၀၀ ကျပ်ဖြစ်ပါတယ်။ စပါးဈေးအနေဖြင့် တင်း ၁၀၀ ကို ယခုတစ်ပတ်၌ ကျပ် ၁၀၀၀၀ နီးပါးဈေးတက်လာပြီး ဆန်တစ်အိတ်ကို ၁၀၀၀ ကျပ်ပိုများ လာတာ တွေ့ရပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ (မိုး) စပါးအုပ်စုတွေကတော့ တင်း ၁၀၀ (၄၆ ပေါင်ကိုက်) ဈေး ၅၆၁၂၀၀ ကျပ်ဖြစ်ပြီး ဆန်တစ်အိတ်ဈေး ၂၁၀၀၀ ကျပ်ဈေးသာဖြစ်ပါတယ်။ အကြမ်းဧည့်မထ စပါးဈေးတွေလည်း အနည်းငယ်တက် နေတာ တွေ့ရပါတယ်။ နယ်ဝယ်လက်တွေလည်း ဈေးမကိုက် တာကြောင့် နှစ်ရက်ခြား၊ သုံးရက်ခြားမှသာ ရန်ကုန်သို့ အိတ် ၅၀၀၊ ၆၀၀ ခန့်သာ တင်ပို့မှုရှိကြောင်း သိရပါတယ်။ ဒေသတွင်း စားသုံးမှု အများဆုံးဖြစ်တဲ့ (အမာစ) ဆန်စပါးဈေးမှာ အတက်အကျမရှိ ပုံမှန်ဈေးအတိုင်းသာ အရောင်းအဝယ်ပြုလုပ်နေကြောင်း တွေ့ရပါတယ်။

**နီနီဝင်း - ပြည်**

# မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင် နှစ်ဦးနှစ်ဖက်ခွင့်ပြုသည့် ငွေကြေးဖြင့် ပုံမှန်ကုန်သွယ်မှုပြုလုပ်တော့မည်

မြန်မာ-အိန္ဒိယနယ်စပ် ကုန်သွယ်ရေးကဏ္ဍ၌ ကုန်ပစ္စည်းဖလှယ်တဲ့စနစ် (Barter System) ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှစတင်ရပ်ဆိုင်းပြီး နှစ်ဦးနှစ်ဖက်ခွင့်ပြုသည့် ငွေကြေးဖြင့် ပုံမှန်ကုန်သွယ်မှု(Normal Trade) ပြုလုပ်မည်ဖြစ်ကြောင်း အိန္ဒိယဗဟိုဘဏ်က အမိန့်ထုတ်ပြန်လိုက်သဖြင့် ကုန်သွယ်မှုများ ယာယီ ရပ်ဆိုင်းခဲ့ရတယ်လို့ ဇန်နဝါရီလ ၅ ရက်က ပြုလုပ်တဲ့ တမူးကုန်သွယ်ရေးစခန်း ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ စခန်းတာဝန်ခံကပြောကြားလိုက်ပါတယ်။ လက်ရှိကုန်သွယ်မှုအရ နှစ်နိုင်ငံ ကုန်သည်များ ဆောင်ရွက်နိုင်မယ့် ဘဏ်လုပ်ငန်းပိုင်းမှာ တမူးမြန်မာ့စီးပွားရေးဘဏ်အနေနဲ့ LC/TT စနစ်ဖြင့် ဆောင်ရွက်ရန် အဆင်သင့် မဖြစ်သေး၍ ကုန်စည်စီးဆင်းမှုလျော့နည်းခဲ့ကြောင်း၊ သို့သော် တမူးမြန်မာ့စီးပွားရေးဘဏ်နဲ့ အိန္ဒိယဘဏ်တို့မှာ Correspondent ရှိပြီးဖြစ်တဲ့အတွက် ပုံမှန်ကုန်သွယ်မှု (Normal Trade) ကို နိုင်ငံခြား ငွေစာရင်းဖွင့်ပြီး ဆောင်ရွက်ပါက အဆင်ပြေစွာနဲ့ ချက်ချင်းလုပ်ပေးနိုင်တယ်လို့ သိရပါတယ်။

ကွမ်းသီးတင်ပို့မှုကို TT (Telegraphic Transfer) စနစ်နဲ့ ကုမ္ပဏီတစ်ခုက ဆောင်ရွက်နေပြီဖြစ်လို့ ကျန်လုပ်ငန်းရှင်များလည်း LC/TT စနစ်နဲ့ ကြိုးပမ်းဆောင်ရွက်ကြရန် စခန်းတာဝန်ခံက တိုက်တွန်းပြောကြားခဲ့ပါတယ်။ ပုံမှန်ကုန်သွယ်ရေး စနစ်သို့ ပြောင်းလဲရန် အိန္ဒိယက လိုလိုလားလားနဲ့ ကမ်းလှမ်းလာတဲ့အတွက် ရှေ့ဆက်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် စီစဉ်နေတယ်လို့သိရပါတယ်။ ကုန်ပစ္စည်းချင်း ဖလှယ်တဲ့စနစ်မှာ အားနည်းချက်များစွာ ရှိတဲ့အတွက် ပုံမှန်ကုန်သွယ်ရေး စနစ်သို့ ပြောင်းလဲခြင်းဟာ ကောင်းမွန်တဲ့ လုပ်ဆောင်ချက်တစ်ခုဖြစ်ကြောင်းလည်း စီးပွားရေးလုပ်ငန်းရှင်များက ပြောကြားပါတယ်။

ကလေး-တမူး-ကလေးဝ နယ်စပ်ကုန်သည်များအသင်း အလုပ်အမှုဆောင်ကော်မတီဝင် ဦးမြင့်ဌေးက တစ်ဖက်အိန္ဒိယနိုင်ငံနဲ့ LC/TT စနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဆိုက အထူးပင်ကောင်းမွန်ကြောင်း၊ အစတွင် အခက်အခဲနဲ့ ကြုံတွေ့နိုင်သော်လည်း နောင်တွင် အဆင်ပြေချောမွေ့မှာဖြစ်ကြောင်း၊ ယခင် ပစ္စည်းများ ဖလှယ်တဲ့စနစ် ကျင့်သုံးစဉ်က မိမိဘက်မှပစ္စည်းပေးပို့ပြီးပါက ငွေကြေးဆုံးရှုံးမည်ကို စိုးရိမ်ခဲ့ရကြောင်း၊ မိမိမကြိုက်နှစ်သက်တဲ့ ပစ္စည်းအားလက်ခံရယူခဲ့ရတဲ့ အခက်အခဲများကို ရင်ဆိုင်ခဲ့ရကြောင်း၊ ယခု LC/TT စနစ်သည် မိမိတို့ ဆုံးရှုံးမှု စိုးရိမ်မှုများကို ကျော်လွှားနိုင်တော့မည်ဖြစ်၍ LC/TT စနစ်အောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

**MIRT**

# ဘိလပ်မြေပိုမိုတင်သွင်းသော်လည်း ဓာတ်မြေဩဇာလျော့နည်းတင်သွင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ယခုဇန်နဝါရီလ ၈ ရက်ထိ ဘိလပ်မြေ ၂၇၂၀ တန်ခန့် (ကန်ဒေါ်လာ ၂၃၃ သန်း)နဲ့ ဓာတ်မြေဩဇာ ၉၀၄ တန် (ကန်ဒေါ်လာ ၁၇၆ သန်း) တင်သွင်းခဲ့ရာ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ဘိလပ်မြေတင်သွင်းမှု တန်ချိန် ၄၃ တန်ပိုမိုခဲ့သော်လည်း တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ခုနစ်သန်းကျော်လျော့နည်းခဲ့ပါတယ်။ ဓာတ်မြေဩဇာတင်သွင်းမှု ၇၆ တန်ကျော်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၂၂ သန်းကျော်ဖိုးလျော့နည်း တင်သွင်းခဲ့ပါတယ်။ **MIRT**

# ဘဏ္ဍာနှစ် ပထမကိုးလအတွင်းစက်မှုကုန်ကြမ်းနဲ့ စားသောက်ကုန်တင်သွင်းမှု ကာလတူထက် ကန်ဒေါ်လာလေးသန်းနီးပါးပိုမို

စက်မှုကုန်ကြမ်း ဂျုံစေ့နဲ့ ဂျုံမှုန့်၊ စားသောက်ကုန်၊ နို့ဆီ၊ နို့စိမ်းနဲ့ နို့မှုန့်များ ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၈ ရက်ထိ တင်သွင်းနိုင်မှုမှာ ၃၁၅ တန်ကျော်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၆၁ သန်းကျော်ဖိုး ရှိပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၂၃ တန်ကျော် တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၄ သန်းနီးပါးခန့် ပိုမိုတင်သွင်းခဲ့ပါတယ်။ ပစ္စည်းတစ်မယ်ချင်း နှိုင်းယှဉ်ရာမှာတော့ ဂျုံစေ့ပိုမို တင်သွင်းသော်လည်း ဂျုံမှုန့်ကိုလျော့နည်းတင်သွင်းခဲ့ပါတယ်။ နို့ဆီနဲ့ နို့စိမ်း လျော့နည်းတင်သွင်းခဲ့သော်လည်း နို့မှုန့်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **MIRT**

# လမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်လာသဖြင့် ရိဒ်ကုန်သွယ်မှုတိုးတက်

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ ဒီဇင်ဘာလ ကုန်သွယ်မှုပမာဏဟာ အနီးစပ်ဆုံး ကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ ရိဒ်ကုန်သွယ်ရေးစခန်းဟာ ပို့ကုန် ကန်ဒေါ်လာ ၂ ဒသမ ၁၀၃ သန်း၊ သွင်းကုန် ဒေါ်လာ သုည ဒသမ ၄၇၉ သန်း ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂ ဒသမ ၅၈၂ သန်း အထိရှိခဲ့ပါတယ်။

အနီးစပ်ဆုံးကာလနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းမှာ ကွမ်းသီး၊ စီးကရက်၊ မုန့်မျိုးစုံ ပိုမိုတင်ပို့ ခဲ့ပြီး သွင်းကုန်ပိုင်းမှာ နိုင်လွန်ချည်နဲ့ ဓာတ်မြေဩဇာ ပိုမိုတင်သွင်းခဲ့ပါတယ်။ လမ်းပန်း ဆက်သွယ်မှု ပိုမိုကောင်းမွန်လာတဲ့အတွက် ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ အဓိက ပို့ကုန်ဖြစ်တဲ့ကွမ်းသီးကို ယခင်လထက် တန် ၄၀၀ ကျော်ပိုမိုတင်ပို့နိုင်သလို သွင်းကုန်ပိုင်းမှာလည်း အဓိကသွင်းကုန်ဖြစ်တဲ့ ဓာတ်မြေဩဇာတင်သွင်းမှုမှာ ယခင်လထက် တန်ချိန် ၆၀၀ ကျော်ပိုမိုခဲ့ တယ် လို့ သိရပါတယ်။

ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါကလည်း ပို့ကုန်ပိုင်းမှာ ငါးသေတ္တာ၊ အားဖြည့်အချိုရည်၊ ဆပ်ပြာ ၊ကွမ်းသီး၊ မုန့်မျိုးစုံ၊ စီးကရက်တို့ ပိုမိုတင်ပို့ခဲ့ပြီး သွင်းကုန်ပိုင်းမှာ ဓာတ်မြေဩဇာ၊ ဆံပင်နဲ့ နိုင်လွန်ချည်တို့ ပိုမိုတင်သွင်းခဲ့တဲ့အတွက် ကုန်သွယ်မှုပိုမိုဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။ အများဆုံးပို့ကုန်များမှာ ကွမ်းသီး၊ မုန့်မျိုးစုံ၊ စီးကရက်ဖြစ်ပြီး အများဆုံး သွင်းကုန်များမှာ ဆံပင်၊ပုလဲ ဓာတ်မြေဩဇာ၊ ကြက်သွန်နဲ့ နိုင်လွန် ချည်တို့ဖြစ်ပါတယ်။

**MIRT**

# ကာလတူထက် ဓာတ်ဆီနဲ့ ဒီဇယ်ဆီ ကန်ဒေါ်လာ ၅ဂဂ သန်းကျော် လျော့နည်းတင်သွင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ဇန်နဝါရီလ ၈ ရက်ထိကာလအတွင်း ပြည်ပမှ ဓါတ်ဆီ ၆၁၅၈၀၄ ကီလိုဂရမ်နဲ့ ဒီဇယ်ဆီ ၁၃၆၂၂၄၄ ကီလိုဂရမ် တန်ဖိုးအားဖြင့် ကန်ဒေါ်လာသန်း ၁၁၀၀ ကျော်ဖိုး တင်သွင်းခဲ့ရာ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ဓာတ်ဆီတင်သွင်းမှု ၃၉၁၁၃ ကီလိုဂရမ် လျော့နည်းခဲ့ပြီး ဒီဇယ်ဆီတင်သွင်းမှု ၁၇၇၅၅၆ ကီလိုဂရမ် ပိုမိုခဲ့ပါတယ်။ တန်ဖိုးအားဖြင့်မူ ကမ္ဘာ့ဓာတ်ဆီဒီဇယ်ဆီဈေးများကျဆင်းခြင်း၊ ငွေလဲနှုန်းပြောင်းလဲခြင်းများကြောင့် ကန်ဒေါ်လာ ၅၈၈ သန်း ကျော်ဖိုး လျော့နည်းကျဆင်းခဲ့ပါတယ်။ **MIRT**

# ကျောက်စိမ်းနဲ့ သဘာဝဓာတ်ငွေ့ လျော့နည်းတင်ပို့မှုကြောင့် ကုန်သွယ်မှုလိုငွေပြ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဇန်နဝါရီလ ၂ ရက် မှ ၈ ရက်အတွင်း ပို့ကုန်အနေနဲ့ ကန်ဒေါ်လာ သန်း ၉၀ ကျော် ဆောင်ရွက်ခဲ့ပြီး သွင်းကုန်အနေနဲ့ ကန်ဒေါ်လာ ၂၄၇ သန်းဝန်းကျင်ဖြစ်သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃၃၇ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျောက်စိမ်းနဲ့သဘာဝဓာတ်ငွေ့လျော့နည်း တင်ပို့ခဲ့တဲ့ အတွက် ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၁၅၆ သန်းကျော် ပြခဲ့တယ်လို့ သတင်းရရှိပါတယ်။

ဘဏ္ဍာနှစ်စ ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၈ ရက်ထိ ပို့ကုန် ကန်ဒေါ်လာ ၈၀၄၆ သန်းကျော်နဲ့ သွင်းကုန်ကန်ဒေါ်လာ ၁၂၆၅၉ သန်း ဆောင်ရွက်နိုင်တဲ့အတွက် ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၄၆၁၃ သန်းကျော်ပြတယ်လို့လည်းသိရပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းအနေနဲ့ ကန်ဒေါ်လာ ၁၁၅၄ သန်းလျော့နည်းခဲ့ပါတယ်။ အစိုးရကဏ္ဍအနေနဲ့ ကန်ဒေါ်လာ ၁၄၈၂ သန်း ကျော်လျော့နည်းခဲ့ပြီး ပုဂ္ဂလိကကဏ္ဍတွင်မူ ကန်ဒေါ်လာ ၃၂၈ သန်းကျော် ပိုမိုခဲ့ပါတယ်။ ပုဂ္ဂလိကကဏ္ဍအနေနဲ့ လယ်ယာထွက်ကုန်ပစ္စည်းပိုင်း တင်ပို့မှုသာ လျော့နည်းခဲ့သော်လည်း အစိုးရကဏ္ဍမှာတော့ သတ္တုတွင်းထွက်၊ သစ်တောထွက်၊ စက်မှုကုန်ချောနဲ့ အခြားပစ္စည်းများ၊ရေထွက်ကုန်တင်ပို့မှုတို့ လျော့နည်းခဲ့တာဖြစ်ပါတယ်။

ပင်လယ်ရေကြောင်းတင်ပို့မှုမှာ ကာလတူထက် ကန်ဒေါ်လာ ၁၂၈၁ သန်းကျော် လျော့နည်းခဲ့သော်လည်း နယ်စပ်ကုန်သွယ်မှုနည်းလမ်းနဲ့ တင်ပို့မှုမှာ ကန်ဒေါ်လာ ၁၂၇ သန်းကျော်ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

သွင်းကုန်တင်သွင်းမှုအပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းတင်သွင်းခြင်းကို နိုင်ငံပိုင်ရော ပုဂ္ဂလိကပိုင်ကဏ္ဍက ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းခြင်းတွင် နိုင်ငံပိုင်ကဏ္ဍရော ပုဂ္ဂလိကပိုင်ကဏ္ဍပါ လျော့နည်းဆောင်ရွက်ခဲ့ပြီး လူသုံးကုန်ပစ္စည်း တင်သွင်းမှုတွင် နိုင်ငံပိုင်ကဏ္ဍမှ အသွင်းလျော့ပြီး ပုဂ္ဂလိကပိုင်ကဏ္ဍအသွင်းပိုမိုခဲ့ပါတယ်။

ယမန်နှစ်ကာလတူထက် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများတွင် သင်္ဘောနဲ့ သင်္ဘောအပိုပစ္စည်းများ၊ တယ်လီဖုန်းနဲ့ ဆက်သွယ်ရေးကိရိယာများ၊လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနဲ့ တပ်ဆင်ရေးပစ္စည်းများ၊ တွင်းထွက်(သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊မော်တော်ယာဉ်နဲ့ မော်တော်ယာဉ်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများတွင် သံနဲ့သံမဏိပစ္စည်းများ၊အခြားစက္ကူများ၊ လုပ်ငန်းသုံး သီးနှံဆီများ၊ ဓါတုဗေဒပစ္စည်းများ၊ ကုန်ထုတ်စက္ကူများအသွင်းပိုမိုခဲ့ပါတယ်။ **MIRT**

# ဒီဇင်ဘာလအတွင်း လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အနီးစပ်ဆုံးကာလထက် ဆန်ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိလွယ်ဂျယ်ကုန်သွယ်ရေးစခန်းဟာ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ပို့ကုန် ကန်ဒေါ်လာ ၆ ဒသမ ၂၂ သန်း သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၉၆၃ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၇ ဒသမ ၄၈၂ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက် ပို့ကုန်ရော သွင်းကုန်ပါ ပိုမိုခဲ့ပြီး ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၉၄၅ သန်းပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

အနီးစပ်ဆုံးကာလထက် ပို့ကုန်ပိုမိုရခြင်းမှာ ယခုလတွင် ဆန်ပိုမိုတင်ပို့ ခဲ့တဲ့အတွက် ဖြစ်ပါတယ်။ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းရဲ့ ယခုလပို့ကုန်အမယ် နှစ်ခုမှာ ငစိန်ဆန်နဲ့ ကြံတို့ဖြစ်ပါတယ်။ သွင်းကုန်အနေနဲ့ ဘိလပ်မြေ၊ ပိုလီယက်စတာပိတ်စ၊ ၁/၄၀ ချည်၊ သိုးမွေးတုစောင်၊ ချွေးသုတ်ပုဝါ၊ ချည်/နိုင်လွန်ဇာ၊ လျှပ်စစ်ဒယ်အိုး၊ ဖျာ၊ စောင်ကြမ်း၊ ကတ္တီပါစ၊ ကွန်ပေါင်းမြေဩဇာ၊ ပီနန်အိတ်၊ ယူရီးယားမြေဩဇာတို့ တင်သွင်းခဲ့ကြတယ်လို့ သိရပါတယ်။

**MIRT**

# မြဝတီကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာအတွင်း အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ကုန်သွယ်မှုတိုးတက်

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ပို့ကုန် ကန်ဒေါ်လာ ၆ ဒသမ ၇၉၀ သန်း၊သွင်းကုန် ကန်ဒေါ်လာ ၆၇ ဒသမ ၈၄၂ သန်း ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၇၄ ဒသမ ၆၃၂ သန်း ရရှိခဲ့ပါတယ်။

အနီးစပ်ဆုံးကာလဖြစ်သော နိုဝင်ဘာလထက် ပို့ကုန် ကန်ဒေါ်လာ ၃ ဒသမ ၈၃၁ သန်း၊သွင်းကုန် ကန်ဒေါ်လာ ၆ ဒသမ ၁၁၈ သန်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၉ ဒသမ ၉၄၉ သန်း ပိုမိုခဲ့ပါတယ်။ ယမန်နှစ် ကာလတူထက်လည်း ပို့ကုန် ကန်ဒေါ်လာ ၃ ဒသမ ၇၁၂ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၂၁ ဒသမ ၉၂၀ သန်း၊ ကုန်သွယ်မှုပမာဏ ၂၅ ဒသမ ၆၃၃ သန်း ပိုမိုခဲ့ပါတယ်။ ဒီဇင်ဘာလတွင် အနီးစပ်ဆုံး ကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ကုန်သွယ်မှုပိုမိုတိုးတက်ရခြင်းမှာ နိုဝင်ဘာလအတွင်း ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲ ကာလအတွင်း သွင်းကုန်လုပ်ငန်းရှင်များနေရပ်ပြန်ကာ ဆန္ဒမဲများပေးခြင်း၊ရွေးကောက်ပွဲလွန် မြဝတီဒေသရဲ့ နိုင်ငံရေးအခြေအနေအား စောင့်ကြည့်လေ့လာခဲ့ခြင်းတို့ကြောင့် နိုဝင်ဘာလတွင် ကုန်သွယ်မှုပမာဏ လျော့နည်းခဲ့သော်လည်း ရွေးကောက်ပွဲလွန် နိုင်ငံရေးတည်ငြိမ်မှုရှိခြင်း၊ကော့ကရိတ်-မြဝတီ အာရှလမ်းသစ်ကြီးဖွင့်လှစ်လိုက်သည့်အတွက် ကုန်တင်ယာဉ်များ(ပို့ကုန်၊သွင်းကုန်ယာဉ်များ)ရက်မစောင့်ရဘဲ သွားလာရေး လျင်မြန်လွယ်ကူခြင်းကြောင့် ကုန်သွယ်မှုလမ်းကြောင်းပိုမိုအဆင်ပြေကာ ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များ လုပ်ငန်းတွင်ကျယ်လာခြင်း၊ Re-export စနစ်ဖြင့် သကြားများတင်သွင်းမှုများပြားခြင်းတို့ကြောင့် ကုန်သွယ်မှုတိုးတက်ခြင်းဖြစ်ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်ရဲ့ ဒီဇင်ဘာလအတွင်း အများဆုံးပို့ကုန်ပစ္စည်းများမှာ ပဲတီစိမ်း၊ မြေပဲဆံ၊ နှမ်းနက်၊ နှမ်းညို၊ နနွင်းတက်၊ ကြက်သွန်နီ၊ ကြံ၊ နနွင်းမှုန့်၊ ငရုတ်သီး(ခြောက်)ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်းနဲ့ ငါးရှဉ့်တို့ဖြစ်ပြီး အများဆုံးသွင်းကုန်ပစ္စည်းများမှာ ဘိလပ်မြေ၊မော်တော်ယာဉ်နဲ့ မော်တော်ယာဉ်ပစ္စည်းများ၊ မော်တော် ဆိုင်ကယ်အပိုပစ္စည်းများ၊ စက်ဘီးအပိုပစ္စည်းများ ၊ဓာတုဆိုးဆေးများ၊တာယာနှင့်ကျွတ်များ၊ စားအုန်းဆီ၊ ချည်ထည်များ၊ဆပ်ပြာနှင့်အလှကုန်ပစ္စည်းတို့ ဖြစ်ပါတယ်။

**ခင်မြနွယ်**

## တရုတ်နှစ်သစ်ကူး နီး၍ကဏန်း၊ ငါးရှဉ့် ဈေးကောင်းရ

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလ ၂ ရက်မှ ၈ ရက်ထိကာလအတွင်း ကန်ဒေါ်လာ ၂ ဒသမ ၅၈၄ သန်းဖိုးရှိ ရေထွက်ကုန်မျိုးစုံ ၁၂၁၇ တန်ခန့် တင်ပို့ခဲ့ပါတယ်။တင်ပို့ခဲ့တဲ့ ရေထွက်ကုန်များကတော့ ကဏန်း ၁၈၈ တန်၊ ငါးရှဉ့် တန် ၇၀၊ရေခဲငါး တန် ၁၈၀ ကျော်၊ငါးမှုန့် တန် ၅၀၊ ငါးလေးခြောက် ၂၉၄ တန်ခန့် ငါးဆားနယ် ၅၆ တန်၊ ငါးစီဖောင်း ၂တန်ခန့်၊ငါးဟောက်အရှင် ၅ တန်၊ငါးခြောက် ၂၂ တန်၊ကင်းမွန်ခြောက် ၁၃၈တန်၊ ပုစွန်ခြောက် ၁၇၆ တန်၊ရေခဲပုစွန် ၁၆ တန်၊ငါးကြင်းစီဖောင်း ၂ တန်ခန့်၊ ငါးလိပ်ကျောက်ရေခွံခြောက် ၄ တန်ခန့်နဲ့ ငါးပူတင်းရေခွံခြောက် ၁၂ တန်ခန့်ဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ တင်ပို့မှုအရေအတွက် တန် ၅၀၀ ကျော်လျော့နည်းခဲ့သော်လည်း ယခင်တစ်ပတ်က တင်ပို့နိုင်ခြင်းမရှိတဲ့ ရေခဲပုစွန်ကို တင်ပို့နိုင်ခဲ့ပါတယ်။ စုစုပေါင်းတင်ပို့တဲ့ ပမာဏ လျော့နည်းရခြင်းမှာ ကဏန်း ၊ ရေခဲငါးနဲ့ ငါးလေးခြောက်တို့ တင်ပို့မှုလျော့ကျခဲ့တဲ့ အတွက်ဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ ကဏန်းရော ငါးရှဉ့်ပါ ဈေးကောင်းရနေပါတယ်။ ငါးရှဉ့်တစ်တန်ကို ယခင်တစ်ပတ်က ၇၄၀၀၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၇၄၄၈၀၀၀ ကျပ်သို့လည်းကောင်း၊ ၊ကဏန်းတစ်တန်လျှင် ၉၁၆၆၆၀၀ ကျပ်မှ ၁၀၂၀၈၂၆၈ ကျပ်သို့လည်းကောင်း ဈေးမြင့်တက်လာကြောင်း မူဆယ်ကုန်စည်ဒိုင်မှသိရပါတယ်။

**ယဉ်ယဉ်အေး**

## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာလအတွင်း ကုန်သွယ်မှုပမာဏပိုမိုဆောင်ရွက်

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်းက ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ပို့ကုန် ကန်ဒေါ်လာ ၄ ဒသမ ၅၉၈ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၉ ဒသမ ၉၅၅ သန်း၊ ကုန်သွယ်မှုပမဏ ကန်ဒေါ်လာ ၁၄ ဒသမ ၅၃၃ သန်းဆောင်ရွက်နိုင်သဖြင့် အနီးစပ်ဆုံးကာလထက် ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၀၉၇ သန်း၊ သွင်းကုန်ကန်ဒေါ်လာ ၁ ဒသမ ၂၆၂ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁ ဒသမ ၃၅၉ သန်းပိုမိုခဲ့ပြီး ယမန်နှစ်ကာလတူထက် ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၉၂၀ သန်း၊ သွင်းကုန်ကန်ဒေါ်လာ ၂ ဒသမ ၇၃၁ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃ ဒသမ ၆၅၁ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းရဲ့ ဒီဇင်ဘာလ ကုန်သွယ်မှုပမာဏဟာ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းတွင် ရေထွက်ပစ္စည်း ပိုမို တင်ပို့နိုင်၍ဖြစ်ပြီး သွင်းကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုပစ္စည်းနဲ့ လူသုံးပစ္စည်းများ ပိုမိုတင်သွင်းနိုင်ခဲ့၍ ဖြစ်ပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာလအတွင်း အများဆုံး တင်ပို့တဲ့ ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ၊ ကင်းမွန်၊ အခြားရေထွက်ပစ္စည်း၊ ပုစွန်၊ ရော်ဘာ၊ သစ်ခွဲသား၊ ပင်လယ်ငါးရှဉ့် ၊ ဆီအုန်း ကြိတ်ဖတ်၊ ရေဘဝဲနဲ့ ကဏန်းတို့ဖြစ်ပြီး အများဆုံး တင်သွင်းတဲ့ ကုန်ပစ္စည်းများမှာ ဘိလပ်မြေ၊ အားဖြည့်အချိုရည်၊ သကြား၊ ဆာလ်ဖာ၊ ဒီဇယ်ဆီ၊ ဓာတ် မြေသြဇာ၊ ငါးဖမ်းပိုက်နဲ့ ရေချိုးဆပ်ပြာရည်တို့ ဖြစ်ပါတယ်။

**ခင်မြနွယ်**

## မူဆယ်မှ ဆီးဆံတစ်တန်ခွဲ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလ ၂ ရက်မှ ၈ ရက်ထိကာလအတွင်း ကန်ဒေါ်လာ၆၀၀၀ တန်ဖိုးရှိ ဆီးဆံ ၁ ဒသမ ၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ကန်ဒေါ်လာ ၁၀၆၀၀၀ တန်ဖိုးရှိ ဆီးဆံ ၂၇ ဒသမ ၇ တန် တင်ပို့ခဲ့တာမို့ယခု သီတင်းပတ်မှာတော့ ၂၆ ဒသမ ၂တန် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

စစ်တွေ ကုန်သွယ်ရေးစခန်းကတော့ ယခုသီတင်းပတ်မှာ ဆီးဆံ တင်ပို့မှု မရှိသော်လည်း ဆီးဖတ် ၂၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၁၅၁၈၂၀ ဖိုးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

## ကုန်သွယ်မှုတိုးတက်လာတာနဲ့အမျှ ဒေသဖွံ့ဖြိုးတိုးတက်စည်ပင်လာမည်

ဇန်နဝါရီလ ၃ ရက်က ရိဒ်ကုန်သွယ်ရေးစခန်း အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ စခန်းတာဝန်ခံဦးစီးအရာရှိ ဦးဆွေလတ်မောင်က ကုန်သွယ်မှုပမာဏ တိုးတက်လာတာနဲ့အမျှ နိုင်ငံတော်ကရရှိမယ့် အခွန်ငွေများလည်း ပိုမိုရရှိလာမှာဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်လျက်ရှိတဲ့ ကုမ္ပဏီများအပြင်ဒေသခံများ၊ မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်အသင်းများနဲ့ ယာဉ်နောက်လိုက်များ၊ စားသောက်ဆိုင်များပါမကျန် တစ်နွယ်ငင်တစ်စင်ပါဆိုသလို စားဝတ်နေမှုများအဆင်ပြေပြီး ရိဒ်ဒေသဖွံ့ဖြိုးတိုးတက်စည်ပင်လာမှာဖြစ်သလို ချင်းပြည်နယ် ပိုမိုဖွံ့ဖြိုးတိုးတက် စည်ပင်ရေးအတွက် အထောက်အကူပြုစေမယ့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့အတွက် ကုန်သွယ်မှု လျာထား ချက်များ ပြည့်မီကျော်လွန်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ကုန်သွယ်လုပ်ငန်းရှင်များကို တိုက်တွန်း ပြောကြားခဲ့တယ်လို့သတင်းရရှိပါတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ လျာထားချက်ပြည့်မီ ကျော်လွန်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဘဏ္ဍာနှစ်လက်ကျန် သုံးလတာကာလအတွင်း ကုန်သည်လုပ်ငန်းရှင်များ အနေနဲ့ ပျောက်ဆုံးနေတဲ့ ပို့ကုန်အမယ်များ၊ အမယ်သစ်ပို့ကုန်များ တင်ပို့နိုင်ရေးကြိုးပမ်း ဆောင်ရွက်ကြရန်နဲ့ အခက်အခဲရှိပါကလည်း တင်ပြနိုင်ကြောင်းနဲ့ OSS အဖွဲ့ဝင်ဌာနများ အချိန်နဲ့ တစ်ပြေးညီ ပူးပေါင်းညှိနှိုင်းဖြေရှင်းပေးသွားမယ်လို့လည်း စခန်းတာဝန်က ဖြည့်စွက်ပြောကြားပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းမှာ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နေတဲ့ နေလကုမ္ပဏီ ကိုယ်စားလှယ်က ဆံပင်တင်သွင်းရာမှာ အလုပ်သမားအင်အားအရ တစ်ခါတစ်ရံ အစစ်ဆေးခံရန် နောက်ကျ၍ ဝင်ရောက်လာခြင်းများကို စစ်ဆေးဆောင်ရွက်ပေးရန် တင်ပြခြင်းအပေါ် OSS အကောက်ခွန်ဌာန အကောက်ခွန်မှူးဦးဇင်သူက ခရီးသည်ကားများလွယ်ကူစွာသွားလာနိုင်ရေးအတွက် ခွင့်ပြုပေးလျက်ရှိကြောင်း နဲ့ ကုန်ပစ္စည်းတင်ယာဉ်များကိုသာ သတ်မှတ်ချိန်ထက်ကျော်လွန်ပါက စစ်ဆေးဆောင်ရွက်မရသဖြင့် ညအိပ်ရပ်နားစေလျက်ရှိကြောင်း အသိပေးရှင်းလင်းပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## ပဲအမျိုးမျိုး ကန်ဒေါ်လာ သန်း ၁၃၀ ကျော်ဖိုး ကာလတူထက်ပိုမိုတင်ပို့

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇန်နဝါရီလ ၈ ရက်ထိကာလအတွင်း ပြည်ပသို့ ပဲအမျိုးမျိုးတင်ပို့နိုင်မှုနဲ့ ယမန်နှစ်ကာလတူတင်ပို့မှုကို နှိုင်းယှဉ်ရာတွင် တန်ချိန်အားဖြင့် ၂၄၇၃ တန်ကျော်နဲ့ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ သန်း ၁၃၀ ကျော်ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယမန်နှစ်ကာလတူထက် ပဲတီစိမ်း ၂၉၇၆၂ တန်၊ကုလားပဲ ၁၃၄၇၀ တန်၊ မြေထောက်ပဲ ၉၃၄၉ တန်၊ ပဲယင်း ၄၆၆၅ တန် ၊ ပဲပုတ်စေ့ ၈၉၆ တန် ၊ ပဲနီကြား ၇၉ တန်၊ နိုင်လွန်ပဲ ၁၅၃ တန်နဲ့ အခြားပဲ ၈၇၆၄ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**MIRT**

## ဘဏ္ဍာနှစ်ပထမကိုးလမှာ ကာလတူထက် ယာဉ်ယန္တရားနဲ့ ယာဉ်အပိုပစ္စည်း ပိုမိုတင်သွင်းသော်လည်း လူစီးယာဉ်၊ ဘတ်စ်နဲ့ထရပ်များလျော့နည်းတင်သွင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလ ၈ ရက်ထိ မော်တော်ယာဉ်နဲ့ မော်တော်ယာဉ် ပစ္စည်းတင်သွင်းမှုတွင် စီးရေ ၁၁၄၂၉၂၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၄၈၉ သန်းကျော်ဖိုး တင်သွင်းနိုင်ခဲ့ပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက စီးရေ၃၀၁၆၂လျော့နည်းတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၂၈ သန်းကျော်ဖိုး ပိုမိုတင်သွင်းနိုင်ခဲ့ပါတယ်။ မော်တော်ယာဉ်နဲ့ မော်တော်ယာဉ် ပစ္စည်းအုပ်စုရှိ လူစီးယာဉ်၊ဘတ်စ်၊ ထရပ်တင်သွင်းမှုမှာ ကာလတူထက် စီးရေရောတန်ဖိုးပါ လျော့နည်းခဲ့ပြီး ယာဉ်နဲ့ ယာဉ်အပိုပစ္စည်းတင်သွင်းမှုမှာ အရေအတွက်ရော တန်ဖိုးပါ ပိုမိုခဲ့တယ်လို့သိရပါတယ်။

**MIRT**




ဆန်စပါးလုပ်ငန်းတွင် စပါးစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများစပါးမှ ဆန်အဖြစ် ကြိတ်ခွဲထုတ်လုပ်တဲ့ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်နှင့် ဆန်ထွက်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပ ရောင်းဝယ်ဖောက်ကားနေကြတဲ့ ကုန်သည်များမှာ အဓိကပါဝင်နေသလို ဆန်စပါးလုပ်ငန်းနှင့် ဆက်စပ်နေသော ကာယ၊ ဉာဏ အလုပ်သမားများ၊သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနဲ့ လယ်ယာသုံး ဆန်စက်သုံး စက်ကိရိယာများ ထုတ်လုပ်တင်သွင်းရောင်းချသူများလည်း ပါဝင်နေကြပါတယ်။ ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးလာပါက တိုင်းပြည်အတွက် စီးပွားရေးဖြစ်ထွန်းလာမှာဖြစ်သလို စားသောက်ကုန်၊ လူသုံးကုန်၊ ပရိက္ခရာဆိုင်နှင့် ရွှေဆိုင်ပါမကျန် အရောင်းအဝယ်ကောင်းလာမှာဖြစ်လို့ ဆန်စပါးလုပ်ငန်းဟာ အလွန်အရေးပါကြောင်း အားလုံးက လက်ခံရမှာ ဖြစ်ပါတယ်။

ထိုဆန်စပါးလုပ်ငန်းမှာ ဆန်ဖြူတွေကို အဆင့်မြင့်စက်ကြီးတွေနဲ့ ကြိတ်ခွဲထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေသလို အဆင့်မြင့် ပေါင်းဆန်ကြိတ်ခွဲထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချမှုများလည်း ရှိပါတယ်။ ၎င်းအထဲမှ မြန်မာ့ပေါင်းဆန်ရဲ့ ရာဇဝင်ကို လေ့လာကြည့်ရာ မြန်မာနိုင်ငံမှာ ၁၉၂၀ ခုနှစ်တွင် ဦးဖိုးဆင်နှင့်သားများက ဧရာဝတီတိုင်း ဟင်္သာတမြို့ ဖာတရာစေ ဆန်စက်တွင် စမ်းသပ်ကြိတ်ခွဲခဲ့ပြီး ၁၉၃၅ ခုနှစ်တွင် ဟင်္သာတခရိုင်အတွင်းရှိ ဆန်စက်များက ပေါင်းဆန်ကို တွင်ကျယ်စွာ ထုတ်လုပ်ခဲ့ပါကြောင်း၊ ဂျပန်ခေတ်မှာတော့ စစ်ဘေး၊ စစ်ဒဏ်ခံရပြီး ဆန်စပါးလုပ်ငန်းကျဆင်းခဲ့သလို ပြည်ပသို့ ပေါင်းဆန်တင်ပို့မှုလည်း ရပ်ဆိုင်းခဲ့ရကြောင်း၊ ၁၉၄၇ ခုနှစ်မှာ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနဲ့ ပဲခူးတိုင်းတို့တွင် ပုဂ္ဂလိကဆန်စက်များ၌ ပေါင်းဆန်ကြိတ်ခွဲ ထုတ်လုပ်မှုများ ပိုမိုလုပ်ကိုင်လာခဲ့ကြောင်း သိရှိရပါတယ်။ ၁၉၃၄-၃၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပကို စပါးတန်ချိန် နှစ်သိန်းကျော်နဲ့ ဆန်တန်ချိန် ၃၃ သိန်းကျော် တင်ပို့ခဲ့စဉ်ကပေါင်းဆန်တန်ချိန် ရှစ်သိန်းကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် မြန်မာနိုင်ငံမှာ ပေါင်းဆန်ထုတ်လုပ်တဲ့စက် မြောက်မြားစွာရှိခဲ့ကြောင်း သိသာထင်ရှားခဲ့ပါတယ်။ အဲဒီအချိန်က ကမ္ဘာမှာ မြန်မာနိုင်ငံဟာ ဆန်တန်ချိန်အများဆုံး တင်ပို့ခဲ့တဲ့နိုင်ငံဖြစ်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ် ဆန်စပါးမူဝါဒပြောင်းလဲပြီးနောက်ပိုင်းမှာ နိုင်ငံတော်မှ ဆန်စပါးဝယ်/သယ်/သို/ကြိတ် ပြည်ပတင်ပို့ခြင်းလုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပြီး ပြည်ပသို့ ဆန်တင်ပို့မှု လျော့နည်းခဲ့သလို ပေါင်းဆန်ထုတ်လုပ် တင်ပို့နိုင်ခြင်းမရှိတဲ့ အချိန်မှာ အိမ်နီးချင်းနိုင်ငံများက ပေါင်းဆန်ထုတ်လုပ်မှု လျင်မြန်စွာ တိုးတက်နေတာ သိရှိခဲ့ရပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ်ကစတင်ပြီး ခေတ်မီပေါင်းစပါးထုတ်လုပ်တဲ့ စက်များကို ဧရာဝတီတိုင်း၊ ဘိုကလေး၊ အိမ်မဲ၊ ကျိုက်လတ်မြို့တို့မှာ တည်ဆောက်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဇွန်လမှစ၍ ရုရှားဈေးကွက်သို့ ထိုးဖောက်တင်ပို့ခဲ့ရာ ယခုထက်တိုင် စဉ်ဆက်မပြတ်တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။

**ပေါင်းဆန်ဆိုသည်မှာ**

ပေါင်းဆန်ဆိုသည်မှာ စပါးကိုမကြိတ်ခွဲမီ သန့်စင်ခြင်း၊ ရေစိမ်ခြင်း၊ ရေနွေးငွေ့ဖြင့်ပေါင်းခြင်း (Pre-milling Heat Treatment) ပြုလုပ်ပြီး သန့်ရှင်းသန့်စင်နေတဲ့ ပေါင်းပြီး စပါးများအား စနစ်တကျကြိတ်ခွဲကာ အဆင့်ဆင့်သန့်စင်ခြင်း၊ ဆန်ကာတင်ခြင်း၊ရွေးချယ်ခြင်းများဆောင်ရွက်ထားတဲ့ အဆင့်မြင့် ဆန်ဖြစ်ပါတယ်။

**ပေါင်းဆန်ထုတ်လုပ်ပုံ**

ယခင်က ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ပေါင်းအိုးတစ်လုံးထဲမှာ ရေပူစိမ်ခြင်း၊ ရေနွေးငွေ့ပေါင်းခံခြင်း ပြုလုပ်တဲ့ နည်းစနစ်ဖြင့် အသုံးပြုခဲ့ကြောင်း နောက်ပိုင်းကာလတွင် အနံ့မဲ့ပေါင်းဆန်ကို ခေတ်မီ အဆင့်မြင့် နည်းပညာများနဲ့ စပါးကိုပေါင်းခံထားခြင်းကြောင့် ရှေးယခင်ထုတ်လုပ်သော ပေါင်းစပါးကဲ့သို့ အနံ့မရှိဘဲ ထွက်ရှိလာတဲ့ အနံ့မဲ့ပေါင်းစပါးကို ခေတ်မီဆန်ဖြူစက်၊ ဆန်အရောင်တင်စက်၊ ဆန်အရောင်ရွေးစက် (Stake )ဂျပန် စက်ကြီးများဖြင့် ကြိတ်ခွဲထုတ်လုပ်ခဲ့ပါတယ်။ နယ်စက်တွေမှာ ကြိတ်ခွဲထုတ်လုပ်တဲ့ ပေါင်းဆန်ကို ပြည်ပကိုတိုက်ရိုက်တင်ပို့လို့မရတဲ့အတွက်ရန်ကုန်ရှိ အဆင့်မြင့်ခေတ်မီစက်တွေမှာ ပြန်လည်ကြိတ်ခွဲထုတ်လုပ်ပြီးမှ ပြည်ပကို တိုက်ရိုက်တင်ပို့နေကြပါတယ်။

**ပေါင်းဆန်ထုတ်လုပ်ရန် ပြည်ပနိုင်ငံများနှင့် ဆန်စက်အသင်း ချိတ်ဆက်**

အဆင့်မြင့်ပေါင်းဆန်ထုတ်လုပ်တင်ပို့ရန်အတွက် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းအနေနဲ့ လုပ်ငန်းရှင်များနှင့် ဆွေးနွေးရာ လုပ်ငန်းရှင်များက ပေါင်းဆန်ဟာ ပြည်တွင်းစားသုံးမှုနည်းတယ်၊ ဈေးကွက်မှာ အလွယ်တကူ ဝယ်ယူမရနိုင်သလို ပေါင်းဆန်ရဲ့ အာဟာရဓာတ်ကြွယ်ဝမှုကိုလည်း လူတွေအသိပညာနည်းသေးတယ်။ ပေါင်းဆန်စက်တွေဟာ ဆန်ဖြူစက်တွေထက် အရင်းအနှီး ပိုမိုစိုက်ထုတ်ရတယ်။ လုပ်ငန်းရှင် တော်တော်များများကလည်း Trading လုပ်ငန်းကိုပဲ လုပ်ကိုင်ကြတာများတယ်။ ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် ဈေးကွက်သေချာတဲ့ ပေါင်းဆန်ထုတ်လုပ်ဖို့နဲ့ ပြည်ပတင်ပို့မယ်ဆိုရင်တော့ ပေါင်းဆန်ကို ထုတ်လုပ်ဖို့လိုမယ်လို့ ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီလိုဆွေးနွေးပြီးနောက် အိန္ဒိယနိုင်ငံမှ စက်ပိုင် ၁၄ ဦးက မြန်မာနိုင်ငံမှာရှိတဲ့ ပေါင်းဆန်ကြိတ်ခွဲထုတ်လုပ်တဲ့နေရာများကို လာရောက်လေ့လာခဲ့ကြသလို MAPCO အများပိုင်ကုမ္ပဏီမှလည်း အိန္ဒိယနိုင်ငံမှ တန် ၅၀ ကျပေါင်းဆန်ထုတ်လုပ်တဲ့ စက်တွေကို မှာယူတည်ဆောက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အသင်းကြီးမှ သိရှိရပါတယ်။

**အာဟာရအတွက် ပေါင်းဆန်အရေးပါမှု**

ပေါင်းဆန်ဟာ ရိုးရိုးဆန်တွေထက် ဗီတာမင် ဘီဝမ်း၊ ဗီတာမင် ဘီတူး၊ နိုင်ယာစင်နှင့် သတ္တုဓါတ်တွေ ပိုပြီး ကြွယ်ဝတာကြောင့် အာဟာရနှင့် ကျန်းမာရေးရှုထောင့်အရ စားသုံးသူများအနေဖြင့် အလေးထား စားသုံးသင့်ကြောင်း၊ အကြိုအချက်ခံပြီး အိုးတက်ကြောင်း၊ ထမင်းဟာ တာရှည်ခံပြီး မသိုးလွယ်ကြောင်း၊ ဒါကြောင့် စီးပွားရေးရှုထောင့်ကပဲကြည့်ကြည့်၊ ကျန်းမာရေးရှုထောင့်ကပဲ ကြည့်ကြည့် ပေါင်းဆန်ဟာ စားသုံးသူတွေကို အကျိုးပြုကြောင်း သိရှိရပါတယ်။

**ပေါင်းဆန်ရဲ့ အကျိုးကျေးဇူး**

စပါးကိုပေါင်းပြီး ပေါင်းဆန်အဖြစ် ကြိတ်ခွဲခြင်းအားဖြင့် ဆန်ဟာ အကျိုးအကြေနည်းကာ ဆန်ထွက် ပိုများကြောင်း၊ ဥပမာ စပါးတင်း ၁၀၀ ကို ရိုးရိုးကြိတ်ခွဲမယ့်အစား ပေါင်းဆန်အဖြစ်ကြိတ်ခွဲပါက ဆန် ၁၀ တင်း လောက်ပိုပြီးထွက်ကြောင်း၊ ဒါကြောင့် ဆန်ကုန်သည်တွေအတွက် အကျိုးရှိတဲ့အပြင် တစ်နိုင်ငံလုံးအနေနဲ့ တွက်မယ်ဆိုရင် ဆန်တင်းပေါင်းများစွာ ပိုထွက်လာနိုင်တာမို့ နိုင်ငံရဲ့ ရိက္ခာဖူလုံရေးအတွက်လည်း အထောက်အကူပြုပါကြောင်း မြန်မာနိုင်ငံ ဆန်စက် လုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးသောင်းဝင်းက ပြောပါတယ်။

**စီးပွားရေးအရ တွက်ခြေကိုက်သည့် ပေါင်းဆန်**

ပေါင်းဆန်ဟာ အကြိတ်ခံတဲ့အတွက် အရည်အသွေးမြင့်မြင့် ကြိတ်ဖွပ်နိုင်တာကြောင့် ပြည်ပရောင်းဈေး ပိုရသလို အရောင်းအဝယ်လည်းသွက်တာကြောင့် ပြည်ပဆန်တင်ပို့သူများအနေနဲ့ စီးပွားရေးအရ တွက်ခြေကိုက်ကြောင်း၊ ပေါင်းဆန် ကြိတ်ဖွပ်ရာတွင် ဆန်ထွက်နှုန်းပိုကောင်းသဖြင့် ဆန်စက်လုပ်ငန်းရှင်များပါ တွက်ခြေကိုက်နိုင်ကြောင်း၊ ပေါင်းဆန်ထုတ်လုပ်ရောင်းချခြင်းကြောင့် စီးပွားရေးအရ တွက်ခြေကိုက်တဲ့အတွက် စပါးဈေးပိုပေးနိုင်လာပြီး တောင်သူလယ်သမားများလည်း စပါးဈေးပိုရလာသဖြင့် တွက်ခြေကိုက်လာမည်ဖြစ်ကြောင်း၊ ပေါင်းဆန်အဖြစ် ကြိတ်ခွဲရာမှာ ရေနွေးငွေ့လွှတ်ပေးရခြင်း၊ အခြောက်လှန်းရခြင်းတို့အတွက် အချိန်၊ နေရာ၊ လုပ်ငန်းအဆင့်ပိုများပြီး စရိတ်စက ပိုပေမယ့် ဆန်အထွက်များခြင်း၊ နိုင်ငံတကာဈေးကွက်မှာ ဈေးပိုရခြင်းတို့ကြောင့် စီးပွားအရ တွက်ခြေကိုက်နိုင်ကြောင်း၊ ပေါင်းဆန်ကြိတ်ဖွပ်ရာမှ ထွက်ရှိလာတဲ့ ဖွဲနုဟာ ဆန်ဖြူကြိတ်ရာမှ ထွက်လာတဲ့ ဖွဲနုထက် ဖွဲနုဆီ ပိုမိုပါဝင်ခြင်း၊ ဖွဲနုဆီထုတ်လုပ်ရန် စီးပွားရေး တွက်ခြေကိုက်ခြင်းတို့ကြောင့် ပေါင်းစက်များ ဖွံ့ဖြိုးလာပါက ဖွဲနုဆီစက်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း ပေါင်းဆန်ထုတ်လုပ်သူတစ်ဦးက ပြောပါတယ်။

**ပြည်တွင်းဈေးကွက် အခြေအနေ**

မြန်မာနိုင်ငံ ပြည်တွင်းမှာ ပေါင်းဆန်စားသုံးမှုဟာ အလွန်နည်းပါးကြောင်း၊ အဓိကအချက်က စားနပ်ရိက္ခာဖူလုံသော နိုင်ငံဖြစ်တဲ့အတွက် မြန်မာတို့ဟာ ပေါင်းဆန်ကို စားသုံးသော အကျင့်မရှိဘဲ အနံ့အရသာ ရှိသော ရိုးရိုးဆန်ဖြူကိုသာ စားသုံးမှုများခြင်း၊ အရင်က ရေစိုမိုးမိ အကျိုးအကြေများသော စပါးညံ့များကိုသာ ပေါင်းဆန်အဖြစ် ပြုလုပ်ခဲ့သဖြင့် ပေါင်းဆန်ဟာ အနံ့မကောင်း၊ ဖွယ်တယ်တယ်၊ အဆီအနှစ်မရှိလို့ ယူဆထားတဲ့အတွက် ပေါင်းဆန်ကို စားသုံးမှု အလွန်ပင်နည်းပါးလှပါတယ်။ ဒါကြောင့်လည်း ပြည်တွင်းဖြန့်အား အလွန်နည်းပါးသဖြင့် ပေါင်းဆန်ကို ပြည်တွင်းမှာစားသုံးတတ်တဲ့ အလေ့အထတွေ ပိုမိုများပြားလာစေဖို့ ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းအနေနဲ့ ပေါင်းဆန်ကို ပြည်သူများအကြား တွင်ကျယ်စွာ အသုံးပြုလာစေရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးသောင်းဝင်းက ပြောပြပါတယ်။

**ပြည်ပသို့ ထိုးဖောက်မှု**

၂၀၀၀ ပြည့်နှစ် နောက်ပိုင်း ပေါင်းဆန်ကြိတ်ခွဲထုတ်လုပ်မှု ရပ်ဆိုင်းခဲ့ရသော်လည်း ၂၀၁၁ ခုနှစ်မှစတင်ကာ ခေတ်မီပေါင်းဆန်ထုတ်လုပ်တဲ့စက်ရုံများ တည်ဆောက်ခဲ့တဲ့အတွက် ၂၀၁၁ ခုနှစ် ဇွန်လမှစ၍ ရုရှားနိုင်ငံသို့ စဉ်ဆက်မပြတ်တင်ပို့ရောင်းချခဲ့ပါတယ်။ ပေါင်းဆန်တစ်တန်ကို ကန်ဒေါ်လာ ၅၅၀ မှ ၆၀၀ အထိ ဈေးကောင်းရရှိခဲ့ပေမယ့် နောက်ပိုင်းကာလမှာ ရုရှားဈေးကွက်အခြေအနေအရ ရုရှားနိုင်ငံမှာ ငွေကြေးဖောင်းပွမှုတွေရှိပြီး စီးပွားရေးအရ တွက်ခြေကိုက်မှု နည်းသွားလို့ ရုရှားဘက်မှ ဝယ်လိုအားအေးသွားတဲ့အတွက် ဥရောပဈေးကွက်သို့ ဈေးကွက်ရှာပြီး တင်ပို့ရောင်းချခဲ့ရာ GSP အခွင့်အရေးကြောင့် တစ်တန်ကို ကန်ဒေါ်လာ ၄၄၅ အထိ ဈေးရပြီး ယခုထက်တိုင် တင်ပို့ရောင်းချနေကြောင်း သိရှိရပါတယ်။

**အဆင့်မြင့်ပေါင်းဆန်စက်များ တိုးချဲ့လာ**

ပြည်ပဈေးကွက်မှာ ပေါင်းဆန် အလားအလာကောင်းတာကြောင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းရဲ့ စည်းရုံးဆောင်ရွက်မှုနဲ့ မြန်မာနိုင်ငံအတွင်းရှိ တိုင်းနှင့် ပြည်နယ်များမှာ

ပေါင်းဆန်ထုတ်လုပ်ရန် ပေါင်းဆန်စက်များကို တိုးချဲ့တည်ဆောက်ခဲ့ပါတယ်။ အခုအချိန်ထိ ဧရာဝတီတိုင်းမှာ ပေါင်းဆန်စက် ၂၁ လုံး၊ ပဲခူးတိုင်းမှာ ၁၁ လုံး၊ နေပြည်တော်မှာ တစ်လုံး၊ ရခိုင်ပြည်နယ်မှာ တစ်လုံး၊ စုစုပေါင်း ပေါင်းဆန်စက် ၃၄ လုံးဖြင့် ပေါင်းဆန်ကြိတ်ခွဲထုတ်လုပ်မည်ဖြစ်ကြောင်း၊ လက်ရှိမှာတော့ အဲဒီစက်တွေထဲက ၁၄လုံး သာလည်ပတ်နေပြီး ကျန်စက်ရုံ ၂၀ ကတော့ တည်ဆောက်ဆဲပေါင်းစက်များဖြစ်ကြောင်း အသင်းရုံးမှ တာဝန်ရှိသူကပြောပါတယ်။

**ပေါင်းဆန်ရဲ့ အားသာချက်**

မြန်မာလူမျိုးတို့သည် အရည်အသွေးမြင့် ဆန်ဖြူကိုသာ နှစ်သက်စွာ စားသုံးကြကြောင်း၊ အရည်အသွေးမြင့် ဆန်ဖြူကို ကြိတ်ခွဲရာမှာ ဖွဲနုအလွှာကို ကုန်အောင်ကြိတ်ခွဲခြင်းကြောင့် အာဟာရဓာတ်များဖြစ်တဲ့ Dietary Fiber, Vitamin B1,B2, B3,B6, Vitamin E, Magnesium, Phosphorus, Potassium Selenium နှင့် Zinc များဟာ ဖယ်ထုတ်လိုက်တဲ့ ဖွဲနုအတွင်းသို့ ပါရှိသွားတာကြောင့် လူတို့အတွက် အာဟာရဖြစ်စေမည့် ဓာတ်များ ဆုံးရှုံးသွားနိုင်ကြောင်း၊ ပေါင်းဆန်ကတော့ ပေါင်းဆန်ထုတ်လုပ်ခြင်းနည်းပညာမှာ ဖွဲနုအတွင်းရှိ အာဟာရများကို ဆန်သားအတွင်းသို့ ဝင်ရောက်သွားအောင် စပါးအား ရေပူစိမ်ခြင်း၊ ရေနွေးငွေ့ဖိအားဖြင့် ပေါင်းခံခြင်းနှင့် အခြောက်ခံခြင်းစတဲ့ လုပ်ငန်းအဆင့်ဆင့်တို့ကြောင့် ဖွဲနုအတွင်းရှိ အာဟာရဓါတ်များဟာ ဆန်သားအတွင်းသို့ ဝင်ရောက်သွားပြီး အာဟာရပြည့်ဝသော ပေါင်းဆန်ကို ရရှိပါတယ်။ ဒါကြောင့် ပေါင်းဆန်ဟာ ရိုးရိုးဆန်ဖြူထက် ဗီတာမင်ဓါတ်များ ပိုမိုပါဝင်သဖြင့် ကျန်းမာရေး ရှုထောင့်အရလည်းကောင်း၊ စီးပွားရေးရှုထောင့်အရလည်းကောင်း၊ အားသာချက်ရှိနေတာကတော့ ငြင်းမရတဲ့ အနေအထားလည်း ဖြစ်ပါတယ်။

**အာဟာရပြည့်ဝ ကျန်းမာဖို့ ပေါင်းဆန်စားကြစို့**

မြန်မာနိုင်ငံတွင် ကျန်းမာရေးရှုထောင့်အရ ပြည်သူများ ပေါင်းဆန်ကို ယုံကြည်စွာ စားသုံးလာစေရန် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ စိတ်ကျန်းမာရေးဌာန၊ တပ်ရိက္ခာနှင့် သင်တန်းကျောင်းတွေကို ပေါင်းဆန်နမူနာအဖြစ်ပေးပြီး အာဟာရဓာတ်ဖြည့်ပေးဖို့ အသင်းမှစီစဉ်နေသလို ပေါင်းဆန် ၂၅ မှတ်ထုတ်လုပ်လျက် ပြည်တွင်းဆန်ဖြူ ၂၅ မှတ် ဈေးနှုန်းအတိုင်း ရောင်းချပေးနိုင်ဖို့လည်းအသင်းမှ ကြိုးစားနေကြောင်း၊ငွေကြေးပြည့်စုံပြီး ကျန်းမာရေး ရှုထောင့်အရ စားသုံးလိုသူများအတွက်လည်း တန်းမြင့်ပေါင်းဆန်များကို စူပါမားကက်ကုန်တိုက်ကြီး များမှာ ၂၀၁၆ ခုနှစ်ဆန်းပိုင်းမှ စတင်ပြီး လွယ်ကူစွာ ဝယ်ယူစားသုံးနိုင်ဖို့ စီစဉ်နေကြောင်း၊ လက်ကားဈေးကွက်သာမက လက်လီဈေးကွက်တွေမှာပါ ပေါင်းဆန်ဖြန့်ဖြူး ရောင်းချဖို့ စီစဉ်နေကြောင်း၊ ပေါင်းဆန်ရဲ့ အားသာချက်များကို မြန်မာပြည်သူပြည်သားများ ကျယ်ပြန့်စွာ သိရှိနိုင်စေရန် မြန်မာ့အသံ၊ MRTV သတင်း၊ ဂျာနယ်နှင့် မီဒီယာများမှတစ်ဆင့် ပညာပေးအစီအစဉ်များ၊ ကြော်ငြာအခန်းကဏ္ဍများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသင်းရဲ့ အထွေထွေအတွင်းရေးမှူး ဦးသောင်းဝင်းက ပြောပါတယ်။

ပေါင်းဆန်ဟာ အရင်ကဆိုရင် အမျိုးအစားညံ့တဲ့ စပါးတွေကိုသာ ပေါင်းဆန်အဖြစ် ကြိတ်ခွဲရောင်းချခဲ့တာကြောင့် အနံ့အသက်ရှိပေမယ့် အခုထုတ်လုပ်တဲ့ ပေါင်းဆန်ကတော့ အမျိုးအစားကောင်းတဲ့ ဆင်းသွယ်လတ်၊ ရတနာတိုး စတဲ့ စပါးကောင်းတွေကို အဆင့်မြင့်နည်းပညာဖြင့် ကြိတ်ခွဲထားပြီး အနံ့အသက်လည်းကောင်းအောင် နည်းပညာဖြင့် ထုတ်လုပ်ထားတာဖြစ်လို့ ပေါင်းဆန်ဟာ အာဟာရတန်ဖိုးမြင့်မားပြီး ကျန်းမာရေးအတွက် အထောက်အကူပြုတဲ့ ပေါင်းဆန်ကို ရွေးချယ်စားသုံးကြဖို့ လိုအပ်ကြောင်း ရေးသားလိုက်ရပါတယ်။

စာမျက်နှာ- ၃ အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ပဲမျိုးစုံနှင့်. . . မှ အဆက်

မကွေးတိုင်းဒေသ ကြီးဦးစီးမှူး ဦးမြင့်ဇော်ဦး၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန တို့မှ အရာရှိကြီးများ၊ ပဲနှမ်းအသင်း၊ ဆီထွက်သီးနှံ အသင်းများမှ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအားလုံး စုံညီစွာတက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် CBI ကိုယ်စားလှယ် Mr. Bertus Johannes Ottens တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားပြီး၊ မြန်မာနိုင်ငံမှ ပဲမျိုးစုံ နှင့် ဆီထွက်သီးနှံများ၊ တန်ဖိုးမြင့်တင် ထုတ်လုပ်၍ အီးယူနိုင်ငံများသို့ တင်ပို့နိုင်ရေး တက်ရောက်လာသူများမှ အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

**ရန်မျိုးအောင်**

# ကံစမ်းမဲအထူးဆု(လင့်ခရူဇာကား) ရရှိသူနှင့် နဝမမြောက်ကံစမ်းမဲအစီအစဉ်တွင် ဆုရရှိသည့် ရန်ကုန်မြို့မှ ကံထူးရှင်များအား MPT က ဆုများချီးမြှင့်




မြန်မာဆက်သွယ်ရေးလုပ်ငန်း MPT က ပျော်ရွှင်ကံထူးနှစ်သစ်ကူး အစီအစဉ်တွင် ကံစမ်းမဲအထူးဆု (လင့်ခရူဇာကား)ရရှိသူနှင့် နဝမမြောက်ကံစမ်းမဲအစီအစဉ်တွင် ဆုရရှိသည့် ရန်ကုန်မြို့မှ ကံထူးရှင်များ အားဆုချီးမြှင့်သည့် အခမ်းအနားကို ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်းရှိ MPT ရုံးချုပ်တွင် ဇန်နဝါရီ ၁၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆုချီးမြှင့်ပွဲအခမ်းအနား တွင် နဝမမြောက်နှင့်နောက်ဆုံးအကြိမ် အဖြစ် ရန်ကုန်မြို့ Junction Square တွင် ဇန်နဝါရီ ၉ ရက်ကပြုလုပ်ခဲ့ရာ ယင်းကံစမ်းမဲအစီအစဉ်တွင် မဲပေါက်သူများအနက် ရန်ကုန်မြို့မှ ကံထူးရှင် ၁၄ ဦးနှင့် အထူးဆု တိုယိုတာလင့်ခရူဇာကား ကံထူးရှင် မွန်ပြည်နယ်၊ မုတ္တမမြို့မှ ကိုကျော်ဝင်းလှိုင်တို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အထူးဆုကံထူးရှင် ကိုကျော်ဝင်း လှိုင်က "ကျွန်တော် ဒီဆုကို ရတယ်လို့ ဖုန်းဆက်ပြောတော့ ပထမ မယုံဘူး။ နောက်တစ်ခါ ထပ်ပြောတော့ အရမ်းဝမ်းသာလွန်းလို့ လက်ထဲကဖုန်းကိုတောင် လွှင့်ပစ်လိုက်မိတယ်။ ပြီးမှ ပြန်ကောက်ပြီးပြန်ဆက်ရတယ်။ ကံစမ်းမဲပေါက်တဲ့အတွက် MPT ကို ကျေးဇူးတင်ပါတယ်။ နောက်များမှာလည်း MPT က အခုလို ကံစမ်းမဲအစီအစဉ်တွေ အများကြီး လုပ်ပေးနိုင်ပါစေလို့ ပြောချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ရန်ကုန်မှ ကံထူးခဲ့ကြသည့် iPhone 6s ကံထူးရှင်ဖြစ်သော မမိုးမိုးအေး၊ iPad Air 2 ကံထူးရှင် များဖြစ်ကြသော ကိုထင်ကျော်၊ မဇင်မာထွေးနှင့် မဟန်နီထွန်း၊ တစ်ကျပ်သားရွှေဆွဲကြိုး ကံထူးရှင်များဖြစ်ကြ သော မလဲ့လဲ့မျိုးမြတ်၊ ကိုအောင်လှိုင်ဦး၊ ဦးအောင်ကြိုင်နှင့် ကိုကျော်လင်း၊ SONY လက်မ ၄၀ တီဗွီကံထူးရှင်များဖြစ်ကြသော ဦးသန်းလှိုင်၊ ဒေါ်လှမြင့်နှင့် မဇာဇာသန်းတို့ကို MPT မှ တာဝန်ရှိသူအသီးသီးက ဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

**မယ်သီတာ**

စာမျက်နှာ- ၃ 3rd India-CLMV Business Conclave သို့. . . မှ အဆက်

တိုက်တွန်းပြောကြားခဲ့ပြီး အိန္ဒိယနိုင်ငံမှလည်း ကူညီထောက် ပံ့မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြီးတန်းဝန်ကြီး Mr.Sun Chanthol; လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံမှ စီးပွားရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Somchinth INTHAMITH; ဗီယက်နမ်ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Nguyen Camtu တို့လည်း တက်ရောက်ခဲ့ပြီး နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့ရေး ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများ၊ ဒေသတွင်း ပေါင်းစည်းရေးဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ဆက်လက်၍ ဆွေးနွေးပွဲများကို အပိုင်းလိုက်ကျင်းပခဲ့ရာ လမ်းပန်းဆက်သွယ်မှု ချိတ်ဆက်ရေး၊ ရင်းနှီးမြှုပ်နှံမှု နှင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍ ဦးစားပေး ပေါင်းစည်းနိုင်မည့် စီးပွားရေးကဏ္ဍများ ဖော်ထုတ်ရေးတို့ကို အဓိကဦးတည် ၍ ဆွေးနွေး ခဲ့ကြပါသည်။

အစည်းအဝေးသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်၊ ရခိုင်ပြည်နယ် ကုန်သည်အသင်း၊ သကြားအသင်း၊ ကမ္ဘောဇလေကြောင်းလိုင်း၊ ဧရာဝတီဘဏ်၊ Blue Ocean ကုမ္ပဏီတို့မှ တာဝန်ရှိသူများလည်း လိုက်ပါသွားကြကြောင်း သတင်းရရှိပါသည်။

**အောင်စိုး (CMP)**

စာမျက်နှာ- ၃ မန္တလေးဒေသတွင် MITS မှ ဓာတ်ခွဲခန်းဖွင့်လှစ်ကာ . . . မှ အဆက်

အရည်အသွေးစံချိန်စံညွှန်းမီထုတ်ကုန်ပစ္စည်းများထုတ်လုပ်ကာ ပို့ကုန်တန်ဖိုး ပိုမိုရရှိနိုင်ရန်မျှော်မှန်း ဆောင်ရွက်သွားကြဖို့လိုပါကြောင်း အဖွင့်အမှာစကားပြောကြားပါတယ်။ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူ ရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးလှမော်ဦးက MITS ဓာတ်ခွဲခန်းအနေဖြင့် ပြည်ပပို့ကုန်ပစ္စည်းများ အရည်အသွေးစစ်ဆေးခြင်းနဲ့သွင်းကုန်ပစ္စည်းများ အရည်အသွေးပြည့်မီခြင်းရှိ၊ မရှိ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဈေးကွက်ကြီးမားတဲ့ နိုင်ငံနှစ်နိုင်ငံအကြားတွင်ရှိတဲ့အတွက် ကုန်သွယ်မှုစနစ်တကျ ဆောင်ရွက် ခြင်းမရှိပါက ကုန်သွယ်မှုအခွင့်အလမ်းများဆုံးရှုံးသွားနိုင်ပါကြောင်း၊ စီးပွား/ကူးသန်းဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုတွင်အဓိကအချက်လေးချက်ဖြင့် ဆောင်ရွက်လျက်ရှိပြီး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကိုဦးစားပေး တာဝန်ယူဆောင်ရွက်နေပါကြောင်း၊ နိုင်ငံ၏ကုန်သွယ်မှုပမာဏကိုကြည့်ရင် ပို့ကုန်ပမာဏထက် သွင်းကုန်ပမာဏက ပိုများနေတာတွေ့ရှိရပါကြောင်း၊ ကုန်သွယ်မှုတွင် ပို့ကုန်ပမာဏလျော့နည်းလာခြင်းအပေါ်ကာကွယ်နိုင်ရန် Re-export လုပ်ငန်းဖြင့် ပို့ကုန်တန်ဖိုး ပိုမိုရရှိရေးလုပ်ငန်းများလည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့အချိန်တွင် Mobile Team အဖွဲ့ ရပ်နားလိုက်တဲ့အတွက် သွင်းကုန်များပိုမိုဝင်ရောက်လာပါကြောင်း၊ မူဆယ်နယ်စပ်စခန်းမှာ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) နှင့်စားသုံးသူရေးရာ ဌာနခွဲမှ ဝန်ထမ်းများ ပူးပေါင်းပြီး သွင်းကုန်များအားစစ်ဆေးစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားပါတယ်။

MITS အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဆွေက MITS ဓာတ်ခွဲခန်းဟာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်မှာတည်ရှိပြီး၊ မြန်မာပြည်အထက်ပိုင်းထုတ်ကုန်ပစ္စည်းများအား စမ်းသပ်စစ်ဆေးပေးရန်နဲ့ မူဆယ်သို့ တင်ပို့တဲ့ လယ်ယာထွက်ကုန် သစ်သီးဝလံများရဲ့ အရည်အသွေးကို ဓါတ်ခွဲစမ်းသပ်ပြီးမှတင်ပို့ပါကသီးနှံတန်ဖိုး ပိုမိုရရှိလာစေရန်နဲ့ ဆုံးရှုံးမှုလျော့နည်းစေရန်လည်းကောင်း၊ ပြည်ပမှ တင်သွင်းလာသော ကုန်ပစ္စည်းများကို အရည်အသွေးစစ်ဆေးပေးခြင်းဖြင့် ပြည်တွင်းစားသုံးသူများနဲ့ ကုန်ထုတ်လုပ်ငန်းများအား အကာအကွယ်ပေးနိုင်တဲ့ အထောက်အကူပြုဓာတ်ခွဲခန်းတစ်ခုဖြစ်လာစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်းပြောကြားပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနနဲ့ မြန်မာကုန်ပစ္စည်းစစ်ဆးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် MITS တို့ပူးပေါင်းကာဖွင့်လှစ်သည့် မန္တလေးဓါတ်ခွဲခန်း အနေဖြင့် မန္တလေးဒေသမှ ထွက်ရှိတဲ့ သီးနှံအရည်အသွေးစံချိန်စံညွှန်းများအားစစ်ဆေးပြီးတင်ပို့ခြင်းဖြင့် ပို့ကုန်တန်ဖိုးပိုမိုရရှိစေရေးနဲ့ ဒေသတွင်း သာမက ပြည်ပမှတင်သွင်းရောက်ရှိလာသော စားသုံးဆီများအား စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်ရည်ရွယ်ကာ ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရှိရပါတယ်။

**ယဉ်ယဉ်ရွှေ-မန္တလေး**

## ပြောင်း



### မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ပြောင်းတင်ပို့မှု အနည်းငယ်လျော့ကျ

၂၀၁၆ ခုနှစ်ရဲ့ ဇန်နဝါရီပထမပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၇ ဒသမ ၃၃၂ သန်းဖိုးရှိ ပြောင်းတန်ချိန် ၃၁၉၀၀ နဲ့ ချင်းရွှေဟော်မှ ကန်ဒေါ်လာ သုည ဒသမ ၃၄၄ သန်းဖိုးရှိပြောင်းတန် ၁၅၀၀ တင်ပို့ခဲ့ပါတယ်။ ပြီးခဲ့တဲ့ သီးတင်းပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ ၃၆၆၈၁ တန်နဲ့ တာချီလိတ်မှ တန် ၁၀၀ ပို့ခဲ့တာကြောင့် ယခုတစ်ပတ် ပြောင်းတင်ပို့မှု ၃၃၈၁ တန် လျော့နည်းသွားတာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်ကို ယခင်တစ်ပတ်က ၂၉၈၈၁၄ ကျပ်မှ ၂၈၄၂၁၁ ကျပ်သို့ ထပ်မံကျဆင်းခဲ့ပြီး ထိုက်သင့်တဲ့ဈေးမရခဲ့ကြောင်း၊ ပြောင်းအဝင်ရှိသလောက် ရောင်းသူဈေးကွက် မဖြစ်ဘဲ ဝယ်သူဈေးကွက်သာဖြစ်နေကြောင်း ပြောင်းကုန်သည်တွေကပြောပါတယ်။

**မော်မော်အောင်**

### ရှမ်းပြောင်းကို ရှမ်းတောင်သူတို့ ဈေးထိန်းပြီး ရောင်းချနေ

ဒီတစ်ပတ် ရှမ်းပြောင်းက အဝင်နည်းသွားပါတယ်။ နယ်အစုံက ထွက်တဲ့ ပြောင်းတွေက ဈေးကွက်ကို ဝင်နေတော့ ပြောင်းဈေးကလည်း အေးလာပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်က တောင်သူတွေက ဈေးကွက်မှာ ထုတ်မရောင်းတော့ဘဲ၊ ထိန်းပြီးရောင်းနေလို့ အဝင်လည်းနည်းသွားတယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလကစပြီးတော့ ဈေးကတောက်လျှောက်ကျလာတယ်လို့လည်း သိရပါတယ်။ ရှမ်းတောင်က ပြောင်းကိုတော့ ရန်ကုန်၊ မန္တလေးကအဓိကဝယ်ယူပါတယ်။ အဲဒီဝယ်လက်တွေက တိရစ္ဆာန်အစာပြုလုပ်ဖို့ဝယ်တာလို့လည်းသိရပါတယ်။ တောင်ကြီးဈေးကွက်ကိုဝင်တဲ့ ပြောင်းတွေမှာတောင် တိရစ္ဆာန်အစာအတွက် သန့်စင်ပြီးထိပ်စတွေကိုသာ ဝယ်ယူပြီး အဲဒီထိပ်စတွေကိုတောင်မှ အစာစပ်ကုမ္ပဏီတွေက တစ်ခုနဲ့တစ်ခုဝယ်ယူတာတောင် မတူပါဘူး။

တက်ချောင်ကုမ္ပဏီက တစ်ပိဿာ ၃၉၅ ကျပ်-၄၀၀ ကျပ်၊ မေခကုမ္ပဏီက ၄၂၀ ကျပ်၊ စီပီကုမ္ပဏီက ၄၂၂ ကျပ်နဲ့ ဝယ်ယူတယ်လို့ သိရပါတယ်။ ရှမ်းပြောင်းကို အမြဲဝယ်ယူနေတဲ့ စီပီကုမ္ပဏီကတော့ တစ်နှစ်ကို တိရစ္ဆာန်အစာအတွက် တန်ချိန်နှစ်သောင်း၊ နှစ်သောင်းခွဲခန့်ဝယ်ယူလေ့ရှိပြီး၊ ဒီနှစ်လည်း ဝယ်ယူနေတာ သတ်မှတ်ထားတဲ့ တန်ချိန်ရဲ့ တစ်ဝက်သာ ဝယ်ရသေးတာကြောင့် နှစ်လပိုင်း၊ သုံးလပိုင်းအထိ ဆက်ပြီး ဝယ်ယူရဦးမှာလို့လည်း တာဝန်ရှိသူတစ်ဦးထံက သိရပါတယ်။ လောလောဆယ်တော့ ပြည်ပဝယ်လက် ဖြစ်တဲ့ မူဆယ်ဝယ်လက်တွေက ရှမ်းပြည်နယ်မြောက်ပိုင်းက ပြောင်းကိုသာ ဝယ်ယူနေလို့ ရှမ်းတောင်ပြောင်းက အရောင်းအဝယ်အနည်းငယ်အေးနေပြီး တစ်ပိဿာကို ၃၈၀ ကျပ်-၃၈၅ ကျပ်ဈေးပေါက်တယ်လို့ သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

## ဝါ

### မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ငွေချည်-၆ ဝါ ပြန်လည်တင်ပို့

ဇန်နဝါရီလ ပထမပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၆၄၂၇၅၀ တန်ဖိုးရှိ ငွေချည်-၆ ဝါဂွမ်း ၂၅၇ တန် ကျော် တင်ပို့ခဲ့ပါတယ်။ အောက်တိုဘာလက ဝါဂွမ်း ၁၅ တန် နောက်ဆုံးတင်ပို့ခဲ့ပြီး ယခုပြန်လည်တင်ပို့ခဲ့တာ ဖြစ်ပါတယ်။ ယခင်က ဝါဂွမ်း တစ်တန်ရဲ့ လိုင်စင်ဈေးဟာ ၂၂၀၀ ဒေါ်လာဖြစ်ပြီး ယခုပြန်လည်တင်ပို့တဲ့ အချိန်မှာတော့ တစ်တန်ကို ၂၅၀၀ ဒေါ်လာရှိတယ်လို့ သိရပါတယ်။

ငွေချည်-၆ ဝါ စိုက်ပျိုးမှုကို တောင်တွင်းကြီး၊ ပျော်ဘွယ်၊ ရမည်းသင်း၊ စလေ၊ ချောက်၊ အောင်လံ၊ ပေါင်းတည်နဲ့ ဝက်ထီးကန်ဒေသများမှာ အများဆုံးစိုက်ပျိုးကြပြီး တရုတ်နိုင်ငံဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### ဂျပန်နိုင်ငံသို့ ရော်ဘာ တန် ၁၀၀ ကျော်တင်ပို့

ဇန်နဝါရီလ ၃ ရက်မှ ၉ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၄၄၆ သန်းဖိုးရှိ ရော်ဘာ ၄၈၆ တန်တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ RSS-3 တန် ၂၇၀၊ MSR-20 တန် ၆၀ နဲ့ MSR-50 တန် ၂၀၊ ဂျပန်နိုင်ငံသို့ MSR-20 ၁၃၆ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၈၈ တန်ခန့်လျော့ ကျခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေး ဆက်လက်ကျဆင်းနေကြောင်း သိရပါတယ်။ မြန်မာ့ရော်ဘာ FOBဈေးကိုတော့ မပြောင်းလဲဘဲ ဆက်လက်စောင့်ကြည့်ဦးမယ်လို့ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားပါတယ်-

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၀၀၀-၁၁၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၉၅၀-၁၀၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၉၀၀-၁၀၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၈၅၀-၉၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၈၀၀-၉၀၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၉၀၀-၁၀၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၈၅၀-၉၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၇၅၀ - ၈၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၇၀၀ - ၈၀၀ |
| Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ | ၅၆၀ - ၆၅၀ |

**ယဉ်ယဉ်အေး**

### နှစ်စမှာ ရော်ဘာအပို့ရော ဈေးပါ လျော့ကျ

၂၀၁၆ခုနှစ် ဇန်နဝါရီလ ၂ ရက်မှ ၈ ရက်ထိကာလအတွင်း ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ သုည ဒသမ ၇၆၁ သန်းဖိုးရှိ ရော်ဘာ ၇၅၆ တန်ကျော် တင်ပို့ခဲ့ပြီး မူဆယ်ကုန်သွယ်ရေးဇုန်မှ RSS-3 ၅၅၃ တန်၊ MSR-50 ၁၀၁ တန်၊ ချင်းရွှေဟော်စခန်းမှ RSS-3 ၁၀၃ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခင်တစ်ပတ် တင်ပို့မှုထက် ၉၂ တန် လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ရော်ဘာတင်ပို့မှုလျော့သလို ဈေးနှုန်းလည်း ကျလာပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က RSS-3 တစ်တန် ၁၃၇၃၈၁၄ ကျပ်မှ ယခုတစ်ပတ်မှာ ၁၃၀၆၆၇၃ ကျပ်သို့ ဈေးကျလာပါတယ်။ ဒေသပေါက်ဈေးအနေနဲ့ မော်လမြိုင်မှာ RSS-3 ၁ တန်ကို ၁၂၇၈၀၀၀ ကျပ်နဲ့ RSS-5 တစ်တန်ကို ၁၀၅၇၀၀၀ ကျပ် ဈေးပေါက်ပါတယ်။

**ယဉ်ယဉ်အေး**

### ရော်ဘာဈေးကျဆင်းနေတဲ့ဒဏ်မှ ထိုင်းရော်ဘာစိုက်တောင်သူများ သက်သာမှုရှိစေရန် ထိုင်းအစိုးရအဖွဲ့က ရော်ဘာများကို သတ်မှတ်ဈေးတစ်ခုနဲ့ ဝယ်ယူပေးသွားရန်ဆုံးဖြတ်

ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုးချားက ရော်ဘာဈေးနှုန်းများ ကျဆင်းနေခြင်းနဲ့ စပ်လျဉ်း၍ ဖြေရှင်းပေးရမယ့်နည်းလမ်းကို အင်္ဂါနေ့တိုင်း ကျင်းပတဲ့ အစိုးရအဖွဲ့ အစည်းအဝေးမှာ တင်ပြခဲ့တယ်လို့ ထိုင်းသတင်းဌာနမှ သတင်းရရှိပါတယ်။

ထိုင်းဝန်ကြီးချုပ်က ဖြေရှင်းပေးရမယ့် နည်းလမ်းကို အစိုးရအဖွဲ့သို့ တင်ပြ ပေးသွားရမှာဖြစ်ကြောင်း၊ အကြောင်းရင်းက အစိုးရအနေနဲ့ ဘဏ္ဍာငွေအမြောက်အမြားသုံးစွဲသွားရမယ့်ကိစ္စ ပါဝင်နေတဲ့အတွက်ဖြစ်ကြောင်း သတင်းထောက်များနဲ့တွေ့ဆုံစဉ် ဇန်နဝါရီ ၁၂ ရက်က ပြောကြားလိုက်တာဖြစ်ပါတယ်။

ရော်ဘာဈေး ကျဆင်းနေမှုနဲ့ စပ်လျဉ်းတဲ့အဖြေရှာဖွေမှုဟာ ဆက်စပ်ပြဿနာများဖြစ်တဲ့ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုမှ ရောင်းချသည်ထိ ဖြစ်စဉ်များအားလုံးကို ဖြေရှင်းနိုင်ရေးထိ ဆောင်ရွက်သွားနိုင်အောင် အလေးထားလုပ်ဆောင်နေကြောင်း ဝန်ကြီးချုပ်က ပြောကြားပါတယ်။ ဆက်လက်ပြီး ဝန်ကြီးချုပ်က ဆက်စပ်ဝန်ကြီးဌာနများဟာ ရော်ဘာထုတ်ကုန်များ အမြင့်ဆုံးဈေးပေး ဝယ်ယူပေးခြင်းဖြင့် သဘာဝရော်ဘာကို ပြည်တွင်းသုံးစွဲမှု မြင့်တင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ညွှန်ကြားထားတယ်လို့ ပြောပါတယ်။

ထိုင်းအစိုးရအဖွဲ့အနေနဲ့လည်း ရော်ဘာစိုက်တောင်သူများထံမှ ရော်ဘာကို တစ်ကီလိုဂရမ်လျှင် ဘတ် ၆၀ (ကန်ဒေါ်လာ ၁ ဒသမ ၆၅ ဒေါ်လာ) အထိပေးပြီး တိုက်ရိုက်ဝယ်ယူပေးသွားမယ်၊ ဒီလိုဝယ်ယူပေးခြင်းအားဖြင့် ခုနစ်နှစ်တာကာလအတွင်း ရော်ဘာဈေးအနိမ့်ဆုံးသို့ ကျဆင်းနေတဲ့အတွက် မကျေမချမ်းဖြစ်နေတဲ့ ရော်ဘာစိုက်တောင်သူများကို ဖြေသိမ့်ပေးရာရောက်မယ်လို့ ယုံကြည်ထားတယ်လို့ ဇန်နဝါရီ ၁၂ ရက်က ထိုင်းအစိုးရအဖွဲ့က ပြောကြားပါတယ်။ ရော်ဘာတစ်ကီလိုဂရမ်ကို ဘတ် ၆၀ ထိဈေးနှုန်းနဲ့ ရော်ဘာအားလုံးကို ဝယ်ယူပေးမယ်လို့ အာမ မခံသော်လည်း ဒီဈေးနှုန်းနဲ့ ရော်ဘာတန်ချိန် နှစ်သိန်းထိသာဝယ်ယူပေးနိုင်မှာ ဖြစ်တယ်လို့ အစိုးရအဖွဲ့ကပြောပါတယ်။

ကမ္ဘာမှာ ရော်ဘာအများဆုံးတင်သွင်းတဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးအေးနေခြင်းကလည်း ရော်ဘာဈေးကျဆင်းနေစေတဲ့အကြောင်းတစ်ခုဖြစ်ပါတယ်။ ထိုင်းဝန်ကြီးချုပ်က အစိုးရဌာနများနဲ့ ဝန်ကြီးဌာနများအား ထိုင်းရော်ဘာကို ပိုမိုသုံးစွဲကြရန်နဲ့ ယခုနှစ် စီမံကိန်းများအတွက် တန်ချိန် တစ်သိန်းဝန်းကျင်ထိ သုံးစွဲပေးရန်လည်း တိုက်တွန်းထားတယ်လို့သိရပါတယ်။

ထိုင်းနိုင်ငံဟာ ကမ္ဘာမှာ ရော်ဘာအများဆုံး ထုတ်လုပ်တင်ပို့တဲ့နိုင်ငံဖြစ်ပြီး နှစ်စဉ် ရော်ဘာတန်ချိန် ၄ သန်းထုတ်လုပ်မှုအပေါ် ပြည်တွင်း၌ တန်ချိန် ၁ ဒသမ ၄ သန်းခန့်ထိ သုံးစွဲလျက်ရှိပါတယ်။ ရော်ဘာစိုက်ပျိုးတဲ့ မိသားစု ၈၀၀၀၀၀ ကို ဆန်အိတ်ပေါင်း ၄ သန်း ဖြန့်ဖြူးပေးသွားမယ်လို့ အစိုးရက ပြောကြားပါတယ်။

**CMK**

သင့်ကျန်းမာရေး

# အာဟာရချို့တဲ့ လွယ်သူများ အာဟာရ မျှတဖို့

ဒေါက်တာလွင်သန့်

**မေး။** ဘယ်လိုလူတွေက အာဟာရချို့တဲ့လွယ်သူများ ဖြစ်တယ်ဆိုတာ သိချင်ပါတယ်ဆရာ။ အာဟာရမျှတဖို့ ဘယ်လိုစားသင့်ပါသလဲ။

**ဦးဦးကျော် (မကွေး)**

**ဖြေ။** အာဟာရချို့တဲ့လွယ်သူများမှာ သုံးနှစ်အောက်ကလေး၊ မူကြိုအရွယ်ကလေး၊ ကိုယ်ဝန်ဆောင်နဲ့ နို့တိုက်မိခင်များ၊ အသက်ကြီးသူများ၊ နာတာရှည်ရောဂါရှိသူများဟာ အာဟာရချို့တဲ့လွယ်သူများဖြစ်ပါတယ်။

**ကလေးများ။** မိခင်နို့မစို့ရတဲ့ နို့စို့အရွယ်ကလေး၊ မွေးစကိုယ်အလေးချိန် မပြည့်တဲ့ကလေး၊ အမြွာပူးအစ်ကို၊ အစ်မများ အာဟာရချို့တဲ့မှုရှိခြင်း၊ ငါးယောက်မြောက်ကလေး(သို့) ကလေးတစ်နှစ်တစ်ယောက်မွေးတဲ့မိခင်နဲ့ ကလေးများ၊ အာဟာရချို့တဲ့လို့ ကိုယ်အလေးချိန်မှတ်တမ်းမှာ အနီရောင်ရှိတဲ့ ကလေး၊ မိဘတစ်ဦးတည်းရှိခြင်း၊ မိဘမရှိခြင်း(သို့) အိမ်ထောင်ပျက်(သို့) သေဆုံးခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း၊ မွေးရာပါချို့ယွင်းချက်ရှိတဲ့ ကလေးများ (နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ) ဝက်သက်၊ ကြက်ညှာ၊ ချောင်းဆိုးနှင့်ဝမ်းပျက်ဝမ်းလျှောကလေးများ၊ လစဉ်အလေးချိန်မှန်မှန်မတိုးဘဲ ကြီးထွားမှုရပ်တန့်နေတဲ့ကလေးများမှာ အာဟာရချို့တဲ့ တဲ့ကလေးများဖြစ်ပါတယ်။

**မိခင်များ။** ကိုယ်ဝန်ဆောင်စဉ် ပိန်ချုံးတဲ့အမေများ၊ ကိုယ်ဝန်ဆောင်စဉ် အလေးချိန်မတိုးတဲ့မိခင်၊ ကလေးနီးတဲ့မိခင်များ၊ မွေးပြီးခြောက်လအတွင်း ကိုယ်ဝန်ရှိခြင်း၊ ငယ်ရွယ်နုနယ်တဲ့ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငါးယောက်ထက်များတဲ့မိခင်များ၊ မွေးစကလေး ၂ ဒသမ ၅ကီလိုဂရမ် ထက်နည်းတဲ့ကလေးမိခင်များမှာ အာဟာရချို့တဲ့တာကို တွေ့နိုင်တယ်။

**မိသားစုများ -** လူမှုစီးပွားရေးဘဝ အခြေအနေအားနည်းလို့ ဝင်ငွေနည်းတဲ့ မိသားစုများပါဝင်ပါတယ်။

**အာဟာရချို့တဲ့မှုနဲ့ဆက်နွယ်နေတဲ့ရောဂါများ။** အာဟာရချို့တဲ့ရင် ခုခံအား ကျဆင်းလို့ ကူးစက်ရောဂါနဲ့ တခြားရောဂါများဝင်ရောက်နိုင်တယ်။ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ လတ်တလောအဆုတ်တွင်းပိုးဝင်ခြင်း၊ အဆုတ်တီဘီခုခံအားကျဆင်းမှုနှင့်နာတာရှည်ရောဂါများပါဝင်တယ်။

အာဟာရနဲ့ဆက်နွယ်တဲ့ နာတာရှည်ရောဂါများမှာ နေ့စဉ်စားသုံးနေတဲ့အစားအစာနဲ့ နာတာရှည်ရောဂါအချို့ဖြစ်ပွားပေါ်ပေါက်မှုတို့ နီးစပ်စွာ ဆက်နွယ်မှုရှိကြောင်း၊ အာဟာရသိပ္ပံပညာရှင်များရဲ့ လေ့လာစူးစမ်းချက်အရ သိရှိလာတယ်။ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သည်းခြေကျောက်တည်ရောဂါ၊ ကင်ဆာရောဂါများ၊ သွားပိုးစားရောဂါ၊ အစာအိမ်လမ်းကြောင်းရောဂါများနဲ့ အာဟာရချို့တဲ့မှုက ဆက်စပ်ဖြစ်ပွားတတ်တယ်။ တိရစ္ဆာန်ကရတဲ့ အဆီစားသုံးမှုလွန်ကဲသူများမှာ နှလုံးသွေးကြောကျဉ်း ရောဂါဖြစ်ပွားမှု ပိုမိုများပြားတဲ့သာဓကရှိပါတယ်။

**စားသုံးမှုဓလေ့ပြောင်းလဲမှုမှ ဖြစ်ပေါ်တတ်တဲ့ရောဂါများ။** အဝလွန်ခြင်း အပါအဝင် နာတာရှည်ရောဂါအမျိုးမျိုးတွေ့ရပါတယ်။ အသား၊ ငါး၊ အဆီနဲ့ သကြားတို့ ပိုမိုစားသုံးခြင်းကြောင့်ဖြစ်တယ်။

အစားအစာနှင့်နာတာရှည်ရောဂါများမှာ နှလုံးသွေးကြောကျဉ်းရောဂါများ၊ ကင်ဆာရောဂါများ၊ အင်ဆူလင်နှင့်ဆက်နွယ်တဲ့ဆီးချိုရောဂါ၊ အဆီ (ကိုလက်စထရောနှင့်သွေးကြောပိတ်ရောဂါ) တို့ပါဝင်ပြီး ကာကွယ်သင့်ပါတယ်။

**နာတာရှည်ရောဂါများအတွက် ကာကွယ်ဖို့နည်းလမ်းတွေက -** ကျန်းမာရေးနှင့်သင့်လျော်တဲ့အစာများ စားသုံးမှုကိုမြှင့်တင်ဖို့၊ အသက်ခြောက်လမှစပြီး လုံလောက်တဲ့ဖြည့်စွက်စာကျွေးရင်း မိခင်နို့ကို နှစ်နှစ်ထိ တိုက်ကျွေးဖို့၊ အမျိုးသားအစာနှင့်အာဟာရမူဝါဒများ လုပ်ငန်းစဉ်များ ရေးဆွဲအကောင်ထည်ဖော်ဖို့၊ မြန်မာတို့အတွက် စားသောက်နည်းလမ်းညွှန်စာအုပ် ပြုစုထုတ်ပေးပြီး အာဟာရပညာပေးဖို့၊ အငန်လျှော့စားဖို့၊ ပြန်ကြော်ဆီများစားသုံးမှုလျှော့ချဖို့၊ ပြည့်ဝဆီများစားသုံးမှုလျှော့ချဖို့၊ အချိုစားသုံးမှုလျှော့ချဖို့၊ ဘီယာအရက်သောက်သုံးခြင်း၊ စီးကရက်သောက်ခြင်းဆင်ခြင်ဖို့နဲ့ နေ့စဉ်နာရီဝက်ကိုယ်လက်လှုပ်ရှားမှု အားကစားရွှရွှပြေးလမ်းလျှောက်၊ စက်ဘီးစီး လုပ်ငန်းများ ပုံမှန်ပြုလုပ်ဖို့လိုအပ်ပါတယ်။

# ဇီကာပိုင်းရပ်စ်ပိုးကူးစက်နေခြင်းကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ ခရီးသွားလာခြင်းကို ရှောင်ရှားသင့်ဟုဆို



ကမ္ဘာတစ်ဝန်း အထူးသဖြင့် လက်တင်အမေရိကနှင့် အာဖရိကတိုက်တစ်ဝန်းလုံးတွင် ဇီကာပိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့လျက်ရှိရာ ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေဖြင့် ရပ်ဝေးခရီး သွားလာခြင်းများကို ရှောင်ရှားသင့်ကြောင်း အမေရိကန်နိုင်ငံ ကျန်းမာရေး အရာရှိများက ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် အဆိုပါဗိုင်းရပ်စ်ပိုးနှင့် ပတ်သက်၍ အတိအကျ မသိရှိရသေးသဖြင့် ပြည်သူများကို ထုတ်ဖော်ပြောကြားရန် ခက်ခဲနေသေးကြောင်းဖြင့် အမေရိကန်နိုင်ငံ ကျန်းမာရေးအရာရှိများက ပြောကြားခဲ့သည်။

ယင်းဗိုင်းရပ်စ်ပိုးသည် မွေးကင်းစကလေးငယ်များ၏ ဦးနှောက်အရေပြား အတွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်သည့် အထောက်အထားများကို တွေ့ရှိရသည်ဟု ဆိုသည်။

ယင်းဗိုင်းရပ်စ်ပိုးကို ကုသရန် အတွက် ဆေးမရှိသေးကြောင်း၊ အဆိုပါဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားသည့် ရောဂါလက္ခဏာမှာ သွေးလွန်တုပ်ကွေး ရောဂါနှင့် ဆင်တူကြောင်း၊ သို့သော် အဆိုပါဗိုင်းရပ်စ်ပိုးသည် ရက်အနည်းငယ်အတွင်းမှာပင် ဦးနှောက်အတွင်း သို့ရောက်ရှိသွားကာ ကလေးငယ်များ အထူးသဖြင့် မွေးကင်းစကလေးငယ်များအား အသက်သေဆုံးသည်အထိ ဖြစ်ပေါ်စေနိုင်ကြောင်းဖြင့် ကျန်းမာရေးဆိုင်ရာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

"ကျွန်တော်တို့ နေ့စဉ်လိုလို အဲဒီရောဂါပိုးရဲ့ဇာစ်မြစ်ကို ရှာဖွေနေသလို ရောဂါကို ထိထိရောက်ရောက်ကုသနိုင်မယ့် ဆေး၊ ဒါမှမဟုတ် ကာကွယ်နိုင်မယ့်နည်းလမ်းတွေကို ရှာဖွေနေပါတယ်။ အကောင်းဆုံးကတော့ ကိုယ်ဝန်ဆောင်မိခင်တွေအနေနဲ့ ရပ်ဝေးခရီးတွေသွားလာတာကို တားဆီးပေးဖို့ လိုပါတယ်။ ဒါပေမယ့်လည်း လူတိုင်းလူတိုင်းအနေနဲ့လည်း ခရီးဝေးသွားတဲ့အခါမှာ ကိုယ့်ရဲ့ကျန်းမာရေးအတွက် ဂရုစိုက်ဖို့လိုပါတယ်"ဟု အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးစင်တာမှ အကြီးအကဲဖြစ်သူ ဒေါက်တာလီလီပီတာဆန်က ပြောကြားခဲ့သည်။

အဆိုပါ ဇီကာဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသည့် အဖျားရောဂါသည် သွေးလွန်တုပ်ကွေးရောဂါနှင့် ဆင်တူလှပြီး ခေါင်းကိုက်ခြင်း၊ အရေပြားများ ယားယံကာ ကြမ်းတမ်းလာခြင်း၊ မျက်စိများ နီရဲလာခြင်း၊ ကြွက်သားများ နာကျင်ရောင်ရမ်းခြင်း စသည့်လက္ခဏာများ ဖြစ်ပေါ်နိုင်ကြောင်း၊ ယင်းဗိုင်းရပ်စ်ပိုးသည် သွေးလွန်တုပ်ကွေးကို ဖြစ်စေနိုင်သည့် အေဒီးစ်ခြင်ကျားကိုက်သည့်အတွက်လည်းဖြစ်နိုင်ကြောင်း၊သို့သော် ယင်းဗိုင်းရပ်စ်ပိုးကို ဖြစ်ပေါ်စေသည့် ခြင်အမျိုးအစားကိုမူ စမ်းသပ်စစ်ဆေးဆဲပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**မယ်သီတာ**

# လူမှုဆက်ဆံရေး ကောင်းမွန်ခြင်းနှင့် ကျန်းမာရေးကောင်းမွန်ခြင်းတို့ ဆက်စပ်မှုရှိနေ

လူမှုဆက်ဆံရေးကောင်းမွန်ပါက ကျန်းမာရေး ကောင်းမွန်နိုင်ကြောင်း၊ လူမှုဆက်ဆံရေးနှင့် ကျန်းမာရေးတို့ ဆက်စပ်နေမှုနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်များအရ သိရှိရကြောင်း ရိုက်တာသတင်းတွင်ဖော်ပြထားသည်။

ကျန်းမာရေးကောင်းရန်အတွက် သင့်တင့်လျောက်ပတ်သော အစားအစာများ၊ သန့်ရှင်းလတ်ဆတ်သော အစားအစာများ စားသုံးရန်နှင့် နေ့စဉ်ပုံမှန်လေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်းတို့ လိုအပ်သကဲ့သို့ ပေါင်းသင်းဆက်ဆံရေး ကောင်းခြင်းသည်လည်း ကျန်းမာရေးကို အထောက်အကူပေးနိုင်ကြောင်း လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားကြောင်း သိရသည်။

တစ်ဦးတည်း အထီးကျန်နေခြင်း၊ လူမှုဆက်ဆံရေး ညံ့ဖျင်းခြင်းတို့သည် ခန္ဓာကိုယ်၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အပြင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးများကိုလည်းချို့ယွင်းစေသည်ဟု ဆိုသည်။

ဥပမာအားဖြင့် အသက် ၅၇နှစ်မှ အသက် ၉၁နှစ်အရွယ်ကြားရှိ သက်ကြီးရွယ်အိုများသည် အထီးကျန်ဖြစ်နေပါက အထီးကျန်မဖြစ်သည့် သက်ကြီးရွယ်အိုများထက် သွေးဖိအားနှစ်ဆမြင့်တက်လာနိုင်ကြောင်းသုတေသနပညာရှင်များက ဖော်ထုတ်နိုင်ခဲ့သည်။

ယင်းကဲ့သို့ သွေးဖိအားနှစ်ဆမြင့်တက်လာခြင်းမှ သွေးတိုးရောဂါများဖြစ်ပွားလာနိုင်သည့်အပြင် ဆီးချိုသွေးချိုရောဂါများလည်း ဖြစ်ပွားလာနိုင်ကြောင်း၊ အဆိုပါ အသက်အရွယ်၏ ၄၉ရာခိုင်နှုန်းမှာ သွေးတိုး၊ ဆီးချို၊ သွေးချိုစသည့် ရောဂါများ ပိုမိုဖြစ်ပွားနိုင်ကြောင်းဖြင့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့ပြင် အရွယ်ရောက်သူများနှင့် ဆယ်ကျော်သက်အရွယ်များတွင်လည်း လူမှုဆက်ဆံရေး ညံ့ဖျင်းခဲ့ပါက ခန္ဓာကိုယ်တွင် နာကျင်မှုဝေဒနာများ ခံစားရနိုင်ကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

"ကျန်းမာရေး ကောင်းဖို့အတွက် အစားအသောက်က အရေးကြီးတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် လူမှုဆက်ဆံရေးနယ်ပယ်မှာ တစ်ဦးတည်းတစ်ယောက်တည်းနေတာထက် အစုအဖွဲ့နဲ့ အပေါင်းအသင်းနဲ့နေတတ်ထိုင်တတ်အောင် နေဖို့၊ လူမှုဆက်ဆံရေးကောင်းဖို့ လိုပါတယ်။ ဒါမှလည်း စိတ်ဖိစီးမှုတွေကို လျှော့ချနိုင်ပြီး စိတ်ရောကိုယ်ပါ ကျန်းမာမှာ ဖြစ်ပါတယ်။ အထီးကျန်ခြင်းဟာ ခန္ဓာကိုယ်အတွက် ဆိုးရွားလှတဲ့ထိခိုက်မှုတစ်ခုကို အချိန်မရွေးဖြစ်ပေါ်စေနိုင်ပါတယ်"ဟု သုတေသနပညာရှင်များက ပြောကြားခဲ့ကြသည်။

**မယ်သီတာ**

## ရွေးကောက်ပွဲအပြီးကာလများတွင် နိုင်ငံတကာမှ ရုံးခန်းနေရာများအတွက် စိတ်ဝင်စားမှုများ မြင့်တက်လာ

၂၀၁၅ ခုနှစ်အတွင်း အောင်မြင်စွာကျင်းပခဲ့သည့် ရွေးကောက်ပွဲအပြီးတွင် ပြောင်းလဲမှုများမှာ သိသာလာခဲ့ရာ မြန်မာ့အိမ်ခြံမြေရှာဖွေရေး ဝက်ဘ်ဆိုက် တစ်ခုဖြစ်သည့် House. com.mm ၏သတင်းထုတ်ပြန်ချက်များအရ လုပ်ငန်းသုံး အခန်း နေရာများစုံစမ်းမှုမှာ ယခင်နှစ်လကျော်နှင့်နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်း ခန့်မြင့်တက်လာခဲ့ကြောင်း သိရသည်။

House.com.mm မှ မန်နေဂျာဦးအောင်ကိုကိုဦးက “နိုင်ငံခြားသားတွေအနေနဲ့ ရုံးခန်းနေရာတွေကို ရှာဖွေတဲ့အခါမှာ တည်နေရာ၊ ကုန်ကျစရိတ်နဲ့ အင်တာနက် ရရှိနိုင်မှုတွေကို အဓိကထားပြီး ရှာဖွေကြတာကို တွေ့ရပါတယ်။ ကုမ္ပဏီတွေအနေ နဲ့ သူတို့ရဲ့အလုပ်နဲ့ပတ်သက်ပြီး လိုချင်တဲ့နေရာ၊ ဦးစားပေးတဲ့နေရာတွေကွဲသွား ပါတယ်။ ဥပမာပြောရမယ်ဆိုရင် အိုင်တီကုမ္ပဏီတွေအနေနဲ့ အင်တာနက်ကောင်း ကောင်းရနိုင်မယ့်နေရာမျိုးတွေ၊ ကုန်သွယ်မှုလုပ်မယ့် ကုမ္ပဏီတွေဆိုရင် မြို့ထဲလို နေရာမျိုးတွေ၊ အစိုးရရုံးတွေနဲ့ အနီးအနားနေရာတွေ၊ Logistics ကုမ္ပဏီတွေ ဆိုရင် အကောက်ခွန်နဲ့နီးတဲ့နေရာတွေကို ရွေးချယ်တတ်ကြပါတယ်။ အင်တာနက် လိုင်းကောင်းတဲ့နေရာတွေ၊ မီးမှန်မယ့်နေရာတွေကို အများဆုံးရှာဖွေတတ်ပြီး အမြန်ဆုံးအငှားဖြစ်သွားကြတာကိုလည်း တွေ့ရပါတယ်”ဟု ပြောကြားခဲ့သည်။

House.com.mm အနေဖြင့် အိမ်ခြံမြေဝယ်လိုအားနှင့် အိမ်ခြံမြေ ရောင်းလို အားနှစ်ခုကို ပွင့်လင်းမြင်သာမှုဖြင့် ချိတ်ဆက်ပေးနိုင်ရန်ထားရှိပေးထားပြီး အိမ်ခြံမြေရှာဖွေသူများ လွယ်ကူစွာဖြင့် ရှာဖွေနိုင်ရန်နှင့် အသေးစိတ် အကူအညီပေး ခြင်းများအတွက်လည်း Call4Home အစီအစဉ်ကို စီစဉ်ထားကြောင်း သိရသည်။

ဝက်ဘ်ဆိုက်များတွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ပတ်သက် ၍ အသေးစိတ်သိရှိလိုပါက Call4Home ဖုန်းနံပါတ် ၀၉၄၅၀၀၀၀၄၁၄ သို့ ဆက် သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

House.com.mm မှ မန်နေးဂျင်းဒါရိုက်တာ Mr. Balaji Ramaswami က “နိုင်ငံတကာလုပ်ငန်းတွေအနေနဲ့ အမြန်ဆုံးပြောင်းရွှေ့လိုရနိုင်တဲ့ အသင့်ဖြစ်နေ တဲ့ရုံးခန်းနေရာမျိုးတွေကို ပိုပြီးနှစ်သက်ကြပါတယ်။ အခန်းပိုင်ရှင်အနေနဲ့လည်း နေရာကို ထိန်းသိမ်းပြုပြင်ပေးတာမျိုး၊ မြန်ဆန်တဲ့ ဝန်ဆောင်မှု ပေးထာမျိုးတွေ ရှိတယ်ဆိုရင် ထိုက်သင့်တဲ့ဈေးကောင်းပေးပြီး မြန်မြန်ငှားဖြစ်သွားကြတာ များပါ တယ်”ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

## မန္တလေး-မူဆယ်လမ်းပိုင်း ကားသယ်ခဈေးနှုန်း အနည်းငယ်ကျဆင်း၊ ကျန်လမ်းပိုင်းများ ပုံမှန်ဈေးဖြင့်ပြေးဆွဲ

မန္တလေးမြို့မှ အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ မြို့ကြီးများသို့ ကုန် ပစ္စည်းများ ပို့ဆောင်ခြင်း၊ သယ်ယူခြင်းအား ကားကြီးများဖြင့် တင်ပို့သယ်ယူခြင်း အတွက် ကုန်စည်သယ်ယူပို့ဆောင်ခနှုန်းထားများမှာ -

| ခရီးစဉ် | | ၅. ၁. ၂၀၁၆ | | ၁၂. ၁. ၂၀၁၆ | |
|---|---|---|---|---|---|
| မှ | သို့ | ကုန်ကျစ် | ကုန်ပွ | ကုန်ကျစ် | ကုန်ပွ |
| မန္တလေး | မူဆယ် | ၉၀ | ၉၁ | ၈၆ | ၈၇ |
| | လားရှိုး | ၅၀ | ၆၀ | ၄၅ | ၅၀ |
| | ကျောက်မဲ | ၃၅ | ၄၅ | ၂၈ | ၄၅ |
| | တောင်ကြီး | ၂၅ | ၄၅ | ၂၅ | ၄၅ |
| | မော်လမြိုင် | ၃၀ | ၄၅ | ၃၀ | ၄၅ |
| | ရန်ကုန် | ၂၃ | ၃၅ | ၂၃ | ၃၅ |
| | ပဲခူး | ၂၂ | ၃၂ | ၂၂ | ၃၂ |
| | နေပြည်တော် | ၁၅ | ၂၅ | ၁၅ | ၂၅ |
| | ပခုက္ကူ | ၂၀ | ၂၅ | ၂၅ | ၃၀ |
| | စစ်တွေ | ၁၃၀ | ၁၇၀ | ၁၃၀ | ၁၇၀ |
| | ကလေး | ၇၀ | ၉၀ | ၇၀ | ၈၀ |
| | ပြည် | ၃၀ | ၅၀ | ၃၀ | ၅၀ |
| | မကွေး | ၂၂ | ၄၅ | ၂၂ | ၄၅ |
| | မုံရွာ | ၁၆ | ၂၀ | ၁၆ | ၂၀ |
| | မြင်းခြံ | ၁၈ | ၂၅ | ၁၆ | ၂၅ |
| | တောင်ငူ | ၂၀ | ၃၀ | ၂၀ | ၃၀ |
| | အောင်ပန်း | ၁၆ | ၆၀ | ၁၆ | ၆၀ |
| | မြစ်ကြီးနား | ၁၀၀ | ၁၅၀ | ၁၀၀ | ၁၅၀ |
| | တမူး | ၉၀ | ၁၀၀ | ၉၀ | ၁၀၀ |
| | မင်းဘူး | ၂၂ | ၄၅ | ၂၂ | ၄၅ |

မန္တလေးမှ အခြားမြို့ကြီးများသို့ ကုန်စည်ပစ္စည်းပို့ဆောင်ရာမှာ မန္တလေး၊ မူဆယ်လမ်းပိုင်းတွင် တစ်ပိဿာ ၄ ကျပ်၊ ၅ ကျပ် လျော့နည်းသလို မန္တလေး၊ မြင်းခြံ လမ်းပိုင်းတွင်လည်း တစ်ပိဿာ ၅ ကျပ်လျော့နည်းသွားပေမယ့် ကျန်လမ်းပိုင်းမှာ ပုံမှန်အတိုင်းဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း၊ မန္တလေးမြို့တွင် ကုန်ပစ္စည်းများ ပုံမှန် ဝင်ရောက်မှုရှိသလို ပုံမှန်တင်ပို့မှုလည်းရှိကြောင်းသိရပါတယ်။

**စိုးအောင်-မန္တလေး**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း | ၁၅၀၀ စ/ပေ | (၅) လွှာ | ၁၀၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၂။ | တိုက်ခန်း | ဖဆပလ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်ဆန်းကွင်းအနီး | (၁၃×၄၅) ပေ | (တ) လွှာ၊ | ၇၀၀ သိန်း | | ၀၉/၂၅၀/၃၂၇၁၅၈ |
| ၃။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | (၇) လွှာ | ၁၅၀၀ သိန်း | ၈၀ ရာခိုင်နှုန်းပြီး ဓာတ်လှေကားပါ | ၀၉/၂၅၀/၃၂၇၁၅၈ |
| ၄။ | မြေ | ဒဂုံ(မြောက်)၊ (၃၆) ရပ်ကွက် | (၄၀×၈၀) ပေ | မြေသီးသန့် | ၁၂၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | မြေ | ဒဂုံ(မြောက်)၊ ဦးဝိစာရလမ်း | (၄၀×၆၀) ပေ | မြေသီးသန့် | ၄၀၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | မြေ | ဒဂုံ(မြောက်)၊ ၄၄ ရပ်ကွက် | (၄၀×၆၀) ပေ | မြေသီးသန့် | ၉၅၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | လုံးချင်း | မရမ်းကုန်း၊ ရွှေနှင်းဆီလမ်းသွယ် | ၆၃၀၀ စ/ ပေ | မြေသီးသန့် | ၅၅၀၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၈၉ |
| ၈။ | လုံးချင်း | သယ်န်းကျွန်း၊ သုမင်္ဂလာအိမ်ရာ | ၄၈၀၀ စ/ ပေ | 2RC, MB (3) | ၂၀၀၀၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၈၉ |
| ၉။ | လုံးချင်း | သယ်န်းကျွန်း၊ သုမင်္ဂလာအိမ်ရာ | မြေ(၆၄၀၀)၊ အိမ် (၂၄၀၀)စ/ပေ | 2RC, MB (3) | ၃၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၂၅၀/၃၇၆၃၈၉ |
| ၁၀။ | လုံးချင်း | ပြင်ဦးလွင်မြို့ မိုးကြိုးပစ်ရွာ | (၄၀×၆၀) ပေ | ရွာမြေ | ၁၆၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၈၉ |

## edotco နှင့် Yoma Strategic ကုမ္ပဏီတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် တာဝါတိုင်ပေါင်း ၅၀၀၀ တည်ဆောက်သွားမည်

မလေးရှားနိုင်ငံမှ edotco Group SdnBhd နှင့် မြန်မာ နိုင်ငံမှ Yoma Strategic ကုမ္ပဏီတို့ပူးပေါင်း၍ လာမည့်သုံးနှစ် အတွင်း မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးတာဝါတိုင်ပေါင်း ငါးထောင်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် edotco ကုမ္ပဏီအနေဖြင့် လာမည့်ငါးနှစ်အတွင်း မြန်မာနိုင်ငံ၌ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ရင်းနှီးမြှုပ်နှံ သွားရန် ရည်မှန်းထားကြောင်း သိရသည်။

edotco ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Suresh Sidhu က “ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာ အရည် အသွေးမြင့်ဆက်သွယ်ရေးကွန်ရက်တစ်ခု တည်ဆောက်သွား မှာပါ။ သဘာဝသယံဇာတကို မထိခိုက်စေတဲ့ စွမ်းအင်ထုတ် ယူအသုံးပြုမှုနည်းပညာတွေ၊ နှစ်မျိုးသုံးလို့ရတဲ့ အဆောက် အအုံတွေ၊ နောက်ဆုံးပေါ် စောင့်ကြည့်လေ့လာရေးနည်း ပညာဝန်ဆောင်မှုဖြစ်တဲ့ echo နဲ့ စီမံခန့်ခွဲမှုစနစ်စတဲ့ ရေ ရှည်တည်တံ့ပြီး အရည်အသွေးကောင်းမွန်တဲ့ ဝန်ဆောင်မှု တွေကို မြန်မာပြည်ကို ယူဆောင်လာပြီး အရည်အသွေးမြင့် ဆက်သွယ်ရေးကွန်ရက်ကို အောင်အောင်မြင်မြင် တည် ဆောက်သွားမှာပါ။ edotco မြန်မာအနေနဲ့ ဆက်သွယ်ရေး ဆိုင်ရာ အခြေခံအဆောက်အဦတွေကို ထိထိရောက်ရောက် တပ်ဆင်ဆောက်လုပ်စီမံခန့်ခွဲပြီး ယုံကြည်စိတ်ချရတဲ့ အရည် အသွေးကောင်းမွန်တဲ့ ကွန်ရက်တစ်ခုကို သုံးစွဲသူတွေဆီ အရောက်ယူဆောင်လာပေးမှာပါ။ အဲဒီကမှတစ်ဆင့် တစ် နိုင်ငံလုံးက သုံးစွဲသူတွေအချင်းချင်း အဆင်ပြေပြေ လွယ် လွယ်ကူကူ ဆက်သွယ်နိုင်အောင်ကူညီပေးသွားမှာပါ” ဟု ပြောကြားခဲ့သည်။

ထို့ပြင် Yoma Strategic ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ




Mr. Melvyn Pun က “edotco နဲ့အတူလက်တွဲပြီး မြန်မာ နိုင်ငံရဲ့ ဆက်သွယ်ရေးအခြေခံအဆောက်အဦ တည်ဆောက် မှုနယ်ပယ်မှာ ရေရှည်တည်တံ့ပြီး ကောင်းမွန်တဲ့ ရင်းနှီးမြှုပ်နှံ မှုတွေ ပြုလုပ်သွားမှာပါ။ အရည်အသွေးမြင့်ပြီး ယုံကြည် စိတ်ချရတဲ့ ဆက်သွယ်ရေးကွန်ရက်ကို လူတိုင်းအဆင်ပြေပြေ လွယ်လွယ်ကူကူ အသုံးပြုနိုင်ကြမယ်ဆိုရင် မြန်မာနိုင်ငံသူ နိုင်ငံသားတွေရဲ့ လူနေမှုဘဝပုံစံတွေ အများကြီးပြောင်းလဲ သွားမှာပါ။ ဒီလို ဖွံ့ဖြိုးတိုးတက်မှုကို ရည်မှန်းတဲ့ကြိုးပမ်းအား ထုတ်မှုမှာ ပါဝင်ဆောင်ရွက်ခွင့်ရတဲ့အတွက် တကယ်ကို ဝမ်း မြောက်ဂုဏ်ယူရပါ တယ်”ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ (ဗုရှ်) (၂၀၀၃) | ယာယီ | ၁၈၀ သိန်း | |
| ၂။ | အာလ်ဖတ် (၂၀၀၃) | 9J | ၂၆၀ သိန်း | |
| ၃။ | ဘယ်လ်တာ (၂၀၁၀) | 5H | ၁၂၅ သိန်း | |
| ၄။ | ဗီလ်ဒါ (၂၀၀၉) | 9H | ၁၆၅ သိန်း | |
| ၅။ | ကလူဂျာ (၂၀၀၂) | 5F | ၂၀၀ သိန်း | |
| ၆။ | ဟွန်ဒါ/ဖရက် (၂၀၁၀) | ယာယီ | ၁၈၃ သိန်း | |
| ၇။ | ပါဆို (၂၀၁၀) | ယာယီ | ၁၀၈ သိန်း | |
| ၈။ | ဆွစ် (၂၀၁၃) | ယာယီ | ၁၉၀ သိန်း | |
| ၉။ | စီအာဗွီ (၂၀၀၃) | ယာယီ | ၂၁၀ သိန်း | |

# ဖျာပုံခရိုင်တွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး (Mobile Training ) သင်တန်းဖွင့်လှစ်

ဖျာပုံခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနရုံးတွင် ဇန်နဝါရီလ ၆ ရက်မှ ၈ ရက်အထိ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး (Mobile Training) သင်တန်းအား ဖွင့်လှစ်ခဲ့ရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန နေပြည်တော်တို့မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ တက်ရောက်၍ သင်တန်းပို့ချခဲ့ကြကြောင်း သိရပါတယ်။

ထိုသင်တန်းသို့ ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ဖျာပုံခရိုင်မှ ဝန်ထမ်း ၃၃ ဦးနဲ့ မအူပင်ခရိုင်မှ ဝန်ထမ်း ၂၁ ဦး၊ စုစုပေါင်း ၅၄ ဦး တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဌေးက ကြိုဆို နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး ဦးခင်ဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားကာ သင်တန်းကို နံနက် ၈:၀၀ နာရီတွင် စတင်၍ သင်ကြားပို့ချခဲ့ကြပါတယ်။




သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းသန်းက ပြည်တွင်း၊ ပြည်ပ ကုန်စည်ပြပွဲဆိုင်ရာ ဘာသာရပ်ကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီလာသိန်းက စီမံကိန်းရေးဆွဲခြင်းနှင့် စာရင်းဇယားများ ပြုစုရေးဆွဲခြင်း ဘာသာရပ်ကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦးက ပြည်တွင်း ကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်ချက်များ ဘာသာရပ်ကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်စန်းစန်းဝင်းက ထုတ်ကုန် လုံခြုံမှု ဆိုင်ရာ ဘာသာရပ်ကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းအေးက ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာ ဘာသာရပ်ကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်မျိုးဇော်က ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှုဆိုင်ရာ ဖြေလျော့မှုများ ဘာသာရပ်ကို လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်မာလာက ကုန်သွယ်မှုဆိုင်ရာ ဥပဒေများ ဘာသာရပ်ကိုလည်းကောင်း၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးနေဆန်းကအသေးစားအလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဘာသာရပ်ကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးခင်ဇော်က စားသုံးသူအကာအကွယ်ပေးရေး ဘာသာရပ်ကိုလည်းကောင်း အသီးသီး ပို့ချသင်ကြားပေးသွားကြောင်း သိရပါတယ်။

သင်တန်း နောက်ဆုံးနေ့တွင် သင်တန်းသား၊ သင်တန်းသူများ အား သင်ကြားပို့ချထားသည့် ပို့ချချက်များအပေါ် နားလည်တတ်သိမှုရှိ/မရှိ စမ်းသပ်သည့်အနေဖြင့် အုပ်စုလေးစုခွဲကာ Brainstorming Session (Group Presentation) များ ပြုလုပ်ခဲ့ကြပါတယ်။ အုပ်စုလေးစုမှ မဲနှိုက်ပြီးဆွေးနွေးရသည့် ခေါင်းစဉ်များမှ စားသုံးသူအကာအကွယ်ပေးရေး ရှေ့ဆက်ဆောင်ရွက်ရမည့် တာဝန်များ၊ မြန်မာ့ပို့ကုန်များ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်၊ မြန်မာ့ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး ကျန်အဖွဲ့များက မေးခွန်းများ မေးမြန်းခဲ့ကြရာ မေးမြန်းသည့်အပေါ် ဆွေးနွေးသူအဖွဲ့မှ ပြန်လည် ဖြေကြားဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။ ထို့နောက် သင်တန်းဆင်းပွဲပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဌေးက အမှာစကားပြောကြားပြီး၊ ညွှန်ကြားရေးမှူး ဦးခင်ဇော်က နှုတ်ဆက်စကား ပြောကြားကာ မအူပင်ခရိုင်မှ ဒေါ်မြသန်းက သင်တန်းသားများကိုယ်စား ကျေးဇူးတင်စကား ပြောကြားပြီး ညွှန်ကြားရေးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရပါတယ်။

**မင်းဇော်မွန် - ဖျာပုံ**

# ကန့်ဘလူမြို့တွင် မြို့နယ်ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်းပြီးစီးခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနရုံးတွင် ဇန်နဝါရီလ ၁၃ ရက်က မြို့နယ် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်းခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါ ဖွဲ့စည်းခြင်းအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သော အစုအဖွဲ့ခေါင်းဆောင်များ၊ ဆီစက်လုပ်ငန်းရှင်များနှင့် ကုန်သည်များ စုစုပေါင်း ၅၀ ဦးကျော် တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါ မြို့နယ်ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်းခြင်းအခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပဲမျိုးစုံနှင့်ဆီထွက်သီးနှံ အထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးမှုနည်းစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ ထို့နောက် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်းရခြင်းရဲ့ ရည်ရွယ်ချက်ဖြစ်သော အမျိုးသားပို့ကုန်မဟာဗျူဟာ (NES=National Export Strategy )ပါ ဦးစားပေး ခုနစ်ရပ်မှ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှ ဆီထွက်သီးနှံများ အရည်အသွေးမြင့်မားလာစေရေး၊ အစားအစာ လုံခြုံမှုရရှိရေး၊ အပင်ပိုးမွှားကင်းရှင်းရေး စသည်တို့ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ယခုကဲ့သို့ ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများ၊ ဆီစက်လုပ်ငန်းရှင်များနဲ့ ကုန်သည်များ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်ဖြစ်ပြီး ၎င်းကဏ္ဍမှ ၂၀၁၅ မှ ၂၀၁၈ ခုနှစ်အထိ သုံးနှစ်တာကာလအတွင်း ပို့ကုန်ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ရည်ရွယ်ကြောင်း ပြောကြားပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်အတွင်းရှိ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာအုပ်စုအလိုက် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံ အဓိကစိုက်ပျိုးတဲ့ တောင်သူများစာရင်းကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်မှစတင်ပြီး ကွင်းဆင်းကောက်ယူစာရင်းပြုစုခဲ့ရာ ကျေးရွာအုပ်စုပေါင်း ၂၃ အုပ်စုမှ အစုအဖွဲ့ပေါင်း ၈၅ စုရှိ အသင်းသားဦးရေ ၈၅၀ ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်တွင် စာရင်းကောက်ယူပြီးစီးခဲ့ပါတယ်။ ကောက်ယူပြီးစီးခဲ့တဲ့ အစုအဖွဲ့များမှတစ်ဆင့် ယခုကဲ့သို့ မြို့နယ်အသင်းဖွဲ့စည်းခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ပဲမျိုးစုံနှင့်ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်ဝင်ငွေတိုးတက်ရရှိစေရေးတို့အတွက် တောင်သူ၊ ဆီစက်လုပ်ငန်းရှင်နဲ့ ကုန်သည်များ သုံးဦး၊ သုံးဖလှယ် ပူးပေါင်းဆောင်ရွက်ကြမှသာ ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံကဏ္ဍ ထုတ်ကုန်များ အရည်အသွေးမြင့်မားတိုးတက်လာပြီး၊ ဈေးကွက်ထိုးဖောက်၍ နေရာရယူလာနိုင်မည်ဖြစ်ကြောင်း၊ ဆီစက်လုပ်ငန်းရှင်နှင့် ကုန်သည်များမှလည်း သမားရိုးကျ စိုက်ပျိုးထွက်ရှိသည့် အသီးအနှံများကိုသာ ဆွတ်ယူ၊ စားသုံးခြင်းသာ မဟုတ်ဘဲ စိုက်ပျိုးသူတောင်သူများအနေဖြင့် မျိုးကောင်း၊ မျိုးသန့်များကို ရှာဖွေ၍ စိုက်ပျိုးထုတ်လုပ်သွားမှသာလျှင် အားလုံးအကျိုးရှိမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာဈေးကွက်များတွင် ယှဉ်ပြိုင်ရင်ဆိုင်နိုင်မည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနဲ့ စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံက ပြောကြားခဲ့ပါတယ်။

**စောမောင်-ကန့်ဘလူ**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်


### စီးပွားရေး အကြံပေး ဟောကိန်း

### ၁၈-၁-၂၀၁၆ မှ ၂၄-၁-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ရင်းနှီးမြှုပ်နှံရသော ငွေကြေးကို ကြည့်၍ သင့်တော်မည့် စီးပွားရေးလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်ရတတ်ပါသည်။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဂျုံစားသောက်ကုန်ပစ္စည်းများအကျိုးပေးကောင်းမွန်တတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင်ရာထူး တက်ရန် အလားအလာရှိနေပါသည်။ ပညာရေးအောင်မြင်မှု အားကောင်းလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အစာအိမ်ရောဂါ၊ သွေးစုန်ရောဂါ၊ ကိန္နရာနာစသည်တို့ကိုသတိထားသင့်ပါသည်။ အချစ်ရေးတွင် မိတ်ဟောင်းဆွေဟောင်းဖြစ်သောကြောင့် ကူညီမှုစောင့် ရှောက်မှုပေးရင်း အနေနီးကာချစ်သူများဖြစ်လာတတ်ပါသည်။ **ယတြာ။ ။ဘုရားတွင်ရွှေထီးလှူ၍လိုရာဆုတောင်းပါ။**



**တနင်္လာသားသမီးများအတွက်** ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်းနှင့် လုပ်ကိုင်ဆောင်ရွက်ရင်းဘဝကိုဖြတ်သန်းချင်သော စိတ်ဆန္ဒရှိနေလိမ့်မည်။ စီးပွားရေးတွင် ရေနှင့် ရေထွက်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ အကျိုးပေးကောင်းမွန်တတ်ပါသည်။ အချစ်ရေးကောင်း ပါသည်။ ချစ်သူဘဝမှ မကြာခင်အိမ်ထောင်သည်ဘဝရောက်ရတတ်သည်။ ကျန်းမာရေး ပြင်းပြင်းထန်ထန်ခံစားရတတ်သော ရောဂါမရှိသော်လည်း လေထိုး၊ လေအောင့်ရောဂါတို့ကို သတိရှိသင့်ပါသည်။ **ယတြာ။ ။ကြာဆန်ကြော် ဆွမ်းကပ်ပါ။**




**အင်္ဂါသားသမီးများအတွက်** တည်ငြိမ်စွာ လုပ်ကိုင်ဆောင်ရွက်ရသော လုပ်ငန်းများတွင် မိဘဆရာသမားများ၏ အကြံဉာဏ် အတွေးအခေါ် နှင့် ဆောင်ရွက်ရတတ်ပါသည်။ ဓာတ်သတ္တုပစ္စည်းများ၊ ကျောက်စိမ်း၊ နီလာ၊ ကျောက်မျက်ရတနာများနှင့် အကျိုးပေးတတ်ပါသည်။ ပညာရေးတွင် ရည်ရွယ်ချက်များအောင်မြင်မည်။ ကျန်းမာရေးအနေဖြင့် ခြေ၊ လက်၊ အရိုးအဆစ်များ ထုံကျင်ကိုက်ခဲသော ဝေဒနာခံစားရတတ်သည်။ အချစ်ရေး ကောင်းပါသည်။ စိတ်တူသဘောတူချစ်သူဖြစ်ရတတ်ပါသည်။

**ယတြာ။ ။သံဃာတော်နှင့် သီလရှင်အား ဖိနပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** တစ်ခါတစ်ရံဘဝ၏ အဓိပ္ပာယ်ကို ပြောင်းလဲပစ်ချင်သော ဆန္ဒများ ပေါက်ဖွားလာတတ်ပါသည်။ မည်သို့ဆိုစေအနာခံမှ အသာစံရမည်ဟူသော ဆောင်ပုဒ်အတိုင်း ယခုကာလသည် ကံကောင်းသောကာလဖြစ်သောကြောင့် ပိုင်ဆိုင်မှုများပင် ရရှိလာတတ်ပါသည်။ စီးပွားရေးတွင် လျှပ်စစ်ဆက်သွယ်ရေးပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း ခရီးသွားလုပ်ငန်းတို့ အကျိုးပေးတတ်ပါသည်။ အချစ်ရေးတွင် တွေဝေမှုများရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အဆုတ်အားနည်းခြင်းဝေဒနာ ခံစားရတတ်ပါသည်။ **ယတြာ။ ။ဘုရားခြေဖဝါးအားရွှေချ၍ လိုရာဆုတောင်းပါ။**




**ကြာသပတေးသားသမီးများအတွက်** အပေါင်းအဖော်ကိုနှစ်သက်မြတ်နိုးခြင်း၊ သနားကြင်နာတတ်ခြင်း၊ အကူအညီပေးတတ်ခြင်း၊ အားနာတတ်ခြင်းတို့ကြောင့် အကြောင်းသိသော ပုဂ္ဂိုလ်တို့သည် သူတို့အကျိုးစီးပွားအတွက် ခုတုံးလုပ် အမြတ်ထုတ်သွားတတ်ပါသည်။ စီးပွားရေး တွင် နိုင်ငံတကာငွေလဲလှယ်မှုလုပ်ငန်း၊ သစ်တောထွက်ကုန်ပစ္စည်းများ အကျိုးပေးကောင်းတတ်ပါသည်။ အချစ်ရေးတွင် ကျောင်းနေဘက်ပညာသင်ဖော်နှင့် ကြုံဆုံရလိမ့်မည်။ ကျန်းမာရေးသွားကိုက်၊ သွားနာ၊ သွားဖုံးရောင်ရောဂါ ဖြစ်တတ်ပါသည်။

**ယတြာ။ ။သက်ကြီးရွယ်အိုအား ခရီးစရိတ်လှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** တည်ငြိမ်စွာ လုပ်ကိုင်ဆောင်ရွက်ရသောလုပ်ငန်းများကို အခြေခံထား၍ လှုပ်ရှားသွားလာရသောလုပ်ငန်းများတွင် မိတ်ဆွေအပေါင်းအသင်းများနှင့်အတူ လက်တွဲ၍လုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ စီးပွားရေးလုပ်ငန်းတို့ အောင်မြင်တိုးတက်မှုရရှိတတ်ပါသည်။ လယ်ယာထွက်ကုန်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ အကျိုးပေးတတ်ပါသည်။ အချစ်ရေးတွင် အနုပညာဆန်သော ချစ်သူနှင့်ကြုံရလိမ့်မည်။ အိမ်ထောင်ရှိပြီးသူသည် မိသားစုအရေး ဆွေးနွေးတိုင်ပင်၍ ကြိုးစားမှုပြုလုပ်နေရတတ်သည်။ ကျန်းမာရေးအနေဖြင့် အကြောအားနည်းသောဝေဒနာ ခံစားရတတ်ပါသည်။ **ယတြာ။ ။ဆေးဝါးများလှူဒါန်းပြီး လိုရာဆုတောင်းပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အပြိုင်အဆိုင် အတိုက်အခံနှင့် အခက်အခဲများကြုံတွေ့ရတတ်သော်လည်း အောင်မြင်နိုင်သော အနေအထားကို တွေ့မြင်ရတတ်ပါသည်။ ရေနံနှင့် ရေနံထွက်ပစ္စည်းများအကျိုး ပေးပါသည်။ အချစ်ရေးတွင် ချစ်သူခင်သူပေါများနေ၍ ရွေးချယ်ရန်ခက်ခဲနေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ဇာက်ကြောတက်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ လက် မောင်းကိုက်ခြင်း၊ မတော်တဆထိခိုက်ဒဏ်ရာရတတ်ခြင်းစသည်တို့ကို သတိပြုသင့်ပါသည်။

**ယတြာ။ ။မိမိမွေးနံထောင့်တွင် ရွှေသက်န်းကပ်လှူ၍ လိုရာဆုတောင်းပါ။**

## မြို့နယ်တွင်း စွန့်ဦးလက်ရက်ကန်းလုပ်ငန်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိ

မဲဇာတောင်ခြေ နတ်ရေတွင်းကျေးရွာမှာ မြို့နယ်အတွင်း ပထမဆုံး စွန့်ဦးလုပ်ကိုင်တဲ့ ရွှေဘိုမြို့သူ ဒေါ်မိမိမြင့်ရဲ့ ဆိပ်ခွန်လက်ခွဲလက်ရက်ကန်းကို ကျေးရွာနေပြည်သူများ စိတ်ဝင်စားလျက်ရှိနေပြီး အိမ်တွင်းလက်မှုလုပ်ငန်းဖြစ်တဲ့ လက်ရက်ကန်းအတတ်ပညာသင်ယူ အသက်မွေးဝမ်းကျောင်းပြုချင်တယ်လို့ ကျေးရွာနေ ပြည်သူများထံက သိရပါတယ်။

လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပေမယ့် အခုနောက်ပိုင်း စက်မှုလယ်ယာ လုပ်ကိုင်လာတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းသွားနိုင်ပါတယ်။ နတ်ရေတွင်းရွာကို အိမ်ထောင်ကျပြီး ရောက်လာခဲ့တဲ့အခါ ဒီဘက်ဒေသမှာ လက်ရက်ကန်းလုပ်ငန်းမရှိတာလည်း တွေ့ရပါတယ်။ ဒါကြောင့် မိမိလုပ်ခဲ့တဲ့ ဆိပ်ခွန် ရက်ကန်းရှင်တွေနဲ့ချိတ်ဆက်ပြီး တစ်စင်ထောင် ကိုယ်တိုင်ရက်ခတ်ပါတယ်။ အထည်တွေကိုတော့ ဒီမှာရောင်းရသလို ဆိပ်ခွန်ကိုလည်း ပို့ပေးပါတယ်။ အခုရက်ကန်းစင်လေးစင်အထိ တိုးချဲ့နိုင်ခဲ့ပြီး သင်တန်းသူတွေလည်း များလာပါတယ်။ တတ်မြောက်သူတွေကို စင်ခွဲထောင်ပေးပြီး လုပ်ငန်းကျယ်ပြန့်လာအောင် တိုးချဲ့နေတယ်လို့ လုပ်ငန်းရှင် ဒေါ်မိမိမြင့်ထံက သိရပါတယ်။



ရက်ကန်းအထည်များကို ကုန်သည်များမှ အမှာရှိပြီး ဈေးကွက်ခိုင်မာတဲ့အတွက် ရက်ကန်းလုပ်ငန်း တိမ်ကောစရာမရှိပါဘူး၊ ဒီကျေးရွာထုတ်ကုန်အဖြစ် တိုးချဲ့သွားမှာဖြစ်တဲ့အတွက် နတ်ရေတွင်း ကျေးရွာမှာတော့ ရက်ကန်းခတ်သံ တညံညံနဲ့ အလုပ်အကိုင်အခွင့်အလမ်းများရကြသလို တစ်မြို့နယ်လုံး လွှမ်းခြုံတဲ့ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် တိုးချဲ့သွားဖို့ ရည်ရွယ်ထားကြောင်း သိရပါတယ်။

**ကြည်နိုင်ဦး -အင်းတော်**

## Myanma-Korea Investment Forum on Infrastructure & Energy ကျင်းပ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ အာဆီယံ-ကိုရီးယားစင်တာ (ASEAN-Korea Centre AKC) တို့ပူးပေါင်း၍ မြန်မာ-ကိုရီးယား အခြေခံအဆောက်အအုံရဲ့ စွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲ (Myanmar-Korea Investment Forum)ကို ဇန်နဝါရီ ၁၄ ရက်က Novotal Yangon Max Hotel မှာ ကျင်းပခဲ့ပါတယ်။

အဆိုပါ ဆွေးနွေးပွဲသို့ ကိုရီးယားနိုင်ငံမှ တည်ဆောက်ရေးလုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်း၊ ရထားပို့ဆောင်ရေးလုပ်ငန်း၊ လေအားလျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်း၊ လျှပ်စစ်နှင့် ဝါယာကြိုးထုတ်လုပ်မှုလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ပြင်ဆင်သည့်လုပ်ငန်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ပင်လယ်ရေကြောင်းသုတေသနလုပ်ငန်း စတဲ့ကဏ္ဍစုံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ကြပြီး မြန်မာစီးပွားရေးလုပ်ငန်းရှင်များနဲ့ တစ်ဦးချင်းအလိုက် စီးပွားရေးဆွေးနွေးပွဲ (One on One Business Meeting) ကိုပါပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

အဆိုပါဆွေးနွေးပွဲမှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများ မှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်မာလာမျိုးညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဌာနမှ အမှုဆောင်အင်ဂျင်နီယာချုပ် ဦးခင်သက် ၊မြို့ရွာနဲ့ အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးသီတာ၊ စွမ်းအင်ဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဒေါ်ခင်ခင်အေး၊ ကိုရီးယားပို့ကုန်သွင်းကုန်ဘဏ် ရန်ကုန်ကိုယ်စားလှယ် Mr.Sohn Seung-Ho တို့က Investment in Myanmar ,Infrastructure Development, Opportunities in Myanmar,Investment Opportunities in Urban & Housing Development Sector,Potential Opportunities for Cooperation in Myanmar Oil & Gas Sector, KEXIM EOCF's Project in Myanmar & its System ခေါင်းစဉ်များနဲ့ တင်ပြဆွေးနွေးခဲ့ကြပါတယ်။

ထို့နောက် စီးပွားရေးလုပ်ငန်းရှင်များ တစ်ဦးချင်းတွေ့ဆုံပွဲကို မြန်မာနိုင်ငံဘက်မှ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ကိုရီးယားမှ ကိုရီးယား-အာဆီယံစင်တာရဲ့ သက်ဆိုင်ရာ အထွေထွေအတွင်းရေးမှူး ၊ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဌာနမှူး ၊ AKC မှဝန်ထမ်းများနဲ့ ကိုရီးယားကိုယ်စားလှယ် အဖွဲ့ဝင်များ လုပ်ဆောင်ခဲ့ကြပါတယ်။

ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံတွင် ကဏ္ဍအလိုက်ရင်းနှီးမြှုပ်နှံထားမှုများမှာ-စိုက်ပျိုးရေးကဏ္ဍတွင် ကန်ဒေါ်လာ ၆၇ သန်းကျော် ၊မွေးမြူရေးနဲ့ရေလုပ်ငန်းကဏ္ဍတွင် ကန်ဒေါ်လာ ၂၂ သန်းကျော်၊ ထုတ်လုပ်မှုကဏ္ဍတွင် ကန်ဒေါ်လာ ၃၉၄ သန်းကျော်၊ရေနံနဲ့ သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ကန်ဒေါ်လာ ၂၆၉၅ သန်းကျော်နဲ့ အခြားကဏ္ဍများတွင် ကန်ဒေါ်လာ ၁၃၉ သန်းကျော်၊ လုပ်ငန်းအားဖြင့် ၁၀၈ ခု ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ပါတယ်။ လုပ်ငန်းအမျိုးအစားအနေနဲ့ကတော့ ကုန်သွယ်မှုတွင် ကုမ္ပဏီ ၄ ခု၊ စက်မှုလုပ်ငန်း ၉၀ ခု၊ ဝန်ဆောင်မှုလုပ်ငန်း ၂၄၅ ခု၊ ဆောက်လုပ်ရေးလုပ်ငန်း ၁ ခု၊ ဘဏ်လုပ်ငန်း ၈ ခု၊ အထွေထွေ ၂ ခု စုစုပေါင်းလုပ်ငန်း ၃၈၇ ခုရှိနေပြီဖြစ်ပါတယ်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုဝင်ဘာလထိ ကဏ္ဍအလိုက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအခြေအနေကို ဖော်ပြပေးလိုက်ရပါတယ်-

| | ကန်ဒေါ်လာသန်း |
|---|---|
| ရေနံနဲ့သဘာဝဓာတ်ငွေ့ | ၁၈၇၁၈ |
| လျှပ်စစ် | ၁၃၃၄၁ |
| ထုတ်လုပ်မှု | ၄၉၇၄ |
| သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၃၇၁၄ |
| သတ္တုတွင်း | ၂၃၄၁ |
| ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း | ၁၉၅၅ |
| အိမ်ရာ | ၁၇၃၅ |
| စိုက်ပျိုးရေး | ၂၁၄ |
| မွေးမြူရေးနဲ့ရေလုပ်ငန်း | ၁၉၃ |
| စက်မှုဇုန် | ၁၈၉ |
| အခြား | ၅၁၂ |

MIRT

## မြို့ကြီးများ၏ ၁၈-၁-၂၀၁၆ မှ ၂၂-၁-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၈-၁-၂၀၁၆) | အင်္ဂါ(၁၉-၁-၂၀၁၆) | ဗုဒ္ဓဟူး(၂၀-၁-၂၀၁၆) | ကြာသပတေး(၂၁-၁-၂၀၁၆) | သောကြာ(၂၂-၁-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F |
| ရန်ကုန်မြို့ | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F |
| မန္တလေးမြို့ | နေသာ ၂၉°C/၈၄°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၅°F |
| မြစ်ကြီးနား | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၅°C/၇၇°F |
| လားရှိုး | နေသာ ၂၂°C/၇၂°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၂°C/၇၁°F | နေသာ ၂၂°C/၇၂°F |
| ကျိုင်းတုံ | နေသာ ၂၆°C/၇၈°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၈°F |
| လွိုင်ကော် | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F |
| တောင်ကြီး | နေသာ ၂၀°C/၆၈°F | နေသာ ၂၂°C/၇၁°F | နေသာ ၂၂°C/၇၁°F | နေသာ ၂၁°C/၇၀°F | နေသာ ၂၁°C/၆၉°F |
| မော်လမြိုင် | နေသာ ၃၀°C/၈၆°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| ဘားအံ | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F |
| တောင်ငူ | နေသာ ၃၁°C/၈၇°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F |
| မုံရွာ | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၈°C/၈၂°F |
| ပုသိမ် | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| မြိတ် | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၂°F |
| စစ်တွေ | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | ေ နသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F |
| မကွေး | နေသာ ၃၁°C/၈၇°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| ဖလမ်း | နေသာ ၁၈°C/၆၅°F | နေသာ ၁၉°C/၆၆°F | နေသာ ၁၈°C/၆၄°F | နေသာ ၁၆°C/၆၁°F | နေသာ ၁၇°C/၆၂°F |



## အိန္ဒိယနိုင်ငံ၊ မြောက်ပိုင်းဒေသများတွင် အအေးလှိုင်းဖြတ်သန်း နှင်းများထူထပ်စွာကျရောက်သဖြင့် ရထားခရီးစဉ် ၆၀ ကျော် ဖျက်သိမ်း

အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသများတွင် ဇန်နဝါရီ ၁၃ ရက်မှစတင်ကာ အအေးလှိုင်းများဖြတ်သန်းကျရောက်လျက်ရှိကြောင်း သိရသည်။

အထူးသဖြင့်ကက်ရှ်မီးယားတောင်ကြား ဒေသများတွင် အအေးလှိုင်းဖြတ်သန်းမှုမှာ အဆိုးရွားဆုံးဖြစ်ကြောင်း၊ ထို့ပြင် ဂျမူးတွင်လည်း နှင်းများထူထပ်စွာကျရောက်လျက်ရှိသည့်အပြင် မြို့တော်ဒေလီတွင်လည်း နှင်းများထူထပ်စွာ ကျရောက်လျက်ရှိသဖြင့် ရထားခရီး စဉ်ပေါင်း ၆၀ ကျော်ကို ဖျက်သိမ်းခဲ့ရကြောင်း အိန္ဒိယတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

ကက်ရှ်မီးယားဒေသတွင် အပူချိန်မှာ ရေခဲမှတ်အောက်ကျရောက်နေပြီး ဆီရီနာဂါတွင် အနုတ် ၂ ဒသမ ၉ဒီဂရီ ဆဲလ်ဆီးယပ်စ်၊ ပါဟယ်လ်ဂန်တွင် အနုတ် ၄ ဒသမ ၄ဒီဂရီဆဲလ်ဆီးယပ်စ်၊ ဂူးလ်မာ့ခ်တွင် အနုတ် ၄ ဒသမ ၂ ဒီ ဂရီဆဲလ်ဆီးယပ်စ်သို့ကျဆင်းနေကြောင်း၊ အပူချိန်များကျဆင်းနေသည့်အပြင် နှင်းများလည်း ထူထပ်စွာကျရောက်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

"အပူချိန်တွေ ဆက်လက်ကျဆင်းနိုင်ပါတယ်။ ကောင်းကင်တစ်ခုလုံး တိမ်တွေမရှိဘဲ ရှင်းလင်းနေတာကြောင့် နှင်းတွေ မြူတွေ ထူထပ်စွာ ဆက်လက်ကျဆင်းနိုင်ပါတယ်။ အအေးလှိုင်းရဲ့ အရှိန်ကြောင့် ညအပူချိန်သာမက နေ့အပူချိန်တွေပါ လာမယ့်ရက်သတ္တပတ်အထိတိုင်အောင် ကျဆင်းနိုင်ပါတယ်" ဟု ဒေသဆိုင်ရာမိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြို့တော်ဒေလီတွင် နေ့အပူချိန်သည် ၁၅ ဒီဂရီ ဆဲလ်ဆီးယပ်စ်သာရှိပြီး ညအပူချိန်မှာ ၉ ဒသမ ၆ ဒီဂရီဆဲလ်ဆီးယပ်သာရှိကြောင်း၊ နံနက်ပိုင်းနှင့် ညနေပိုင်းတွင် နှင်းများထူထပ်စွာကျ ရောက်နေသည့်အပြင် ဇန်နဝါရီ ၁၃ ရက်မှစတင်ကာ နေ့လယ်ပိုင်းတွင်ပါ နှင်းများထူထပ်စွာကျရောက်နေမှုကြောင့် ရထားခရီးစဉ်ပေါင်း ၆၄ ခုကို ဖျက်သိမ်းခဲ့ရသည်ဟု ဆိုသည်။

သို့သော် လေယာဉ်ခရီးစဉ်များကိုမူ ပုံမှန်အတိုင်း ပျံသန်းပြေးဆွဲလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း အအေးလှိုင်း ဖြတ်သန်းမှုမှာ ဇန်နဝါရီလကုန်ပိုင်းအထိ ဖြစ်နိုင်ပြီး အအေးလှိုင်းဖြတ်သန်းမှုဒဏ်ကို ပြည်သူအများ ခံစားနေကြရသည်ဟု ဆိုသည်။ **မယ်သီတာ**

## ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်းပေါ်တွင် အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်

ပြီးခဲ့သည့် ဇန်နဝါရီ ၁၄ ရက်က ဂျပန်နိုင်ငံမြောက်ပိုင်း၊ ဟိုကိုင်းဒိုးကျွန်းတွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိအင်အားပြင်းထန်သည့်ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း အမေရိကန်နိုင်ငံ ငလျင်တိုင်းတာရေးစခန်းမှ သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါငလျင်သည် ဟိုကိုင်းဒိုးကျွန်း တောင်ပိုင်းအစွန်းဆုံးမြို့ဖြစ်သည့် အူရာကာဝါမြို့ကိုဗဟိုပြု၍ လှုပ်ခတ်သွားခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသတိုင်းတာရေး အေဂျင်စီ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ဂျပန် ပြည်တွင်းမီဒီယာတစ်ခုဖြစ်သည့် အန်န်အိတ်ချ်ကေသတင်းဌာန၏ ထုတ်ပြန်ချက်အရ ငလျင်လှုပ်ခတ်မှုကြောင့် ဆက်ပိုရိုရှိယိုအိရိုကုတွင် လူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားခြင်း မရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဟိုကိုင်းဒိုးဒေသတွင်ထားရှိသည့် နယူးကလီးယား ဓာတ်အားပေးစက်ရုံများတွင် တစ်စုံတစ်ရာ ထိခိုက်မှု မရှိခဲ့ကြောင်း အန်န်အိတ်ချ်ကေသတင်းဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

"ငလျင်ရဲ့ပြင်းအားက တော်တော်လေးပြင်းပါတယ်။ စက္ကန့်လေးဆယ်လောက် ကြာမယ်လို့ထင်ပါတယ်။ကျွန်တော်တို့မြို့မှာတော့ အပျက်အစီးမရှိပါဘူး"ဟု ဟိုကိုင်းဒိုးမှ ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံမြောက်ပိုင်း ဟိုကိုင်းဒိုးကျွန်းပေါ်တွင် တည်ဆောက်ထားသည့် ဟိုကိုင်းဒိုး အီလက်ထရစ်ပါဝါမှ တည်ဆောက်ထားသည့် တိုမာရီ နယူးကလီးယားဓာတ်အားပေးစက်ရုံနှင့် တိုဟိုကု အီလက်ထရစ်ပါဝါမှ တည်ဆောက်ထားသည့် ဟီဂါရှီဒိုရီ နယူးကလီးယားဓာတ်အားပေး စက်ရုံနှစ်ရုံစလုံးမှာ ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် လုံးဝထိခိုက်မှုမရှိခဲ့ကြောင်း အန်န်အိတ်ချ်ကေသတင်းဌာနမှ ရေးသားဖော်ပြခဲ့သည်။ ငလျင်လှုပ်ခတ်ပြီးနောက် ဟိုကိုင်းဒိုးကျွန်းအနီးရှိ ပစိဖိတ်သမုဒ္ဒရာ ရေပြင်မှာ ပြောင်းလဲမှုမရှိဘဲ ငြိမ်သက်နေခဲ့သဖြင့် ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ခြင်း မရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က အင်အားရစ်ချ်တာစကေး ၉ ရှိသည့် အင်အားအလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီလှိုင်းများဖြစ်ပေါ်ခဲ့ရာ ဆုံးရှုံးပျက်စီးမှုများ အများအပြားရှိခဲ့သည်။

**မယ်သီတာ**

# FIFA 11 For Health သရုပ်ပြခြင်းအစီအစဉ်ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ဆေးဘက်ဆိုင်ရာ အရာရှိချုပ် ဒေါက်တာဂျရီ လာရောက်ကြည့်ရှု



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဆောင်ရွက်လျက်ရှိသည့် FIFA 11 For Health သရုပ်ပြခြင်း အစီအစဉ်ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ဆေးဘက်ဆိုင်ရာအရာရှိ ဒေါက်တာဂျရီလာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ဇန်နဝါရီ ၁၂ ရက်က လူငယ် အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)တွင်ကျင်းပသည့် FIFA 11 For Health အစီအစဉ်တွင် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူ သရုပ်ပြအဖွဲ့များက အဖွဲ့လိုက် သွေးပူလေ့ကျင့်ခန်းများ သရုပ်ပြသခြင်း၊ ကျောင်းအလိုက် သင်ကြားထားသောလေ့ကျင့်ခန်းများဖြင့် သရုပ်ပြသခြင်းများ ပြုလုပ်ခဲ့ကြရာ ဒေါက်တာဂျရီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က တစ်ဖွဲ့ချင်းစီလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

ကျောင်းသားကျောင်းသူ သရုပ်ပြအဖွဲ့များ အားလုံးပူးပေါင်းကာ ယုံကြည်မှု စက်ဝိုင်းတည်ဆောက်ခြင်းဖြင့် အဆုံးသတ် သရုပ်ပြခဲ့ကြသည်။

သရုပ်ပြသခြင်းအစီအစဉ်နှင့်ပတ်သက်၍ ဒေါက်တာဂျရီက ပညာပေးအစီအစဉ်မှာ အားရကျေနပ်ဖွယ်ရာရှိပြီး ပါဝင်ဆောင်ရွက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျေးလက်ဒေသများသို့ပါ ဆက်လက်ပညာပေးသရုပ်ပြသမှုများပြုလုပ်ရန် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပညာပေးရာတွင် ကျောင်းများတွင်သာမဟုတ်ဘဲ မီဒီယာများနှင့် ထိတွေ့ဆက်ဆံပြီးနောက် လာမည့် မျိုးဆက်သစ်လူငယ်များအားလုံး ကျန်းမာရေးအသိရှိရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ FIFA 11 For Health အစီအစဉ်သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး အခြားအာရှနိုင်ငံများဖြစ်သည့် လာအို၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင်ပါ နောင်လာမည့်နှစ်များတွင်ပါ ပြုလုပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းအစီအစဉ်သည် နောင်လာမည့် မျိုးဆက်သစ်များအားလုံး ကျန်းမာရေးအသိပညာ တိုးပွားလာစေရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့်ပူးပေါင်းဆောင်ရွက်သော ပညာပေးအစီအစဉ်ဖြစ်ကြောင်း သိရသည်။

ယင်း 11 For Health မှာဘောလုံးကစားပါ၊ အမျိုးသမီးများကို လေးစားပါ၊ ကိုယ်အလေးချိန်ထိန်းပါ၊ ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးဝါးကိုရှောင်ပါ၊ ဆေးခြင်ထောင်ထောင်အိပ်ပါ၊ လက်ဆေးပါ၊ သန့်ရှင်းသောရေကို သောက်ပါ၊ မျှတစွာစားပါ၊ ကာကွယ်ဆေးထိုးပါ၊ ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆေးကုသမှုခံယူပါ၊ မျှတစွာ ကစားပါဟူ၍ဖြစ်ကြောင်း သိရသည်။

# ကူဝိတ်အသင်း အရေးယူခံရမှုကြောင့် မြန်မာအသင်း သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သည် ကူဝိတ်ဘောလုံးအသင်း၏ ကိစ္စများတွင် ကူဝိတ်အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုများကြောင့် ဒဏ်ကြေးငွေဆွစ်ဖရန့် တစ်သောင်း(ပေါင် ၆၈၇၂)ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့ပြီး မြန်မာအသင်းနှင့်ယှဉ်ပြိုင်ကစားခွင့်မရရှိခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင်လည်း မြန်မာအသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း ဖီဖာ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ကူဝိတ်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲကို အာရှဇုန်အုပ်စု(ဆ)မှ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၇ရက်တွင် မြန်မာအသင်းနှင့်ခြေစစ်ပွဲကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။ သို့သော် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ကူဝိတ်အစိုးရသည် ကူဝိတ်ဘောလုံးအဖွဲ့ချုပ်၏ကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခဲ့သည်ဟုဆုံးဖြတ်ကာ အဆိုပါခြေစစ်ပွဲစဉ်ကို ဖျက်သိမ်းခဲ့သည့်အပြင် ကူဝိတ်အသင်း၏ ပြည်ပပွဲကစားခွင့်များကိုပါ ခေတ္တပိတ်ပင်ထားခဲ့သည်။

ထို့ပြင် ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းကလည်း ကူဝိတ်အိုလံပစ်ကော်မတီအား ကူဝိတ်အစိုးရက ဝင်ရောက်စွက်ဖက်မှုများကြောင့် နိုင်ငံတကာအိုလံပစ်ကော်မတီက ငါးနှစ်အတွင်းအိုလံပစ်အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရန် ပိတ်ပင်ထားခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ကူဝိတ်အားကစားအာဏာပိုင်များက နိုင်ငံတကာ အိုလံပစ်ကော်မတီကို တရားစွဲဆိုခဲ့ကြောင်း ကူဝိတ်နိုင်ငံပြည်တွင်းမီဒီယာများက ဖော်ပြခဲ့သည်။ ထိုကဲ့သို့ တရားစွဲဆိုခဲ့သဖြင့် ယခုနှစ်အတွင်းကျင်းပမည့် ရီအိုဒီဂျနေးရိုးအိုလံပစ် အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကိုပါ ထပ်မံပိတ်ပင်ခြင်းခံခဲ့ရသည်။

ကူဝိတ်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအာရှဇုန်အုပ်စုပွဲစဉ် အုပ်စု(ဆ)တွင် ရမှတ်(၁၀)မှတ်နှင့် အုပ်စုဒုတိယနေရာတွင် လက်ဘနွန်အသင်းနှင့်အတူ ရပ်တည်လျက်ရှိပြီး တောင်ကိုရီးယားအသင်းက ရမှတ် ၂၀ဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်လျက်ရှိသည်။

မြန်မာအသင်းအနေဖြင့် အဆိုပါအုပ်စုတွင် ရမှတ်(၇)မှတ်ရရှိထားပြီးအုပ်စုစတုတ္ထနေရာတွင် ရပ်တည်လျက်ရှိကာ လာမည့်မတ်လအတွင်း အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် လက်ဘနွန်အသင်းနှင့်အဝေးကွင်းတွင် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။



# လိဂ်-၂တွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့် မဟာယူနိုက်တက်အသင်း နိုင်ဂျီးရီးယားကစားသမား သုံးဦး ခေါ်ယူ

ယခုနှစ်ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ်-၂ ၌ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့် မဟာယူနိုက်တက်အသင်းသည် အသင်းအောင်မြင်မှုရရှိရေးအတွက် နိုင်ဂျီးရီးယားကစားသမားသုံးဦးကို ရာသီဝက်သက်တမ်းစာချုပ် ချုပ်ဆို၍ ခေါ်ယူခဲ့ကြောင်း အသင်းနည်းပြချုပ်ဖြစ်သူ ဦးဇော်လင်းထွန်းက ပြောကြားခဲ့သည်။

အသင်းအတွက် ခေါ်ယူထားသည့် နိုင်ဂျီးရီးယားကစားသမားသုံးဦးကို ရှေ့တန်း၊ အလယ်တန်းနှင့် နောက်တန်းနေရာတို့တွင် အသုံးပြုရန် ခေါ်ယူထားခြင်းဖြစ်ပြီး ရာသီဝက်သာအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ မဟာယူနိုက်တက်အသင်းသည် လိဂ်-၂သို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန် ခြေစစ်ပွဲစဉ်ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး လိဂ်-၂ သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

မဟာယူနိုက်တက်အသင်းသည် ခြေစစ်ပွဲစဉ်တွင် သန်လျင်ယူနိုက်တက်အသင်းကိုသာ သရေကျခဲ့ပြီး ကျန်ပွဲစဉ်များအားလုံးကိုအနိုင်ရရှိခဲ့ကာ အုပ်စုပထမဖြင့် လိဂ်-၂သို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

မဟာယူနိုက်တက်အသင်းသည် ဇာတ်မင်းသားဖိုးချစ် တည်ထောင်ထားသည့် အသင်းတစ်သင်းဖြစ်ပြီး ၎င်း၏မွေးရပ်မြေဖြစ်သည့် စစ်ကိုင်းတိုင်း ကိုယ်စားပြုအသင်းတစ်သင်းဖြစ်သည်။

# နည်းပြအီမာဆင်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နှစ်ဦးသဘောတူလမ်းခွဲ ရောဝတီနည်းပြချုပ်ဟောင်း မာယန်းကို နည်းပြချုပ်အဖြစ် ရန်ကုန်ယူနိုက်တက်အသင်းခန့်အပ်



ရန်ကုန်ယူနိုက်တက် အသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီ ၁၂ ရက်က အသင်း၏နည်းပြချုပ်အဖြစ် ယခုရာသီကမှ စတင်ခန့်အပ်လိုက်သည့် နည်းပြချုပ်အသစ် ဘရာဇီးနိုင်ငံသား အီမာဆင်နှင့် နှစ်ဦးသဘောတူလမ်းခွဲလိုက်ပြီဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်း အနေဖြင့် ယခုနှစ်ရာသီတွင် အာရှချန်ပီယံလိဂ်ခြေစစ်ပွဲ၊ အေအက်ဖ်စီဖလားပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိရန်နှင့် ပြည်တွင်း အမှတ်ပေးချန်ပီယံဆုဖလားကို ကာကွယ်ရန်အတွက် အကောင်းဆုံးပြင်ဆင်ဆောင်ရွက်ခဲ့သည်။

သို့သော် လက်ရှိနည်းပြ အီမာဆင်အနေဖြင့် အသင်း၏ရည်မှန်းချက်များ အောင်မြင်အောင် စွမ်းဆောင်နိုင်မည့်အခွင့်အရေး နည်းပါးနေသဖြင့် အသင်းနှင့် အီမာဆင်တို့အကြား ညှိနှိုင်း၍ နှစ်ဦးသဘောတူ လမ်းခွဲခဲ့ခြင်းဖြစ်ကြောင်း အသင်းပိုင်ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် နည်းပြ အီမာဆင်ကိုင်တွယ်ခဲ့သည့်ကာလအတွင်း လေးပွဲယှဉ်ပြိုင်ကစားခဲ့ရာတွင် နှစ်ပွဲနိုင် နှစ်ပွဲရှုံးရလဒ်ကိုသာရရှိထားခဲ့သည်။ ထို့ပြင် ရန်ကုန်ယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ် အဖွင့်ပွဲစဉ်တွင် မကွေးအသင်းကို အိမ်ကွင်းတွင် ရှုံးနိမ့်ခဲ့ရသဖြင့် ရန်ကုန်ပရိသတ်များ၏ ပြင်းထန်သည့်ဝေဖန်မှုကို ခံနေရသည်။

သို့သော် ရန်ကုန်ယူနိုက်တက် အသင်းသည် အသင်း၏နည်းပြချုပ်အဖြစ် ဧရာဝတီယူနိုက်တက်နည်းပြချုပ်ဟောင်း မာယန်းကို နည်းပြချုပ်အဖြစ် ဇန်နဝါရီ ၁၃ ရက်က တစ်ရာသီစာချုပ် ချုပ်ဆို၍ ခန့်အပ်ခဲ့သည်။

နည်းပြဟောင်း အီမာဆင်နှင့် နှစ်ဦးသဘောတူ လမ်းခွဲပြီးနှစ်ရက်အကြာတွင် ဧရာဝတီယူနိုက်တက်အသင်းနှင့်စာချုပ်ကိစ္စ အဆင်မပြေ၍ လမ်းခွဲခဲ့သည့် မက်ဆီဒိုနီးယားနိုင်ငံသား မာယန်းကို အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော် ဒီအသင်းကို ရောက်လာခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ ဒီက ကစားသမားတွေကိုလည်းသိထားပြီးသားပါ။ ကျွန်တော့်ကိုလည်း သိထားပြီးဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ရန်ကုန်အသင်းဟာ မြန်မာနေရှင်နယ်လိဂ်ရဲ့ အအောင်မြင်ဆုံးအသင်းတစ်သင်းဖြစ်တဲ့အတွက် ဒီအသင်းကို ရောက်လာတာ ဂုဏ်ယူမိပါတယ်"ဟု နည်းပြချုပ်မာယန်က ပြောကြားခဲ့သည်။

နည်းပြချုပ် မာယန်းသည် မြန်မာနေရှင်နယ်လိဂ်တွင် အတွေ့အကြုံရင့်သည့် နည်းပြတစ်ဦးဖြစ်သလို အေအက်ဖ်စီပြိုင်ပွဲများတွင်လည်း အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်သည်။ ၎င်းသည် ဧရာဝတီယူနိုက်တက်အသင်းနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းရှီးထွက်ချန်ပီယံဆု ဆွတ်ခူးထားသူဖြစ်သည်။

## မက်ဆီအား Ballon d'Or ဆု ချီးမြှင့်ပြီးနောက် ပေါ်တူဂီရှိ ရော်နယ်ဒိုရုပ်ထုတွင် မက်ဆီ၏အမည်နှင့်ကျောနံပါတ်ကို ရေးသားခဲ့

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က နှစ်စဉ်ချီးမြှင့်သည့် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုဖြစ်သည့် Ballon d'Or ဆုကို ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီက ငါးကြိမ်မြောက် ဆွတ်ခူးရရှိခဲ့ပြီးနောက် ပေါ်တူဂီနိုင်ငံရှိ စီရော်နယ်ဒို၏ အထိမ်းအမှတ်ရုပ်ထုတွင် မက်ဆီ၏အမည်နှင့် ကျောနံပါတ်တို့ကိုရေးသားခဲ့ကြောင်း သိရသည်။



ဇူးရစ်မြို့တွင် ဇန်နဝါရီ ၁၁ ရက်က ကျင်းပသည့် အဆိုပါ Ballon d'Or ဆုကို ပေါ်တူဂီနိုင်ငံသား ခရစ္စတီယာနိုရော်နယ်ဒိုနှင့် အာဂျင်တီးနားနိုင်ငံသား လီယွန်နယ်မက်ဆီတို့ ရေပန်း စားခဲ့သည့်အနက် မက်ဆီက ရော်နယ်ဒိုအပါအဝင် တခြားကစားသမားသုံးဦးကိုပါ ကျော်ဖြတ်ကာ ငါးကြိမ်မြောက်အဖြစ် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ယင်းဆုကို ချီးမြှင့်ပြီးနောက် ရော်နယ်ဒို၏မွေးရပ်မြေဖြစ်သည့် ပေါ်တူဂီနိုင်ငံ၊ မာဒိုင်ရာကျွန်းပေါ်ရှိ ဖန်ချဲလ်မြို့ပေါ်တွင် ထုလုပ်ထားရှိသည့် ရော်နယ်ဒိုအထိမ်းအမှတ်ပုံစံတူရုပ်ထု၏ ကျောပေါ်တွင် မက်ဆီ၏အမည်နှင့် ကျောနံ ပါတ်တို့ကို ဆေးဖြင့် ဂရပ်ဖစ်တီပုံစံ ရေးဆွဲသွားခဲ့ခြင်းဖြစ်သည်။

"ဒီလိုလုပ်ရပ်မျိုးဟာ သိပ်ကိုရှက်ဖို့ ကောင်းပါတယ်။ သူ့ကို မနာလိုဖြစ်နေတာဟာ သိပ်ကိုသိသာထင်ရှားလွန်းပါတယ်။ ပေါ်တူဂီလူမျိုးတစ်ယောက်အနေနဲ့ ကိုယ့်တိုင်းပြည်အတွက် ရှက်စရာကောင်းတဲ့လုပ်ရပ်မျိုးကို လုပ်ကြတယ်ဆိုတာ တကယ့်ကို စိတ်ပျက်ဖို့ ကောင်းလှပါတယ်။ ကျွန်မတော်တော်လေးလည်း စိတ်ဆိုးမိပါတယ်။ ကျွန်မတို့နိုင်ငံဟာ အရမ်းကိုလှပတဲ့နိုင်ငံလေး တစ်နိုင်ငံပါ။ ဒီလိုလုပ်ရပ်ကြောင့် ကိုယ့်နိုင်ငံ ကျက်သရေယုတ်သွားတာမျိုးကို မလိုလားပါဘူး။ အခုလို ရော်နယ်ဒိုရဲ့အပေါ်မှာ မလိုတမာစိတ်နဲ့ လုပ်တဲ့လုပ်ရပ်တစ်ခုက ကျွန်မတို့လူမျိုး အသိုက်အဝန်းတစ်ခုလုံးအတွက် မျက်နှာပျက်စရာ ဖြစ်ခဲ့ရပါတယ်"ဟုရော်နယ်ဒို၏အစ်မဖြစ်သူ ကာတီရာအေဗီရိုက ပြောကြားခဲ့သည်။

အဆိုပါရော်နယ်ဒိုကြေးရုပ်ထုကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလက စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယင်းရုပ်ထုသည် ရော်နယ်ဒို၏ ကိုယ်ပိုင်ငွေကြေးဖြင့် ဆောက်လုပ်ထားသည့် ရော်နယ်ဒို၏ ကိုယ်ပိုင်ပြတိုက်နှင့် မီတာအနည်းငယ်မျှသာ ကွာဝေးသည့်နေရာတွင်ရှိကြောင်း သိရသည်။

ယင်းကြေးရုပ်ထု၏အမြင့်သည် ၁၁ ပေရှိပြီး ရုပ်ထုဖွင့်ပွဲအခမ်းအနားသို့ ရော်နယ်ဒိုကိုယ်တိုင် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ Ballon d'Or ဆုကို နည်းပြများ၊ ကစားသမားများ၏ မဲပေးရွေးချယ်မှုဖြင့် ပေးအပ်ခဲ့ခြင်းဖြစ်ရာ မက်ဆီက ၄၁ ရာခိုင်နှုန်းရရှိခဲ့ပြီး စီရော်နယ်ဒိုက ၂၇ရာခိုင်နှုန်း ရရှိကာ ဒုတိယရရှိခဲ့သည်။ ဘရာဇီးမှ နေမာက ၇ ရာခိုင်နှုန်းဖြင့် တတိယ ရရှိခဲ့သည်။




## ပီအက်စ်ဂျီနှင့် ချယ်လ်ဆီးတို့၏ ချန်ပီယံလိဂ်ပွဲစဉ်အတွက် ချဲလ်ဆီးအသင်း လက်မှတ်စောင်ရေ ၁၄၀၀ သာရရှိ

လာမည့်ဖေဖော်ဝါရီလအတွင်း ယှဉ်ပြိုင်ရမည့် ချန်ပီယံလိဂ် ၁၆ သင်းဆင့် အုပ်စုပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းနှင့်ယှဉ်ပြိုင်ရမည့်ပွဲစဉ်အတွက် ချဲလ်ဆီးအသင်းအနေဖြင့် လက်မှတ်စောင်ရေ ပေါင်း ၁၄၀၀ သာရရှိကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ချဲလ်ဆီးအသင်းအတွက် လက်မှတ်ခွဲတမ်းစောင်ရေ ၂၁၀၀ ရရှိခဲ့သော်လည်း ယခုပွဲစဉ်အတွက်ကိုမူ လက်မှတ်စောင်ရေ ၁၄၀၀ သာရရှိခဲ့ခြင်းအတွက် ချဲလ်ဆီးပရိသတ်များက မကျေမနပ်ဖြစ်လျက်ရှိသည်။

ပီအက်စ်ဂျီအသင်းအနေဖြင့် ပြီးခဲ့သည့်နိုဝင်ဘာလအတွင်းက ပဲရစ်မြို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုအပြီးတွင် ယခုကဲ့သို့ အဝေးကွင်း၌ လာရောက်ကစားမည့် ဧည့်သည်အသင်းအတွက် လက်မှတ်ခွဲတမ်းများကို လျှော့ချသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြီးခဲ့သည့်ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွင် ချဲလ်ဆီးအသင်းပရိသတ်များအနေဖြင့် ပီအက်စ်ဂျီအသင်းမှ ကစားသမားများအား လူမျိုးရေးခွဲခြားမှုများပြုလုပ်ခဲ့သဖြင့် နှစ်ဖက်အသင်းပရိသတ်များပဋိပက္ခများဖြစ်ပွားခဲ့ရသည်။

လာမည့် ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ ကျင်းပမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်ဖြစ်သည့် ချဲလ်ဆီးနှင့်ပွဲစဉ်တွင် လုံခြုံရေးကိုယခင်ကထက် ပိုမိုတင်းကျပ်စွာ ချထားမည့်အပြင် ကွင်းအတွင်းသို့လာရောက်သည့် နှစ်ဖက်အသင်းမှ ပရိသတ်များကိုလည်း လက်ကောက်ဝတ်များတွင် အမှတ်အသားများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံပါရီမြို့တွင်ပြီးခဲ့သည့်နှစ် နိုဝင်ဘာ၁၃ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၁၃၀ သေဆုံးခဲ့ရသည်။

## ရီးရဲလ်မက်ဒရစ်နှင့် အက်သလက်တီကိုတို့ အပြောင်းအရွှေ့ ပိတ်ခံရ

စပိန်ထိပ်သီးအသင်းများဖြစ်သော ရီးရဲလ်မက်ဒရစ်နှင့် အက်သလက်တီကိုအသင်းတို့သည် လာမည့်အပြောင်းအရွှေ့နှစ်ခုအတွက် ကစားသမားမှတ်ပုံတင်ခြင်း ပိတ်ပင်ခံခဲ့ရသည်။

အပြောင်းအရွှေ့စည်းကမ်း ဖောက်ဖျက်ခြင်းကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပိတ်ပင်လိုက်ခြင်းဖြစ်ပြီး အယူခံဝင်မည်ဟုနှစ်သင်းလုံးက ကြေညာထားသည်။ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ အက်သလက်တီကိုအသင်းက ဆွစ်ဖရန့် ၉၀၀,၀၀၀ ပေးဆောင်ရမည်ဖြစ်ပြီး ရီးရဲလ်မက်ဒရစ်အသင်းက ဆွစ်ဖရန့် ၃၆၀,၀၀၀ ပေးဆောင်ရမည်ဖြစ်သည်။

အသက်၁၈ နှစ်အောက်ကစားသမားကို ခေါ်ယူစာချုပ်ခဲ့သည်ဆိုခြင်းမှာ လုံးဝမှန်ကန်မှုမရှိဟု ရီးရဲလ်မက်ဒရစ်အသင်းက ကြေညာထားသည်။ ရီးရဲလ်မက်ဒရစ် အထွေထွေဒါရိုက်တာ အိန်ဂျယ်လ်ဆန်းချက်ဇ်က ပြစ်ဒဏ်သည် လုံးဝမျှတမှုမရှိဘဲ အဆိုပါပြစ်ဒဏ်အား ပြောင်းလဲပစ်နိုင်ရန် များစွာမျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

အက်သလက်တီကိုအသင်းကလည်း "ဖီဖာက ချမှတ်တဲ့ ပြစ်ဒဏ်ကို သဘောမတူပါဘူး။ အယူခံဝင်ဖို့ အချက်အလက်တွေကို ရှာသွားမှာဖြစ်ပါတယ်"ဟု ကြေညာခဲ့သည်။

ဘာစီလိုနာအသင်းသည်လည်း အသက် ၁၈ နှစ်အောက် ကစားသမားစာချုပ်ခေါ်ယူမှုဖြင့် ၂၀၁၄ ခုနှစ် ဧပြီလအတွင်းက အလားတူပြစ်ဒဏ်မျိုး ချမှတ်ခံခဲ့ရသည်။ ရီးရဲလ်မက်ဒရစ်နှင့် အက်သလက်တီကိုတို့သည် ၂၀၁၆ ဇူလိုင်၊ ဩဂုတ်နှင့် ၂၀၁၇ ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်နှစ်ခုကို ပိတ်ပင်ခံရခြင်းဖြစ်သည်။

## ဩစီအိုးပင်းတင်းနစ်ပြိုင်ပွဲအတွက် လေ့ကျင့်ရာတွင် ရာသီဥတုဒဏ်ကို အန်ဒီမာရေး အပြင်းအထန် ခံစားနေရ

ဩစတြေးလျနိုင်ငံတွင် ကျင်းပမည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အနိုင်ရရှိရေးအတွက်ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် သွားရောက်လေ့ကျင့်လျက်ရှိသည့် ဗြိတိန်တင်းနစ်ချန်ပီယံ အန်ဒီမာရေးသည် ရာသီဥတုပူပြင်းမှုဒဏ်ကို အပြင်းအထန်ခံစားနေရကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ကမ္ဘာ့အဆင့်နှစ် တင်းနစ်ကစားသမားအန်ဒီမာရေးသည် မဲလ်ဘုန်းမြို့တွင် ၎င်း၏နည်းပြဖြစ်သူ မော်ရက်စမိုနှင့် လေ့ကျင့်မှုများပြုလုပ်လျက်ရှိရာ မဲလ်ဘုန်းမြို့၏ ပူပြင်းမှုဒဏ်ကို ခံစားနေရခြင်းဖြစ်သည်။




ယခုအခါတွင် မဲလ်ဘုန်းမြို့၏ အပူချိန်သည် ၄၂ ဒီဂရီဆဲလ်ဆီးယပ်စ်တွင်ရှိနေပြီး အပူပြင်းဆုံးအချိန်သို့ ရောက်ရှိနေသည်ဟု ဆိုသည်။

ယင်းအပူချိန်အောက်တွင် လေ့ကျင့်နေရသည့် အန်ဒီမာရေးအနေဖြင့် ချွေးထွက်များသည့်ဒဏ်ကို ခံစားနေရသည်ဟုဆိုသည်။

အန်ဒီမာရေးသည် ၎င်း၏နည်းပြဖြစ်သူ မော်ရက်စမိုနှင့် ဇန်နဝါရီလ ၁၃ ရက်မှစတင်ကာ မဲလ်ဘုန်းမြို့ရှိ မာဂရက်တင်းနစ်ကွင်းတွင် လေ့ကျင့်မှုများပြုလုပ်နေကြခြင်းဖြစ်သည်။

"ကျွန်တော် ကမ္ဘာ့အဆင့်တစ်နေရာကို ရောက်ချင်ပါတယ်။ အဲဒါက ကျွန်တော့်ရဲ့အဓိကရည်မှန်းချက်ပါ။ ဒါကြောင့် ကျွန်တော် ဒီဩစီအိုးပင်းပြိုင်ပွဲမှာ အနိုင်ရဖို့လိုပါတယ်။ အနိုင်ရဖို့အတွက် အခုလို ရာသီဥတုဒဏ်ကို ခံနိုင်ဖို့ လေ့ကျင့်နေတာပါ"ဟု မာရေးက ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံတွင် လောင်ကျွမ်းလျက်ရှိသည့်တောမီးများကြောင့် နိုင်ငံတစ်ဝန်း အပူချိန်များ မြင့်တက်လျက်ရှိရာ အအေးပိုင်းဒေသမှ လာရောက်ယှဉ်ပြိုင်ကြသည့် ကစားသမားများအနေဖြင့် ရာသီဥတုပူပြင်းမှုဒဏ်ကို ခံစားရလေ့ရှိသည်။

Vol: 16, No.3 Monday January 18 2016

# ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာ ပြန့်ပွားရေး ဆွေးနွေး



ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်း ဦးဆောင်သည့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁ ရက် နံနက် ၉နာရီခွဲက လှိုင်းဘွဲ့မြို့ ပြည်သူ့ဆေးရုံကြီး ဆွေးနွေးပွဲခန်းမတွင် လှိုင်းဘွဲ့မြို့နယ် အတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှ အရာထမ်းများ ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၁၃၀ ခန့်အား စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းဆိုင်ရာ အသိပညာပြန့်ပွားရေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

ဆွေးနွေးပွဲမှာ ပြည်နယ်ဦးစီးမှူးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်း အကောင်အထည်ဖော်နေမှု၊ ကော်မတီများဖွဲ့စည်းဆောင်ရွက်နေမှု၊ ဥပဒေပါတာဝန်နှင့် အခွင့်အရေးများတားမြစ်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များအား ရှင်းလင်းခြင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူအများနှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက်နေသဖြင့် ပြန်လည်မျှဝေပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းဆွေးနွေးခဲ့ပါသည်။

လှိုင်းဘွဲ့မြို့နယ် ဥပဒေအရာရှိ ဦးထွန်းလင်းက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၏ အနှစ်သာရနှင့် ဥပဒေပြဋ္ဌာန်းချက်များကို ဥပဒေရှုထောင့်မှ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်းက ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများအပေါ် ဆက်စပ်နေမှု၊ အစားအစာများဘေး ကင်းလုံခြုံပါက ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများအပေါ် အကျိုးဖြစ်ထွန်းလာမည့် အခြေအနေများကို ဆွေးနွေးပါသည်။

ယင်းနောက် ပြည်နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**စားသုံးသူရေးရာဌာနခွဲ (ကရင်)**

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၁/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ခိုင်မာတိုးတက်စေရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီတို့၏ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များ (၁/၂၀၁၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေး ခန်းမ (၃)၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးသန်းမြင့်နှင့် အဖွဲ့ဝင်များ၊ စားသုံးသူတိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထူး ဖိတ်ကြားထားသူများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးသန်းမြင့်က တရားမဝင် ဝင်ရောက်လာသည့် ကုန်ပစ္စည်းများကြောင့် လက်ရှိ မြေပြင်တွင် စားသုံးသူများအတွက် ဘေးဥပဒ်အန္တရာယ်ရှိနိုင်သည်များကို စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ချိုက ယခင်ကျင်းပပြီးခဲ့သည့် ၅/၂၀၁၅ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် အခြေအနေများနှင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းကို မှန်ကန်မြန်ဆန်စွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန၊ ကျန်းမာရေးဌာန၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတို့ကို လုပ်ငန်းကော်မတီ နှစ်ရပ်တွင် ထည့်သွင်းဖွဲ့စည်းနိုင်ရေးကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် လုပ်ငန်းကော်မတီနှစ်ရပ်တို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြည်တွင်းပြည်ပမှ ထုတ်လုပ်တင်သွင်းလာသည့် ကုန်ပစ္စည်းများသည် ကုန်အမှတ် တံဆိပ်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည့် အခြေအနေ၊ စက်မှုလုပ်ငန်းတွင် အသုံးပြုထားသည့် ဆီများကို ပြန်လည်သန့်စင်ပြီး ဈေးကွက်အတွင်း ရောင်းချနေမှုများကို ဖော်ထုတ်တားဆီး အရေးယူနိုင်မည့် အခြေအနေ၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသောက်ကုန်တစ်ခုတည်းသာမဟုတ်ဘဲ လူသုံးကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုပါ အကာအကွယ်ပေးနိုင်ရေးတို့ကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးတင်ပြကြရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့မှ တာဝန်ရှိသူများက လုပ်ဆောင်သင့်သည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေး ညှိနှိုင်းခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်သီ (စားသုံးသူ) ရန်ကုန်**

# ဘိုကလေးမြို့နယ် ပညာရေးကောလိပ်တွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲ ကျင်းပပြုလုပ်



ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပညာရေးကောလိပ်တွင် နေပြည်တော် စားသုံးသူရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးစောမိုက်ကယ်တို့ အဖွဲ့သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းက ဘိုကလေးမြို့ ပညာရေးကောလိပ် အစည်းအဝေးခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ဟောပြောပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားသို့ ဆရာ/ဆရာမ ၇၀ ဦး၊ ကျောင်းသား/ကျောင်းသူ ၃၉၈ ဦးနှင့် ကျောင်းဈေးသည် ရှစ်ဦး စုစုပေါင်း ၄၇၆ ဦး တက်ရောက်ကြတယ်လို့ သိရပါတယ်။ အဆိုပါ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးစောမိုက်ကယ်က စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်မှာ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးကိစ္စရပ်များကို ပြည်သူပြည်သားအားလုံး သိရှိထားနိုင်ရန်အတွက် ယခုလိုအခမ်းအနားများ ကျင်းပရခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး စားသုံးရန်မသင့်သည့် အစားအစာများ ဈေးထဲတွင် မရှိအောင် ပူးပေါင်း ဆောင်ရွက် လုပ်ဆောင်နေပါကြောင်း၊ ယခုလို လုပ်ရခြင်းသည် အစားမတော်တစ်လုတ်၊ အသွားမတော်တစ်လှမ်း ဆိုသကဲ့သို့ နေ့စဉ် စားသောက်နေသည့် အစားအသောက်များကြောင့် ရောဂါဖြစ်လာလျှင် ငွေလည်းကုန် ရောဂါလည်းရပါကြောင်း၊ရေရှည်ကျန်းမာရေးလည်း ထိခိုက်နိုင်ကြောင်း၊ အဆိုးဝါးဆုံးကတော့ ကင်ဆာကဲ့သို့ ရောဂါမျိုးများ ခံစားရမည်ဆိုလျှင် စားသုံးသူတိုင်းသူ ပြည်သားများအားလုံး နစ်နာပါကြောင်း၊ ထိုသို့မနစ်နာရအောင် အစားအသောက်များ စားသုံးသည့်အခါမှာလည်း သတိရှိရှိ ဆင်ခြင်စားသောက်နိုင်အောင် အန္တရာယ်ရှိသည့် အစားအစာများရှောင်ရှားနိုင်အောင် အဘက်ဘက်ကလည်း ကုန်ပစ္စည်းထုတ်လုပ်သည့်သူများ မသမာသောနည်းလမ်းဖြင့် မထုတ်လုပ်နိုင်အောင် စားသုံးသူများ အန္တရာယ်မှ ကင်းဝေးစေရန် ယခုလို လုပ်ငန်းကြီးကို သက်ဆိုင်ရာဌာနများ၊ NGO အဖွဲ့အစည်းများ၊ ပညာရှင်များ၊ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်နေပါကြောင်း၊ အခမ်းအနားသို့ နေပြည်တော် စားသုံးသူရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်ကိုယ်တိုင် လာရောက်ပြီး ဆရာ/ဆရာမလောင်းများကို စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို လာရောက် ဆွေးနွေးပို့ချခြင်းဖြစ်လို့ ထူးခြားသည့် အခွင့်အရေးတစ်ခုဖြစ်မည် ထင်ပါကြောင်း ဆရာ/ဆရာမများသည် တစ်ချိန်ချိန်တွင် အနယ်နယ်အရပ်ရပ်သို့ သွားလာကြသည့်အခါ ယခုဆွေးနွေး ပို့ချချက်များကို ဆင့်ပွားဖြန့်ဝေပေးမည်ဆိုလျှင်ပြည်သူ တစ်ရပ်လုံးအနေဖြင့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းပြီး နောင်လာနောက်သားများအားလုံး ကျန်းမာပျော်ရွှင်သည့်ဘဝကို ပိုင်ဆိုင်နိုင်မှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

**မင်းဇော်မွန်**

# ကြိမ်ရမ်းသံကြောင့် လန့်တဲ့ကြက်သွန်နီ

အမေရိကန် ကောင်းဘွိုင်ကားတွေမှာ နွားအုပ်ကြီးတွေကို ကောင်းဘွိုင်လို့ခေါ်တဲ့ နွားကျောင်းသား များက မြင်းတွေစီးပြီး၊ နွားကျောင်းနေတာ တွေ့မြင်ဖူးကြပါတယ်၊ ကောင်းဘွိုင်ရဲ့လက်ထဲမှာ ကြာပွတ်ရှည်တစ်ခုကို ကိုင်ထားတာတွေ့ရပါလိမ့်မယ်။ နောက်ပြီး ကြိုးကွင်းရှည်စသည်ဖြင့်ပေါ့။ ကြာပွတ်ရှည်က နွားတွေကိုတစ်စု တစ်စည်းတည်းဆောင်ရွက်ပေးတဲ့ ကိရိယာပါ နောက်ပြီးနွားတွေရဲ့ သွားနှုန်းကိုတိုးစေချင်တယ်။ တစ်နည်း ပိုပြေးစေချင်တယ်ဆိုရင် ကြာပွတ်နဲ့ နွေးနေတဲ့နွားတွေ၊ နောက်ဆုံးနဲ့ ဘေးက နွားတွေကို ကြာပွတ်နဲ့ လိုက်ရိုက်ပါတယ်။ ကြာပွတ်ကရှည်တော့ မရိုက်ခင် ဝှေ့ရမ်းပြီးမှ ရိုက်ရတာ အဆင်ပြေပါတယ်။ ဒါကြောင့် ကြာပွတ် မရိုက်ခင်ကတည်းက နွားက ကြာပွတ်ရမ်းသံ "ရွှမ်း" ကနဲ မြည်သံကို စတင်ကြားရပါတယ်၊ ဒီအသံကြားတာနဲ့ မိမိအရိုက်ခံရတော့မယ်သိပြီး၊ ရှေ့ကနွား ကော နောက်ကနွားပါ ပြေးကြပါတော့တယ်။

ဒါကြောင့် နောက်ပိုင်းမှာ မရိုက်ဘဲနဲ့ ကြာပွတ်ရမ်းသံပေးလိုက်ရင်ကို နွားကပြေးပါတော့တယ်။ စီးပွားရေးလောကမှာလည်း ဒီလို အဖြစ်အပျက် ရှိပါတယ်။ ကုန်ပစ္စည်းတစ်ခုဝယ်လိုအားကောင်းလာပြီ၊ ရောင်းသွက်လာပြီ ဆိုပါက ပထမဆုံးလက်လီရောင်းချသူများအနေနဲ့ လက်ကားရောင်းသူများဆီက ပုံမှန်ဝယ်ယူနေကြထက်ပိုမိုဝယ်ယူခြင်း၊ အမှာစာပိုမိုတောင်းခံခြင်းစသည်တို့ကို အပြိုင်အဆိုင်လုပ်ကိုင်လာ ကြပါတယ်။ ထိုအခါလက်ကား ရောင်းချသူများ၊ ကုန်ပစ္စည်းထုတ်လုပ်သူများကလည်း အမှာစာ များအရ ပိုမိုထုတ်လုပ်ခြင်း၊ ပိုမိုစုဆောင်းခြင်းများပြုလုပ်ကြပါတယ်။ ယင်းအကျိုးဆက်ကို Bullwhip effect (ကြိမ်ရမ်းသံ)၏ အကျိုးသက်ရောက်မှုအဖြစ် စီးပွားရေးပညာရှင်များက လမ်းပြကြပါတယ်။ ယင်းအကျိုး သက်ရောက်မှုကြောင့် ကုန်ပစ္စည်း လက်ကျန်များသည် လက်လီသမားများထံတွင် အများအပြား ရောက်ရှိစုဆောင်းမိလာ တတ်ပါတယ်။ အကယ်၍ ယင်းကုန်ပစ္စည်းရောင်းချမှု တစ်နည်းအားဖြင့် ဝယ်ယူသူ Consumer များအနေဖြင့် မည်သည့်အချိန်တွင် အဝယ်ရပ်သည်ကို လက်လီသမားများအတွက် ခန့်မှန်းရန်အလွန်ခက်ပါတယ်။ သို့ဖြစ်၍ ရပ်တန့်မှုသည် ရုတ်တရက် ရပ်ချင်းမျိုးဖြစ်သည်နှင့် Supply chain mechanisam သည် တစ်နေရာတွင် ထစ်ငေါ့ သွားပြီး ကုန်လက်ကျန်များသည် ကုန်ထုတ်လုပ်သူထံတွင်ဖြစ်စေ လက်ကားရောင်းသူ (သိုလှောင်သူ) နှင့် လက်လီ သမားထံတွင်ဖြစ်စေ၊ တစ်နေရာတွင်ဆုံးသွားမှာဖြစ်ပါတယ်။ ယင်းကဲ့သို့ Jam ဂျမ်း ဖြစ်သွားပြီဆိုပါက ရေကာတာဖြင့် ပိတ်ထားသကဲ့သို့နောက်ဆင့်ကဲဆင့်ကဲ

| ကြက်သွန်နီနှစ်အလိုက် ပြည်ပတင်ပို့နိုင်မှုစာရင်း | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| စဉ် | ဘဏ္ဍာနှစ် | ပုံမှန် | | နယ်စပ် | | စုစုပေါင်း | | တစ်တန်ပျမ်းမျှတန်ဖိုး (USD) | |
| | | တန်ချိန် | တန်ဖိုး (USD)သန်း | တန်ချိန် | တန်ဖိုး (USD)သန်း | တန်ချိန် | တန်ဖိုး (USD)သန်း | | |
| ၁ | ၂၀၀၄-၂၀၀၅ | ၁၀၉၄ | ၀. ၁၉၇ | | | ၁၀၉၄ | ၀. ၁၉၇ | ၁၈၀ | ၂၆၀ |
| ၂ | ၂၀၀၅-၂၀၀၆ | ၂၄၂၉၁ | ၄. ၈၆၆ | | | ၂၄၂၉၁ | ၄. ၈၆၆ | ၁၈၀ | ၂၆၀ |
| ၃ | ၂၀၀၆-၂၀၀၇ | ၈၆၈၇ | ၂. ၃၆၈ | | | ၈၆၈၇ | ၂. ၃၆၈ | ၂၆၀ | ၃၅၀ |
| ၄ | ၂၀၀၇-၂၀၀၈ | ၅၂၈၂ | ၁. ၇၄၅ | ၅၆၀ | ၀. ၇၀၀ | ၅၈၄၂ | ၂. ၄၄၅ | ၂၇၀ | ၃၃၀ |
| ၅ | ၂၀၀၈-၂၀၀၉ | ၁၈၃၅၆ | ၃. ၉၂၅ | ၂၇၂၁၀ | ၆. ၇၀၀ | ၄၅၅၆၆ | ၁၀. ၆၂၅ | ၂၀၀ | ၂၄၀ |
| ၆ | ၂၀၀၉-၂၀၁၀ | ၂၇၀၃ | ၀. ၅၆၄ | ၁၁၆၆၀ | ၂. ၈၆၀ | ၁၄၃၆၃ | ၃. ၄၂၄ | ၂၄၀ | ၃၀၀ |
| ၇ | ၂၀၁၀-၂၀၁၁ (Value Added) | ၆ | ၀. ၀၁၀ | | | ၆. ၀၀၀ | ၀. ၀၁၀ | ၁၆၀၀ | ၁၆၀၀ |
| ၈ | ၂၀၁၁-၂၀၁၂ | ၇၈၄ | ၀. ၂၃၃ | ၂၈၉ | ၀. ၁၃၀ | ၁၀၇၃ | ၀. ၃၆၃ | | ၃၅၀ |
| ၉ | ၂၀၁၂-၂၀၁၃ | ၅၅၀၀ | ၂. ၁၂၂ | ၈၈၂၅ | ၃. ၉၆၆ | ၁၄၃၂၅ | ၆. ၀၈၈ | | ၄၅၀ |
| ၁၀ | ၂၀၁၃-၂၀၁၄ | ၁၂၃၀၇ | ၄. ၅၀၅ | ၄၄၂၀၅ | ၂၂. ၆၇၃ | ၅၆၅၁၂ | ၂၇. ၁၇၈ | ၅၃၀ | ၅၇၀ |
| ၁၁ | ၂၀၁၄-၂၀၁၅ | ၉၇၅၂ | ၂. ၄၇၄ | ၂၆၃၈၃ | ၆. ၃၉ | ၃၆၁၃၅ | ၈. ၈၆၄ | ၂၄၅ | |
| ၁၂ | ၂၀၁၅-၂၀၁၆ (၁၁. ၁၂. ၂၀၁၅) | ၁၁၀၃၀ | ၂. ၇၈၈ | ၂၈၄၁၀ | ၈. ၃၄၆ | ၃၉၄၄၀ | ၁၁. ၁၃၄ | ၁၁၄၀ | ၁၅၀၀ |

လက်ကျန်များပိတ်ဆို့သွားပြီး၊ ပျက်စီးဆုံးရှုံးမှုများ ကုန်စျေးနှုန်းအလွန်အကျွံ ကျဆင်းခြင်းများ ဆက်တိုက် ဖြစ်ပေါ်လာပါမည်၊ သို့ဖြစ်၍ ကုန်စျေးနှုန်း အလွန်အကျွံကြီးမြင့်လျှင်ယင်းဆိုးဝါးသော အကျိုးဆက်များ ဖြစ်ပေါ်လာတတ်သည်ကို သတိပြုရန်လိုအပ်လှပါတယ်။

ယခုအခါ ကြက်သွန်နီစျေးနှုန်းကြီးမြင့်မှုဖြစ်ပေါ်လာသဖြင့် ကြိမ်းရမ်းသံကို ကြားရသော အခြေအနေဖြစ်ပေါ် နေပြီဖြစ်သဖြင့် ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်သူများ၊ ကြက်သွန်နီလှောင်သမားများ၊ Exporter များအားလုံးသည် ကုန်လက်ကျန်စုပုံမှု မည်သည့်နေရာတွင်ဖြစ်လာနိုင်သည်ကို သတိပြုရှောင်ရှားရတော့မှာဖြစ်ပါတယ်။ ယင်းအဖြစ်အပျက်ကို ရှောင်ရှားနိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ထုတ်လုပ်မှုစရိတ် လျှော့အောင် ကြိုးပမ်းခြင်းလိုမျိုး စျေးကြီးမြင့်သည့်ကြားမှ ကြိုးစားရန်လိုပါတယ်။ ထွက်ရှိလာပြီဆိုပါကလည်း ရောင်းခြင်း၊ လှောင်ခြင်းကို တွေးခေါ်ပြီး အကျိုးအမြတ်ရှိအောင် ဆောင်ရွက်ရန်လိုအပ်ပါတယ်။ အကျိုးအမြတ်အတွက် အဓိက ကျသောအချက်များမှာ တောင်သူများ မှန်ကန်တဲ့ သတင်းအချက်အလက်ကို လက်ဦးမှုရရေးပင် ဖြစ်ပါတယ်။ အလားတူ ပင် လက်ကားရောင်းဝယ်သူ များနှင့် လှောင်သူများသည်လည်း အကျိုးအမြတ်ရှိရေးကို သေချာတွက်ချက် မျှော်မှန်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တောင်သူ၊ ကုန်သည်များအားလုံး၏ ထွက်ပေါက်သည် ပြည်ပတင်ပို့ရေးဖြစ်လာ မည်ဟု မျှော်လင့်ရပါတယ်။

အကယ်၍ပြည်ပတင်ပို့မှုကို တိုးတက်အောင်မလုပ်နိုင်ပါက ပြည်တွင်းတွင် ကြက်သွန်နီလက်ကျန် စုပုံနေမည့် ပြဿနာကို ရင်ဆိုင်ရနိုင်ချေရှိပါတယ်။ ဒီလို ဖြစ်လိုက်ရင်စျေးနှုန်းများ ကမောက်ကမဖြစ်ပြီး အရင်းအနှီးနည်းပါသော တောင်သူများ အဓိကထိခိုက်မည်ဖြစ်ကြောင်းသတိပေးလိုပါတယ်။ ထို့ကြောင့် တောင်သူများ ယခုစျေးမြင့်ခြင်းကို ပျော်စရာဟု မှတ်ယူနိုင်သော်လည်း ရှေ့အနာဂတ်ကို ပြင်ဆင်သင့်ပါတယ်။

ကျွန်တော်တို့ဘထွေးလေးက "ကြက်သွန်နီစျေးကောင်းရင် တောင်သူရော ကုန်သည်ရော တိုက်ပေါ် ခုန်တက်နိုင်တယ်" 'ကွ'တဲ့။ ဆိုလိုတာက အမြတ်အရမ်းများတဲ့အတွက် တိုက်ဝယ်နိုင်တာကို ဆိုလို တာပါ။ ဒါပေမယ့်သူက ဆက်ပြောပါတယ်။ "အေးစျေးကျပြီဆိုရင်တော့ အဲဒီတိုက်ပေါ်ကနေ တဲထဲ ပြန်ရောက်ပြီမှတ်" တဲ့ ဆိုလိုတာက ဖော်ပြပါ Bullwhip effect ရဲ့ ဆိုးကျိုးမျိုးကြုံလျှင်လည်း စျေးအကြီး အကျယ်ကျဆင်းပြီး တိုက်ရောင်းရလိမ့်မယ် သတိထားလို့ ပြောခဲ့တာပါ။ ဒါမျိုးတွေ အရင်ကလည်း ကြုံခဲ့ဖူးပေမယ့် အစိုးရဌာနဘက်ကရော ကုန်သည်တောင်သူဘက်ကကော စျေးကွက်ပျက်ခြင်းမဖြစ်အောင် ကြိုတင်ပြင်ဆင်မှု မလုပ်နိုင်ခဲ့ပါဘူး၊ ဒါကို ယခုကြိုတင်မျှော်တွေးပြီး ကြိုတင်ပြင်ဆင်ကြရအောင်လို့တင်ပြချင်ပါတယ်ခင်ဗျာ။

**မျိုးသူ(မန္တလေး)**

# ရှမ်းနနွင်းစျေးကွက်မပျောက်ဖို့ ပြည်ပစျေးကွက်သစ်များ ရှာဖွေသင့်

ရှမ်းနနွင်းမှာလည်း ၂၀၁၂ခုနှစ်မှစ၍ ပြည်ပဝယ်ယူမှုမရှိတော့သဖြင့် ပြည်တွင်းစျေးကွက်ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ သီးနှံဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ တွင် စျေးကွက်ပျက်သလိုဖြစ်သွားပြီး တောင်သူ/ကုန်သည်များမှာ နနွင်းအစားအခြားသီးနှံများကို ပြောင်းလဲ၍ရောင်းဝယ်ခဲ့တယ်လို့သိရပါတယ်။

၂၀၁၅ခုနှစ်မှာတော့ နယ်စပ်စခန်းများမှတစ်ဆင့် တရုတ်သို့တင်ပို့ရန် မူဆယ်ဝယ်လက်များ ဝယ်ယူလာသဖြင့် စျေးအနည်းငယ်ပြန်ကောင်းလာပါတယ်၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာတစ်ပိဿာ ပေါက်စျေးက အနိမ့်ဆုံး ၁၃၀၀ ကျပ်မှ အမြင့်ဆုံး ၁၆၀၀ ကျပ်၊ ဖေဖော်ဝါရီလမှာ အနိမ့်ဆုံး ၈၀၀ ကျပ်မှ ၁၆၀၀ ကျပ်စျေးပေါက်ပါတယ်။ ရန်ကုန်ဝယ်လက်တချို့ကလည်း ဝယ်ယူပြီး၊ အများအားဖြင့် ပြည်တွင်းသုံးအတွက် အမှုန့်ကြိတ်ဖို့ရယ်၊ ပရဆေးဖော်ဖို့ရယ်အတွက် ဝယ်ယူတယ်လို့ သိရပါတယ်၊ ၂၀၁၅ ခုနှစ်၊ မတ်နဲ့ ဧပြီလမှာ ပြည်တွင်း/ပြည်ပ အဝယ်လျော့လာပြီးစျေးလည်း ကျလာသဖြင့် တစ်ပိဿာကိုအနိမ့်ဆုံး ၁၀၀၀ ကျပ်မှ အမြင့်ဆုံး ၁၆၀၀ ကျပ်စျေးသာရှိပါတယ်၊ သင်္ကြန်အပြီးကာလမှာနနွင်းကို အိန္ဒိယနဲ့ပါကစ္စတန်က အနည်းငယ်ပြန်ပြီးဝယ်ခဲ့တာကြောင့် စျေးနှုန်းမှာလည်းပြန်တက်လာပြီး တစ်ပိဿာကို ၁၂၀၀ ကျပ်မှ ၂၂၀၀ ကျပ်ထိ စျေးရလာပါတယ်၊ မေလမှာ အဝယ်ရပ်သွားလို့ စျေးကလည်း ပြန်ပြုတ်ကျလာပြီး တစ်ပိဿာကို ၁၀၀၀ ကျပ်မှ ၁၄၀၀ ကျပ်သာရှိပါတော့တယ်၊ ဇွန်လမှာ ပြည်တွင်းသုံးအဖြစ် ရန်ကုန်၊ စစ်တွေ၊ မုံရွာကဒေသတွင်းသုံးဖို့အတွက် ဝယ်ယူလို့ စျေးကလည်း အနည်းငယ် ပြန်မာလာပြီး တစ်ပိဿာကို၁၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်စျေးရှိလာပါတယ်။ ဇူလိုင်လပိုင်းမှာ အရောင်းအဝယ် ပြန်ငြိမ်သွားပါတယ်၊ ဩဂုတ်လပိုင်းမှာလည်း အရောင်းအဝယ် ခပ်အေးအေးသာရှိပြီး စျေးကတော့ တစ်ပိဿာ ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်အထိ ကျလာပါတယ်။ စက်တင်ဘာလနဲ့ အောက်တိုဘာလမှာတော့ အောင်ပန်း၊ စျေးကွက်မှာ နနွင်းက အရောင်းအဝယ် လုံးဝမဖြစ်သလောက်ဖြစ်နေပြီး ဟိုပုံးနနွင်းကို ဝယ်လက်တွေက စိတ်ဝင်စားလာပါတယ်။ ဟိုပုံးနနွင်းကအောင်ပန်းနနွင်းတွေထက် အရည်အသွေး ပိုကောင်းတာကြောင့် ဝယ်လက်တွေကအောင်ပန်းနနွင်းအစား ဟိုပုံးနနွင်းကိုဝယ်ယူလာကြပါတယ်။ ဝယ်လက်တွေက တစ်လလုံးလိုလို ဟိုပုံးနနွင်းကို ဝယ်ယူပြီး စျေးကတော့တစ်ပိဿာ ၁၆၅၀ ကျပ်စျေးပေါက်ပါတယ်။နိုဝင်ဘာလမှာလည်း မူဆယ်ဝယ်လက်တွေက ဝယ်ယူနေပြီးစျေးကလည်းတက်လာပါတယ်။ တစ်ပိဿာကို ၁၇၅၀ ကျပ်ပေါက်နေပြီး အောင်ပန်း စျေးကွက်မှာတော့ နနွင်းအရောင်းအဝယ်မဖြစ်တော့ဘူးလို့ သိရပါတယ်။ မူဆယ်ဝယ်လက်တွေ နိုဝင်ဘာလကုန်မှ အဝယ်ခဏနားသွားပါတယ်။ မူဆယ်ဝယ်လက်နည်းချိန်မှာ ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပကိုတင်ပို့ဖို့အတွက် ရန်ကုန်ဝယ်လက်တွေက ဝယ်ယူလာတာကြောင့် စျေးကွက်ပြတ်မသွားဘဲ တက်ပြီးအရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလမှာ ဟိုပုံးနနွင်းကတစ်ပိဿာကို ၁၈၅၀ ကျပ်စျေးထိရှိလာပြီး၊ အောင်ပန်းစျေးကွက်က နနွင်းကိုလည်း ဟိုပုံးကိုပြန်တင်ပို့ရန်အတွက် ဝယ်ယူမှုရှိလို့ ဒေသတွင်းရောင်းဝယ်မှုလည်း ဖြစ်လာပါတယ်။ အောင်ပန်းစျေးကွက်ကနနွင်းတစ်ပိဿာ ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်စျေးရှိတယ်လို့သိရပါတယ်၊

နနွင်းသီးနှံက ပြည်တွင်းသုံးအတွက်သာရှိပါက နနွင်းရောင်းဝယ်မှုမှာယခုထက်ပင်စျေးကျလာနိုင်ပြီး စိုက်ပျိုးသူများမှာလည်းနနွင်းအစား အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်၍ နနွင်းမှာစျေးကွက်ဝင်သီးနှံမဖြစ်နိုင်တော့တာကြောင့် စျေးကွက်သစ်များ ရှာဖွေသင့်ကြောင်း သုံးသပ်တင်ပြပါတယ်။

**ဇေခိုင်-တောင်ကြီး**

# ယခုတစ်ပတ် ဆန်တင်ပို့မှုလျော့ကျ

ဇန်နဝါရီလ ၂ ရက်မှ ၈ ရက်ထိကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၁၀ ဒသမ ၄၆၉ သန်း တန်ဖိုးရှိဆန်တန်ချိန် ၂၈၅၅၆ တင်ပို့ခဲ့ပါတယ်။ တင်ပို့မှုတွေကတော့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၂၁၃၅၁ တန်ကျော်နဲ့ ဧည့်မဆန် ၃၉၅၅ တန်၊ ချင်းရွှေဟော်စခန်းမှ ငစိန်ဆန်တန် ၅၀၀၊ လွယ်ဂျယ်မှ ငစိန်ဆန် တန် ၂၇၅၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၃၅၄၁ တန်လျော့နည်းခဲ့ပါတယ်။ ဆန်အပြင် မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂ဒသမ ၀၉၈ သန်း တန်ဖိုးရှိ ဆန်ကွဲ တန် ၆၄၄၀ ကို တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ၂၀၉ တန် လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇန်နဝါရီ ၃ ရက်မှ ၉ ရက်အထိ ကန်ဒေါ်လာ သုည ဒသမ ၄၄၂သန်း တန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၁၆၅ တန်တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက်တင်ပို့မှုများမှာ အီးယူနိုင်ငံများသို့ ငစိန်ဆန် ၅၀၂ တန်၊ ဧည့်မထ ၇၆၅ တန်နဲ့ ပေါင်းဆန် တန် ၁၉၀၊ စင်ကာပူနိုင်ငံသို့ ပေါင်းဆန် တန် ၁၆၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၃၈၀၀ ခန့်လျော့နည်းခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာ တန်ချိန် ၁၉၅၀ ရှိပြီး တန်ဖိုးမှာ ကန်ဒေါ်လာသုည ဒသမ ၅၁၉ သန်းဖြစ်ပါတယ်။ တင်ပို့တဲ့ နိုင်ငံတွေကတော့ စင်ကာပူနိုင်ငံသို့ တန် ၇၅၀ နဲ့ အီးယူနိုင်ငံများသို့ တန် ၁၂၀၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၁၁၀၀ လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းကုန်သွယ်မှု နှစ်မျိုးစလုံးမှ ဆန်ရော၊ ဆန်ကွဲပါ တင်ပို့မှုလျော့ကျခဲ့တယ်လို့သိရပါတယ်။

**ယဉ်ယဉ်အေး**

Organizations News
Vol: 16, No.3 Monday January 18 2016

## နိုင်ရိုဘီအစီအစဉ်ကြောင့် ဖိလစ်ပိုင် လယ်ယာလုပ်ငန်းကဏ္ဍ ယှဉ်ပြိုင်မှုစွမ်းရည် ပိုမိုမြင့်တက်လာနိုင်

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) အဖွဲ့ဝင် ၁၆၄ နိုင်ငံတို့ချမှတ်ထားသော နိုင်ရိုဘီအစီအစဉ် (Nairobi Package) က လယ်ယာကဏ္ဍယှဉ်ပြိုင်နိုင်မှုစွမ်းအင်ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်နေတဲ့ ဖိလစ်ပိုင်နိုင်ငံရဲ့ ကြိုးပမ်းမှုကိုမြှင့်တင်ပေးနိုင်မှာ ဖြစ်ကြောင်းကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး စီဖာရီနိုအက်စ် ဂိုဒိုရဲ့ ပြောကြားချက်အရ ဘိဇနက်မိုင်ရာသတင်းမှာ ဖော်ပြပါတယ်။

မိုက်ကရို၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ရင်ဆိုင်နေရတဲ့ ကုန်သွယ်မှုဆိုင်ရာပြဿနာများပါဝင်တဲ့ ဒဗလျူတီအိုရဲ့ ဆုံးဖြတ်ချက်ကို ဖိလစ်ပိုင်အစိုးရကကြိုဆိုကြောင်း ဒုတိယဝန်ကြီးကပြောပါတယ်။ ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့မှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာကကျင်းပခဲ့တဲ့ (၁၀) ကြိမ်မြောက်ဝန်ကြီးအဆင့် အစည်းအဝေးကချမှတ်ခဲ့တဲ့ နိုင်ရိုဘီအစီအစဉ်ရဲ့ အဓိကအချက်က လယ်ယာထုတ်ကုန်အချို့အတွက် ပေးထားတဲ့ပို့ကုန်ထောက်ပံ့မှုကို ဖယ်ရှားပေးဖို့ ဖြစ်ပါတယ်။

"ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ကျွန်တော်တို့နိုင်ငံအတွက် ကျွန်တော်တို့ရဲ့ ပို့ကုန်တွေကို ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ ပို့ကုန်တွေနဲ့ ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ဖို့အတွက် လယ်ယာစိုက်ပျိုးရေးဆိုင်ရာစေ့စပ်ညှိနှိုင်းမှုတွေမှာ ကျွန်တော် တို့ပါဝင်ဖို့ လိုအပ်ပါတယ်။ ပို့ကုန်ထောက်ပံ့မှုနဲ့ ပတ်သက်တဲ့ရလဒ်တွေ ပေါ် ထွက်လာအောင်ဆောင်ရွက်ဖို့က ကျွန်တော်တို့အတွက် အရေးကြီးတဲ့လုပ်ငန်းဖြစ်ပါတယ်" လို့ ဂိုဒိုဖိုက ပြောပါတယ်။

တချို့အစီအမံတွေကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေက ကုန်ထုတ်လုပ်သူတွေကို ယှဉ်ပြိုင်နိုင်ဖို့အခက်အခဲဖြစ်စေပြီး ကုန်သွယ်မှုကိုပျက်ယွင်းစေတဲ့အတွက် ပို့ကုန်အထောက်အပံ့တွေကို ဖယ်ရှားပေးဖို့ ဖိလစ်ပိုင်နိုင်ငံ အပါအဝင်ဖွံ့ဖြိုးဆဲနိုင်ငံတွေက တောင်းဆိုလာခဲ့တာ ကာလကြာပြီ ဖြစ်ပါတယ်။ ပို့ကုန်ထောက်ပံ့ကြေးတွေကို ဆောင်ရွက်ရာမှာ တိုက်ရိုက်ငွေသားပေးချေမှု၊ ချေးငွေ၊ အခွန်လျှော့ပေါ့မှုနဲ့ တချို့နိုင်ငံတွေက သူတို့ပို့ကုန်လုပ်ငန်းရှင်တွေကို ထောက်ပံ့ဖို့အသုံးပြုတဲ့ ဘဏ္ဍာရေးအစီအစဉ်တွေ ဖြစ်ပါတယ်။

ဒီဇင်ဘာကချမှတ်ခဲ့တဲ့ ဝန်ကြီးအဆင့်အစည်းအဝေးဆုံးဖြတ်ချက်အရ ဒီထောက်ပံ့မှုတွေကို ဖျက်သိမ်းပေးမှာဖြစ်ပြီး နောင်အနာဂတ်ကာလမှာ ကုန်သွယ်မှုကို ပျက်ယွင်းစေတဲ့အပြင် ပို့ကုန်အထောက်အကူပေးမယ့် ပို့ကုန်ထောက်ပံ့မှုတွေကို အစိုးရတွေက ဆောင်ရွက်မလာအောင် အကာအကွယ်ပေးသွားမှာဖြစ်ပါတယ်။

## လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်များမှ အကျိုးအမြတ်ရရှိဖို့ ဗီယက်နမ် အက်စ်အမ်အီးများအတွက် အထောက်အပံ့လိုအပ်

လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ်များမှ အကျိုးအမြတ်များကို ပိုမိုရရှိအောင် ဆောင်ရွက်ရာမှာ ဒီသဘောတူညီချက်တွေနဲ့ ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်းတွေကို ဗီယက်နမ် ပြည်တွင်းအသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း(အက်စ်အမ်အီး)တွေ သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။ ဒီလိုလုပ်ထုံးလုပ်နည်းတွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ ရရှိနိုင်ဖို့ အက်စ်အမ်အီးတွေက ကြိုးပမ်းဆောင်ရွက်ရာမှာ အစိုးရပိုင်ဆိုင်ရာရုံးများက အနီးကပ် ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

အေပက် အထွေထွေအတွင်းရေးမှူးချုပ်ရုံးရဲ့ ထုတ်ပြန်ချက်အရ အေပက်ဒေသအတွင်းမှာ ၂၀၁၄ ခုနှစ်အကုန်ထိ ပြုစုထားတဲ့ စာရင်းအရ လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူစာချုပ်ပေါင်း ၁၄၈ ခုရှိခဲ့ရာ ၁၉၉၀ ခုနှစ်က အခြေအနေနှင့် နှိုင်းယှဉ်ပါက အဆ ၂၀ တိုးတက်မြင့်မားခဲ့တာကို တွေ့ရပါတယ်။ လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ်တွေတည်ရှိနေတဲ့အတွက် အေပက်ဒေသတွင်းမှာရှိတဲ့ ကုန်သွယ်မှု သဘောတူစာချုပ်တွေကို အောင်မြင်စွာ ချုပ်ဆိုနိုင်အောင် ဆောင်ရွက်ရာမှာ ကြီးမားတဲ့ ဂယက်ရိုက်ခတ်မှုကို ဖြစ်ပေါ်စေပြီး ကုန်သွယ်မှုဖွံ့ဖြိုးခဲ့တဲ့ ပမာဏက ၂၀၀၀ ပြည့်နှစ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ထရီလီယံ ရှိရာမှ ၂၀၁၄ ခုနှစ်မှာ ဒေါ်လာ ၃ ဒသမ ၆ ထရီလီယံအထိ တိုးတက်ခဲ့ပါတယ်။

ကုမ္ပဏီကြီးများ၊ နိုင်ငံစုံစီးပွားရေးအုပ်စုများနဲ့ စီးပွားရေးလုပ်ငန်းတွေက လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ်များကြောင့်ရရှိမယ့် စီးပွားရေးအခွင့်အလမ်းတွေကို ရရှိအောင် စွမ်းဆောင်နိုင်တဲ့ စွမ်းရည်ရှိတဲ့သူဖြစ်လို့ သူတို့အတွက်ကြီးမားတဲ့ အကျိုးကျေးဇူးတွေ အမြောက်အမြားရနိုင်ကြောင်း စက်မှုနဲ့ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ငုယင်ကမ်တူက ယခင်ရက်သတ္တပတ်က ဟန်နွိုင်းမြို့မှာ ပြုလုပ်တဲ့ ဆွေးနွေးပွဲတစ်ခုမှာ ပြောပါတယ်။



## CLMV ရန်ပုံငွေ ထူထောင်ရေးအဆိုပြုချက်ကို အိန္ဒိယဝန်ကြီးအဖွဲ့သို့ တင်ပြမည်

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် (CLMV) နိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးစီမံကိန်း ဖွံ့ဖြိုးမှုရန်ပုံငွေ(Project Development Fund) ထူထောင်ရေး အဆိုပြုချက်ကို ဝန်ကြီးအဖွဲ့သို့ မကြာမီမှာတင်သွင်းတော့မှာဖြစ်ကြောင်း ပြည်ထောင်စု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး နီရာမာလာ စီသာရာမန်၏ ဇန်နဝါရီ ၁၃ ရက် ပြောကြားချက်အရ news x.com သတင်းမှာ ဖော်ပြပါတယ်။



အဆိုပြုချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြပြီး လာမယ့်လမှာ အတည်ပြုချက် ရရှိမှာဖြစ်ကြောင်း တတိယအကြိမ်မြောက် အိန္ဒိယ-CLMV စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲမှာ သူမက ပြောပါတယ်။ ရန်ပုံငွေအဖွဲ့ကို ရူပီးငါးဘီလီယံနဲ့ ထူထောင်မှာဖြစ်ပြီး ဒီရန်ပုံငွေက အိန္ဒိယအစိုးရက အကောင်အထည်ဖော်လျက်ရှိနေတဲ့ Act East မူဝါဒအရ ဆောင်ရွက်တဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ရည်ရွယ်ချက်က CLMV နိုင်ငံတွေမှာ ကုန်ထုတ်လုပ်ငန်းတွေ တည်ထောင်ကြမယ့် အိန္ဒိယကုမ္ပဏီတွေကို အကူအညီပေးဖို့ ဖြစ်ပါတယ်။

"အိန္ဒိယနဲ့ CLMV နိုင်ငံတွေရဲ့ ကုန်သွယ်မှုက ဒေါ်လာ ၁၁ ဘီလီယံရှိပြီး နောက်ထပ် တိုးတက်လာမယ့် အလားအလာတွေ အများကြီးရှိပါတယ်"လို့ သူမက ပြောပါတယ်။

သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၊ အရှေ့မြောက်ဒေသ ဆက်သွယ်ရေး၊ ဆိပ်ကမ်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးနဲ့ Act East မူဝါဒတွေက ဒီဦးတည်ချက်အတိုင်း ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေဖြစ်ကြောင်း သူမက ပြောပါတယ်။ အိန္ဒိယနိုင်ငံ ချန်နိုင်းဆိပ်ကမ်းအထိ ဆက်သွယ်နိုင်မယ့် ဆိပ်ကမ်းများ တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံနဲ့ ဆွေးနွေးလျက်ရှိကြောင်း စီသာရာမန်က ပြောပါတယ်။ CLMV နိုင်ငံတွေမှာ အိန္ဒိယဘဏ်ခွဲတွေ ထူထောင်သွားဖို့ရှိကြောင်းလည်း သူမက ပြောပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

## ၁၀ နှစ်တာ မဟာဗျူဟာချမှတ်ရေးအတွက် အာဆီယံစီးပွားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေး

အာဆီယံ စီးပွားရေးပေါင်းစည်းမှုကို အပြည့်အဝ ဆောင်ရွက်ပြီးနောက် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နဲ့ ဥရောပသမဂ္ဂ (အီးယူ)နဲ့ လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ်အတွက် စေ့စပ်ညှိနှိုင်းမှုတွေ ပြန်လည်စတင်ဖို့ ၁၀ နှစ်စီမံကိန်းကို ဒေသဆိုင်ရာ အရာရှိကြီးများက ဆက်လက်ဆောင်ရွက်မှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ဇန်နဝါရီလ ၁၉ ရက်မှ ၂၁ ရက်အထိ လာအိုနိုင်ငံ ဗီယန်ကျင်းမြို့မှာ ကျင်းပမယ့် အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိကြီးများ အစည်းအဝေးမှာ ဒေသဆိုင်ရာ ပေါင်းစည်းမှုတွေဖြစ်ပေါ်ပြီးနောက် ထပ်မံဆောင်ရွက်နိုင်ရေးအတွက် အဆင့်မြင့်လုပ်ငန်းအဖွဲ့ကို တည်ထောင်ဖို့ အရာရှိများက နှိုးဆော်တိုက်တွန်းထားကြောင်း ထိုင်းစီးပွားရေးနဲ့ ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ် မှုစေ့စပ်ညှိနှိုင်းရေးဌာန ညွှန်ကြားရေးမှူးချုပ် ဆီရီနတ်ဂျိုင်ပန်းက ပြောပါတယ်။

အစည်းအဝေးမှာ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေက အေအီးစီရှေ့လုပ်ငန်းစဉ်ဖြစ်တဲ့ AEC Blueprint 2015 အရကျန်အစီအစဉ်များကို ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာ ရှေ့လုပ်ငန်းစဉ်ကို ဆွေးနွေးခြင်း၊ ABC Blueprint 2025 ကို ရေးဆွဲခြင်းစတဲ့ လုပ်ငန်းများကို ဆောင်ရွက်မှာဖြစ်ပါတယ်။ AEC Blueprint 2025 က အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ခိုင်မာရေးအတွက် ၁၀ နှစ်တာ မဟာဗျူဟာဖြစ်ပါတယ်။

ဒါ့အပြင် အစည်းအဝေးမှာ အာဆီယံနဲ့ အီးယူတို့အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေးတို့နဲ့ပတ်သက်တဲ့ ကိစ္စရပ်တွေကို ဆွေးနွေးမှာဖြစ်ပါတယ်။ ဒါ့အပြင် နှစ်ပေါင်းများစွာ ရပ်ဆိုင်းထားခဲ့တဲ့ ဒေသနှစ်ခုအချင်းချင်း ဆွေးနွေးညှိနှိုင်းမှုတွေကို ပြန်လည်ဆောင်ရွက်မှာဖြစ်ပါတယ်။

# မလေးရှားနိုင်ငံရဲ့ ချေးငွေအဆင့်ကို Moody's ကလျှော့ချသတ်မှတ်

ကမ္ဘာ့ကုန်သွယ်မှုနဲ့ ဈေးကွက်အခြေအနေတွေဆိုးရွားလာတဲ့အတွက် Moody's ချေးငွေအဆင့်သတ်မှတ်ရေးအဖွဲ့က မလေးရှားနိုင်ငံရဲ့ ချေးငွေအဆင့်သတ်မှတ်ချက်ကို Positive မှ Stable အဆင့်သို့ လျှော့ချသတ်မှတ်လိုက်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

မလေးရှားအစိုးရရဲ့ ငွေပေးငွေယူလက်ကျန်ရှင်းတမ်းအရ နိုင်ငံရဲ့စီးပွားရေးအခြေခံတွေကို မြှင့်တင်ပေးနိုင်မယ့်အလားအလာတွေကို တွေ့မြင်ရတဲ့အတွက် Moody's က မလေးရှားနိုင်ငံရဲ့ကြွေးမြီအဆင့်ကို ၂၀၁၃ ခုနှစ်နိုဝင်ဘာလက A3 အဆင့်ဖြစ်တဲ့ Positive အဆင့်မှာ သတ်မှတ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ အရှေ့တောင် အာရှဒေသမှာ တတိယအကြီးမားဆုံး စီးပွားရေးနိုင်ငံဖြစ်တဲ့ မလေးရှားနိုင်ငံက သဘာဝဓာတ်ငွေ့နဲ့ ကုန်စည်တွေ တင်ပို့နေတဲ့နိုင်ငံဖြစ်တဲ့အတွက် ရေနံစိမ်းဈေးနှုန်းကျဆင်းမှုနဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးနှေးကွေး ကျဆင်းမှုဒဏ်ကို ခံခဲ့ရပါတယ်။

မလေးရှားနိုင်ငံရဲ့ ပို့ကုန်က နိုဝင်ဘာမှာ မူလခန့်မှန်းထားတဲ့နှုန်းရဲ့ ထက်ဝက်ခန့်သာမြင့်တက်ခဲ့ပြီး စက်မှုလုပ်ငန်းမှကုန်ထုတ်လုပ်မှုကလည်း ၁၆ လအတွင်း တိုးတက်မှုအနှေးကွေးဆုံးဖြစ်ပါတယ်။ မလေးရှားနိုင်ငံရဲ့ပြင်ပမှာဖြစ်ပျက်နေတဲ့ ပြောင်းလဲမှုတွေက လွန်ခဲ့တဲ့နှစ်အတွင်း အစိုးရရဲ့ဝင်ငွေကို လျော့ကျစေခဲ့ပါတယ်။

နိုင်ငံအတွင်းမှ မတည်ရင်းနှီးငွေစီးထွက်မှုမြင့်မားခြင်း၊ ငွေပေးငွေယူရှင်းတမ်းပိုငွေပြမှု ကျဆင်းလာခြင်း၊ နိုင်ငံခြားဖလှယ်နှုန်း တစ်ဟုန်ထိုးကျဆင်းခြင်းနဲ့ နိုင်ငံရဲ့အရန်ငွေကြေးကျဆင်းခြင်းတို့ကြောင့် မလေးရှားနိုင်ငံရဲ့ ချေးငွေအဆင့် ကျဆင်းရခြင်းဖြစ်ကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။မလေးရှားနိုင်ငံရဲ့ပြည်ပငွေပေးငွေယူရှင်းတမ်းပိုငွေပြမှုက ၂၀၁၅ခုနှစ် ဇူလိုင်-စက်တင်ဘာ သုံးလပတ်မှာ လွန်ခဲ့သောနှစ်နှစ်ကျော်ကာလအတွင်း အနိမ့်ဆုံးသို့ရောက်ရှိခဲ့ပါတယ်။ ကြွေးမြီပြန်လည်ပြင်ဆင်မှုတွေကို ဆောင်ရွက်ရာမှာ တိုးတက်မှုတွေရှိနေ ပေမယ့် မလေးရှားနိုင်ငံရဲ့ အစိုးရ ကြွေးမြီဝန်ထုပ်ဝန်ပိုးနဲ့ ကြွေးမြီပေးဆပ်နိုင်မှုအခြေအနေတွေရဲ့ တိုးတက်မှုက အကန့်အသတ်ရှိနေပါတယ်။

# တရုတ်နိုင်ငံရဲ့ စီးပွားရေးနှေးကွေးကျဆင်းမှုဒဏ်ကို စင်ကာပူနိုင်ငံက အများဆုံးခံရ



လွန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်း ဒေသအတွင်းဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်ပေးရာမှာ တရုတ်နိုင်ငံရဲ့ စီးပွားရေးလျင်မြန်စွာတိုးတက်မှုက အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပွားပြီး နောက်ပိုင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေး အခုလိုဖွံ့ဖြိုးမှုနှုန်းကျဆင်းမှုက အိမ်နီးချင်းနိုင်ငံတွေရဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုနှုန်းကို ကျဆင်းစေလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။

အရှေ့တောင်အာရှမှာ ထိခိုက်မှုအတိုင်းအတာအမျိုးမျိုးရှိမှာဖြစ်ပေမယ့် စင်ကာပူနိုင်ငံက အထိအနာဆုံးဖြစ်နိုင်ကြောင်း ဩစတြေးလျနဲ့ နယူးဇီလန်ဘဏ်လုပ်ငန်းအုပ်စု (Australia and New Zealand (ANZ) Banking Gorup) က ဇန်နဝါရီ ၆ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ တရုတ်နိုင်ငံက စင်ကာပူနိုင်ငံရဲ့ ပို့ကုန်အများဆုံးတင်ပို့ရာနိုင်ငံဖြစ်ပြီး စင်ကာပူပို့ကုန်အားလုံးရဲ့ ၁၅ ရာခိုင်နှုန်းကို တင်ပို့တဲ့နိုင်ငံ ဖြစ်ပါတယ်။

ဒါကြောင့် တရုတ်နိုင်ငံရဲ့ စီးပွားရေးနှေးကွေးကျဆင်းမှုက စင်ကာပူပို့ကုန်လုပ်ငန်းကို ကျဆင်းစေခဲ့ပါတယ်။ ရေနံမှအပ စင်ကာပူရဲ့ ပို့ကုန်တွေက အောက်တိုဘာလမှာတိုးတက်မှုမရှိဘဲ တန့်နေပြီးနောက် နိုဝင်ဘာလမှာ ၃ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း International Enterprise (IE) Singapore က ထုတ်ပြန်တဲ့စာရင်းတွေအရ သိရပါတယ်။

ဒ့ါအပြင် စင်ကာပူစီးပွားရေးမှာ ပို့ကုန်လုပ်ငန်းက အဓိကကျတဲ့အခန်းကဏ္ဍကပါဝင်နေတဲ့အတွက် စင်ကာပူနိုင်ငံရဲ့ထိခိုက်ခံရမှုက မြင့်မားခဲ့တာကို တွေ့ရကြောင်း ANZ ရဲ့ စီးပွားရေးပညာရှင်တွေက ခန့်မှန်းပါတယ်။ တရုတ်နိုင်ငံရဲ့ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) တစ်ရာခိုင်နှုန်း ကျဆင်းရင် စင်ကာပူရဲ့ ပို့ကုန်ဖွံ့ဖြိုးမှုနှုန်းမှာ ၁ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းစေနိုင်တယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒီကျဆင်းမှုက သုည ဒသမ ၂ ရာခိုင်နှုန်းနဲ့ သုည ဒသမ ၅ ရာခိုင်နှုန်းအကြားမှာသာ ထိခိုက်မှုရှိနိုင်တဲ့ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်နိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် သိသိသာသာ များပြားနေတာကိုတွေ့ရပါတယ်။

# အင်ဒိုနီးရှားအစိုးရက နဝမမြောက်စီးပွားရေးမူဝါဒ အစီအစဉ်ကို ထုတ်ပြန်မည်

စီးပွားရေး ပေါင်းစပ်ညှိနှိုင်းမှုဝန်ကြီးက နဝမမြောက် စီးပွားရေးမူဝါဒအစီအစဉ်ကို မကြာမီကြေညာတော့မှာဖြစ်ကြောင်း ဇန်နဝါရီ ၁၃ ရက်က အင်ဒိုနီးရှား ဝန်ကြီးအဖွဲ့ရုံး ဝန်ကြီး ပရာမိုနိုအာနန်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး အန်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

စီးပွားရေးမူဝါဒ အစီအစဉ်ကို ထုတ်ပြန်ရတဲ့ ရည်ရွယ်ချက်ရဲ့ မူသဘောအရဆိုရင် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုဆွဲဆောင်နိုင်ဖို့နဲ့ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေကို အကာအကွယ်ပေးဖို့ဖြစ်ကြောင်း ပရာမိုနိုက ပြောပါတယ်။

အစိုးရက ဒီအစီအစဉ်မတိုင်မီ စီးပွားရေးမူဝါဒ အစီအစဉ်ရှစ်ခုကို ဆောင်ရွက်ထားတဲ့အနက် ပထမအစီအစဉ်အရ အမျိုးသားစက်မှု လုပ်ငန်းတွေမှာ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ပိုမိုရှိဖို့၊ အမျိုးသား မဟာဗျူဟာ စီမံကိန်းမှာကို အားသွန်ခွန်စိုက် ဆောင်ရွက်ဖို့နဲ့ အိမ်ခြံမြေကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုတိုးတက်ကောင်းမွန်ဖို့အတွက် ဦးစားပေးချမှတ်ထားပါတယ်။

ဒုတိယအစီအစဉ်မှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ထိန်းချုပ်မှုတွေ လျှော့ချဖို့နဲ့ ဗျူရိုကရေစီစနစ်ကို လျှော့ချဖို့ အဓိကထားပါတယ်။

တတိယအစီအစဉ်မှာ မူဝါဒသုံးခု ပါဝင်ပါတယ်။ အဲဒီမူဝါဒသုံးခုက လျှပ်စစ်ဓာတ်အားခနဲ့ လောင်စာဆီဈေးတွေလျှော့ချရေး၊ အသေးစားလုပ်ငန်းများအတွက် ချေးငွေတိုးမြှင့်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် မြေအသုံးချခွင့်များပေးရာမှာ ရိုးရှင်းလွယ်ကူမှုရှိရေးစတဲ့ အစီအစဉ်တွေ ပါဝင်ပါတယ်။

စတုတ္ထအစီအစဉ်မှာ လုပ်သားများအတွက် လုပ်ခ၊ အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေနဲ့ ပို့ကုန်ချေးငွေလုပ်ငန်း အဖွဲ့အစည်း ဖွဲ့စည်းရေးကို အဓိကပြဋ္ဌာန်းပေးထားပြီး ပဉ္စမအစီအစဉ်မှာ ရရန်ပိုင်ဆိုင်ခွင့် အက်ဆက်တန်ဖိုးတွေ တိုးတက်အောင် ဆောင်ရွက်တဲ့ ကုမ္ပဏီတွေအတွက် ဝင်ငွေခွန်ကို လျှော့ချပေးဖို့နဲ့ အိမ်ခြံမြေနဲ့ အခြေခံအဆောက်အအုံ ရန်ပုံငွေအဖွဲ့တွေကို နှစ်ထပ်ခွန်ကောက်ခံခြင်းမှ ရှောင်ရှားဖို့ဖြစ်ပါတယ်။

ဆဋ္ဌမအစီအစဉ်က အထူးစီးပွားရေးဇုန်၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုနဲ့ ဆေးဝါးနဲ့ အစားအသောက်ထုတ်ကုန်တွေ ဆောင်ရွက်ရာမှာ ကုန်ကြမ်းတင်သွင်းမှုများအတွက် ထုတ်ပေးတဲ့ လုပ်ပိုင်ခွင့်ကို လွယ်ကူအောင်ဆောင်ရွက်ခြင်းဖြင့် ဆွဲဆောင်မှုပေးဖို့ဖြစ်ပါတယ်။

သတ္တမအစီအစဉ်မှာ လုပ်သားအားပြုဆောင်ရွက်တဲ့ စက်မှုလုပ်ငန်းတွေအတွက် မြေယာအသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးကိစ္စနဲ့ သက်ဆိုင်ပြီး အဋ္ဌမအစီအစဉ်မှာ ရေနံသန့်စင်ကျိုချက်ရေးလုပ်ငန်းများနဲ့ လေယာဉ်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ဆွဲဆောင်မှုတွေ သတ်မှတ်ပေးဖို့ ဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ဖိလစ်ပိုင်နိုင်ငံရဲ့ နိုဝင်ဘာပို့ကုန် အနည်းငယ်ကျဆင်း

ဖိလစ်ပိုင်နိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းက ၂၀၁၄ ခုနှစ်ကာလတူကအမေရိကန်ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ အမေရိကန် ဒေါ်လာ ၅ ဒသမ ၁ ထိ ရောက်ရှိကာ အနည်းငယ် ကျဆင်းခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသားစီးပွားရေးနဲ့ ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

ကမ္ဘာ့စီးပွားရေး အားနည်းမှုက ဖိလစ်ပိုင်ပို့ကုန်များကို ဆက်လက်ထိခိုက်စေခဲ့ကြောင်း ဖိလစ်ပိုင်စာရင်းအင်း အာဏာပိုင်အဖွဲ့ရဲ့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။

"ကမ္ဘာ့စီးပွားရေးက ဆက်လက်အားနည်းနေပြီး ဒီအားနည်းမှုက ဖိလစ်ပိုင်နိုင်ငံရဲ့ ပို့ကုန်တွေကို အားနည်းစေတဲ့အတွက် ပို့ကုန်ရည်မှန်းချက်တွေကို ပြည့်မီအောင် ဖြည့်ဆည်းဖို့က ကျွန်တော်တို့အတွက် စိန်ခေါ်မှုအဖြစ် ကြုံတွေ့နေရပါတယ်"လို့ စီးပွားရေးစီမံကိန်းဝန်ကြီးနဲ့ အမျိုးသားစီးပွားရေးနဲ့ ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ ညွှန်ကြားရေးမှူးချုပ် အာဆီနီယို ဘာလီဆာကန်က ပြောပါတယ်။

၂၀၁၅ ခုနှစ်ပထမ ၁၁ လ အတွက် ပို့ကုန်ကဏ္ဍရဲ့ အကောင်အထည်ဖော်နိုင်မှု အခြေအနေကို မူတည်ပြီး မှန်းဆကြည့်ရင် တစ်နှစ်လုံးအတွက် ချမှတ်ထားတဲ့ ရည်မှန်းချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်မှာ မဟုတ်ကြောင်း ဘာလီဆာကန်က ပြောပါတယ်။

စုစုပေါင်းပို့ကုန်တန်ဖိုးက ၂၀၁၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၃ ဘီလီယံရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်မှာ ၅ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်ဒေါ်လာ ၅၄ ဘီလီယံအထိ ကျဆင်းခဲ့ပါတယ်။ ကုန်သန်းရောင်းဝယ်ရေးပို့ကုန်များက ၂၀၁၅ ခုနှစ်အတွက် ချမှတ်ထားတဲ့ ပမာဏအောက် ၈၃ ဒသမ ၁ ရာခိုင်နှုန်းအထိ ကျဆင်းပြီး အမေရိကန်ဒေါ်လာ ၆၅ ဘီလီယံအထိ ကျဆင်းခဲ့ပါတယ်။

အဆိုပါကာလအတွင်း ဖိလစ်ပိုင်နိုင်ငံရဲ့ ပို့ကုန်ကျဆင်းမှုက အရှေ့အာရှနဲ့ အရှေ့တောင်အာရှနိုင်ငံများအနက် ကျဆင်းမှု အနည်းဆုံးဖြစ်ခဲ့ကြောင်း အမျိုးသားစီးပွားရေးနဲ့ ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့က ပြောပါတယ်။ ဗီယက်နမ်မှအပ ဒေသတွင်းရှိ နိုင်ငံအများစုရဲ့ ပို့ကုန်များကျဆင်းခဲ့တာကို တွေ့ရပါတယ်။ ဖိလစ်ပိုင်နိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် တိုင်းပြည်ထုတ်ကုန်များကို အမျိုးမျိုးတိုးချဲ့ ဆောင်ရွက်ဖို့နဲ့ ပို့ကုန်ဈေးကွက်အမျိုးမျိုး ရှာဖွေဆောင်ရွက်သင့်ကြောင်း ဘာလီဆာကန်က ပြောပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**တိုကျို**

ဈေးကွက်အတွင်းသို့ အီရန်ရေနံများ ဝင်ရောက်လာတော့မယ့် အလားအလာတွေ ရှိလာတဲ့အတွက် အနောက်တက္ကဆပ် ရေနံစိမ်းဈေးနှုန်းက ဇန်နဝါရီ ၁၄ရက်မှာ ၇၂ဆင့် မြင့်တက်ပြီး တစ်စည်ကို အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၂၀ ရှိခဲ့ရာမှ နောက်တစ်ရက်မှာ ၄၈ ဆင့် ကျဆင်းပြီး တစ်စည်ကို အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၇၂ နှုန်းအထိ ရောက်ရှိခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

**ပြန်တက်(တောင်ကိုရီးယား)**

တောင်ကိုရီးယား နိုင်ငံက ၂၀၁၅ခုနှစ် ပထမ ၁၀လမှာ ပြည်ပသို့ တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၀ ဒသမ ၁ ဘီလီယံ ရှိခဲ့ရာ ကမ္ဘာ့ပို့ကုန်တင်ပို့မှုမှာ ဆဋ္ဌမနေရာမှာ ရှိခဲ့ပါတယ်။ ယခုအခါ စီးပွားရေးဝန်ကြီးသစ်များနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့သစ်က ပဥ္စမနေရာကို မကြာမီရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးသစ်ရဲ့ ဇန်နဝါရီ ၁၅ ရက်က ပြောကြားချက်ကို ကိုးကားပြီး ယွန်းဟပ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

**မနီလာ**

အမေရိကန် ပြည်ထောင်စုရဲ့ အတိုးနှုန်းပြောင်းလဲမှုနဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးနှေးကွေးကျဆင်းမှုတို့ကြောင့် ဖိလစ်ပိုင်နိုင်ငံမှာ ပြည်ပရင်းနှီးမြှုပ်နှံသူတို့ရဲ့ ငွေကြေးတွေ ပြန်လည်စီးထွက်မှုက ၂၀၁၄ ခုနှစ်မှာ အမေရိကန် ဒေါ်လာ ၃၁၀ ဒသမ ၂၁ သန်းရှိရာမှ ၂၀၁၅ ခုနှစ်မှာ ၉၃ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး ဒေါ်လာ ၅၉၉ ဒသမ ၆၉ သန်းထိ ရောက်ရှိခဲ့ကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

**ဟာနွိုင်း**

ဗီယက်နမ်နိုင်ငံက ခေတ်သစ်အခြေခံမူတွေနဲ့အညီ ပွင့်လင်းမြင်သာမှုရှိစွာ ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေများကို ပြင်ဆင်ခြင်း၊ ကုန်သွယ်မှုသဘောတူစာချုပ်အမျိုးမျိုးမှာ ပါဝင်ချုပ်ဆိုခြင်းများရှိခဲ့ပေမယ့် ဗီယက်နမ်နိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ဝင်လာအောင်အမျိုးသားအဆင့်၌ ကြိုးပမ်းအားထုတ်မှုများ ဆောင်ရွက်ဖို့လိုသေးကြောင်း ပါတီဗဟိုကော်မတီရဲ့ စီးပွားရေးကော်မရှင် အကြီးအကဲ ဗောင်ဒင်းဟူးက ဗီယက်နမ်နယူးစ်အေဂျင်စီကို ပြောပါတယ်။

**USA**

## တရုတ်စတော့ဈေးကွက် ကသောင်းကနင်းဖြစ်သော်လည်း အမေရိကန်စီးပွားရေးအခြေခံများကို မထိခိုက်

အမေရိကန် ပြည်ထောင်စု အီကွိတီရှယ်ယာဈေးကွက်တွေမှာ ဖြစ်ပေါ်ခဲ့တဲ့ မတည်မငြိမ်ဖြစ်မှုတွေက အမေရိကန်ပြည်ထောင်စုနဲ့ တရုတ်နိုင်ငံတို့ရဲ့ ဆက်နွယ်မှုအရ ဖြစ်ခဲ့တယ်လို့ထင်ကြပေမယ့် ယခုဖြစ်နေတဲ့ ကိစ္စက အဲဒီလောက် ဆက်စပ်မှုမရှိကြောင်း အမေရိကန်ပြည်ထောင်စု ရစ်ချမွန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျက်ဖရီလက်ကာရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

"ကျွန်တော်တို့ရဲ့ အီကွိတီရှယ်ယာဈေးကွက်တွေက တရုတ်နိုင်ငံရဲ့ ငွေလဲလှယ်နှုန်းနဲ့ အီကွိတီရှယ်ယာဈေးကွက်တွေနဲ့ အပြိုင်လှုပ်ရှားနေတယ်လို့ ထင်နေကြပါတယ်။ ကျွန်တော်တို့ရဲ့ စီးပွားရေးအခြေခံတွေက တစ်ခုနဲ့တစ်ခု အများထင်ထားသလောက် အချိတ်အဆက်မရှိပါဘူး"လို့ တောင်ကာရိုလိုင်းနားပြည်နယ် ကိုလံဘီယာမှာ စီးပွားရေးအုပ်စုတွေနဲ့ တွေ့ဆုံဆွေးနွေးပြီးနောက် လက်ကာက ပြောပါတယ်။

တရုတ်နိုင်ငံရဲ့ စတော့ဈေးကွက် မတည်မငြိမ်ဖြစ်မှုနဲ့ တရုတ်ယွမ်ငွေကြေးတန်ဖိုးချပြီးတဲ့နောက်ပိုင်း အမေရိကန် စတော့ဈေးကွက်လည်း မတည်မငြိမ်ဖြစ်မှု မြင့်မားလာရတဲ့ အဓိက အကြောင်းရင်းက စိုးရိမ်ပူပန် လွန်ကဲပြီးဖြစ်ခဲ့တဲ့ အဖြစ်မျိုးဖြစ်ကြောင်း ယခုအဖြစ်အပျက်ကလည်း ဒီသဘောမျိုးပဲဖြစ်ကြောင်း သူက ပြောပါတယ်။

ယခုနှစ် အမေရိကန်ဗဟိုဘဏ် အတိုးနှုန်းသတ်မှတ်ဖို့ ဆုံးဖြတ်ချက်ချရာမှာ လက်ကာက မဲပေးခွင့်ရှိသူမဟုတ်ပေမယ့် ယခုနှစ်အတွင်း အတိုး နှုန်းလေးကြိမ်တိုးပေးဖို့ ဆုံးဖြတ်ထား တာကိုတော့ သူက ထောက်ခံကြောင်း အကြိမ်ကြိမ် ပြောကြားခဲ့ပါတယ်။

ဒါပေမဲ့ အတိုးနှုန်း တိုးပေးဖို့ကိစ္စက စီးပွားရေးကိန်းဂဏန်းတွေနဲ့ ငွေကြေးဖောင်းပွမှု တိုးတက်နှုန်း အပေါ်မှာ မူတည်နေတယ်လို့ သူကပြောပါတယ်။

**EAST ASIA**

## သဘာဝဘေးဒဏ်ခံခဲ့ရတဲ့ တိုဟိုကူးမှာ တိုကျိုစွန့်ဦးတီထွင်သူတို့က ရိုးရာလုပ်ငန်းများဆောင်ရွက်



ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရတဲ့ အရှေ့မြောက်ပိုင်းရှိ တိုဟိုကူးဒေသပြန်လည်ထူထောင်ရေး အတွက် တိုကျိုမှ စွန့်ဦးတီထွင်သူ လူငယ်များက သဘာဝဘေးဒဏ်သင့် ဌာနေများနဲ့ အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း အဆာဟိသတင်းမှာ ဖော်ပြထားပါတယ်။ ဂျပန်နိုင်ငံမှာ အကောင်းဆုံး ဂီတာလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ယိုဆုကဲကာဂျီယာက ဒေသထွက် သစ်တွေနဲ့ထုတ်လုပ်မယ့် ဂီတာထုတ်လုပ်ရေး စက်ရုံတစ်ရုံကို မီယာဂီစီရင်စု၊ အိုနာဂါဝါမှာ ဒီဇင်ဘာလအတွင်းက ဖွင့်လှစ်ပေးခဲ့ပါတယ်။

"အလုပ်အကိုင်သစ်တွေ ဖန်တီးပေးနိုင်ဖို့အတွက် ဂီတာထုတ်လုပ်တဲ့ ဒေသတွင်း စက်ရုံတစ်ရုံကို ကျွန်တော် တည်ဆောက်သွားမှာဖြစ်ပါတယ်"လို့ ဂျေအာ အိုနာဂါဝါဘူတာရုံမှာ ဖွင့်လှစ်ထားတဲ့ ဈေးရုံတန်းအတွင်းမှာ အသက် ၃၂ အရွယ်ရှိ ကာဂျီယာက ဒီဇင်ဘာ ၂၃ ရက်က ပြောပါတယ်။ တိုဟိုကူး ပြန်လည်တည်ဆောက်ရေးမှာ ပါဝင်ဆောင်ရွက်မယ့် သူ့ရဲ့ဆုံးဖြတ်ချက်ကိုလည်း ထပ်မံအတည်ပြုခဲ့ပါတယ်။

ဂျပန်ငလျင်ကြီး ဖြစ်ပွားပြီးနောက် ငါးနှစ်နီးပါးအကြာမှာ ကာဂျီယာ အပါအဝင် ရိုးရာလက်မှုလုပ်ငန်းတွေကို သဘောကျတဲ့ စက်မှုလုပ်ငန်းရှင်တွေက ဒေသတွင်း အရင်းအမြစ်တွေကို အပြည့်အဝ အသုံးပြုထုတ်လုပ်တဲ့ လုပ်ငန်းတွေ ထူထောင်ဖို့ ကြိုးပမ်းဆောင်ရွက်လာခဲ့ကြပါတယ်။ ၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက်က တိုဟိုကူးဒေသမှာ ငလျင်နဲ့ ဆူနာမီဒဏ်ကို ခံရပြီးနောက်ပိုင်း ဂျပန်နိုင်ငံမှာရှိတဲ့ စားသုံးသူ အများစုက သဘာဝဘေးဒဏ်ခံရတဲ့ တိုဟိုကူးဒေသပြန်လည်နာလန်ထူလာစေဖို့အတွက် အဲဒီဒေသထွက်ကုန်ပစ္စည်းတွေကို ဝယ်ယူခဲ့ကြပါတယ်။

ဒါပေမဲ့ တိုဟိုကူးဒေသထွက်ပစ္စည်းတွေကို စာနာစိတ်နဲ့ ဝယ်ယူဖို့ စားသုံးသူတွေကို တိုက်တွန်းနေမယ့်အစား တန်ဖိုးရှိတဲ့ပစ္စည်းတွေကို ထုတ်လုပ်ရောင်းချဖို့ အချိန်ကျ ရောက်နေပြီဖြစ်ကြောင်း ကာဂျီယာက ပြောပါတယ်။ အရည်အသွေးပြည့်ဝတဲ့ ဂီတာတွေကို ထုတ်လုပ်ရာမှာ ဘုရားကျောင်းတွေ ဆောက်လုပ်တဲ့ ခေတ်မီနည်းပညာတွေကို တတ်ကျွမ်းထားတဲ့ တိုဟိုကူးရှိ ရိုးရာလက်သမားတွေကို ကာဂျီယာက ခန့်ထားအသုံးပြုခဲ့ပါတယ်။

**SOUTH ASIA**

## ၂၀၁၅ ခုနှစ်မှာ အိန္ဒိယနိုင်ငံရဲ့ ကားရောင်းချမှုမှာစံချိန်တင်

အိန္ဒိယနိုင်ငံမှာ ကားသစ်တွေ ထွက်ရှိခြင်းနဲ့ ဝယ်ယူသူတွေရဲ့ စီးပွားရေးအပေါ် ယုံကြည်မှုမြင့်မားလာခြင်းတို့ကြောင့် အဝယ်လိုက်လာတဲ့အတွက် ၂၀၁၅ ခုနှစ်မှာ အိန္ဒိယနိုင်ငံမှာ ကားဝယ်ယူတဲ့ အရေအတွက် နှစ်သန်းထိ ရောက်ရှိကာ ထိပ်ဆုံးသို့ရောက်ရှိခဲ့ကြောင်း တိုင်းမ်အော့အိန္ဒိယသတင်းမှာ ဖော်ပြပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ကားရောင်းချမှုက နှစ်အနည်းငယ်ခန့် ကျဆင်းနေခဲ့ရာမှ ၂၀၁၄ ခုနှစ် မေလနောက်ပိုင်း BJP ပါတီဦးဆောင်တဲ့ မိုဒီအစိုးရတာဝန်ယူပြီးနောက်ပိုင်း စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ဖို့နဲ့ ဆုံးဖြတ်ချက်တွေကို အလျင်အမြန်ချမှတ်ဆောင်ရွက်ဖို့ ကတိပြုဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းမှာ တိုးတက်မယ့် လက္ခဏာတွေ ပြသလာတာကို တွေ့ရပါတယ်။

အိန္ဒိယဗဟိုဘဏ်က အတိုးနှုန်းတွေကို အတိုင်းအတာတစ်ခုအထိ လျှော့ချပေးခြင်းနဲ့ လောင်စာဆီဈေးနှုန်းတွေ ကျဆင်းလာပြီးနောက်ပိုင်း စီးပွားရေးအပေါ် ယုံကြည်မှု မြင့်တက်လာတယ်ဆိုပေမယ့် ဆောင်ရွက်စရာတွေအများကြီးရှိသေးကြောင်း လုပ်ငန်းဆိုင်ရာ အသိုင်းအဝိုင်းက ပြောပါတယ်။

စက်မှုလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းဖြစ်တဲ့ အိန္ဒိယမော်တော်ကားထုတ်လုပ်သူများအသင်း (Society of Indian Automobile Manufacturers-Siam) က ထုတ်ပြန်တဲ့ စာရင်းအရ တစ်နှစ်အတွက် ကားရောင်းချမှုမှာ ၂၀၁၅ ခုနှစ်က ကားစီးရေ ၂ ဒသမ ၀၃၄ သန်းရှိခဲ့ရာ ၂၀၁၄ ခုနှစ်က ရောင်းခဲ့ရတဲ့ ပမာဏဖြစ်တဲ့ ၁ ဒသမ ၈၅၂ သန်းနဲ့ နှိုင်းယှဉ်ရင် ၁၀ ရာခိုင်နှုန်း တိုးတက်ခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ်က ရောင်းချရတဲ့ ပမာဏက ၂၀၁၂ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့တဲ့ စီးရေ ၁ ဒသမ ၉၈၉၈ သန်းကိုလည်း ကျော်လွန်နေတာကို တွေ့ရပါတယ်။ မိုဒယ်သစ်တွေဖြစ်တဲ့ မာရူတီကုမ္ပဏီရဲ့ Baleno ဟွန်ဒိုင်းရဲ့ Creta SUV နဲ့ ရေး နော့ရဲ့ Kwid တို့က မော်တော်ကား ရောင်းဝယ်မှု တိုးတက်အောင် အထောက်အကူ ပေးခဲ့ပါတယ်။

**OPEC**

## အိုပက်အရေးပေါ် အစည်းအဝေးခေါ်ဖို့ နိုင်ဂျီးရီးယားနိုင်ငံက တိုက်တွန်း

ရေနံတင်ပို့တဲ့ နိုင်ငံများအဖွဲ့ (အိုပက်)ရဲ့အဖွဲ့ဝင် နိုင်ငံအချို့က အရေးပေါ်အစည်းအဝေး ခေါ်ယူရန် တိုက်တွန်းထားကြောင်းနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ ဈေးကွက်အခြေအနေအရလည်း အစည်းအဝေးခေါ်ယူဖို့လိုအပ်နေကြောင်း ဇန်နဝါရီ ၁၂ ရက်က နိုင်ဂျီးရီးယား ရေနံဝန်ကြီးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

အိုပက်အဖွဲ့ရဲ့ အရေးပေါ်အစည်းအဝေးကို ဖေဖော်ဝါရီ သို့မဟုတ် မတ်လမှာ ခေါ်ယူသင့်ကြောင်း၊ အစည်းအဝေးမှာ အိုပက်အဖွဲ့ရဲ့ မဟာဗျူဟာကို ပြန်လည်သုံးသပ်ဖို့လိုအပ်ကြောင်း နိုင်ဂျီးယားရေနံဝန်ကြီး အီမန်ချူယယ်ကာချိကူးက ပြောပါတယ်။

ဘရင့်ရေနံစိမ်းရဲ့ အခြေခံစံထားထားဈေးနှုန်းက ဇန်နဝါရီ ၁၂ ရက်မှာ တစ်စည်ကို အမေရိကန်ဒေါ်လာ ၃၁ ဒေါ်လာနှုန်းရှိခဲ့ရာ ၂၀၀၄ ခုနှစ်၊ ဧပြီလနောက်ပိုင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့ပါတယ်။

"ဈေးကွက်ကို ဝင်ရောက်ထိန်းချုပ်ထားဖို့ လိုအပ်တယ်ဆိုတဲ့ အုပ်စုက တစ်စုရှိပါတယ်။ ဒီလိုထိန်းချုပ်ဖို့ဆိုရင်လည်း အိုပက်အဖွဲ့ရဲ့ ထုတ်လုပ်မှုက ၃၀ ရာခိုင်းမှ ၃၅ ရာခိုင်နှုန်းအထိသာရှိတယ်။ ထုတ်လုပ်မှုရဲ့ ၆၅ ရာခိုင်နှုန်းက တခြား ထုတ်လုပ်သူတွေရဲ့ လက်ထဲမှာ ရှိနေတယ်လို့ ယူဆသူတွေလည်း ရှိနေပါတယ်"လို့ အဘူဒါဘီမှာ ပြုလုပ်တဲ့ အစည်းအဝေးမှာ သူကပြောပါတယ်။

အရေးပေါ်အစည်းအဝေးခေါ်ဖို့ တရားဝင်တောင်းဆိုထားတာမရှိသေးဘူးလို့ အိုပက်အဖွဲ့ရဲ့အရာရှိတွေက ပြောပါတယ်။ မူလအစီအစဉ်အရ အိုပက်အဖွဲ့ အစည်းအဝေးကို ဇွန်လမှာ ကျင်းပဖို့ရှိပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အင်ဒိုနီးရှားဗဟိုဘဏ်က အတိုးနှုန်းကို လျှော့ချလိုက်ပေမယ့် အင်ဒိုနီးရှားရဲ့ ရူပြားတန်ဖိုးမြင့် တက်ခြင်းနဲ့အတူ အာရှငွေကြေးတွေအပေါ်မှာ ယုံကြည်မှု ယာယီမြင့်တက်လာတဲ့အတွက် ထွန်းသစ်စ အာရှငွေကြေးအများစုရဲ့ တန်ဖိုးများက ဇန်နဝါရီ ၁၅ ရက်မှာ မြင့်တက်လာတာကို တွေ့ရပါတယ်။ ဒါပေမဲ့ တရုတ်စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနဲ့၊ ဘဏ္ဍာရေးဈေးကွက် တည်ငြိမ်မှုနဲ့ပတ်သက်ပြီး ယုံကြည်မှု ကျဆင်းနေတဲ့အတွက် ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ကြည့်ရင် အာရှငွေကြေးတန်ဖိုးတွေ ကျဆင်းနေပါတယ်။

## တရုတ်ယွမ်

တရုတ်ဗဟိုဘဏ်က နေ့စဉ်သတ်မှတ်တဲ့ ဖလှယ်နှုန်းကို အနည်းငယ်သာ လျှော့ချသတ်မှတ်လိုက်တဲ့အတွက် ရက်သတ္တပတ်လိုက် နှိုင်းယှဉ်ရင် ယွမ်ငွေတန်ဖိုးက တည်ငြိမ်သလောက်နီးပါး ဖြစ်ခဲ့ပါတယ်။ ဒီလိုအနည်းငယ်သာ လျှော့ချသတ်မှတ်တာကိုကြည့်ရင် ဩဂုတ်လနောက်ပိုင်း ၅ ရာခိုင်နှုန်းထိ ကျဆင်းခဲ့တဲ့ ယွမ်ငွေကြေးတန်ဖိုးကို တည်ငြိမ်အောင် ထိန်းသိမ်းဖို့အတွက် ရက်သတ္တပတ်ထဲမှာ တရုတ်အာဏာပိုင်တို့က အမျိုးမျိုးကြိုးစားလျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ယွမ်ငွေကြေးနဲ့ ဒေါ်လာဖလှယ်နှုန်းက ဇန်နဝါရီ ၁၄ ရက်မှာ တစ်ဒေါ်လာကို ၆ ဒသမ ၅၈၉၀ ယွမ်နှုန်းရှိရာမှ သုညဒသမ ၀၃ ရာခိုင်နှုန်းမြင့်တက်ပြီး ၁၅ ရက်နေ့မှာ တစ်ဒေါ်လာကို ၆ ဒသမ ၅၈၆၇ ယွမ်နှုန်းရှိခဲ့ပါတယ်။

## အိန္ဒိယရူပီး

ကနဦးက တန်ဖိုးမြင့်တက်ခဲ့တဲ့ ရူပီးက ပြည်တွင်းသွင်းကုန်လုပ်ငန်းရှင်များရဲ့ ဒေါ်လာဝယ်လိုအားမြင့်မားလာမှုကြောင့် နောက်ပိုင်းမှာ သုညဒသမ ၀၉ ရူပီးနှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆၇ ဒသမ ၃၈ ရူပီးနှုန်းအထိ ရောက်ရှိခဲ့ပါတယ်။

ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်တဲ့ဈေးကွက်မှာ ဇန်နဝါရီ ၁၄ ရက် ဈေးပိတ်ချိန်က တစ်ဒေါ်လာကို ၆၇ ဒသမ ၂၉ ရူပီးနှုန်းရှိခဲ့တဲ့ငွေလဲနှုန်းက ဇန်န ဝါရီ ၁၅ ရက်မှာ တစ်ဒေါ်လာကို ၆၇ ဒသမ ၃၉ ရူပီး နဲ့ ၆၇ ဒသမ ၂၄ ရူပီးနှုန်းအကြား အတက်အကျရှိနေပါတယ်။ နံနက် ၁၀ နာရီခွဲမှာတော့ တစ်ဒေါ်လာကို ၆၇ ဒသမ ၃၈ ရူပီးနှုန်းရှိခဲ့ပါတယ်။

## ဂျပန်ယန်း

၁၂ နှစ်အတွင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့တဲ့ ရေနံစိမ်းဈေးကွက် ပြန်လည် ဦးမော့လာတဲ့အတွက် အမေရိကန်စတော့ဈေးကွက်တွေ အသက်ရှူချောင်စေခဲ့ပါတယ်။ ဒါကြောင့် ဇန်နဝါရီ ၁၄ ရက်မှာ ဒေါ်လာတန်ဖိုး ပြန်လည်မြင့်တက်ခဲ့ပါတယ်။

ယူရိုငွေကြေးတန်ဖိုးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဇန်နဝါရီ ၁၃ ရက်က တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈၇၄ ဒေါ်လာနှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့မှာ တစ်ယူရိုကို ၁ ဒသမ ၀၈၆၅ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။

အစဉ်အလာအားဖြင့် ဈေးကွက်မရေမရာဖြစ်ချိန်မှာ အားထားစရာဖြစ်တဲ့ ယန်းတန်ဖိုးက ဈေးကွက်တည်ငြိမ်လာချိန်မှာ တန်ဖိုး ကျဆင်းတတ်ပါတယ်။ ယူရိုနဲ့ ယန်းဖလှယ်နှုန်းက ၁၂၈ ဒသမ ၂၇ ယန်းနှုန်းရှိခဲ့ပြီး ဒေါ်လာနဲ့ ယန်း ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးက ၂ ဒသမ ၉ ရာခိုင်နှုန်းတက်ပြီး တစ်ဒေါ်လာကို၁၁၈ ဒသမ ၀၆ ယန်းနှုန်းရှိခဲ့ပါတယ်။

## မလေးရှားရင်းဂစ်

ရေနံဈေးနှုန်း ပြန်လည်ဦးမော့လာမှုကြောင့် ဈေးကွက်တွေအပေါ် ဖိအားပေးမှုတွေ နည်းပါးလာတဲ့အတွက် အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဇန်နဝါရီ ၁၅ ရက် ဈေးဖွင့်ချိန်မှာ ရင်းဂစ်တန်ဖိုးမြင့်တက်လာခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။ ရင်းဂစ်တန်ဖိုးက ဇန်နဝါရီ ၁၄ ရက်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၃၈၇၀ ရင်းဂစ်နှုန်းရှိရာကနေ နောက်တစ်နေ့ နံနက် ၉ နာရီမှာ ၄ ဒသမ ၃၇၈၀ နှုန်းထိ ရောက်ရှိခဲ့ပါ တယ်။

ရင်းဂစ်တန်ဖိုးက အခြားထွန်းသစ်စငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း မြင့်တက်ခဲ့ပါတယ်။

## တောင်ကိုရီးယားဝမ်

တရုတ်စတော့ရှယ်ယာဈေးကွက် ကျဆင်းမှုအပေါ် စိုးရိမ်မှုကြောင့် ရင်းနှီးမြှုပ်နှံသူတွေရဲ့ ဈေးကွက်အပေါ် ယုံကြည်မှုနိမ့်ကျလာတဲ့အတွက် တောင်ကိုရီးယားရှယ်ယာတန်ဖိုးတွေ ၁ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ပြည်တွင်းသုံး ဝမ်ငွေကြေးတန်ဖိုးမှာမူ အတက်အကျမရှိ တန့်နေပြီး တစ်ဒေါ်လာကို ၁၂၁၃ ဒသမ ၄၀ ဝမ်နှုန်းနဲ့ ဇန်နဝါရီ ၁၄ ရက်ကအတိုင်း တန့်နေပါတယ်။

## ထိုင်းဘတ်

ထိုင်းစတော့အိပ်ချိန်း အညွှန်းကိန်းက ဇန်နဝါရီ ၁၄ ရက်မှာ ၁ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ဇန်နဝါရီ ၁၁ ရက် နောက်ပိုင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။

ငွေကြေးဈေးကွက်မှာ ဘတ်ငွေတန်ဖိုးက ဇန်နဝါရီ ၁၄ ရက်မှာ အမေရိကန်ဒေါ်လာကို ၃၆ ဒသမ ၃၀ ဘတ်နှုန်းဆိုခဲ့ရာမှ နောက်တစ်နေ့မှာ တစ်ဒေါ်လာကို ၃၆ ဒသမ ၃၁ ဘတ်နှုန်း ရှိခဲ့တဲ့အတွက် သုညဒသမ ၀၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

ဘာသာပြန်-စုစည်း-တင်ပြသည်



## ငွေကြေးမတည်ငြိမ်မှုကို လျင်မြန်စွာအရေးယူဖို့ တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီး ကတိပြု

ငွေကြေးဈေးကွက်ထဲမှာ ရုတ်တရက်ပြောင်းလဲမှု ဖြစ်မယ်ဆိုပါက အစိုးရက လျင်မြန်ထိရောက်စွာ အရေးယူဆောင်ရွက်မှာဖြစ်ကြောင်း ဇန်နဝါရီ ၁၄ ရက်က တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ယွန်းဟပ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

“နိုင်ငံခြားငွေဖလှယ်နှုန်းကို ဈေးကွက်က ဆုံးဖြတ်တာဖြစ်ပါတယ်။ ဒါက အခြေခံမူပဲဖြစ်ပါတယ်။ ပြင်းပြင်းထန်ထန် ပြောင်းလဲမှုဖြစ်လာရင် ဒီအခြေအနေကို အလျင်အမြန်နဲ့ ထိထိရောက်ရောက်ဖြေရှင်းရမှာဖြစ်ပါတယ်”လို့ ဘဏ္ဍာရေးဝန်ကြီး ယူအီဟိုက သတင်းထောက်တွေနဲ့တွေ့ဆုံရာမှာ ပြောကြားပါတယ်။

တရုတ်နိုင်ငံရဲ့ ငွေကြေးတန်ဖိုးလျှော့ချမှုနဲ့ အမေရိကန်ပြည်ထောင်စုရဲ့ နောက်တစ်ကြိမ် အတိုးနှုန်းမြှင့်တင်မှာကို စိုးရိမ်မှုတွေကြောင့် ဒေါ်လာနဲ့ ဖလှယ်ရာမှာ တောင်ကိုရီးယားဝမ်ငွေကြေးတန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၁၂၁၃ ဒသမ ၄ ဝမ်နှုန်းရှိပြီး ငါးနှစ်အတွင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ယခုအချိန်က အစိုးရကဝင်ရောက်စွက်ဖက်ရမယ့် အချိန်မဟုတ်သေးဘူးလို့ ယူကပြောပါတယ်။

“လိုအပ်ရင် ကျွန်တော်တို့လုပ်လို့ရတယ်။ ချက်ချင်းတော့မဟုတ်သေးပါဘူး။ ငွေလဲလှယ်နှုန်းကို ဈေးကွက်က ဆုံးဖြတ်ထားပါမယ်”လို့ ဝန်ကြီးက ပြောပါတယ်။

## မတည်ငွေရင်းစီးထွက်မှုကို စိုးရိမ်မှုကြောင့် တရုတ်နိုင်ငံက ရန်ပုံငွေယွမ် ၅ ဒသမ ၈ ထရီလီယံကျော်ထပ်ဖြည့်

ယခုနှစ်အတွင်း အပ်နှံငွေ လက်မှတ်ရောင်းချမှု (Certificate of Deposit Sales) ကို ယွမ် ၅ ဒသမ ၈ ထရီလီယံဖိုးအထိ ဆောင်ရွက်သွားမှာဖြစ်ကြောင်း တရုတ်ဘဏ် ၉၉ ဘဏ်ကကြေညာခဲ့ရာ ၂၀၁၅ ခုနှစ် တစ်နှစ်လုံးအတွက် ရောင်းချခဲ့တဲ့ လက်မှတ်တန်ဖိုးဖြစ်တဲ့ ယွမ် ၅ ဒသမ ၄ ထရီလီယံထက်ပိုမိုနေကြောင်း အမျိုးသားဘဏ်အချင်းချင်း ရန်ပုံငွေထားရှိမှုစင်တာက ထုတ်ပြန်တဲ့စာရင်းများကို ကိုးကားပြီး ဘလွမ်းဘတ်သတင်းမှာ ဖော်ပြပါတယ်။

ယခုအချိန်မှာ တရုတ်ဘဏ်တွေအတွက် ငွေကြေးတိုးမြှင့်စုဆောင်းထားရမယ့် အခြေအနေသုံးခုနဲ့ ရင်ဆိုင်နေရပါတယ်။ ပထမတစ်ခုက မတည်ငွေရင်းတွေ နိုင်ငံပြင်ပကို စီးထွက်နေပြီး နိုင်ငံခြားအရန်ငွေကြေးက ဒီဇင်ဘာမှာ အမေရိကန်ဒေါ်လာ ၁၀၈ ဘီလီယံအထိ ရောက်ရှိခဲ့ရာ စံချိန်တင်ကျဆင်းမှုဖြစ်နေပါတယ်။ ဒါကြောင့် ရေတိုသုံးငွေရရှိအောင် ဆောင်ရွက်ရန်လိုအပ်နေပါတယ်။

ဒုတိယအချက်မှာ ယွမ်တန်ဖိုးကျဆင်းမှုကြောင့် တရုတ်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်ရာမှာ အခက်အခဲရှိစေပါတယ်။

တတိယအချက်က အပ်ငွေအတိုးနှုန်းများကို ဖြေလျှော့ထားတဲ့အတွက် ဘဏ်များမှာ ငွေရရှိရေးအတွက် စုဆောင်းငွေကို ငွေကြေးရနိုင်မယ့် အရင်းအမြစ်အဖြစ် အားကိုးလို့မရတာဖြစ်ပါတယ်။

“ငွေကြေးကို ဖိအားပေးခြင်း ခံထားရတဲ့အခါ ငွေဖြစ်လွယ်မှုနဲ့ ချေးငွေကုန်ကျစရိတ်ကို ထိခိုက်စေနိုင်ပါတယ်”ဟု ကွမ်တုံပြည်နယ် Bank of Dongguam ကုမ္ပဏီမှ လေ့လာဆန်းစစ်ရေးမှူး ချန်လောင်းကပြောပါတယ်။

MARIGOLD®

# DAWN®

EVAPORATED CREAMER

MARIGOLD™

MARIGOLD™
PREMIUM

SWEETENED BEVERAGE CREAMER

**QUALITY PRODUCT FROM SINGAPORE**




**ဗီတာမင်အပြည့်ပါဝင်သော နိုင်ငံတကာအဆင့်မြင့် အကောင်းဆုံး နို့စိမ်း နို့ဆီ**






G

GREEN

Customs Authorized Services Agency

No.10/12,1st ,Floor,Room No 101,
A1,35th Street,Yangon,Myanmar

Ph-01-240088,09 5147080,
09 5161651

E-mail-pptun.greenagency@gmail.com
paingpainghtun09@gmail.com


# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# ကုန်သွယ်ရေးဦးစီးဌာန
# (အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ခြင်း)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ကမ္ဘာ့ကုန်သွယ် ရေးအဖွဲ့ (WTO) မှ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးရေး အစီအစဉ် EIF လုပ်ငန်းစဉ်အောက်ရှိစွမ်းဆောင်ရည်မြှင့်တင်ခြင်း ဆိုင်ရာလုပ်ငန်းစီမံကိန်း (Tier 1 Project) အား ၂၀၁၅ ခုနှစ်၊ တတိယလေးလပတ်မှစတင်၍ စီမံကိန်းပထမနှစ်အဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

အဆိုပါ EIF စီမံကိန်းပထမနှစ်အတွင်း စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ English Proficiency သင်တန်းများအား ဖွင့်လှစ်သင်ကြားနိုင်ရန် လျာထားလျက်ရှိရာ အဆိုပါသင်တန်းများအား သင်ကြားပို့ချရန် စိတ်ပါဝင်စားသည့် သင်တန်းကျောင်း၊ စင်တာများအနေဖြင့် ဇန်နဝါရီလ ၂၂ ရက် နေ့ နောက်ဆုံးထား၍ သင်ကြားပို့ချမည့်အစီအစဉ်နှင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **သင်တန်းစီမံချက်ကာလ** - ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ
(ခ) **သင်တန်းအမျိုးအစားများ** - ၃-မျိုး (Beginners/Intermediate /Advanced)
(ဂ) **သင်တန်းအရေအတွက်** - (၉) ခု
(ဃ) **သင်တန်းများဖွင့်လှစ်မည့် နေရာ**
(၁) ရုံးအမှတ်-၃၊ နေပြည်တော်။
(၂) ကုန်သွယ်မှု သင်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။
(င) စိတ်ပါဝင်စားသည့် သင်တန်းကျောင်း၊ စင်တာများ အနေ ဖြင့် အဆိုပါ သင်တန်းများအတွက် အသေးစိတ် အချက် အလက်များပါရှိသော Statement of Requirements များကို အောက်ဖော်ပြပါ တာဝန်ခံများထံ တောင်းယူရ ရှိနိုင်ပါသည်-

ဆက်သွယ်ရန်လိပ်စာ-

**ဦးကိုကိုလေး၊ ညွှန်ကြားရေးမှူး**
ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃)၊
နေပြည်တော်၊
ဖုန်း ၀၆၇-၄၀၈၃၁၅၊ ၀၆၇-၄၀၈၄၁၁၊
ဖက်စ်-၀၆၇-၄၀၈၃၁၁

**ဒေါ်သိန်းနုခိုင်၊ ဒုတိယညွှန်ကြားရေးမှူး**
ကုန်သွယ်မှုသင်တန်းကျောင်း၊ရန်ကုန်တိုင်းဒေသကြီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊
ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၃၇၁၂၀၄၊ ၀၉-၅၁၂၄၄၇၆၊
ဖက်စ် - ၀၁-၂၅၀၈၇၁

# COMMERCE INTERNATIONAL

ဗီယက်နမ်သစ်သီးတင်ပို့မှုက ပြည်ပရှိ ဈေးကွက်အမျိုးမျိုးကို အောင်မြင်စွာ ထိုးဖောက်နိုင်တဲ့အတွက် ၂၀၁၅ ခုနှစ်က ဗီယက်နမ်သစ်သီးပို့ကုန်လုပ်ငန်းအတွက် ထူးခြားတဲ့ နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း ဗီယက်နမ် နယူးစ်အေဂျင်စီရဲ့ သတင်းမှာ ဖော်ပြထားပါတယ်။

နည်းပညာဆိုင်ရာ အတားအဆီးတွေ ဖယ်ရှားထားတဲ့ အပြည်ပြည်ဆိုင်ရာ ပေါင်းစည်းမှုလုပ်ငန်းတွေကို လျင်မြန်စွာ ဆောင်ရွက်နိုင်မှုက လယ်ယာသစ်တောထုတ်ကုန်တွေ တင်ပို့မှုလုပ်ငန်းအတွက် တံခါးကို ကျယ်ပြန့်စွာဖွင့်ပေးလိုက်ကြောင်း ဇန်နဝါရီ ၁၃ ရက်ကပြုလုပ်တဲ့ အစည်းအဝေးမှာ လက်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ သစ်ပင်ကာကွယ်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဟောင်ထရန်က ပြောပါတယ်။

၂၀၁၅ ခုနှစ်မှာ ဗီယက်နမ်နိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ လိုက်ချီးတန်ချိန်သုံးသန်း၊ သမင်မျက်လုံးသီး တန်ချိန် ၁၀၀ တင်ပို့ခဲ့ပါတယ်။ အမေရိကန်ဈေးကွက်ကို လိုက်ချီးသီးနဲ့ သမင်မျက်လုံးသီးတင်ပို့တာက ယခုအကြိမ်ဟာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဒါ့ပြင် ၂၀၁၅ ခုနှစ်မှာ ဂျပန်နိုင်ငံကို နဂါးမောက်သီး တန် ၁၂၀၀ နဲ့ သရက်သီး ၁၀ ဒသမ ၆ တန် တင်ပို့နိုင်ခဲ့ပါတယ်။



## ADu,frfbpfD;t wuf
## EkdifiH;ap;u uf wkdU

အလားတူ ဩစတြေးလျနိုင်ငံကို လိုက်ချီးသီး ၁၆ ကြိမ်တင်ပို့ခဲ့ရာ တန်ချိန်အားဖြင့် ၂၈ တန်ရှိခဲ့ပါတယ်။ နယူးဇီလန်နိုင်ငံကလည်း ကြက်မောက်သီး စိုက်ပျိုးဖို့လေ့လာနေဆဲဖြစ်ပြီး ကြက်မောက်သီး တင်သွင်းဖို့ စဉ်းစားလျက်ရှိပါတယ်။

သမင်မျက်လုံး၊ လိုက်ချီးနဲ့ နဂါးမောက်သီးစတဲ့ သစ်သီးတွေကို ကိုရီးယားသို့လည်းကောင်း၊ နဂါးမောက်သီးကို တရုတ်(တိုင်ပေ)သို့ လည်းကောင်း တင်ပို့ရာမှာလိုအပ်တဲ့ လုပ်ထုံးလုပ်နည်းများကို သစ်ပင်ကာကွယ်ရေးဌာနက ပြဋ္ဌာန်းပေးခဲ့ပြီး တွေ့ရှိရတဲ့ အခက်အခဲများကိုလည်း ဖြေရှင်းပေးခဲ့ကြောင်း ထရန်ကပြောပါတယ်။

သစ်သီးနဲ့ ဟင်းသီးဟင်းရွက် တင်ပို့မှုက ၂၀၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၉ ဘီလီယံအထိရှိခဲ့ရာမှ ယခုနှစ်မှာ ဂျပန်၊ ဥရောပသမဂ္ဂနဲ့ အမေရိကန်တို့ရှိ တင်းကျပ်တဲ့ ဈေးကွက်တွေကို ဖွင့်ပေးလိုက်ပြီဖြစ်တဲ့အတွက် အမေရိကန်ဒေါ်လာ ၂ ဘီလီယံအထိ ရောက်ရှိလိမ့်မယ်လို့ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်အသင်းက ခန့်မှန်းထားပါတယ်။

ဗီယက်နမ် သစ်သီးနဲ့ ဟင်းသီးဟင်းရွက်အမျိုး ၄၀ နီးပါးကို တရုတ်ပြည်မကြီး၊ ဂျပန်၊ တောင်ကိုရီးယား၊ အမေရိကန်ပြည်ထောင်စု၊ မလေးရှားနဲ့ ထိုင်းနိုင်ငံတို့ အပါအဝင် နိုင်ငံနဲ့နယ်မြေစုစုပေါင်း ၄၀ သို့ တင်ပို့လျက်ရှိပါတယ်။

ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်များရဲ့ ဈေးကွက်ကို ချဲ့ထွင်မယ်ဆိုပါက သွင်းယူတဲ့နိုင်ငံတွေက သတ်မှတ်ထားတဲ့အတိုင်း အရည်အသွေးပြည့်မီတဲ့ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်တွေဖြစ်ဖို့ အရေးကြီးကြောင်းကျွမ်းကျင်သူတွေက ပြောပါတယ်။

**ဉာဏ်တင်**


**စိုက်ပျိုးရေးသမားများအားထားရာ .........**

**မာလာမြိုင်**

**စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ**

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၇၊ ၀၁-၅၁၄၆၁၂၊ ၀၉-၇၃၀၇၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ တရုတ်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၃၇၊ ၀၀၆၈၃၂၀၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ x ၃၂ နှင့် ၇၇ x ၇၈ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၇၈၀၊၀၂-၃၀၇၉၀



Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 18th January 2016

<< December And January Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE


JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.11.2015 | 25.11.2015 | | | 9.12.2015 | 13.12.2015 | |
| | S/O CUT | | | | | | | | 22.11.2015 | 21.11.2015 | | | | | |
| MV.CITY OF MUMBAI V.26 | 1.55 | 1.90 | 2.20 | 3.50 | | | | | 11.12.2015 | 13.12.2015 | 10.12.2015 | | 22.12.2015 | 26.12.2015 | 3.1.2016 |
| | S/O CUT | | | | | | | | 7.12.2015 | 9.12.2015 | 6.12.2015 | | | | |
| MV.HOEGH CHENNAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | | | 27.12.2015 | 26.12.2015 | 28.12.2015 | | 9.1.2015 | 13.1.2015 | |
| | S/O CUT | | | | | | | | 23.12.2015 | 22.12.2015 | 24.12.2015 | | | | |
| MV.CITY OF MUMBAI V.27 | 1.55 | 1.90 | 2.20 | 3.50 | | | | 16.1.2016 | 15.1.2016 | 14.1.2016 | | | 26.1.2016 | 30.1.2016 | |
| | S/O CUT | | | | | | | 12.1.2016 | 11.1.2016 | 10.1.2016 | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |


Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : glelтd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )